

ပုညခင်
စင်တင်ထုတ်ဝေသည်
ပုညခင်စာအုပ်တိုက်
မဒီခင်လေး
ပီယာနို ချစ်သူ
Lလင်း

ရှင်တို့ပါးစပ်က ချစ်တယ်လို့ပြောကြတာ...

ဘာကိုကြည့်ချစ်တာလဲ၊ ရုပ်ရည်ကိုလား...

ဒါဆို ရှင်တို့ သိပ်မှားသွားမယ်နော်...။

ရှင်တို့ထင်သလို ကျွန်မအဆင့်အတန်းက ကျွန်မရုပ်ရည်လိုမမြင့်ဘူး...

သေသေချာချာလေး ကျွန်မအကြောင်း စုံစမ်းကြည့်ကြပါဦးလားရှင်...။

# မဒီခင်လေး

မဒီ

ရထား

ပီယာနိုချစ်သူ



# ပုညခင်စာအုပ်တိုက်

တိုက် 4A / အခန်း 11

ပါရမီလမ်း(ကမ္ဘာအေးဘုရားလမ်းထောင့်)မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

Ph ; 09-73104229

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ဆန္ဒ သဘောထား

* တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
* ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
* ဆူပူအကြမ်းဖက်မှုကို မလိုလား။
* ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက် - ၅၀၁၁၀၃၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၁၄၈၀၂၁၂

ထုတ်ဝေခြင်း - ၂၀၁၂ ခု မတ်လ
ပထမအကြိမ်

မျက်နှာဖုံးပန်းချီ - L လင်း

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၅၀ ကျပ်

ထုတ်ဝေသူ - ဦးနေမျိုး
နေမျိုးစာပဒေသာ
အမှတ်(၁)၊ သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ (၅၁)လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ် - ဦးမြသိန်း၊ သိန်းမြင့်ဝင်း ပုံနှိပ်တိုက်၊
အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်။

၈၉၅. ၈၃

မဒီခင်လေး

ပီယာနိုချစ်သူ မဒီခင်လေး/ရန်ကုန်

နေမျိုးစာပဒေသာ၊ ၂၀၁၂။

၂၈၈-စာ၊ ၁၈ × ၁၂ စင်တီ။

(၁) ပီယာနိုချစ်သူ


ပုညခင်စာအုပ်တိုက်

# မဒီခင်လေး

## ပီယာနို ချစ်သူ



# အပိုင်း (၁)

## အမြစ်အပျက်များရဲ့အစ

ပုညခင်စာအုပ်တိုက်

## အခန်း( ၁ )

ဒီနေ့သည် ကျောင်းစဖွင့်သည့်နေ့ ဖြစ်သည်။

ဆယ်နှစ်ဆယ်မိုး ကြိုးစားခဲ့သမျှသည် ယနေ့လို တက္ကသိုလ်ကျောင်းကို ဝံ့ကြွားစွာ တက်ခွင့်ရဖို့ပင် ဖြစ်သည်။

ကျွန်မ တက်ချင်သည့် တက္ကသိုလ်ကျောင်းကို တကယ် တက်ခဲ့ရတာကြောင့် ယနေ့သည် ကျွန်မအတွက် အထူးခြားဆုံးနေ့များထဲက တစ်နေ့ဖြစ်သည်။

ကျွန်မတစ်ယောက်တည်း ဒဂုံတက္ကသိုလ် ကျောင်းလမ်းကြီးပေါ်မှာ လမ်းလျှောက် ငေးမောနေစဉ်မှာပဲ အလွန်နီရဲလတ်ဆတ်ကာ မွှေးပျံ့လွန်းသော နှင်းဆီပန်းပေါင်း အပွင့် တစ်ရာခန့် ပါရှိနိုင်သော ပန်းစည်းလှလှကြီးတစ်စည်း မျက်လုံးရှေ့သို့ ရောက်ရှိလာခဲ့သည်။

ပန်းပွင့်များကြားမှ ပန်းနုရောင် ကြွေစက္ကူဖြင့် အသည်းပုံသဏ္ဌာန် ခေါက်ထားသော စာခေါက်ကလေးကို တွေ့

ပုညစင်စာအုပ်တိုက်

လိုက်ရသဖြင့် ထိုပန်းစည်းကို ကွေ့ရှောင်ကာ လမ်းဆက်လျှောက်လာခဲ့သည်။

ကျွန်မ လက်ခံစေရန်အတွက် ပန်းစည်းလေး တဖွဖွ ကိုင်၍ ကြိုးပမ်းလျက်ရှိသော ကောင်ကလေး တစ်ယောက် ကျွန်မနောက်ကနေ တကောက်ကောက် လိုက်ပါနေတာကိုတော့ ကျွန်မ သတိထားမိသည်။

သို့သော် ကျွန်မသည် ထိုကောင်ကလေးအား စေ့စေ့ကလေးပင် ငဲ့မကြည့်ပါဘဲ ကျောင်းဝန်းကြီးကို နှစ်ပ်နိုင်သမျှနှစ်ပ်အောင် လှည့်လည်နေခဲ့သည်။

ခြေဖဝါးမှ ဦးခေါင်းထိ စတင်ခံစားလိုက်ရသော အခါမှ အတန်းစတက်ဖို့ အဆောင်ဆီ ကျွန်မ ခြေဦးလှည့်လိုက်သည်။ အဆောင်ကြီးထဲ ဝင်စဉ်တစ်လျှောက် ကော်ရစ်ဒါတွေ ဖြတ်နင်းနေစဉ် 'ငါဟာ တက္ကသိုလ်ကျောင်းသူကြီးပါလား' ဆိုသည့် အတွေးနှင့် ကြည်နူးပျော်ရွှင်နေခဲ့သည်။

ပျော်ရွှင်ကြည်နူးနေခဲ့တဲ့ ကျွန်မ ဘေးအပါးကနေ လွှင့်ပြယ်မသွားဘဲ ကပ်ပါလာတဲ့ အရာကတော့ 'နှင်းဆီရနံ့'များပဲ ဖြစ်သည်။

အတန်းထဲမှာ ကျွန်မ နေရာယူအပြီးမှာ အသက်လေးဆယ်ကျော်အရွယ် ဆရာမတစ်ယောက် အတန်းထဲ ဝင်လာပြီး သူမကိုယ်သူမ မိတ်ဆက်ကာ အဆက်မပြတ် စာသင်ပေးသွားသည်။

စာသင်ချိန်တစ်လျှောက်လုံး စူးရှသော နှင်းဆီရနံ့





များက လေဟာနယ်ထဲ လွင့်မျောထုံအီနေလွန်းသဖြင့် ကျွန်မနှင့် မလှမ်းမကမ်း ထိုင်နေသော မိန်းကလေးများ နောက်သို့ လှည့်ကြည့်ကြသည်။

ကျွန်မ ပယောဂကြောင့်မှန်း သိထားနှင့်သော ကျွန်မကတော့ ခပ်ငြိမ်ငြိမ်ကလေးပဲထိုင်ကာ စာကိုပဲ အာရုံစိုက်ခဲ့သည်။

◆ ◆ ◆

နေ့လယ် မုန့်စားဆင်းချိန်ရောက်တဲ့အခါ လွယ်အိတ်ထဲမှာ အဆင်သင့် ထည့်လာသော ပေါင်မုန့်ကိုပဲ ကျွန်မ စားသည်။ သင်ပြီးသော စာများကို နားလည်အောင် ပြန်ကြည့်နေသည်အထိ နှင်းဆီနံ့က ကျွန်မကို ကလူကျီစယ်သလို မွှေးပျံ့လျက်ရှိကြဆဲ။

အသက်ရှူသံ တိုးညှင်းညှင်းကလေးတစ်ခု ကျွန်မနှင့် နီးသထက် နီးလာမှန်း ကျွန်မ သိနေသည်။ ခဏလေးနေတော့ အနည်းငယ် ပွင့်စပြုနေတဲ့ နှင်းဆီပန်းကလေးများ ကျွန်မ မျက်နှာရှေ့ အုပ်ကျလာပြီး ...

"ဘုန်းမငွေ့ကို ပေးချင်လို့ပါကွာ ..."

ဆိုသော သာမန် အသံကလေးတစ်ခွန်း နားကကြားလိုက်ရသည်။ လက်ထဲက စာအုပ်ကို ပိတ်၊ ငုံ့ထားတဲ့ ခေါင်းကို မတ်လိုက်ပြီး ပန်းစည်းနှင့် ပန်းသခင် ထိုယောကျ်ားအား ငဲ့လင့်၍ပင် ကြည့်မနေတော့ဘဲ အတန်းဆီမှ လှည့်ထွက်လာခဲ့သည်။

ဒီနောက်တော့ ကျွန်မနောက်ကို ဘယ်သူမှ လိုက်

မပါတော့တာ သေချာသလောက်ရှိသည့်အခါ ကျွန်မ ကျေနပ်သွားပါသည်။

ဒါပေမယ့် သိပ်မကျေနပ်လိုက်ရပါ ... ။

အတန်း ပြန်တက်ချိန်မှာ ပိုပြီး စူးနစ်အောင် မွေးသော နှင်းဆီနံ့ကလေး ကျွန်မနှင့်မဝေးသော နောက်နား၌ ရှိနေပြန်သည်။

ကျောင်းဆင်းသော အချိန်တွင် ကျွန်မကိုယ်တိုင် လျှင်မြန်ဖျတ်လတ်သော ခြေလှမ်းများဖြင့် အပြန်လမ်းကို လျှောက်လှမ်းလာစဉ်မှာ တတိယအကြိမ်အဖြစ် နှင်းဆီပန်းစည်းကြီးကို ကျွန်မ ထပ်မြင်ရပြန်သည်။

"လက်ခံလိုက်ပါလား ဘုန်းမငွေ"

ကျွန်မသည် ပန်းစည်းကို မမြင်ရနိုင်လောက်တဲ့အထိ အကြည့်များကို ဟိုးကွင်းပြင်တစ်နေရာဆီ ပို့ထားလိုက်ပြီး ငြင်းလိုက်ပါသည်။

"ဟင့်အင်း ..."

"ဘာဖြစ်လို့လဲ ...၊ ညှိုးသွားလို့လား၊ ကျွန်တော် မနက်ကတည်းက ပေးခဲ့သားပဲ၊ ဘုန်းမငွေက ယူမှမယူခဲ့တာ၊ ကျွန်တော် အသစ်ပြန်ဝယ်ပေးမယ်နော် ..."

"မလိုပါဘူး ...၊ ယောကျ်ားတစ်ယောက်က ကျွန်မကို စမြင်ဖူးတဲ့နေ့မှာပဲ ကျွန်မအတွက် ပန်းစည်းလာပေးတာ သဘာဝမကျလှပါဘူး၊ ရှင့်အနေနဲ့ နောက်ပြောင် စနောက်ဖို့ ယူလာခဲ့တဲ့ ပန်းစည်းကိုများ လက်ခံမယ့် မိန်းမတစ်





ယောက်လို့ ရှင် ကျွန်မကို ထင်နေရင် ရှင့်အတွေးတွေ လွှင့်ပစ်လိုက်ပါ ..."

"ကျောင်းစဖွင့်ရက်မို့ နောက်ပြောင်မိတ်ဆက်ဖို့ ယူလာခဲ့တဲ့ ပန်းစည်းက ဘုန်းမငွေအတွက် ဖြစ်ခဲ့တာ မဟုတ်ပါဘူး ဘုန်းမငွေ ...၊ ဘုန်းမငွေအတွက် ရွယ်စူးပြီး ယူခဲ့တာပါ၊ ဘုန်းမငွေက ကျွန်တော့်ကို မသိပေမယ့် ကျွန်တော်က ဘုန်းမငွေကို သိခဲ့တာကြာပါပြီ၊ မယုံရင် အဲ့ဒီ စာလေး ဖတ်ပြီးမှ ယုံပါ ..."

"ဟင်း ... ရှင်တို့ ယောကျ်ားတွေဟာလေ ကိုယ့်ဘက်ကိုယ် ယက်ကြတာချည်းပါပဲ၊ ကျွန်မက လွယ်လွယ်နဲ့ ယုံတတ်တဲ့ မိန်းမ မဟုတ်ဘူးရှင့်၊ ကျွန်မ သွားမယ်၊ ဟော ... ရှင် ဒီမှာပဲ ရပ်နေခဲ့ပါ၊ လူတွေအမြင်မှာ ရှင်နဲ့ ကျွန်မကို တစ်မျိုးထင်ခံရရင် ကျွန်မ သိက္ခာအကျ မခံနိုင်ဘူး"

ကျွန်မသည် ဤမျှအထိ ပြောဖို့ မရည်ရွယ်ခဲ့သော်လည်း ကျွန်မနောက်သို့ ဆက်လိုက်နေမှာစိုး၍ ပြောဆိုပစ်လိုက်မိသည်။

သေချာတာကတော့ သူ ဘယ်သူမှန်း ကျွန်မ မသိ၊ သိလည်း မသိချင်။ သူ့အသံကလည်း ဘာမှ ထူးခြားတဲ့အသံမျိုး မဟုတ်တာကြောင့် ကျွန်မရဲ့ အကြားအာရုံထဲမှာလည်း စွဲကျန်ရစ်ခြင်း မရှိခဲ့ ...။

◆ ◆ ◆

ကျွန်မသည် အိမ်ပြန်ရောက်သည်နှင့် စိတ်မချမ်းသာနိုင်တော့ ... ။ တစ်နေ့လုံး နောင့်ယှက်နေတဲ့ ထိုလူကြောင့် စိတ်ညစ်နေရတဲ့ကြားထဲမှ ကျွန်မတို့ အိမ်၏ နိစ္စဓူဝမြင်ကွင်းကြောင့်ပို၍ စိတ်ညစ်ရသည်။

ဆင်းရဲချို့တဲ့သော လူအများ စုပြုံနေထိုင်ကြတဲ့ အိမ်ထောင်စု နှစ်ဆယ်လောက် နေထိုင်သော ချောင်ကလေးတစ်ချောင်မှာ ကျွန်မတို့ အမျိုးအုပ်စုက ထက်ဝက်မျှရှိသည်။

ဆင်းရဲကြသည့် ဆွေမျိုးများကြားတွင် ကျွန်မနှင့်အမေက အပြေလည်ဆုံးလို ဖြစ်နေရသည်။ ကျွန်မက ကျောင်းတက်ရင်း အလုပ်လုပ်သည်။ အမေက အိမ်မှာနေရင်း အကြော်ရောင်းသည်။

ဆီ တာကယ်မပါတဲ့ ဟင်းရည်ကျဲ တစ်ခွက်ရယ်၊ အမေ ရောင်းလို့မကုန်တဲ့ အကြော်ရယ်ကို အားပါးတရ ဝိုင်းဖွဲ့စားနေသော ကြီးစဉ်ငယ်လိုက် ကလေးငါးယောက်ကို ကြည့်ရှာသက်ပြင်းကို ဟင်းခနဲ ချလိုက်မိသည်။ အမေ့ကို လှမ်းကြည့်ရာထုံးစံအတိုင်း သူတို့ မိဘတွေ အဆင်မပြေပြန်ဘူးလား အမေဟုပင်မေးစရာ မလိုတော့အောင် အဖြေက တစ်မျိုးတည်းသာ ဖြစ်သည်။

ထမင်းစားနေသော ညီမ၊ မောင် ဝမ်းကွဲလေးတွေနားထိုင်ကာ ကျွန်မစုထားသော ပိုက်ဆံထဲက တစ်ဝက်ကို အညီအမျှ ခွဲဝေပေးလိုက်သည်။

ကျန်တစ်ဝက်ကိုလည်း အမေ့လက်ထဲ ထည့်လိုက်





သည်။ အမေသည် ကျွန်မအား သနားကြင်နာသော မျက်ဝန်းလေးများဖြင့် ကြည့်ကာ ...

"သမီးလေးလည်း အမေတို့အတွက်နဲ့ ပင်ပန်းလိုက်တာ၊ ဟင်း ... တို့တစ်မျိုးလုံးကလည်း ဆင်းရဲလွန်းတာကိုး ...၊ ကဲ ... သမီးလေး ရေချိုး၊ ပြီးရင် ထမင်းစား၊ အလုပ်သွားရဦးမယ် မဟုတ်လား"

"ဟုတ်တယ် အမေ၊ ဒီနေ့ ၇ မိုင်က အမြွာညီအစ်မကို သင်ပေးရမှာ၊ နီးပါတယ် အမေ ..."

ကျွန်မ အမေ့ကိုပြောပြပြီးသည်နှင့် နောက်ဘေးဘက်သို့ ကျိုးကျိုးကျဲကျဲမြည်နေသော ဝါးခင်းများကို နင်းဝင်ခဲ့ကာ ရေချိုးရသည်။

ကျွန်မက ဆင်းရဲပေမယ့် အိမ်စုတ်ကလေးကို သပ်ရပ်အောင်ထားသည်။ ကျွန်မ အဝတ်အစားများမှာ အသစ်အလွင်မရှိသော်လည်း ဖြူစင်သန့်ရှင်းအောင် စည်းကမ်းတကျ ဝတ်စားသည်။

ထို့ကြောင့် ကျွန်မသည် ထိုအိမ်ထောင်စုသေးသေးလေးရဲ့ အပြင်ဘက်ကို ရောက်တာနှင့် 'ဘုန်းမငွေ'ဆိုသော နာမည်နှင့် လိုက်ဖက်လွန်းလှစွာ ဆင်းရဲသောအသွင် ပျောက်နေတာဖြစ်သည်။ အဓိကက ကျွန်မ ဘယ်သောအခါမှ ဘဝကို မသိမ်ငယ်တတ်၊ တွန့်ဆုတ်မနေတတ်ပါ။

ကျွန်မဘဝကို ကျွန်မ ပဲ့ကိုင်လှော်ခတ်မှ ကျွန်မကိုယ်တိုင် ကျွန်မလိုချင်တဲ့ နေရာကို ရမယ်ဆိုတာသိရတဲ့အချိန်

က စပြီး ကျွန်မဟာ ရဲရင့်ထက်မြက်ကာ ကြိုးစားလိုသော မိန်းမတစ်ယောက်ဖြစ်ခဲ့သည်။ ပြီးတော့ ကျွန်မ မိဘကို လုပ်ကျွေးသည်။ ကျေးဇူးဆပ်သည်။

ငယ်စဉ်ကတည်းက ကျွန်မနှင့် အမေကို ပစ်ခွာသွားခဲ့သော အဖေ ...၊ ကျွန်မ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သောအခါမှ ရောဂါဆိုးနှင့် ပြန်ရောက်လာခဲ့သော်လည်း အဖေဟာ အဖေပါပဲဆိုတဲ့ ကျေးဇူးအသိကြောင့် ဘယ်တော့မှ မငြိုငြင်ဘဲ အဖေစိတ်ချမ်းသာအောင် အမေနဲ့အတူ ရှာဖွေကျွေးမွေး ပြုစုခဲ့တာ အဖေဆုံးပါးသွားတဲ့အထိ ဖြစ်သည်။

◆ ◆ ◆

ကျွန်မ၏ အတွေးများ ကျယ်ပြန့်လွင့်မျောနေရာမှ ပြန်လည်စုစည်းလိုက်သောအခါ ခြောက်နှစ်အရွယ် ကလေးလေးနှစ်ယောက်အတွက် စန္ဒရားတီးဖို့ node ခွဲပေးနေသော အဖြစ်ကို သတိဝင်လာခဲ့သည်။

လှချမ်းသာ အသိုင်းအဝိုင်းများကတော့ သိန်းပေါင်းများစွာ တန်သော စန္ဒရားကြီးကို ဝယ်ကာ သမီးလေးနှစ်ယောက်အား ဆရာမငှား၍ သင်ပေးတဲ့ မိဘများကို ကျေနပ်မိသည်။

ကျွန်မ စန္ဒရားတီးတတ်ခဲ့တာတော့ ခရစ်ယာန်ဘုရားကျောင်းက အခမဲ့ သင်ကြားပေးလို့ဖြစ်သည်။





ကျွန်မ၏ အနုပညာ ဝါသနာနဲ့ ပါရမီ ... ပြီးတော့ ဝီရိယတို့ကြောင့် ကျွန်မ ဒီပညာနဲ့ အမေနဲ့ အမျိုးများကို ထောက်ပံ့နိုင်ခဲ့တာဖြစ်သည်။

စန္ဒရား ခလုတ်လေးတွေပေါ်သို့ ကျွန်မက အရင်တီးပြနေတုန်း ကလေးတွေ၏ အမေ အနားသို့ ရောက်လာသည်။

"အအေး သောက်လိုက်ပါဦး ညီမ"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ မမ"

"ညီမ လက်ကလေးတွေက ဖောင်းဖောင်းလေးတွေ၊ သိပ်လှတာပဲနော်၊ မိဘတွေက ဒီစန္ဒရားပဲ ပေးတီးထားတာထင်တယ်၊ အမွေးစိမ်းကလေးတွေနဲ့ တကယ့် သူဌေးအသွေးအမွေးပဲ၊ လူကလည်း သိပ်လှတာပဲကွယ် ..."

ကျွန်မသည် အပြုံးကလေးတစ်ခု လှစ်ခနဲ ပြုံးလိုက်ရင်း ...

"မမပြောသလို ကျွန်မက သူဌေးသမီး မဟုတ်ပါဘူး၊ သိပ်ကို ဆင်းရဲပါတယ် မမရယ်"

"ဪ ... ညီမလေးက နောက်စရာမရှိ ကြံဖန် နောက်နေပြန်ပါပြီ ... ဟင်း ... ဟင်း"

မမက ကျွန်မ စကားကို ဟာသတစ်ခုသဖွယ် ရယ်မောၡ။

"တကယ်ပါ မမ ...၊ ကျွန်မ နောက်တာမဟုတ်ပါဘူး၊ မယုံရင် ကျွန်မတို့ကို မိတ်ဆက်ပေးတဲ့ သင်းအုပ်ဆရာကြီးကို မေးနိုင်ပါတယ်၊ ကျွန်မက ..."

ဆိုပြီး ကျွန်မရဲ့ ဆင်းရဲမွဲတေမှုကို အမှန်အတိုင်း ပြောပြလိုက်သောအခါမှ မမ ယုံသွားတော့သည်။

"ဘယ်လိုမှ ဆင်းရဲတယ်လို့ကို မထင်ရတာပါ ညီမရယ်၊ ညီမရဲ့ ပုံစံကလေ သူဌေးတောင် ရိုးရိုးအဆင့်မျိုး မဟုတ်ဘူး၊ အရမ်းကို ချမ်းသာတဲ့ အသိုင်းအဝိုင်းက ကြီးလာတဲ့ ဥပမိရုပ်မျိုး၊ ကျက်သရေတော်တော်ရှိတဲ့ အလှပိုင်ရှင် ...၊ မိဘကို ကျေးဇူးဆပ်နေသူဆိုတော့ ဘုရားသခင်က ညီမကို ကယ်တင်တော့မှာပါ၊ ညီမက ဆင်းရဲတဲ့ သွင်ပြင်လက္ခဏာကို မရှိဘူး ...၊ သူဌေးဖြစ်မယ့် မိန်းကလေး ..."

ဟု မှတ်ချက်ချလိုက်တဲ့ မမကို ကျေးဇူးတင်မိသည်။

ထိုစကားမျိုးတွေက အမေ ပြောလေ့ရှိသည့် စကားများ ဖြစ်သည်။ အမြဲတစေ ပြောနေကျ အမေ့စကားများအတိုင်း။

သို့သော် ကျွန်မ၏ ရုပ်ရည်ကို ကျွန်မကိုယ်တိုင်တော့ အလွတ်မရပါ။ အလွတ်ရလောက်အောင်ပင် မှန်ကြည့်နေဖို့ ကျွန်မမှာ အချိန်မရှိပါ။

ရေချိုးတာသည် ကျွန်မ၏ အလှပြင်ခြင်းဖြစ်သည်။

ကျောလယ်က ဆံပင်များကိုလည်း သပ်ရပ်စိုပြေနေအောင် အမြဲ ဂရုစိုက်လေ့ရှိခဲ့သည်။

နောက်ပြီး မြင်သူတိုင်း အထူးတလည် ပြန်လှည့်ကြည့်ရတဲ့ ကျွန်မရဲ့ လှပတဲ့ လက်ချောင်း၊ ခြေချောင်းလေးများကို ကျွန်မ ယုယစွာ အရိပ်လို အလှဆင်တတ်ခဲ့သည်။

◆ ◆ ◆



## အခန်း(၂)

ကျော်ထက်ဃဆိုသည့် ကျွန်တော် ဘုန်းမငှေကို စတင်တွေ့ရှိပြီးမြောက်ခဲ့တဲ့ အချိန်ကစလို့ ချစ်တတ်လာခဲ့တာဖြစ်သည်။ အင်မတန် ရင့်ကျက်လှပသော ဘုန်းမငှေကြောင့်၁၇နှစ်အရွယ် အသည်းနှလုံးသည် တဖျပ်ဖျပ် ခုန်လှုပ်သွားရတာပဲ ဖြစ်သည်။

ဘုန်းမငှေသည် ထိုနေ့က သံဈေးမှာ ဈေးဝယ်နေတာဖြစ်သည်။ သူမလက်မှာ ဆွဲကိုင်ထားသည်က မွေးပွလွယ်အိတ်အနီရောင်ကလေး ...။

ပန်းသီးဝယ်ဖို့ အနီရောင်ရင့်ရင့် ပန်းသီးတစ်လုံးကို လှမ်းကိုင်လိုက်တဲ့ သူမရဲ့ အမွေးစိမ်းကလေးများနှင့် ဖြူနုပြည့်ဖောင်းသည့် လက်ကလေးအား ပန်းသီးဝယ်ဖို့ပဲ ရောက်လာတဲ့ ကျွန်တော်က စတင် သတိပြုမိလိုက်သည်။

ထိုခဏအတွင်း လှပသော လက်ပိုင်ရှင် မိန်းကလေး၏ မျက်နှာကို တွေ့ဖူးချင်သော အသိစိတ်က တိုက်ရိုက်ဆိုသလို

သူမမျက်နှာဆီ ကျွန်တော့်မျက်လုံးများ ကျရောက်သွားစေသည်။

သူမမျက်နှာကို မြင်မြင်ချင်း ကျွန်တော့် မျက်အိမ်များ တထပ်ထပ် ခုန်လှုပ်သွားသည်။

ရှည်ကော့တဲ့ မျက်တောင်ညိုကလေးကို တစ်ချက်ခတ်လိုက်တဲ့ သူမ၊ ရှည်လျား အချိုးကျတဲ့ မျက်ခုံးစိမ်းကလေးကတို့ကိုင်ကြည့်ချင်စရာကောင်းသည်။

"သမီးက သိပ်လှလို့ အန်တီ တစ်လုံး အပိုပေးမယ်နော်"

ဟု ပြောလိုက်တဲ့ ပန်းသီးသည် တရုတ်မကြီးစကားကို နားထောင်ပြီး ဖြူဖွေးသော သွားတစ်စုံပေါ်အောင် ပြုံးလိုက်ပုံက သူမအား ကျွန်တော် စွဲလမ်းမိသွားသော အချက်တစ်ခုဖြစ်သည်။

ပြန်လည်တင်းဆေ့လိုက်တဲ့ သူမနှုတ်ခမ်းက နီရဲပြည့်တင်းကာ ထက်မြက်မှုကို ပြနေသည်။ ပန်းသီးထုပ်ကလေး လှမ်းယူငွေ့ရှင်းကာ ထွက်ခွာသွားသော သူမ၏ နန်းဆန်သော ခန္ဓာကိုယ်အား ရှည်သွယ်ထောင်မောင်းသော သူမအရပ်က ပို၍ပေါ်လွင်စေသည်။

ဖိနပ်ပါး ကတ္တီပါအစိမ်းရောင်ကလေးစီးကာ လှမ်းလိုက်သော ခြေလှမ်းများနှင့် ခြေဖမိုးလေးသည် သန့်ရှင်းဖြူအိနေတာ အမှန်ဖြစ်သည်။ သူမ၏ လှပမှုကို ငေးမောနေမိသော သူသည် သေဆုံးနေသည့် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ အဲ့ဒီအချိန်က စလို့ သူမကို ကျွန်တော် စိတ်ဝင်စားသွားခဲ့တာဖြစ်သည်။





"သား ... ပန်းသီး ဝယ်ပြီးပြီလား"

အားအာက်က ထွက်ပေါ်လာတဲ့ မာမီ့အသံကြောင့် သူ့ခန္ဓာကိုယ် လှုပ်ရှားသက်ဝင်လာသည်။

"အင်း ... အဲ ... မဝယ်ရသေးဘူး မာမီ၊ ခဏလေး ... ဒေါ်လေး ပန်းသီးဆယ်လုံး ရွေးပေးပါဗျာ"

"ကျော်ထက်ဃ တစ်ယောက်ကလေ အမြဲ ငေးနေတာပဲ၊ မာမီ အဲ့ဒီလို ထုံထိုင်းတဲ့ ကလေးမျိုးကို မကြိုက်ဘူး၊ သွက်သွက်လက်လက် ရှိစမ်းပါ ကျော်ထက်ဃရယ်"

မာမီ တိုက်ခန်းပေါ် ပြန်တက်သွားတော့မှ နှေးကွေးသော ခြေလှမ်းများဖြင့် လှေကားထစ်များကို နင်းဖြတ်လာခဲ့ရသည်မှာ အင်မတန် အားပျော့ယိမ်းဝေနေလေသည်။

မိန်းမတစ်ယောက်၏ အလှတရားများ ကြားမှာ ယောကျ်ားတစ်ယောက်လုံး ခြေချုပ် ကျောက်ချခံလိုက်ရသည်မှာ ကျွန်တော်က ပျော့ညံ့လို့ပဲလား၊ သူမကိုယ်၌က စွမ်းအားထက်မြက်လှတာလား ကျွန်တော် အတိအကျတော့ မဝေခွဲတတ်ခဲ့ပါ။

တိကျတာတစ်ခုကတော့ တော်ရုံတန်ရုံ မိန်းမများကို စိတ်မဝင်စားတတ်သော ကျွန်တော့်အမြင်မှာ သူမဟာ အင်မတိ အင်မတန် လှပလွန်းနေတာတော့ သေချာသည်လေ ...။

◆ ◆ ◆

သူမကို စတွေ့ပြီး နောက်တစ်ပတ်မှာ ထပ်မံတွေ့ဆုံမှုက တိုက်တိုက်ဆိုင်ဆိုင်ပင် ပေါ်ပေါက်လာခဲ့သည်။

ကျွန်တော် အပြင်ကပြန်လာပြီး တိုက်ပေါ် ပြန်တက်ခါနီးမှာပဲ သူမက လှေကားထစ်ကျဉ်းလေးတွေပေါ်ကို မြန်ဆန်လှပစွာ တက်သွားခဲ့သည်။

ကျွန်တော်က အနောက်ဘက် အတော်ကွာကွာလေးမှ လိုက်တက်လာခဲ့သည်။ ပထမထပ် အခန်းနံပါတ်တစ် ရှေ့မှာ ရပ်ကာ လူခေါ်ဘဲ(လ်)တီးလိုက်ပြီး တံခါးပွင့်သွားသည်နှင့် သူမ ထိုအခန်းထဲ ဝင်သွားတော့သည်။

ထိုအခန်းက အင်္ဂလိပ်စကားပြော တစ်ဦးချင်းသင်တဲ့ အခန်းဖြစ်သည်။ ထို့ကြောင့် သူမသည်လည်း သင်တန်းလာတက်သူတစ်ယောက်ပဲဟု ကျွန်တော် ယုံကြည်သည်။ သူမ ပြန်ထွက်လာတဲ့အထိ စောင့်ချင်နေသော်လည်း မာမီခိုင်းထားတဲ့ ဈေးဝယ်ခြင်းအလုပ်ကို လုပ်ရသေးသည်။ ကျွန်တော် ပြန်ရောက်လာချိန်က သူမ ပြန်သွားလောက်သော အချိန်မို့ ကျွန်တော် သူမကို မတွေ့လိုက်ရတော့။

နောက်တစ်နေ့မှာ မာမီ၏ ကျောက်ကျောချိုချဉ် လုပ်စားမည့် အကြံက ကျွန်တော် သူမ၏နာမည်ကို သိရှိလာရသည့် အချက်ဖြစ်သည်။ မျက်နှာချင်းဆိုင် အခန်း တစ်ကို ကျောက်ကျောဝင်ပို့ရင်း white board မှာ ရေးထားသော အချိန်ဇယားကို ကြည့်လိုက်တော့ စနေနေ့ နေ့လယ် နှစ်နာရီမှာ 'ဘုန်းမငွေ့'ဆိုသော နာမည်ကို တွေ့လိုက်ရသည်။





သူမသည် နာမည်နှင့် လိုက်ဖက်လွန်းစွာ ဘုန်းကံကြီးမားမြင့်မြတ်သော မိန်းမတစ်ယောက်အဖြစ် အမငွေ့တည်နေတာဖြစ်သည်။ သူမ၏ အသွင်အပြင်ကိုက မြင့်မြတ် လှပ ကျက်သရေရှိတာ ဖြစ်သည်။

ဒီနောက်တွင် ကျွန်တော်သည် သူမကို အမြဲတစေ စောင့်၍ကြည့်ရှုနေတတ်ခဲ့သော ယောကျ်ားတစ်ယောက် ဖြစ်လာခဲ့သည်။

ဘုန်းမငွေ့ကို တိတ်တခိုး ချစ်ခင်စုံမက် မြတ်နိုးနေခဲ့ရလေသည်။

✦ ✦ ✦

တက္ကသိုလ်ကျောင်းတွေ ဖွင့်ခါနီး ကျောင်းအပ်ရတဲ့အခါ ကျောင်းမှာ သူမနှင့် ကံကောင်းလှစွာ ဆုံရလေသည်။

ကျွန်တော်နှင့်အတူတူ ဒဂုံတက္ကသိုလ်၌ E. Major တက်ခွင့်ရသော သူမကို ကျောင်းမှာ တွေ့ခွင့်ရပြီးချိန်မှ ကျွန်တော်က နှစ်သက်မြတ်နိုးနေမိကြောင်း ပြောပြခွင့်ရဖို့ မျှော်လင့်မိသည်။

ကျောင်းတက်ဖို့ အလွန်ကို တက်ကြွဖျတ်လတ်နေတာက ကျွန်တော်ပင်ဖြစ်သည်။

ဒက်ဒီကတောင် ...

"ကျော်ထက်ဃတစ်ယောက် သိပ်တက်ကြွနေပါလားကွ၊ စာသင်ဖို့တော့ မဟုတ်လောက်ဘူး"

ဒက်ဒီ ဘယ်လိုပြောပြော ကျွန်တော့် ခန္ဓာကိုယ်က ပိုးမွှားများ ငြိမ်မသွားခဲ့ ... ။

မနက်ဖြန် သူမကို ပေးဖို့ ကဗျာဆန်လွန်းသော စာတစ်စောင်ကို ချစ်စိတ်များဖြင့် ဖန်တီးလေသည်။

အားရကျေနပ်သော စာတစ်စောင် ရလာချိန်တွင် ကြမ်းပြင်ပေါ်၌ ပန်းနုရောင် ကြွေစက္ကူများ ပွကြဲနေတာ မြင်ရသည်။

ထိုညက အိပ်မက်ထဲမှာတောင် ဘုန်းမငေ့ကို ကျွန်တော်က ပန်းတစ်စည်းနှင့် စာကလေးတစ်စောင် ပေးခွင့်ရသည်။ သူမက လှပသော အပြုံးကလေးဖြင့် လက်ခံယူလေသည်။

မိုးလင်းသည်နှင့် အနီရောင်နှင့် နှင်းဆီအပွင့်တစ်ရာကို ကိုယ်တိုင်ကိုယ်ကျ လှပစွာ စည်းနှောင်ကာ အသည်းပုံ စာခေါက်ကလေးကိုပါ ညှပ်ထည့်ရင်း ကျောင်းသို့ ထွက်လာခဲ့သည်။

ကျွန်တော်နှင့် ကျောင်း နီးလာလေလေ ကျွန်တော် ရင်ခုန်လာလေလေ ... ။

✦ ✦ ✦

ရှားပါးသည့် သစ်ရိပ်အောက်မှာ ဖွဲနပဲနှင့် စောင့်နေခဲ့ရပြီး မကြာခင်မှာ သူမရဲ့လှပသော ခြေထောက်အစုံသည်ကျောင်းဝန်းထဲသို့ တက်ကြွလှပသိမ်မွေ့သော ခြေလှမ်းများဖြင့် ဝင်ရောက်လာခဲ့သည်။





သူမ ကျောင်းဝန်းထဲ ဝင်လာတာက ခပ်ရိုးရိုးလေး၊ တစ်ယောက်တည်း တိတ်တဆိတ် လမ်းလျှောက်ဝင်လာတာ ဆိုပေမယ့် ပတ်ဝန်းကျင်မှ မိန်းကလေး၊ ယောကျ်ားလေးများ အားလုံး လှည့်မကြည့်မိရ မရှိလေအောင် သူမအလှက ညို့ဖျားနိုင်စွမ်းရှိသည်။

ကျွန်တော်ကတော့ ရည်ရွယ်ထားတဲ့အတိုင်း သူမရှေ့ရပ်ကာ ပန်းစည်းပေးဖို့ ကြိုးစားလိုက်သော်လည်း အိပ်မက်ထဲကလို အပြုံးဖြင့် လက်ခံဖို့ မဆိုထားနှင့်၊ ပန်းစည်းပေးသော ကျွန်တော့်ကို လှည့်၍ပင် မကြည့်ပါ ... ။

သို့ပေမယ့် ကျွန်တော်က ဇွဲ လုံးဝမလျှော့ဘဲ သူမနောက်ကို တကောက်ကောက် လိုက်ပါနေခဲ့သည်။

အတန်းတက်ချိန်တစ်လျှောက်လုံး သူမနောက်မှာ ထိုင်ကာ ဒုတိယအကြိမ် ပန်းစည်းပေးပေမယ့်လည်း သူမက လုံးဝ ဂရုမစိုက်ဘဲနှင့်ကို နေနိုင်သည်။

တတိယအကြိမ်အဖြစ် ကျောင်းအဆင်းမှာ ထပ်၍ လှလှသဘထုတ်ကာ ပေးကြည့်သည်တွင်တော့ သူမ ရက်ရက်စက်စက် ငြင်းပယ်သံကလေး ထွက်လာသည်။

ဘယ်လိုပဲ ယုံအောင် ဖြေရှင်းပြပေမယ့် သူမက ကျွန်တော့်ကို မယုံပါ။ လုံးဝ တားမြစ် အသိပေးသွားသော သူမပျောက်ကွယ်သွားတဲ့အထိ ကျွန်တော် ထိုနေရာမှာ ကြောင်ငေးကျန်ခဲ့ရသည်။ ဒါပေမယ့်လည်း လက်လျှော့ဖို့ကိုတော့ဖြင့် လုံးဝ မစဉ်းစားမိခဲ့ပါ ... ။

ကမ္ဘာကြီးဆီမှ အမျိုးသမီးအများစုဟာ နူးညံ့လှပ သက်ဝင်တဲ့ ကဗျာဆန်မှုများကို ရင်ခုန်လှုပ်ရှားတတ်သည်။

တစ်ခါတစ်ရံ ဖွတ်တရွတ်ဆန်မှု၊ သတ္တိရှိမှု၊ ရဲရင့်မှု၊ တစ်ယူသန်မှုမျိုးကိုလည်း စိတ်ပါဝင်စားလေ့ ရှိကြသည်။

ရဲရင့်ထက်မြက်သော မိန်းမများသည် ကဗျာဆန်သော၊ ဟာသနှောတတ်သော အမျိုးသားများကိုမှ ရွေးချယ်ချစ်မြတ်နိုးကြသည်တဲ့ ...။

ကျွန်တော့် ဘုန်းမငွေက ရဲရင့်ထက်မြက် လှပတဲ့ အမျိုးသမီးမျိုးပဲ ဖြစ်ပါလိမ့်မည်။

✦ ✦ ✦



## အခန်း(၃)

ကျောင်းစတက်ပြီး နောက်ရက်များတွင် ကျွန်မထိုင်နေကျ စာသင်ခုံပေါ်မှာ နှင်းဆီလေးတစ်ပွင့်ကို ရိုးတံမှနေတိပ်ဖြင့်ကပ်ကာ အမြဲ လာထားတတ်သည်။ ဘယ်သူမှန်းမသိပေမယ့် ကျောင်းစတက်တဲ့ နေ့က လူမှန်းတော့ ရိပ်မိသည်။

တချို့သော ယောကျ်ားအများစုက ကျွန်မကို ပုံစံအမျိုးမျိုးနှင့် ရည်းစားစကားပြောတတ်လာကြသည်။ ထိုယောကျ်ားများသည် ရုပ်ဆိုးသောသူများ မဟုတ်ကြသော်လည်း ကျွန်မနှစ်သက်ချင်စရာတော့ တစ်ယောက်ပင်မရှိပါ ...။ ကျွန်မ ခပ်ပြတ်ပြတ် ပြောလိုက်ပုံကတော့ ...

"ရှင်တို့ ပါးစပ်က ချစ်တယ်လို့ ပြောကြတာ ဘာကိုကြည့်ချစ်တာလဲ၊ ရုပ်ရည်ကိုလား၊ ဒါဆို ရှင်တို့ သိပ်မှားသွားမယ်နော်၊ ရှင်တို့ထင်သလို ကျွန်မ အဆင့်အတန်းက ကျွန်မ ရုပ်ရည်လို မမြင့်ဘူး၊ သေသေချာချာလေး ဘုန်းမငွေအကြောင်း စုံစမ်းကြည့်ကြပါဦးလားရှင် ..."

အရွယ်ရောက်ပြီးတဲ့ မိန်းကလေးမို့ ဤလိုကိစ္စမျိုးကို ပစ်ပစ်ခါခါ မကြောက်ကန်မိတော့ပါ။ စိတ်လည်း မဝင်စားတတ်ခဲ့ပါ။

ဒီနေ့မှာလည်း နှင်းဆီတစ်ပွင့်ကိုတွေ့ရပြန်ပြီ။ တိပ်မှခွာကာ corridor အမှိုက်ပုံးတည့်တည့် ပစ်သွင်းပြီး စာကြည့်နေလိုက်သည်။ ခဏအကြာမှာ လေယာဉ်စက္ကူလေးတစ်ခု ကျွန်မရင်ဘတ်ကို လာမှန်သည်။

ကျွန်မသည် အမှတ်တမဲ့တော့ လန့်ဖျပ်သွားပြီးနောက်မှ လေယာဉ်ကလေးကို ကိုင်ကာ ဖြည်ကြည့်လိုက်သည်။ တကယ်ပဲ အထဲမှာ စာလုံးအချို့ကို တွေ့ရသည်။

"ဘုန်းမငှေက သိပ်ရက်စက်တယ်ဗျာ၊ ပန်းလေးတစ်ပွင့်ကို တစ်နေ့လောက်တော့ ပန်ပါလားဗျာ"

ခပ်ရိုးရိုးပဲ တောင်းပန်တိုးလျှိုးသော စာကလေးသာဖြစ်ပေမယ့် ကျွန်မ ထိုစာလေးကို လွှင့်ပစ်ဖို့ ဝန်လေးနေခဲ့ပြီ ...။

သေချာတဲ့အကြောင်းရင်းကတော့ လက်ရေးကလေးများကို နှစ်သက်မြတ်နိုးလွန်း၍ဖြစ်သည်။

ကဗျာဆန်ပြီး နွဲ့တဲ့တဲ့ဖြစ်ချင်နေသော လက်ရေးလှလှလေးပါတဲ့ လေယာဉ်ကလေးကို လွှင့်မပစ်ရက်တဲ့ ကျွန်မလွယ်အိတ်ထဲ ဆတ်ခနဲ ထည့်လိုက်တာ မည်သူမှ မမြင်လောက်ဘူးတော့ ထင်မိသား။

နေ့ခင်း အပြင်ထွက်ပြီး အတန်းထဲပြန်ဝင်လာတော့





အရှေ့ board ပေါ်က လက်ရေးကလေးကြောင့် ကျွန်မ နှုတ်ခမ်းများ ခဏတော့ ပွင့်ဟသွားခဲ့သည်။

ကျွန်မကို ဆွဲဆောင်နိုင်တဲ့ လက်ရေးကလေးများဖြင့်ပဲ ...

"ကျွန်တော် တွေ့ဖူးသမျှ မိန်းမတွေထဲမှာ ဘုန်းမငှေက အလှဆုံးပဲ၊ မာနလည်း အတော်ကြီးသားဗျာ၊ ဒါပေမယ့်လည်း သူမကို ယောကျ်ားတော်တော်များများကတော့ ရူးသွပ်ချစ်ခင်နေကြဆဲပဲနော်၊ အဲဒီထဲမှာ ကျွန်တော်လည်းပါတယ်၊ ဘုန်းမငှေ ကျွန်တော် ခင်ဗျားကို သိပ်ချစ်တယ်"

ရည်းစားစာကလေး ထိုင်ဖတ်ရင်း ကျွန်မ ငြိမ်သက်စွာ ထိုင်ငေးနေမိသည်။ အတန်းတက်ချိန်ကျတော့ အတန်းသားတွေ ထိုစာကို စုပြုဖတ်ကြသည်။ ညစ်ကျယ်ကျယ် ကျောင်းသားတစ်ယောက်က မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် တစ်ခန်းလုံးကို ဝေ့ဝဲကြည့်ကာ ...

"အဲ့ဒါ ဘယ်သူ့လက်ချက်လဲကွ၊ ငါ့ဘုန်းမငှေရဲ့ နာမည်ကို ဟိုရေး ဒီရေးနဲ့ ဘယ်ကောင် ဇော်ကားတာလဲကွ၊ မင်း ထွက်လာခဲ့၊ မင်း သေသွားမယ်၊ ဟေ့ကောင် ... ဘယ်သူတုန်းကွ ... ဟေ"

"ဆရာ လာနေပြီဟေ့ ...၊ ဆရာလာနေပြီ"

ကိုစွာကျယ် အာကျယ်နေတုန်း စကြိုကနေ ဖြတ်ပြေးသွားတဲ့ လူငယ်လေးတစ်ယောက်ဆီမှ ဆရာ ပြောပြီဆိုသည့်

သတိပေးသံကြောင့် အားလုံး ငြိမ်ကုပ်သွားကြပြီး ကိုစွာကျယ်က board မှ စာကို ကတုန်ကယင်ဖြင့် ဖျက်ပြီး နေရာမှာ ကုတ်ကုတ်ကလေး သွားထိုင်နေသည်။

တချို့ ကျွန်မကို အလိုလိုနေရင်း ကြည့်မရချင်ဖြစ်နေသော မိန်းကလေးများက ခင်ဖို့ကောင်းလှစွာ မျက်စောင်းလှည့်ထိုးတတ်ကြသည်လေ ...။

◆ ◆ ◆

ကျွန်မနှစ်သက်သည့် လက်ရေးပိုင်ရှင်ကလေး ကျွန်မကို ချဉ်းကပ်လာပုံက သူများနှင့်တော့ သိပ်မတူ။

တစ်မျိုးတစ်ဘာသာ ကွဲထွက်နေတာတော့ သေချာပါသည်။

ကျွန်မ ဘဝကလည်း ဝဋ်လို့သတ်မှတ်လျှင်လည်း အတော် စိတ်ပျက်ညည်းညူစရာကောင်းသော ဝဋ်ပင်ဖြစ်သည်။

အတန်းထဲ၌ အေးအေးလူလူ ထိုင်ပြီး စာဖတ်နေရင်လည်း တစ်ယောက်ပြီးတစ်ယောက် အရှေ့မှာ လာရပ်ကာ ပုံစံအမျိုးမျိုးဖြင့် ပိုးပန်းခြင်းခံရသည်။ တစ်နေ့မှ လွတ်လပ်စွာ မနေနိုင် ...။

ကဲန်တင်းမှာ မုန့်စားနေရင်လည်း ဘေးမှာ အလှည့်ကျ လာထိုင် စကားပြောလိုက်ကြတာ သူတို့အချိန်ဇယားနှင့်သူတို့ဟုတ်တော့နေကြသည်။ ကျွန်မမှာ ရှောင်ရှားမရတဲ့အဆုံး ကျောက်





ရုပ်လိုပဲ ခပ်တောင့်တောင့်ကြီး သည်းခံနေရလေသည်။ တစ်ခုခုတုံ့ပြန်ရင်လည်း လက်ခံရာကျသွားမည်စိုး၍ ရေငုံနှုတ်ပိတ်ကာ မျက်နှာကြီး တင်းနေရလွန်း၍ ပါးတွေပင် ညောင်းတောင့်တဲ့အထိ ဒုက္ခခံရသည်။

ရည်းစားစကား ပြောသူများကလည်း တကယ် feeling (ခံစားမှု) အပြည့်။ ကျွန်မကတော့ တကယ့် ကျောက်ရုပ်။

ကဲ ... စဉ်းစားသာ ကြည့်ကြပါတော့။ ခပ်ကြောင်ကြောင် လူငယ်တစ်ဇု ဗီးနပ်ရုပ်တုရှေ့ ထိုင်ပြီး ပွစိ ပွစိ ရေရွတ်နေသလိုပေါ့ ...။ ကြာရင်သာ လူတွေအာညောင်းပြီး ထပြန်သွားရင် သွားမယ်၊ ကျောက်ရုပ်ကတော့ ကျောက်ရုပ်အတိုင်း မလှုပ်မယှက်ဆိုတော့ ကြည့်ရတဲ့ ဘေးလူအမြင်မှာ ဘယ်လိုလုပ်ပြီး မျက်စိပသာဒ ဖြစ်ပါတော့လိမ့်မလဲ ...။

ဒါပေမယ့်လည်း ဒီအဖြစ်အပျက်ကို လူတွေအားလုံးနေ့စဉ် မြင်တွေ့ရသည်။

ကျောက်ရုပ်အစစ်ကတော့ တိုက်ပါများ နဲ့ချင် နဲ့နိုင်ပေမယ့် ကျွန်မဆိုတဲ့ ကျောက်ရုပ်က ဘယ်တော့မှ မနဲ့သေး ...။

ဒါပေမယ့် ဒီဘဝကတော့ ကျွတ်ချင်ပြီ ...။

ကျောင်းမြန်မြန်ပြီးချင်ပြီ ...။ ကျောင်းပြီးဖို့ကလည်း အဝေးကြီး လိုသေးတာဆိုတော့ ဒီကြားထဲ ကျွန်မ စိတ်ကြိုက်ရည်းစားတစ်ယောက်ယောက် ကောက်ထားလိုက်ရမလား ...။

အို ... ဘုရားသခင်။ ကျွန်မဟာ တော်တော် မတည်ငြိမ်တဲ့ မိန်းမတစ်ယောက်ပါပဲလား။ ကိုယ့်ဘဝကဖြင့် ဘာမှမရှိ။

တကယ့် ငမွဲတစ်ယောက်အဆင့်က မတက်နိုင်သေးဘဲ ရည်းစားထားဖို့များ တွေးရဲသေးတဲ့ အဖြစ်ဟာ ခွင့်လွှတ်နိုင်စရာကို မရှိ။

"တောက် ..."

ကျွန်မဟာ ကိုယ့်အတွေးကိုယ် ဒေါသဖြစ်စွာ စိတ်ထဲ တောက်ခေါက်ပြီး မတ်တတ်ထရပ်လိုက်ပါသည်။

"ဟင် ... သွားလော့မို့လား မလေ ...၊ ဝ ပြောတာလေး ဆုံးအောင် နားထောင်သွားပါဦးလား၊ ဝ ခုပြောမှာ ဝ အကြောင်း မဟုတ်ပါဘူး၊ ဝ ကို လူတစ်ယောက်က ပြောခိုင်းလိုက်လို့ပါ၊ ဝ စကားဆုံးအောင် မလေ နားထောင်သွားရင် တူက ဝ ကို ဒစ်ဂျစ်တယ် ကင်မရာတစ်လုံး ဝယ်ပေး မှာ၊ အဲလာကြောင့် ဝ ပြောတာလေး နားထောင်ပါလားဟင် ... မလေ ..."

ကျွန်မသည် ရှေ့မှာ ထိုင်ကာ အူကြောင်ကြောင်ပုံနှင့် လူကို မကြည့်ဘဲမနေနိုင်အောင် ဖြစ်သွားပါသည်။ သူ့ပုံစံက အတော်ရုပ်ဆိုးသည့်လူ စာရင်းဝင်သည်။ အသားက ဖြူစုတ်လွန်းသဖြင့် နီဆတ်ဆတ်၊ မျက်စိပေါက်က ခပ်မှေးမှေး၊ နှာကပြားပြား၊ သွားက အသားကုန် မတရားခေါ ...။ ဝတ်ထားပုံက အနီရဲရဲပိုးကတ္တီပါသား တရုတ်အကျီပွပွ၊ ဘောင်းဘီပွပွနှင့်ဆိုတော့ တွေးသာကြည့်ပေတော့ ...။

ကျွန်မကို ခေါ်ပုံကိုက စကားကမပီသေး။ မလေတဲ့လေ ...။





"တူ့နာမည်က ကျော်ထက်က လဲ့ ...၊ တူက မလေ့ကို ကြိုက်တယ်၊ မလေ့ကို ဒီကျောင်းက လူတွေထက် အရင် ကြိုက်တာလဲ့၊ အဲလာ မလေက တူ့ကို အရင်ဆုံး အဖေ ပေးပါလဲ့ ...၊ တူပေးတဲ့ နင်းဆီပန်းတွေ ပန်ပြပါလဲ့ ...၊ ဝကို ပြောခိုင်းလိုက်တာ၊ ဒါပဲ မလေ ...၊ တူပြောခိုင်းတာ ပြောပြီးပါပြီ၊ သြော် ... ဒါနဲ့ စကားမစပ် အရင်ကလော့ ဝ မလေ့ကို မကြိုက်ပါဘူး၊ ခုစကားပြောရင်း အတောအချာ ကြည့်လိုက်မှ မလေက တအားလှတာပဲ၊ ဝလည်း ကြိုက်တယ်၊ ဟဲ ... ဝကိုလည်း စဉ်းစားပေးနော်၊ အဲ့ဒါတော့ တူ မတိစေနဲ့ ...၊ ဟီး ..."

ဟီးဆိုတဲ့ သူ့အရယ်မှာ ကျွန်မ ဟန်မဆောင်နိုင်စွာ ထရယ်မိတော့သည်။ ကျွန်မ ရယ်နေတာကို သူက ရှက်ရကောင်းမှန်းမသိ တဟီးဟီးနဲ့ သွားကြီးပဲ ဖွတ်ဖြဲပြနေတာကို အူလှိမ့်အောင် ရယ်ရသဖြင့် ကျွန်မ မျက်နှာကို ဆံပင်များနှင့်ကွယ်ကာ လွယ်အိတ်လေး ကောက်ဆွဲ၍ ကဲန်တင်းမှ ထပြေးရလေသည်။

Toilet ထဲဝင်ကာ တံခါးပိတ် အသေရယ်မောရင်း 'ကျော်ထက်က' ဆိုတဲ့ နာမည်ကို တွေးမိနေခဲ့သည်။ ဘာနာမည်ကြီးပါလိမ့်ပေါ့ ...။

ကျွန်မ အိမ်ရောက်တော့ အမေ့ကို ပြန်ပြောပြရင်း ကျွန်မတို့ သားအမိ ရယ်မောဖြစ်ကြသည်။

"ဒါဆို ... မငွေလေး ရှုံးပြီပေါ့၊ အဲ့ဒီသူငယ်လေးလည်း ကင်မရာတစ်လုံး ဆုံးရော၊ ကြားက ဝင်စားလိုက်ရတာက

ဖိုးတရုတ်ကလေးပေါ့၊ ကင်မရာလည်း ရတဲ့အပြင် သူကပါ မငွေကို ရည်းစားစကား ပြောလိုက်သေးတယ်ဆိုတော့ သူ့ အမြတ်ကြီးပဲ ...”

“အင်း ... ဟုတ်တယ်နော် အမေ၊ မငွေကလည်း အစတော့ နားမထောင်ချင်ပါဘူး၊ သူပြောပုံကို အပြင်မှာ အမေ့ကို ခေါ်ပြချင်တယ်၊ အရမ်း ရယ်ရတာ အမေရယ် ... ဟင်း”

“သမီးလေး ပျော်တယ်မဟုတ်လား”

အမေက ကျွန်မ မျက်နှာလေးပေါ်ကို မျက်လုံးလေးများ ဝေ့ဝဲကြည့်ကာ မေးတော့ ကျွန်မ နှုတ်ခမ်းလေးကိုကိုက်ပြီး ခေါင်းညိတ်ပြလိုက်ပါသည်။ ပြီးတော့ အမေ့ရင်ခွင်ထဲ ကျွန်မ တိုးဝင်ငြိမ်သက်နေလိုက်သည်။

“သမီးလေး ... ပျော်နေဖို့ပဲ အမေ ဆုတောင်းတယ်၊ သမီးလေးဟာ အရွယ်နဲ့မလိုက်အောင် အလုပ်လုပ်ရ၊ စဉ်းစားတွေးခေါ်ရနဲ့ ပင်ပန်းနေရတာ အမေသိတယ်၊ တစ်နေ့မှာ သမီးအပေါ် တကယ် ချစ်ကြင်နာမယ့်သူနဲ့ တွေ့ပါစေကွယ်”

အမေ့ ဆုတောင်းသံကို ကျွန်မ ကြိတ်ကျေနပ်ပါသည်။ အကယ်၍ လိုချင်တာမျိုးနှင့် အတိုက်ဆိုင်ဆုံး တွေ့ရမည်ဆိုလျှင် ကျွန်မက မျှော်လင့်ထားသော ပုံစံလေးတစ်ခု ရှိပါသည်။

ငယ်ငယ်လေးကတည်းက ကြိုက်တဲ့ အဆိုတော်တစ်ယောက်နှင့် စိတ်ကော၊ အမူအရာကော တစ်ထေရာတည်း တူတဲ့ လူတစ်ယောက်ကို လိုချင်သည်။ ငယ်ငယ်ကဆို ထိုအဆို





တော်ကိုပဲ လက်ထပ်မယ်လို့ ကလေးဆန်ဆန် ကြိမ်းဝါးခဲ့သေးပေမယ့် ခုတော့ သူက လက်ထပ်ပြီးခဲ့ပါပြီ။ အဲ့ဒီတော့ သူနဲ့တူတဲ့ လူတစ်ယောက်ပေါ့ ...။

✦ ✦ ✦

## အခန်း(၄)

"ဟော ... ဟိုမှာ ထွက်လာပြီ"

ကျွန်တော်သည် အဆောင်ထဲက ထွက်လာသော ဘုန်းမငွေအား ဘေးက 'ရာဂျူး' ကိုပြလိုက်သည်။

ရာဂျူးက တစ်ချက်လှမ်းကြည့်ပြီး သူ့မျက်ခုံးထူထူများကို တွန့်ကွေးပစ်လိုက်ပြီး ...

"ဟ ... ဟ ... အကိုလေး၊ အကိုလေးကလည်းဗျာ မနောက်ပါနဲ့ ...၊ ဒီလောက်လှပြီး အရုပ်လည်းရှည်တဲ့ မိန်းကလေးက အကိုလေးကို ဘယ်လိုလုပ် ပြန်ကြိုက်မှာလဲဗျာ၊ ရာဂျူးလို အရုပ်ရှည်ရှည် ဖြောင့်ဖြောင့်ဆို တော်သေး"

"အောင်မယ် ... မင်းကများ ရာရာစစ၊ ဟော့ကောင် မင်းကို ငါ ငါးသောင်းပေးပြီး ငှားလာတာ မင်း ပစ်မှားဖို့မဟုတ်ဘူးကွ"

"မပစ်မှားပါဘူး အ ကို လေးရယ်၊ ရာဂျူးက ပြောပြတာ





ပါ၊ အကိုလေးက ပုတယ်၊ အမလေးက ရှည်တယ်၊ မဖြစ်ဘူးဆိုတာ ပြောပြတာပါ ..."

"ဘာကွ ..."

"အမယ်လေး အကိုလေးရယ်၊ အားမလျှော့ပါနဲ့၊ အဲလို မဖြစ်နိုင်တာကိုမှ ရာဂျူးတို့က ညှိပေးချင်တာ၊ စိတ်ချ အကိုလေး၊ ငါးသောင်းပေးပြီး ငှားလာတဲ့ ဒီကားကော၊ ငါးသောင်းပေးပြီး ငှားလာတဲ့ ဒီ Bluetooth ကော၊ ငါးသောင်းပေးရတဲ့ ဒီရာဂျူးကော၊ အားလုံး မဆုံးစေရဘူး၊ ရာဂျူး အဝတ်အစားတွေ မြင်ရုံနဲ့ အမလေး ရာဂျူးကို ပစ်ကျလာစေရမယ်"

"မင်းကို ကျလို့ မရဘူးကွ၊ ငါ့ကိုကျရမှာ ..."

"အကိုလေးက လောတာကိုး၊ ရာဂျူးက အောင်သွယ်လေ၊ ရာဂျူးကိုကြည့်မှ ရာဂျူး အောင်သွယ်ပေးတဲ့ အကိုလေးကို ကြည့်မှာပေါ့၊ ဒီမှာ အကိုလေး ... ရာဂျူးကလေ ..."

"ဟာ ... စကားရှည်နေလိုက်တာ၊ ဟိုမှာ ရောက်လာပြီကွ"

ကျွန်တော်က ရာဂျူးကို စိတ်မရှည်တော့သဖြင့် တံခါး လှမ်းဖွင့်ကာ အပြင်ကိုတွန်းချပစ်လိုက်ပြီး ရာဂျူး နားက Bluetooth နှင့် ကြိုးချိတ်ထားသော ဟန်းဖုန်းကို နားမှာကပ် နားထောင်ရင်း အခြေအနေကို စောင့်ကြည့် ရင်ခုန်နေရလေသည်။ ကြားရတာတော့ အခြေအနေက ဖြစ်မှဖြစ်ပါ့မလားဟု စိုးရိမ်ရသည့် အခြေအနေ ...။

ကုလားသံက နားလည်ဖို့ ခက်ရတဲ့အထဲ ချွဲပျစ်ပျစ်ဆိုတော့ ရုံးပတီသီးကို စပီကာတပ်ထားပေးသလိုပေါ့ဗျာ ...။

✦ ✦ ✦

"အို ..."

ကျွန်မသည် နေရောင်ပြင်းပြင်းအောက်မှာ ထီးမပါဘဲ လမ်းလျှောက်လာနေရင်းကနေ ယောင်ယမ်းသွားမိပါသည်။ PAJERO ကားအပြာကြီးထဲက လူတစ်ယောက်က ကျွန်မ ထိုကားဆီက ဖြတ်လျှောက်ချိန်ကျမှ ကျွန်မရှေ့မှာ လေးဘက်ထောက်လျက်သား ပြုတ်ကျလာခဲ့ခြင်း ဖြစ်သည်။

"အလာ ... အလာ၊ ရာဂျူးတော့ သေပါပြီဗျာ၊ အကိုလေးတော်တော် ရက်စက်ပါလားဗျ၊ အင်း ... ငါးသောင်းမျက်နှာရှိသေးလို့ပေါ့ဗျာ၊ ဩော် ... ဟဲ ... အမလေးပါလား၊ အမလေး နေကောင်းလား၊ မင်္ဂလာပါ အမလေး ...၊ စားပြီးပြီလား ..."

ကျွန်မရှေ့ ပြုတ်ကျလာတာက သာမန်လူနှင့်တော့ မတူ ...။ ဂြိုဟ်သား ထူးထူးဆန်းဆန်းကြီးနှင့် တူသည်။

ဘောင်းဘီက ခပ်ကျပ်ကျပ် အစင်း၊ အင်္ကျီက ခပ်ကျပ်ကျပ် အကွက်၊ နက်တိုင်က အပြောက်အပြောက်နှင့် ...။ ဝတ်စားပုံကြီးပဲ အချိုးမကျလို့လားလို့တော့ မထင်လိုက်နှင့်၊ မျက်နှာက ပြောင်စပ်စပ်၊ မည်းတာထက်ကို တူးသော သူ့မျက်နှာမှာ





မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများလည်း ရှိသည်။ သူ့နားမှာက သူ့ရုပ်နှင့်မှ မတန်သော Bluetooth နှင့် ...။ စကားပြောလျှင် ခေါင်းကလည်း ဟိုဘက်စောင်းလိုက်၊ ဒီဘက်စောင်းလိုက်နှင့် သူဟာ Rocker လား၊ Rapper လား၊ နှစ်မျိုးရောတဲ့ နှစ်ပြန်ကြော် ကုလားလားပင် မသိတော့ ...။

မျက်စိနောက်ပြီး သူငယ်ချင်းသာ ပါမယ်ဆို တော်တော် ဟားတိုက်အရှက်ခွဲပစ်ချင်စရာ ကောင်းသည်။ လက်မှာလည်း ရွှေနာရီပါသလို တစ်ဖက်ကလည်း စိန်ဟန်းချိန်းက ပါသေးသည်။

သူက ဟန်ပါပါလေး လက်ကို ကားမှာ ထောက်လိုက်ပြီး ကျွန်မကို စကားဆက်ပြောပါသည်။

"အမလေး ... ကျွန်တော်က ရာဂျူးပါ၊ ရာဂျူး ခုလို အမနဲ့တွေ့ရတာ ဝမ်းသာပါတယ်၊ ရာဂျူးက မြောက်ဥက္ကလာ နှစ်ရပ်ကွက်မှာနေ၊ ဟမ် ... အကိုလေး ဘာလဲ၊ မကြားရဘူး၊ ဩော် ... ခဏလေးပါ၊ ရာဂျူး ပြောမှာပေါ့ ...၊ အမလေး ... ရာဂျူးကလေ အောင်သွယ်ရေးသမားလေးပါ၊ အောင်သွယ်ပေးခြင်း အတတ်ပညာနဲ့ မိဘကို ရှာကျွေးတာပါ၊ လူပျိုပါ ... လူလိမ္မာပါ ...၊ ဟမ် ... နေပါဦး အကိုလေးရဲ့၊ ဒီလိုပါ ... အဲ့ဒါနဲ့လေ စကားမစပ် အမလေးက လှတယ်နော်၊ ရှည်လည်းရှည်တယ်"

"ဘာ ..."

"ဩော် ... ဟို ဆံပင်ရှည်ကြီးနဲ့ လှတယ်လို့၊ အရပ်လည်း

ရှည်တယ်လေ၊ အဲ့ဒါ ပြောတာပါ၊ ဟမ် ... ပြောပါပြီ အကိုလေးရဲ့၊ ရာဂျူးနေတဲ့ မြောက်ဥက္ကလာကိုလေ ...၊ ကျော်ထက်ဃ ဆိုတဲ့ လူတစ်ယောက် ရောက်လာတယ်၊ အဲဒါလေ ရာဂျူး အိမ်ရှေ့မှာ ဆန်ပြာနေတာ၊ ရာဂျူးအမေက ရေဆွဲနေတာ၊ ရာဂျူး အဖေက အား ... အမယ်လေး အော်လိုက်တာ အစ်ကိုလေးရာ၊ ခုပြောနေပါတယ်၊ ခဏ နားထောင်ပါဦး"

သူ့ပုံက တစ်ယောက်ယောက်ရဲ့ ထိန်းချုပ်မှုအောက်မှာ လှုပ်ရှားနေရပုံမျိုး၊ သေချာနေတာတော့ သူ့နားက bluetooth နှင့် ဆိုင်နေလိမ့်မည်။ လက်တွေကလည်း တစ်ချက်မှ အငြိမ်ကို မနေတာ ...။

"အဲဒါလေ ... ရာဂျူးက အောင်သွယ်ပေးရင် အကုန်ညား ကြတယ်ဆိုတဲ့ သတင်းကြားလို့ လာရှာတာ အမလေးရဲ့၊ သူက ရာဂျူးကို အလုပ်လာအပ်တာပေါ့ဗျာ ...၊ ရာဂျူး လက်ခံလိုက်တယ်နော်၊ အမလေး ကျေနပ်လား ..."

"ဘာဆိုင်လို့လဲ ကျွန်မနဲ့ ..."

"ရာဂျူး လက်ခံလိုက်တာက ကျော်ထက်ဃကို အမလေး နဲ့ အောင်သွယ်ပေးဖို့လေ"

"ဩော် ... တော်ပါတော့"

မသိချင်ယောင်ဆောင်ပါတယ်ဆိုမှ ဒီကုလားနှင့် တော့ဖြင့် ကျွန်မ ခက်ပါပြီ။

"အမလေး အကိုလေးကို ကြိုက်လား ...၊ ဟုတ်တယ်





ရာဂျူးထင်တယ်၊ အကိုလေးလိုပုံကို အမ ဘယ်ကြိုက်မှာ လဲ၊ အမကြိုက်တဲ့ပုံကလေးက ရာဂျူးထင်တယ်၊ ရာဂျူး ထင်တယ် ...၊ ဟို ... အကိုလေးက ပုတယ်လေ၊ အသား ကလည်း ဖြူတော့ ယောကျ်ားမပီသဘူးဆိုတော့ အမလေး မကြိုက်နိုင်တာ မလွန်ပါဘူး၊ ဒါပေမယ့် အမလေးရယ် အကိုလေးက အမလေးကို တကယ် ချစ်တာပါ၊ အမလေး စဉ်းစားပေါ့နော်၊ သူ့အရပ်က ရာဂျူးလောက် မမြင့်ဘူး၊ သူ့မှာ ဘာအမွေးမှမရှိဘူး၊ ဟမ် ... အကိုလေး၊ ဟို ... ရာဂျူးက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ပြောတာပါ၊ သိလား အမလေး စဉ်းစားပေါ့နော် ..."

ရာဂျူးဆိုတဲ့ သူ့ကုပ်ပိုးအနားသို့ ထီးရှည်တစ်လက် နီးကပ်လာပြီး ထီးလက်ကိုင်ချိတ်ဖြင့် အကျီကုပ်ပိုးစကို တစ်စုံ တစ်ယောက်က ကားထဲမှနေ၍ လှမ်းဆွဲလိုက်သောအခါ သူ ယက် ကန်ယက်ကန်ဖြင့် ပါသွားတော့သည်။ ရာဂျူး ပါသွားတဲ့ အရှိန်ကို ကြည့်ခြင်းအားဖြင့် လှမ်းဆွဲလိုက်သူဟာ ဒေါသအား အပြည့်သုံး ထားပုံရပါသည်။

ကျော်ထက်ဃ ...။ ကျွန်မသည် ထိုနာမည်ကို တစ် ကြိမ်ထပ်ရွတ်ကာ ထိုနေရာလေးမှာပဲ တစ်ချက်ရယ်လိုက်ပါသည်။

◆ ◆ ◆

ကျွန်တော် ရာဂျူးအား အစိမ်းလိုက် ဝါးစားချင်နေ

ရင်းမှ ဘုန်းမငှေကို ကြည့်လိုက်သောအခါ သူမ ရယ်နေတာတွေ့ရသည်။ အဲ့ဒီအရယ်လေးက အလွန် ချစ်စရာကောင်းပါသည်။

ဖြူနုနုငယ်တဲ့ သူမရဲ့ နှုတ်ခမ်းမှုကို ရယ်ခြင်းက ပိုမို၍ ပေါ်လွင်သွားစေပါသည်။

"ချစ်စရာလေးနော် ..."

"ဘာကွ ...၊ ရာဂျူး ... မင်း တရားလွန်နေပြီနော်"

"ဟာ ... ဘာလွန်လို့လဲ၊ အမလေး အဲလောက်အကြာကြီး နားထောင်အောင်၊ အဲလိုရယ်အောင် ရာဂျူး တမင်လုပ်ပေးတာဗျ၊ ပေး ငါးသောင်း ..."

ကျွန်တော်သည် ကတိအတိုင်း ရာဂျူးအား ပိုက်ဆံပေးလိုက်ရင်း အကျိုးဆက်တစ်ခုအတွက် ရင်ခုန်လှိုက်မောနေရသည်။ ရာဂျူးက သူ့အဝတ်အစားတွေကို ချွတ်ကာ သူ့ပုဆိုးစုတ်၊ အကျီစုတ်ကလေးနှင့် ပြန်လဲဝတ်နေရင်းဖြင့် ...

"ဒီမှာ အကိုလေး၊ ရာဂျူး ညာမစားပါဘူး၊ အကိုလေးနဲ့ အဲ့အမလေး ညားမှာ၊ ညားကို ညားမှာ၊ ယုံ ... ရာဂျူး စကားကို ..."

"တော်ပါကွာ၊ မင်းကို ထပ်မပေးနိုင်တော့ပါဘူး

"ထပ်ပေးအောင် ပြောနေတာ မဟုတ်ဘူးဗျ၊ ရာဂျူး အာရုံရနေတာ၊ အဲ့ အမလေးရဲ့ နဖူးပေါ်မှာ 'ကျော်ထက်ဃ'လို့ ရေးထားတာ ရာဂျူး တွေ့တယ်၊ အကိုလေးရဲ့ နဖူးပေါ်မှာ အဲ့ အမလေးမျက်နှာ တွေ့ရတယ်၊ တကယ် ပြောတာ ..."

"ဟား ... ဟား ... နာမည်ကော မတွေ့ဘူးလားကွ"





"တကယ် တွေ့တာပါဆိုမှဗျာ ...၊ တော်ပြီ ... ခင်ဗျားကြီးကို မပြောတော့ဘူး"

"အား ..."

ကျွန်တော့် နဖူးအား သူ့လက်ဝါးကြမ်းများဖြင့်ရိုက်ကာ ကားပေါ်က ရယ်မောဆင်းသွားသော ရာဂျူးအား ကျွန်တော် စိတ်မဆိုးနိုင်လိုက်ပါ။ ဘုန်းမငှေ၏ အရယ်မျက်နှာလေးကိုပဲ တသသဖြစ်နေရ၍ ဖြစ်သည်။

✦ ✦ ✦

## အခန်း(၅)

ကျွန်မ တစ်ယောက်တည်း ကျောင်းစာကြည့်တိုက်မှာ စာဖတ်နေတုန်း ရုပ်ရည်သန့်ပြန့်သော လူရွယ်လေးတစ်ယောက် အရှေ့မျက်နှာချင်းဆိုင်မှာ လာထိုင်လေသည်။

လာထိုင်စက သတိမပြုခဲ့ပေမယ့် သူ့ခန္ဓာကိုယ်က ကျွန်မနှင့် အနီးဆုံးဆီ ကိုင်းလာပြီး ကျွန်မ နာမည်ကို ခေါ်လေသည်။

"ဘုန်းမငွေ ..."

အသံက အီနစ်မနေ ...။ ခပ်ပြတ်ပြတ်ပဲမို့ ကျွန်မ မော့ကြည့်လိုက်ပါသည်။ သူက ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံး။

"တစ်ခုလောက် ပြောပြချင်တယ်"

"... ..."

"ဘုန်းမငွေကို ချစ်တယ် တဲ့၊ အရမ်းချစ်တယ် တဲ့၊ အဲ့ဒါ လာပြောပြတာ ..."

"ရှင်က အောင်သွယ်လား"





"ထင်နိုင်ပါတယ်၊ ဘယ်သူက ပြောခိုင်းတာလဲလို့ မမေးတော့ဘူးလား"

"မလိုဘူး၊ ကျွန်မ သိတယ်၊ ကျွန်မရှေ့ကို ဝံ့ဝံ့ရဲရဲ ထွက်မပြနိုင်ဘဲနဲ့များ ကျွန်မကို ချစ်တယ်လို့ ခိုးဝှက်ကြွေးကြော်နေတဲ့ ယောကျ်ားဆိုလို့ သူတစ်ယောက်ပဲရှိတယ်"

"မဟုတ်ဘူး ...၊ အဲ့ဒါ ကဗျာဆန်မှုကို ဟာသနှောထားတာပါ၊ သူက မရဲဝံ့တဲ့လူ မဟုတ်ပါဘူး"

"ရှင် ဘယ်လောက်ရလဲ ..."

"ဘာကိုလဲ ..."

"အောင်သွယ်ခလေ၊ ကင်မရာ လား၊ ငွေဒေါ်လာ သောင်းလား ..."

"ကျွန်တော်က သူ့သူငယ်ချင်း အရင်းဗျ၊ ကြေးစားမဟုတ်ဘူး"

"ဪ ... Free Service (အခမဲ့ဝန်ဆောင်မှု)ပေါ့၊ ဟင်း"

"သူ့ကို တွေ့ချင်နေလား ဘုန်းမငွေ"

"ဆောရီး ... ကျွန်မ မဖြေချင်ဘူး"

"အိုခေ ... မဖြေတာပဲ သူ့အတွက် အကောင်းဆုံး အဖြေဖြစ်ပါတယ် ဘုန်းမငွေ၊ ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီရှင် ..."

MP 4ဖြင့် သွင်းလာခဲ့သော အသံလေးကို ပြန်ဖွင့်ကာ အကြိမ်ကြိမ် ပြန်နားထောင်ဖြစ်နေသည်။

"မင်း ... ဘယ်လိုထင်လဲ ..."

"ငါ စတော့မယ်ကွာ ...၊ သူ စိတ်ဝင်စားနေပြီဆိုတာ သေချာတယ်၊ ဒီစကားတွေ ငါပြန်ကြားမယ်ဆိုတာ သိလို့ ငါ့ကို ဆွဲသွားတာကွ၊ ငါသိတယ် ..."

"ကောင်းတယ်၊ ချကွာ ...၊ အချိန်ဆွဲတာ ငါလည်းမကြိုက်ဘူး၊ အဖြေဆိုတာ အမြန်သိရလေ ကောင်းလေးပဲ၊ ငြင်းမယ်ဆိုလည်း ..."

"အငြင်းမရှိဘူး၊ လုံးဝ သူ့မငြင်းစေရဘူး၊ ရကို ရစေရမယ် ...၊ တစ်ခုတော့ လိုက်နာရမယ်၊ Honesty is the Best Policy နော် ... ယာ၊ ရိုးသားခြင်းသည်သာ"

"အေး ... အကောင်းဆုံး လမ်းစဉ်ဆိုတာ သိပါတယ်ကွာ၊ ငါကလည်း ယောကျ်ားပီပီသသပဲ ချစ်ချင်တာပါ"

"အိုခေ ... အဆင်ပြေပါစေကွာ"

ဖိုးကျော်က ကျွန်တော့် ပခုံးကိုပုတ်၍ ဆုတောင်းပေးလေသည်။ ကျွန်တော်ကတော့ အဆင်ပြေကို ပြေရမယ်လို့ ကြိမ်းဝါးထားခဲ့ပြီးသူ ဖြစ်သည်။

"တီ ... တီ ..."

"ဖိုးကျော် ... မင်းဖုန်းက"

"ဟဲလို ..."





ဖိုးကျော်က ဖုန်းထူးနေစဉ်မှာ ကျွန်တော်က ဖိုးကျော် အိပ်ခန်းထဲဝင်လာပြီး အိပ်ရာမှာ လှဲအိပ်နေပြီ။

"မငွေလေး ... ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဘုန်းမငွေ မျက်နှာလေးကို မြင်ယောင်ရင်း စိတ်ကူးယဉ်နေချိန်တွင် ...

"ယာ ... ငါ အပြင်သွားလိုက်ဦးမယ်ကွာ"

အခန်းတံခါးဖွင့်ကာ ခေါင်းလေးပဲ လျှိုဝင်ပြီး ပြောလာသော ဖိုးကျော်ကို ကျွန်တော် လှမ်းကြည့်လိုက်ပြီး ...

"ဘာလို့လဲ ..."

"ငါ့သူငယ်ချင်းရဲ့ အစ်ကို AIDS ရောဂါရှိမှန်း သိသိချင်း Heart attack ရသွားလို့ ဆေးရုံတင်ထားရတယ်တဲ့ကွ ..."

"ဟုတ်လား ... စိတ်မကောင်းလိုက်တာကွာ"

ဖိုးကျော်က တစ်ခုံတစ်ခု ပြောပြနေချင်ပုံမျိုးဖြင့် ကျွန်တော့် အနားလျှောက်လာပြီး ခုတင်စွန်းမှာ ထိုင်ကာ ...

"သူ့နာမည်က ကိုရွှေရေးတဲ့ကွ၊ ငါတို့ကတော့ ကိုရေအေးလို့ ချစ်စနိုးခေါ်တယ်၊ သူ့ညီ အောင်ရေးက ငါနဲ့ တော်တော်ခင်နေတော့ သူတို့အကြောင်း ငါအကုန်သိထားတယ်၊ ကိုရေအေးလို့ ခေါ်ရတာကလည်း တကယ်အေးလို့ ခေါ်ကြတာ၊ လုံးဝ အရှုပ်အရှင်းကင်းတာ၊ နှလုံးရောဂါလည်း ရှိတော့ ပိုတောင် တည်ငြိမ်သေးတယ်"

"အဲ့ဒါဆို HIV ပိုး ဘယ်ကဝင်လာတာလဲ"

"သူ ရည်းစားထားတယ်"

"ဒါဆို ..."

"မဟုတ်ဘူး၊ ရည်းစားနဲ့လည်း သန့်တယ်"

"ဟုတ်လား ..."

"ဒါပေမယ့် သူ့ရည်းစားမှာလည်း အခု Positive ပဲ ဖြစ်နေတယ်တဲ့"

"ဟော ..."

"ဘာလို့လဲ မသိဘူး၊ ငါသွားကြည့်ပြီး အားပေးလိုက်ဦးမယ်ကွာ"

"အေး ... သွားလေ၊ ငါလည်း ပြန်တော့မယ်"

ဖိုးကျော်နှင့် ကျွန်တော်လည်း ဖိုးကျော်အိမ်မှ ပြန်ထွက်လာကာ တစ်ယောက်တစ်လမ်းဆီ ထွက်ခဲ့ကြလေသည်။

ကျွန်တော်ကတော့ City Mart ကိုဝင်ကာ ချစ်သောသူဆီ ပို့သရန် ချစ်လက်ဆောင်လေးများကို မွှေနှောက်ရှာဖွေဝယ်ယူရင်း လောကကြီးနှင့် အဆင်ပြေလို့နေလေသည်။

✦ ✦ ✦

ကျွန်မရဲ့ ထိုင်ခုံလေးမှာ စားစရာမျိုးစုံ လာထားသွားတတ်သူဟာလည်း ကျော်ထက်ဃပဲဆိုတာ စိတ်က အလိုလို သိနေခဲ့သည်။

ချောကလက်တွေ၊ ဂျယ်လီဘူးလှလှလေးတွေကို





အိမ်သို့ယူလာခဲ့ပြီး အမေနှင့် မောင် ညီမလေးတွေကို ကျွေးပစ်လိုက်ရင်း နေ့ရက်တွေ ကုန်ဆုံးလာခဲ့ပါသည်။

ကျွန်မ ဆံပင်ရှည်ရှည်၊ ဖြူချောချော ကောင်ကလေးများ တွေ့လိုက်မိလျှင် သူလားဟု မှန်းဆတတ်လာသည်။

သူ တစ်နေ့ ကျွန်မရှေ့ကို ရောက်လာလိမ့်မယ်ဆိုတာလည်း သိနေသည်။ ကျွန်မကိုယ်၌ကပဲ မျှော်နေမိပြီလားလို့တော့ တဆိတ်ကလေးပေါ့နော် ...၊ မမေးပါနဲ့ဦးရှင် ...။

တကယ်လို့ မျှော်လင့်စိတ်ကလေး ဝင်လာရင်တောင် ရက်ရက်စက်စက် မောင်းထုတ်လွှင့်ပစ်ရမယ့် ဘဝမို့ပါ ...။

သူနှင့် ကျွန်မ ဆုံခဲ့ပါပြီ ...။

ထိုနေ့က ခရစ်စမတ်နေ့အပြီး နောက်တစ်ရက်မှာဖြစ်သည်။ စနေနေ့မို့ ကျောင်းပိတ်ထားပါသည်။

ခရစ်စမတ်ည တစ်ညလုံး ဘုရားကျောင်းမှာ စန္ဒရားတီးကာ ဖျော်ဖြေနေခဲ့ရသောကြောင့် ကျွန်မ အာရုံထဲမှာ နောက်ကျိနေသည်။ သို့ပေမယ့် အင်္ဂလိပ်စာသင်တန်းကိုတော့ သွားတက်ခဲ့ပါသည်။

ဤသည်ကပဲ သူ့ကိုတွေ့ရဖို့ ဖြစ်လာခဲ့သည်။

အဖြစ်ကတော့ တိုက်ခန်းရှေ့ ထောင့်ကလေး တစ်နေရာမှာ ကပ်ပြီး ဖိနပ်ချွတ်ထားတတ်ခဲ့တဲ့ ကျွန်မအကျင့်ကြောင့်ဖြစ်သည်။ သင်တန်းချိန်အပြီး ပြန်ထွက်အလာတွင် ချွတ်ထားခဲ့သော ကျွန်မရဲ့ အစိမ်းရောင် ကတ္တီပါဖိနပ်လေးသည် ပျောက်ခြင်းမလှ ပျောက်နေခဲ့လေသည်။

နောက်ကျိုနေသော ကျွန်မ၏အာရုံများ ပို၍ရှုပ်ထွေးသွားချိန်မှာ အဖြူရောင် နှင်းဆီပန်းများ ကျွန်မမျက်နှာရှေ့သို့ ဖျတ်ခနဲ ဝင်လာသည်။ ပွင့်ရေနည်းနည်းဖြင့် ဈေးကာဝယ်လာကာစ လတ်ဆတ်သော ပန်းစည်းကလေးကို မြင်ပြီး ပန်းစည်းရှင်ကို အကြည့်ရောက်သွားတဲ့အခါ ကျွန်မစိတ်တွေ အတိတ်ဆီ ပြန်ရောက်သွားရသည်။

ကျွန်မ ဆယ်ကျော်သက် ရင်ခုန်တတ်စအရွယ်က အလွန် ရူးသွပ်ခဲ့ဖူးသော၊ အားကျအတုယူ ချစ်ခင်ခဲ့ဖူးသော နာမည်ကြီး နိုင်ငံကျော် အဆိုတော် တစ်ယောက်အား သူ့မျက်နှာကို မြင်မြင်ချင်း သတိရမိသည်။

ဖြူဖွေးနူးညံ့သော အသားအရေ၊ မျက်ခုံးထူနက်နက်၊ မျက်ကွင်းညိုကြားမှ ပါးလွှာဖျော့တော့သော မျက်တောင်များ၊ အညိုရောင် မျက်ဆံလေးများ၊ ရှည်သွယ်သော နှာတံ၊ အနည်းငယ် စူလန်ချင်နေသော အထက်နှုတ်ခမ်းနှင့် ပြည့်တင်းသော အောက်နှုတ်ခမ်းများက တစ်ပုံစံတည်း၊ တစ်ထေရာတည်း ဆင်လွန်းလှသည်။ ပြီးနောက် ပါးပေါ်တွင် အုံဖွဲ့ကာ ကုပ်ပိုးဆီ လန်ဆင်းနေသော step sheap ဆံပင်ပျော့စင်းစင်းလေးများ၊ အရပ်အမောင်း အားလုံး တူညီသည်။ သူ့အရပ်က ပုလွန်းတာ မဟုတ်ပေမယ့် အရပ်ရှည်သော ယောကျ်ားအဆင့်မှာ မပါဝင်သော ငါးပေခြောက် လက်မခွဲလောက်သာ ရှိသည်မှာလည်း ကျွန်မချစ်သော အဆိုတော်နှင့် ပိုတူသည့် အချက်ဖြစ်သည်။

ကျွန်မ ထိုအဆိုတော်အား ကြိုက်နှစ်သက်သည်မှာ





သူ့ပုံစံအပါအဝင် သူ့အသံ၊ သူ့အရည်အချင်းနှင့် ပေါ်ပြူလာသိပ်မလုပ်လိုသော သူ့ဗီဇနှင့် တည်ကြည်သော စိတ်ဓာတ်များကြောင့် ဖြစ်သည်။

နောက် ... သူ လက်ထပ်သွားခဲ့သည့်တိုင် ကျွန်မ သူ့ကို အားပေးရင်း လေးစားနေဆဲသာ ဖြစ်သည်။

ခုဆိုရင် သူက ဒုတိယအရွယ် ရောက်နေသည့်တိုင် အောင်မြင်ထင်ရှားနေဆဲ ဖြစ်သည်။

"ဘုန်းမငွေ ကျွန်တော့်အချစ်ကလေး"

ခေါ်သံတစ်စုံကြောင့် ကျွန်မ မျက်တောင်များကို ပုတ်ခတ်လိုက်ပြီး အတိတ်ဆီမှ ထွက်ခွာလာမိသည်။

ကောင်လေးက ကလေးဆန်သော မျက်နှာကလေးဖြင့် ပြုံးလျက်ရှိနေပြီး ညိုညက်နေသော သူ့မျက်ဝန်းကလေးနှင့် ဆုံမိသွားသည်။ ကျွန်မ ရင်တွေ အခုန်မြန်နေပါသည်။

"ဒီပန်းလေး ... လက်ခံပေးပါလားဗျာ"

တိုးလျှိုးသော သူ့အသံလေးကြားမှာ ကျွန်မ ဘယ်လောက်ထိ စီးဝင်သွားခဲ့သလဲဆိုရင်လေ ...

"အား ..."

နာကျင်မှု တစ်ခုကို သူရော၊ ကျွန်မရော ခံစားလိုက်ရသည်။ ဆူးများကို ဆုပ်ကိုင်ထားတဲ့ သူ့လက်ထဲမှ ပန်းစည်းကို ကျွန်မက ဆွဲအယူမှာ နှစ်ယောက်လုံး၏ လက်ဖဝါးများ ပေါက်ပြကုန်တာဖြစ်သည်။

ဖြန့်လိုက်မိတဲ့ ကျွန်မ လက်ဖဝါးမှ အစင်းကြောင်း

တချို့ကို ရုတ်တရက် မမြင်ရပေမယ့် စပ်ဖျင်းသော ခံစားမှု ရှိန်းပြင်းပြင်းနှင့်အတူ သွေးများ စိမ့်ထွက်စီးကျလာတော့မှ သူ့လက်ဝါးတွေမှာလည်း သွေးများ နီရဲလို့ စိုနေနှင့်ခဲ့ပြီ ...။

သွေးစိုနေသော လက်ဝါးများက ကျွန်မ လက်ဝါးတွေဆီ အလောတလျှင် ကမ်းလင့်လာကာ ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ...

"ကျွန်တော့် အမှားပါ၊ ဆူးတွေ ခြွေလာခဲ့သင့်တာ၊ ဘုန်းမငွေ့ သိပ်နာသွားသလားဟင် ..."

အငိုက်မိနေစဉ်တစ်လျှောက်တော့ ကျွန်မ မျက်နှာလေး ဖြူဖျော့ကာ မျက်ရည်ဝိုင်းခဲ့မိပေမယ့် သတိဝင်လာချိန်မှာ ကျွန်မလက်တွေကို သူ့လက်ထဲမှ ရုန်းထွက်လိုက်သည်။ သူ့သွေးများနှင့် ကျွန်မ သွေးများသည် ထွေးရောယှက်တင်ကုန်သည်။

ကျွန်မ မျက်နှာပြင်တစ်ခုလုံး နီရဲခက်ထန်လာကာ ...

"ရှင် ...၊ ရှင် ကျွန်မကို အထင်မသေးပါနဲ့၊ ကျွန်မ မေ့ပြီး ရှင့်ပန်းစည်းကို ကိုင်မိတာ၊ ရှင် ကျွန်မကို ကျောင်းမှာလည်း လာမပတ်သက်နဲ့၊ ကျွန်မ ရှင့်ကို စိတ်မဝင်စားဘူး"

ကျွန်မ သူ့ကို တူးတူးခါးခါးကြီး ပစ်ပယ်ခဲ့သည်။ သူ့ကို ကျောခိုင်းကာ ပြေးထွက်ခဲ့သည်။

"နေဦး ... ဘုန်းမငွေ့မှာ ဖိနပ်မပါဘူးလေ"

ခါးကြားမှာ ထိုးထားသော ကတ္တီပါဖိနပ်အသစ်အနီရဲရဲလေးအား ကျွန်မရှေ့ ဒူးထောက်ထိုင်ချပြီး စီးပေးတော့ ...

"ဒါ ကျွန်မ ဖိနပ်မဟုတ်ဘူး"





ခြေထောက်ကလေးကို အနောက်ဆုတ်ရင်း ကျွန်မငြင်းတော့ ခြေဖဝါးလေးကို ထိကိုင်ထားသော သူ့လက်များ ရပ်တန့်သွားကာ ညှိုးလျစွာ ကျွန်မကို မော်ကြည့်ပြီး ...

"တောင်းပန်ပါတယ်၊ ဒါလေးပဲ စီးလိုက်ပါဗျာ၊ ဟိုဖိနပ်ကလေးကို ကျွန်တော် သိမ်းထားပါရစေဗျာ နော် ..."

လက်ဖဝါးက နာကျင်မှုကြောင့်လား၊ ရင်ထဲမှာ ကြေကွဲနေ၍လားတော့ မသိ၊ သူ့ပါးပေါ် မျက်ရည်တွေ စီးကျနေလေသည်။

"ဟာကွာ ... ဒါဆို မင်းလက်တွေ ကျွန်မ ခြေထောက်ပေါ် ကဖယ်၊ ခုဖယ် ..."

ခြေဖမိုးလေးပေါ်က သူ့လက်များနှင့် ကွာဟသွားချိန်မှာ ကတ္တီပါဖိနပ်လေးအား ထိုးစီးကာ လှေကားတွေပေါ်မှ ပြေးဆင်းလာခဲ့သည်။

အသင့်ရောက်လာသော လိုင်းကားကြီးပေါ် ပြေးတက်ကာ လက်ကိုင်ကွင်းကို ကိုင်မိသည့်အခါ လက်ဖဝါးဆီမှ နာကျင်မှုကို ကျိတ်မှိတ်ခံစားလိုက်ရသည်။

ဒီနေ့အဖြစ်က ဘာကြောင့်မှန်းမသိ ဝမ်းနည်းစရာကောင်းနေခဲ့သည်။

သူနှင့် ကျွန်မ၏ ဆုံတွေ့မှုသည် သွေးထွက်သံယိုမှု၊ နာကျင်မှုများဖြင့် စတင်လေ၏။

✦ ✦ ✦

## အခန်း(၆)

မာနကြီးတဲ့ ဘုန်းမငြေ့ရဲ့အပြုအမူများက ကျွန်တော့်အတွက် ပိုပြီးတော့ ချစ်ဖို့ကောင်းနေခဲ့သည်။ ကျွန်တော့်ကို တွေ့လိုက်လျှင် စူပုပ်သွားသော သူမနှုတ်ခမ်းလေးပေါ်မှ အပြုံးသဲ့သဲ့ကို ကျွန်တော် တစ်ယောက်တည်းသာ သိနေသည်။

ဘုန်းမငြေ့ စ၍ စကားမပြောမချင်း ကျွန်တော်က ကတ်လှလှလေးများပေါ်မှာ စာရေးပြီး သူမထံ ပို့ပို့နေခဲ့သည်။ သူမက အရင်လို လွှင့်ပစ်တာမျိုး မလုပ်တော့တာကလွဲရင် ဘာမှ တုံ့ပြန်မှု မပေးခဲ့။

ကျွန်တော် ပေးတဲ့ ဖိနပ်ကလေးအား ဟောင်းနွမ်းတဲ့အထိ စီးပြခဲ့သည်။ ကျွန်တော်ကလည်း သူမ၏ ဖိနပ်ကလေးကို ဘီရိုထဲထည့်ကာ မြတ်နိုးစွာ သိမ်းဆည်းယုယထားခဲ့သည်။

ကျွန်တော်၏ပိုးပမ်းမှုသည် ပထမတစ်နှစ်လုံး ဖျင်းရိဖွယ်ကောင်းစွာ တန်ပြန်သက်ရောက်မှု မရရှိခဲ့ဘဲ ထိုတစ်နှစ်ကပြီးဆုံးကုန်ခန်းသွားခဲ့သည်။





စာမေးပွဲ နောက်ဆုံးနေ့က သူမနောက်ကို လိုက်ကာ

"ဘုန်းမငြေ့ရဲ့ အိမ်လိပ်စာ ကျွန်တော့်ကို ပေးပါလားဗျာ"

လိပ်စာတောင်းတာကပဲ သူမကို ထိခိုက်သွား၍လားတော့ မသိ၊ သူမ နှုတ်ခမ်းများ အက်ကွဲစွာ မထိတရီပြုံး၍ ...

"ကျွန်မ ဘယ်မှာနေတာယ်ဆိုတာ ရှင်သိသွားရင် ကျွန်မကို ရှင် ဒီလိုချစ်နိုင်မှာ မဟုတ်ပါဘူး၊ ရှင်စုံစမ်းကြည့်လိုက်လေ၊ ဟင်း ... ကျော်ထက်ဃ၊ ရှင့်နာမည် ကျော်ထက်ဃနော်"

ကျွန်တော် နားမလည်နိုင်သော မျက်လုံးများဖြင့် ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ သူမ တစ်စုံတစ်ခုအား နာနာကျင်ကျင် လှောင်ပြောင်ချင်နေဟန်ကလေးဖြင့် ကျွန်တော့်ရှေ့က ထွက်ခွာသွားသည်။

သူမနှင့် တွေ့ဆုံရက် နည်းပါးသော်လည်း စနေနေ့ တစ်နေ့တော့ ခဏလေးဖြစ်ဖြစ် တွေ့ခွင့်ရပါသည်။ စကားတော့ ပြောခွင့်မရခဲ့ ...။ သူမကို အကြိုအပို့ လုပ်ချင်လို့ ခွင့်တောင်းခဲ့သော်လည်း သူမက ခေါင်းကိုတွင်တွင်ခါလေ၏။

သူမနောက်က တိတ်တိတ်ကလေး လိုက်ပြီး သူမအိမ်ကို လိုက်ကြည့်ချင်ခဲ့ပေမယ့် သူမ ရိပ်မိသွားသောအခါ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ ကျွန်တော့်ဆန္ဒတွေ မျိုသိပ်ထားလိုက်သည်။

မာမီ ခေါ်ခိုင်းနေမှာစိုး၍ အခန်းထဲမှာ အိပ်ချင်ယောင်ဆောင်ပြီး ဘုန်းမငြေ့အကြောင်း စဉ်းစားနေချိန်တွင် ဖိုးကျော်ရောက်လာခဲ့သည်။ အခန်းရှေ့မှာ လာရပ်တဲ့ သူ့ရဲ့ တက်ကြွတဲ့

ဟန်ပန်ကြောင့် ကျွန်တော် ထထိုင်မိရက်သား ဖြစ်သွားသည်။

"ဟော့ကောင် ... မင်းက သလာပါလား၊ ဘယ်သွားမလို့လဲ"

ဖိုးကျော်က ကျွန်တော့်နား ကပ်ထိုင်ကာ ...

"ငါ့ကောင်မလေး သီချင်းဆိုတဲ့ club မှာ သူနဲ့ငါ ချိန်းထားတယ်ကွ၊ အဲ့ဒါ ငါသွားမလို့၊ မင်း အဖော်လိုက်ခဲ့စမ်းပါ၊ ပိုက်ဆံမလောက်ရင် မင်းဆီက ယူရအောင်ကွာ ..."

"ဟာ ... ပိုက်ဆံလိုချင်ရင် ယူသွားကွာ၊ ငါမလိုက်ချင်ဘူး၊ မင်းက မင်းကောင်မလေးနဲ့ အဆင်ပြေနေပြီး ငါက တစ်ယောက်တည်း"

"အဲလိုတော့ မတွေးနဲ့လေ ဃရာ၊ လာပါကွာ ... မင်းလည်း အဆင်ပြေအောင် ငါကူညီမှာပေါ့ကွ ..."

ဖိုးကျော်နှင့် ကျွန်တော်က အင်မတန် ခင်မင်ရင်းနှီးသော ငယ်သူငယ်ချင်းများ ဖြစ်တာကြောင့် သူနှစ်ခါခေါ်ရင်ကို ကျွန်တော်က လမ်းတစ်ဝက်ရောက်နေနှင့်ပြီးသား ဖြစ်သည်။ မာမီနှင့် ဒက်ဒီကလည်း ဖိုးကျော်နှင့်ဆို လွှတ်သည်။ ကျွန်တော် သူနှင့်ပါလာတော့ ည ၈ နာရီရှိနေပြီ ...။

ကျွန်တော့် ဆိုင်ကယ်ကို ဖိုးကျော်အား ပေးမောင်းပြီး ကျွန်တော်ကတော့ နောက်ကနေ ဖိုးကျော်ပခုံးကို ကိုင်ဆုပ်ထားခဲ့သည်။ မြို့ပြည လေညှင်းက အမှုမဲ့နေလိုက်ရင် ဘာဆိုဘာမှ အရသာမရှိပေမယ့်လည်း သတိလေးထည့်ပြီး ခံစားရင်တော့ တစ်ချက်တစ်ချက် အေးပါသည်။

"ဃ ... ငါနဲ့ခင်တဲ့ ကိုရွှေရေးကြီး ဆုံးသွားပြီကွ၊ သိလား"





"ဟင် ... ဟုတ်လား၊ စိတ်မကောင်းလိုက်တာကွာ၊ အေး မင်းက မင်းကောင်မလေးကို လိုက်နေတာနဲ့ ငါတို့မတွေ့ဖြစ်ကြတော့ သူတို့အကြောင်း မသိလိုက်ရဘူးပေါ့ကွ"

"အေး ... ငါ ချို့ကို လိုက်နေတာမှန်ပေမယ့် ကိုရွှေရေးကို ဆေးရုံမှာ သွားသွားကြည့်ပါတယ်ကွာ"

"သူ့မှာ ဘယ်လိုကြောင့် ရောဂါဝင်သွားတာလဲကွ"

"သူ့ရည်းစားဆီကတဲ့ ..."

"သေချာလို့လား ..."

"သေချာတယ်တဲ့ကွ၊ ကိုရွှေရေးနဲ့ သူ့ရည်းစားတို့ လက်ထပ်ဖို့အတွက် စိတ်ချရအောင် သွေးစစ်ရင်းနဲ့ HIV ဖြစ်မှန်းသိလိုက်ရလို့ ကိုရွှေရေး Heart Attack ရသွားတာကွ၊ ခုလည်း AIDS နဲ့ သေတာမဟုတ်ဘူး၊ နှလုံးရောဂါနဲ့ သေသွားတာ၊ သူ့ရည်းစားကတော့ ဆေးကုသမှုခံနေတယ်လေ"

"သူ့ရည်းစားက ဘယ်လိုလုပ်ပြီး ဒီရောဂါ ရှိနေတာလဲကွ"

"အရင်က စားသောက်ဆိုင်မှာ သီချင်းဆိုရင်း ကောင်လေးတစ်ယောက်နဲ့ ငြိဖူးတယ်လို့ဝန်ခံတာကွ၊ အဲဒီ ကောင်လေးဆီကပေါ့ ..."

"ကိုရွှေရေးနဲ့တော့ သန့်တယ်ဆို ..."

"ဟုတ်တယ် ...၊ ကူးခံရပုံက မတန်ဘူးကွ၊ သန့်ရှင်းနေရင်းက ကူးသွားတာ၊ ကိုရွှေရေး ခြံထဲမှာ သစ်ပင်စိုက်ရင်းနဲ့ အဲ့ဒီနေ့ မနက်က လက်ကို အဆူးဝင်သွားတယ်တဲ့၊ ညနေ ကောင်မလေးနဲ့ချိန်းပြီး လျှောက်လည်တော့ ပန်းခြံထဲမှာ

ကောင်မလေး ချော်လဲပြီး ဒဏ်ရာရသွားတယ်၊ အဲ့ဒါကွာ ဆေးဆိုင်က ဆေးဝယ်ပြီး သူက အဲ့ဒီအဆူးစူးထားတဲ့ သူ့လက်နဲ့ပဲ ဆေးကိုတို့လိုက်၊ ကောင်မလေးအနာကို လိမ်းပေးလိုက်လုပ်ခဲ့တာ ဆိုတော့ကွာ ...”

“ဟာ ... သေပြီပေါ့ကွ ...”

“အေးလေ ... မတန်လိုက်တာနော် ဃ ...”

“မင်းကြီးဒေါ်ကြီး မတန်တာလားကွ ...”

“ဟား ... ဟား ...၊ မင်း စိတ်လှုပ်ရှားသွားပြီမဟုတ်လား”

“ဘာကိုစိတ်လှုပ်ရှားရမှာလဲ၊ မင်းလည်း သတိထား၊ မင်းရည်းစားလည်း club မှာ သီချင်းဆိုတာပဲ မဟုတ်ဘူးလား”

“ဆိုတော့ ဘာဖြစ်လဲ၊ သူက အသန့်လေးကွ၊ မိဘကိုရှာကျွေးနေတာ၊ ပြီးတော့ ဒီ club က သိက္ခာရှိတဲ့ လူတွေ သီချင်းလေးနားထောင်ပြီး ရိုးရိုးတန်းတန်း လာစားသောက်တဲ့ လူတွေအတွက်ပဲ ဖွင့်ထားတာကွ၊ မဟုတ်တာမပါဘူး”

“ဟား ... ဟား ... မင်းပစ္စည်းထိတော့ မင်းက နာတယ်ပေါ့ ...”

club ရှေ့ ရောက်လာခဲ့ပြီမို့ ဖိုးကျော်ကို စနောက်ရင်းဖြင့်ပဲ မှန်တံခါးများကို တွန်းဖွင့်ပြီး နှစ်ယောက်သား ဝင်လာခဲ့သည်။

အထဲမှာတော့ သီချင်းသံတွေ ဆူဝေနေလေပြီ၊ ဖိုးကျော် ကောင်မလေးက အသံခပ်စူးစူးလေးဖြင့် အင်္ဂလိပ်သီချင်းကို သီဆိုနေခဲ့ပြီ။ ဂီတ အတီးသမားများကို အသေအချာကြည့်





လိုက်မှ အားလုံး မိန်းကလေးတွေချည်း ဖြစ်နေသည်မှာ ထူးဆန်းနေသည်။

ဖိုးကျော်ကောင်မလေးက ဖိုးကျော်ကိုမြင်တော့ လက်လှမ်းပြသည်။ သူမအပြုံး၊ သူမ အပြုအမူတွေကြားထဲ ဖိုးကျော် ပျော်ဝင်နစ်မျောနေလေ၏။

ကျွန်တော်ကတော့ မိန်းကလေးတွေချည်း တီးနေကြတာကို စိတ်ဝင်စားစွာကြည့်လိုက်၊ သမ်းဝေလိုက်ဖြင့် ချာလပတ်ရမ်းနေသည်။

ခဏအကြာမှာ ဖိုးကျော်ကောင်မလေးအနားရောက်လာခဲ့ပြီမို့ ဖိုးကျော်က ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။

ဒီကောင့်အသံက ကျွန်တော်နှင့် ပြောနေပုံမျိုးနှင့်မတူ၊ တစ်စုံတစ်ရာအား သာယာညှတ်မူးနေသော အသံမျိုးဖြင့် ...

“ဒါ ကိုကို့ အခင်ဆုံး သူငယ်ချင်း ‘ဃ’ တဲ့၊ နာမည်ရင်းက ကျော်ထက်ဃ၊ သူက သဘောကောင်းတယ်၊ အကူအညီလိုရင် တောင်းနိုင်တယ်၊ သူ ကူညီလိမ့်မယ်”

“ဟုတ်ကဲ့ ... ကိုကို၊ တွေ့ရတာ ဝမ်းသာပါတယ် ကိုကျော်ထက်ဃ၊ ကျွန်မက ချိုချိုပါ၊ ကိုကို့သူငယ်ချင်းဆိုတော့ ကျွန်မကလည်း ကိုကို့လိုပဲ ခင်မင်ပါ့မယ် ...”

“ဟုတ်ကဲ့ ... ချိုချို၊ ကျွန်တော်လည်း အတူတူပါပဲ၊ ချိုချိုတို့ စကားပြောနှင့်ကြဦးနော်၊ ကျွန်တော် အအေးဝယ်လိုက်ဦးမယ်”

“ဟုတ်ကဲ့ ... အစ်ကို”

ကောင်မလေးက စကားပြောညက်လှတာမို့ ဖိုးကျော်ကံကောင်းပါတယ်လို့ ကျွန်တော် သတ်မှတ်လိုက်ပါသည်။ ကျွန်တော်က Bar မှာ ဘီယာဘူး အရင်မှာယူလိုက်ပြီး အဖုံးဖွင့်ကာ တစ်ချက်မော့အသောက်မှာ အရိပ်ဖြူလေးတစ်ခု စင်ပေါ် ရိပ်ခနဲတက်သွားတာ တွေ့လိုက်ရသည်။ ကျွန်တော့်ပုံစံက ဘီယာဘူးလေး နှုတ်ခမ်းမှာ တေ့ရင်း လောကကြီးမှာ ကျွန်တော်နှင့် သူမသာ ရှိတော့သလို အရာရာကို မေ့မောလျက်ရှိသည်။

စင်ပေါ်က ဂီတရှင်ကလေးများလည်း စင်ပေါ်က ဆင်းသွားကြပြီး သူမတစ်ယောက်တည်းသာ အနက်ရောင် ပြောင်လဲ့လဲ့ စန္ဒရားကြီးဆီမှာ သွားထိုင်လိုက်သည်။

Nora Jone ရဲ့ Don't no war သီချင်းကို ဆိုနေတဲ့ မိန်းကလေးက အဖြူရောင် ပိုးဂါဝန်ရှည် လက်ပြတ်ကလေး ဝတ်ဆင်ကာ လည်မှ ပဝါစည်းအနက်ကလေးနှင့် အနောက်တိုင်းဆန်ဆန် လှပနေသော ကျွန်တော့်ရဲ့ ဘုန်းမငွေပင် ဖြစ်နေသည်။

ကျွန်တော် မှားမှာစိုး၍ ထပ်ကြည့်သည်။ သေချာသွားအောင် စင်အနားသို့ တရွေ့ရွေ့တိုးကပ်သွားရင်း စေ့စေ့ကြည့်မိသည်။

အသေအချာ မြင်လိုက်ရတော့ ကျွန်တော့်စိတ်တွေ ကျွမ်းပြန်လန်ကုန်သည်။

မေးစင်းထားသော သူမ မျက်လုံးလေးများသည်လည်း စန္ဒရားသံအဆုံးတွင် ပွင့်လာခဲ့ပြီး ကျွန်တော့်ကို မြင်သွား





သည်။ သူမ မျက်ဝန်းများ အရောင်အမျိုးမျိုးပြောင်းလဲ၍ အရိပ်အမျိုးမျိုး လိုမ့်တက်လာခဲ့လေသည်။

နောက်ထပ် သီချင်းနှစ်ပုဒ်လောက် အတီးပဲတီးကာ တခြားအဆိုတော် တစ်ယောက်ကဆိုသည်။ သူမ စန္ဒရားတီးနေသည်မှာ တကယ့် ပညာရှင်ကြီးတစ်ယောက်လို အနုပညာမော်ဝင်၍ အရမ်း ကျက်သရေရှိသော သူမအလှနှင့် ပေါင်းစပ်လိုက်လျှင်တော့ ဘယ်လို စာမျိုး ဖွဲ့နိုင်ပါမှ သူမနှင့် တကယ် လိုက်ဖက်မည်ပင် မမှန်းတတ်တော့ ... ။

သို့ပေမယ့် သူမ၏ စန္ဒရားခလုတ်လေးတွေပေါ်က လက်များကို ဆွဲယူပြီး ဒီနေရာကနေ ထွက်ပြေးသွားချင်မှုကို ကျွန်တော့်စိတ်ထဲမှာ ပေါ်လာသည်။ မာန သိက္ခာကို ဦးစားပေးသော ကျွန်တော့် အချစ်ကလေးက ဤနေရာမျိုးမှာ သီချင်းဆိုနေတာကို ကျွန်တော် ဘယ်လို မျက်လုံးမျိုးနှင့် ကြည့်ရပါမည်နည်း။

သူမကတော့ မေးစင်းဆဲ မျက်ဝန်းများဖြင့် စန္ဒရားထဲမှာသာ အာရုံစိုက်ထားသည်။ သူမ အစီအစဉ်ပြီးတော့ ပရိသတ်ဘက်တစ်ချက်ဦးညွှတ်ကာ နေရာကထထွက်သွားတော့မှ ကျွန်တော့် သတိတွေ ခန္ဓာနှင့် ပြန်လည်ယှဉ်တွဲမိကာ နေရာမှာ ပြန်လာထိုင်မိသည်။

ကျွန်တော့် လက်ထဲမှာ ဘီယာဘူးထဲက ဘီယာတွေကို ကုန်အောင် ကျွန်တော် ဘယ်လို သောက်ပစ်လိုက်သည်မသိ၊ ဘီယာဘူးက ဆုပ်ညှစ်ခြင်း ခံထားရပြီး ဖြစ်သည်။

တော်သေးတာက ကျွန်တော်၏ အပြီအလဲလဲ ခံစား

ချက်အား တစ်မိမ်းဖြစ်သည့် ချိုချို မမြင်ရှုတော်သေးသည်။ ထိုင်ခုံမှာ ဖိုးကျော်ပဲ ရှိနေ၍ တော်ပါသေးတော့သည်။

ကျွန်တော် ပြန်လာဖို့ ထိုင်စောင့်နေသော ဖိုးကျော်က ကျွန်တော့်ရှေ့ ဘီယာခွက် ထိုးပေးပြီး ကျွန်တော် မော့သောက်အမြည်းစားတာကို ကြည့်ပြီးမှ ...

"ဃ မင်းအချစ်ကလေးကလည်း ဒီမှာ သီချင်းဆိုတဲ့သူပါပဲကွာ၊ မင်း ဘာပြောချင်သေးလဲ၊ ဒီမှာ ... ဃ၊ သူလည်း ချို့လိုပဲ အမေနဲ့ အမျိုးတွေအတွက် သီချင်းဆိုနေတာပါကွာ၊ ငါ့ကို ပြောပြသွားတယ်၊ သူ ဒီမှာ စန္ဒရား တီးတာတစ်ပတ်လောက်ပဲ ရှိပါသေးတယ်"

"နားညည်းတယ်ကွာ ..."

"ညည်းလည်း ပြောရမှာပဲကွ၊ စန္ဒရားမှာ ဆရာမကြီးပဲတဲ့နော်၊ လခလည်း သိပ်ကောင်းတယ်တဲ့၊ မင်း အထင်မသေးနဲ့လို့ ငါမှာလိုက်မယ်နော် ဃ"

ပြန်ခါနီး ဆုံမိတဲ့ ကျွန်တော်နှင့် ဘုန်းမငွေရဲ့ မျက်လုံးတွေဟာ စကားလုံးများစွာဖြင့် ငြိတွယ်မိကြသည်။ သူမမျက်နှာပေါ်က မာန်မဟုတ်သော မာနများ ပြေလျော့မသွားခဲ့သလို ကျွန်တော်၏ သူမအပေါ် ထားရှိသော ကျွန်တော်၏ အချစ်မေတ္တာတရားတို့သည်လည်း ညှိုးလျော်လွင့်ပါး မသွားခဲ့ပေ ...။

✦ ✦ ✦



## အခန်း(၇)

ဝါးကွပ်ပျစ်လေးပေါ် မလှုပ်မယှက် အိပ်စက်နေပေမယ့်လည်း တကယ်တော့ ကျွန်မ အိပ်မောမကျသေးပါ။

ရင်ထဲ၌ ဆူဝေနာကျင်နေသည်။

Club မှာ စန္ဒရားတီးနေတဲ့ ကျွန်မကို သူ စိတ်ကုန်သွားမှာကို မသိစိတ်က စိုးရွံ့နေမိသည်။ ဒါပေမယ့် ကျောက်ထက်ဃနှင့် ဘုန်းမငွေဟာ ဘာမှမဆိုင်ကြတဲ့ လူနှစ်ယောက် ဆိုတဲ့အတွေးက ကျွန်မစိတ်ကို မာကျောလာစေသည်။

ကျွန်မ Club မှာ အလုပ်လုပ်ဖြစ်ခဲ့တာ အမေ့ကျန်းမာရေး အခြေအနေမကောင်း၍ ဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်နေတဲ့ အမေ့ကို ကုဖို့ ကျွန်မရဲ့ ဝင်ငွေက မလောက်ငှနိုင်စွမ်းသဖြင့် ကျွန်မရဲ့ စန္ဒရားဆရာ၊ ဆရာမများက Club မှာ သီချင်းဆိုဖို့ စီမံပေးကြခြင်းဖြစ်သည်။

ဘုရားကျောင်းမှာ အခမဲ့ စန္ဒရားတီးနေခဲ့တဲ့ ကျွန်မ

ဘဝ မတိုးတက်နိုင်တာမို့ ကျွန်မ စန္ဒရားတီးရင်း သီချင်းဆိုဖြစ်သည်။

အမေက ကျွန်မကို စိတ်ပူ သနား၍ မျက်ရည်ကျတော့ ကျွန်မ စိတ်ကို ခိုင်မာအောင် ထိန်းနေရသည်။

"အမေသာ အရည်အချင်းရှိတဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် သမီးလေး ဒီလို ဆင်းရဲရမှာမဟုတ်ဘူး၊ သမီးကိုကလည်း ဘဝနဲ့မလိုက်အောင် ပြေပြစ်ချောမောနေရတာ ဘာကြောင့်လဲကွယ် ...၊ အမေ့ သမီးကို ဒီလိုမဆင်းရဲစေချင်ပါဘူး မငွေလေးရယ်"

ဟု ရှိုက်ငင်ကာ အမေ ငိုရင်း ပြောရှာသည်။

ဘာပဲဖြစ်ဖြစ် အမေက ကျွန်မ အမေအရင်းဖြစ်သည်။ အသက်တော်တော်ရမှ ကျွန်မကို အမေက စွန့်စွန့်စားစား မွေးခဲ့လို့ ရခဲ့တဲ့ လူ့ဘဝကို ကျွန်မ ရောက်လာရတာနော်။

ဒါကြောင့် ကျွန်မဘဝက ဘယ်လိုပဲဖြစ်ဖြစ် သမာအာဇီဝနဲ့ဆိုရင် အမေ့ကို လုပ်ကျွေး ကျေးဇူးဆပ်ဖို့ အဆင်သင့်ပါ။

ကျွန်မ ကျောင်းကို နေ့စဉ်တက်ချင်သေးတာကြောင့် အချိန်တွေဟာ ကျွန်မအတွက် မလောက်မငှ ဖြစ်နေတာတော့ အမှန် ...။

အရင်ရက်တွေက အင်္ဂလိပ်စကားပြော တက်ရတဲ့နေ့ဆို သူ့ရဲ့ ကလေးဆန်သော မျက်နှာလေးကို လျှပ်တစ်ပြက်ပဲ ဖြစ်ဖြစ် တွေ့ရသည်။ ဒီနေ့ Bus ပေါ်က ဆင်းလိုက်ကတည်းက ပတ်ဝန်းကျင်ဆိုတာကို အထူးတလည် ဂရုပြုကြည့်ရှုမိသည်။





ဒါ ... ဘာဖြစ်လို့လဲဆိုရင် ကျော်ထက်ဃဆိုသောလူတစ်ယောက်ကို ရှာဖွေတွေ့ရှိချင်လို့ ဖြစ်သည်။

ကျွန်မကို အမြဲ စောင့်ကြည့်ပြီး ချစ်နေခဲ့တဲ့ သူ၊ night club မှာ သီချင်းဆိုတဲ့ ကျွန်မမှန်း သိပြီးရင်ကော စောင့်ချစ်နေဦးမှာတဲ့လား ...။

ဒီအချက်က သူ ကျွန်မကို တကယ် ချစ်မချစ် သိရမှာလည်း ဖြစ်နေ၏။

တိုက်ခန်းပေါ်ကို ရောက်လာတဲ့အထိ ကျော်ထက်ဃ၏ အရိပ်အယောင်ကို မှုန်ပျပျပင် မတွေ့ရ။

ကျွန်မ တစ်ချက်မဲ့ကာ အသံလေး နည်းနည်း ထွက်အောင် ရယ်ပစ်လိုက်သည်။

ဟင်း ... ယောကျ်ားတွေများ ဘယ်လောက် သစ္စာရှိမတဲ့လဲ ...။

တစ်ခု ဝန်ခံရမည်ဆို ဘုန်းမငွေဆိုသော ကျွန်မကို ချစ်သမျှ ယောကျ်ားတွေ အားလုံးထဲတွင် ကျွန်မ၏ ဂရုပြု တုံ့ပြန်ခြင်းခံရသော ယောကျ်ားဆို၍ ကျော်ထက်ဃ တစ်ယောက်သာ ရှိသည်။

အဲ့ဒါ သူ့မျက်နှာက ကျွန်မရဲ့ Hero အဆိုတော်နှင့် တူလွန်းလို့လား၊ သူကိုယ်၌က ကံကောင်းနေတာလားတော့ မသိ။

ပြီးတော့ သူ့ရဲ့လက်ရေး ...

ထိုလက်ရေးနှင့် ပေးခဲ့သော စာအစောင်ပေါင်းများစွာ ကျွန်မ သိမ်းမိဆဲ ...။ တခြားသူများရဲ့ စာ၊ ပို့စကတ်တွဆို

အမေ့ရဲ့ အကြော်ကြော်သည့် မီးဖိုထဲ ပျော်ဝင်ပြောကျသွားသည်မှာ အစောင်ပေါင်း မနည်းလှတော့ ...။

မနက်စောစောတိုင်း အမေ့ဘေးမှာ အကြော်ဝိုင်းကြော်ရင်း မီးရှို့ပစ်ခံရတဲ့ ပို့စကတ်လှလှလေးများကို အမေက နမြောသလိုကြည့်ရင်း ...

"သိပ်ကို အဖိုးတန်မှာပဲ သမီးရယ် ...၊ မီးမရှို့ပစ်ပါနဲ့ကွယ်၊ မလိုချင်ရင်လည်း အစကတည်းက လက်မခံထားနဲ့လေ"

"သူတို့အပေါ် သမီးက ကောင်းတယ်၊ ဆိုးတယ် ဘာတစ်ခုမှ မတုံ့ပြန်ချင်ဘူး အမေ၊ ဒီပို့စကတ်တွေကလည်း သမီး ကျောင်းမရောက်ခင်ကတည်းက သမီးနေရာမှာ ထားသွားကြတယ်၊ ချက်ချင်း လွှင့်ပစ်ရင် အားလူလည်းမြင်တယ်၊ အဲဒါကြောင့် ယူလာပြီး ..."

"သမီး ယူလာတာမြင်တော့ သူတို့က သမီး ပြန်စိတ်ဝင်စားနေတယ်လို့ ထင်သွားရင်ကော ..."

"ဟုတ်တယ် အမေ ...၊ အဲဒါ သူတို့ သိပ်ဒွိဟဖြစ်ကုန်တဲ့ အချက်ပဲ၊ အားလုံး ယူထားပြီး တစ်ယောက်ကိုမှ မတုံ့ပြန်ဘူးဆိုတော့ အဖြေကို သူတို့တွေ သိပ်သိချင်နေကြတယ်၊ ဒါပေမယ့် သမီးကို တိုက်ရိုက် စကားပြောရဲတဲ့လူ မရှိကြဘူး ..."

ကျွန်မက ရယ်ရယ်မောမောနဲ့ ပြောတော့ အမေက ပြောနေကျအတိုင်း ...

"ဘယ်ပြောရဲပါ့မလဲ၊ သမီးက သိပ်လှပြီး သူဌေးမလေးရုပ်





ပေါက်နေလို့ပေါ့၊ ပြီးတော့ ကျောင်းမှာဆို မာနကြီးပဲတဲ့၊ အမေ့ကို ရပ်ကွက်ထဲက ကလေးမလေးတွေ ပြန်ပြောပြကြတယ်"

"ဟင်း ... မာနတော့ မဟုတ်ပါဘူး အမေရယ်၊ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့သဘောနဲ့ တမင် ခပ်တည်တည်နေတာပါ"

အမေက အဝေးသို့ ငေးရီကြည့်ရင်း အဖေ့ကို ပြန်မြင်ယောင်လာသည်ထင်။

"သမီး အဖေလိုပေါ့ ...၊ ချောလိုက် ချမ်းသာလိုက်တာလည်း ပြောမနေနဲ့၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပဲ၊ မာနမျက်နှာကြီးတော့ အရှိသား ...၊ ခပ်လွှတ်လွှတ် မိန်းမတွေတောင် မကပ်ရဲတာ၊ အမေတို့လို ရိုးအတဲ့ တောသူမဆိုတာ ပြောမနေနဲ့ ...၊ ဘယ်လိုက ဘယ်လို နဖူးစာရွာလည်လာတယ် မသိဘူး၊ အမေ့ကို ချက်ချင်း လက်ထပ်ခွင့်တောင်းတာ၊ မြန်းဆို အမေလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး၊ သူငယ်ချင်းတွေက ခေါင်းညိတ်သင့်တယ်ပြောတာနဲ့"

"အမေ လက်ခံလိုက်တော့ အဖေတူ သမီးလေးကို မွေးတာပေါ့လို့ အမေ ပြောမယ်မဟုတ်လား၊ သိပါတယ်နော်"

"အေး ... ဟင်း ဟင်း ..."

ကျွန်မ စကားကို အမေက ရယ်သည်။

"ဟုတ်တာပေါ့ ... အဖေတူလို့ သမီး ဒီလောက်လှတာ"

"အမေနဲ့တူရင် ပိုလှမှာနော်၊ သမီး သိနေတယ်"

"ကဲ ... ကဲ ... သွား ... ကျောင်းသွားဖို့ပြင်ချေ၊ အမေပဲ ဆက်ကြော်လိုက်မယ်"

အမေက တပြုံးပြုံးနှင့် ကျွန်မ ဒူးကလေးကို တံတောင်ဖြင့်တွက်ကာ ပြောရင်း စကားလက်စ သတ်သည်။

အမေ့နားက ထလာပြီး ရေချိုး၊ အဝတ်အစားလဲကာ အခုလို အင်္ဂလိပ်စာ လာသင်နေတာဖြစ်သည်။ ဆရာနှင့် ဆရာမက ဘုရားကျောင်းမှာ စန္ဒရားအတီးကျွမ်းနေပြီဖြစ်သော ကျွန်မအား အင်္ဂလိပ်စကားပြောကို မေတ္တာဖြင့် သင်ပေးနေခဲ့တာ ကြာခဲ့ပါပြီ။

ကျွန်မအား သမီးတစ်ယောက်လို သဘောထားကာ နှစ်ရှည်လများ သင်ပေးနေခဲ့တဲ့ ကျေးဇူးတွေကိုလည်း ကျွန်မ ဘယ်တော့မှ မမေ့ ...။

"မငွေ ... တီချယ် မေးနေတယ်လေ"

"ရှင် ..."

ဟုတ်ပါရဲ့ ...။ စာသင်ပြီး အိမ်မပြန်ချင်သေးဘဲ ခရန်တာမှာ ထွက်ထိုင်နေခဲ့ပြီး တီချယ် အနားရောက်လာတာ မသိမိလိုက်အောင်ကို ကျွန်မ အတွေးလွန်နေပါသလား။

"တီချယ် ... ဘာမေးတာလဲဟင်"

"မငွေ ဟိုမှာ စန္ဒရားတီးတာ အဆင်ပြေရဲ့လားလို့ ဆရာကလည်း သိချင်နေတယ်"

ကျွန်မ ခေါင်းကလေးကို ပွတ်ရင်း တီချယ်မေးလာတော့ ကျွန်မ ပြုံးပြကာ ...





"အဆင်ပြေပါတယ် တီချယ်"

"မငွေ ဘယ်လောက်ကြာကြာ လုပ်မလဲဟင်"

"အမေ့ကို ခွဲစိတ်ကုသဖို့ ပိုက်ဆံလောက်ရတဲ့အထိ စန္ဒရားတီးမယ် တီချယ်"

ကျွန်မ စကားကို တီချယ်က သက်ပြင်း ခပ်ပြတ်ပြတ် ချကာ ...

"ခက်တာပဲ မငွေလေးရယ်၊ ဒီလောက်ငွေကို တီချယ်တို့ တတ်နိုင်ပါတယ်၊ ကုပေးပါမယ်"

"မဟုတ်တာဘဲ တီချယ်ရယ်၊ သမီး ရှာတဲ့ ငွေနဲ့ကို အမေ့ကို ကုပေးချင်တာ ..."

"ဪ ... ဒီမာနလေးကလည်း၊ ဒီလိုလေ ... အခု တီချယ်တို့ ငွေနဲ့ အရင်ကု၊ ပြီးတော့မှ ဖြည်းဖြည်းဆပ်ပေါ့နော်၊ မကောင်းဘူးလား"

"အမေ့ကို မေးကြည့်လိုက်မယ် တီချယ်၊ အမေ သဘောတူရင်တော့ ကောင်းတာပေါ့၊ သမီးက အမေ့ရောဂါကို အမြန်ဆုံး ပျောက်စေချင်နေတာ"

တီချယ့်အပေါ်တော့ ကျွန်မ မာနမထားဖြစ်ခဲ့ပါ။ ပြီးတော့ အမေ့ကို နေကောင်းစေချင်တာလည်း ပါလေသည်။

အိမ်ပြန်ရောက်ရင် အမေ့ကိုပြောပြပြီး အမေ ဆေးရုံ အမြန်တက်ဖို့ ပြင်ဆင်ချင်သည်။

ကျွန်မ၏ ခြေလှမ်းတွေ ပိုမို မြန်ဆန်လာသည်။

ကားလမ်းကူးမည့် ကျွန်မရဲ့ လက်ကို တစ်ယောက်ယောက်က လှမ်းဆွဲထားတာမို့ ကျွန်မ အနောက်သို့ ပြန်လည်သွားသည်။

"အဲ့ဒီလို ဖြတ်ကူးလိုက်ရင် မငွေလေး အသက်မရှိပါတော့မလားပဲ ..."

သူပြောတာလည်း ဟုတ်လေသည်။ ကျွန်မ အလောတလျင်သာ ကူးလိုက်ရင် ခုလောက်ဆို ကျွန်မတစ်ယောက် ဆေးရုံပေါ်၊ ဒါမှမဟုတ် ကမ္ဘာတစ်ဖက်ဆီ ရောက်ချင် ရောက်သွားနိုင်သည်။ သူဟာ ကျွန်မ လက်ကလေးတွေကို တင်းကြပ်စွာ ဆုပ်ထားရင်း သူနဲ့ ကျွန်မရဲ့ အနေအထားက မြို့လယ်တစ်နေရာရဲ့ လူရှုပ်၊ ကားရှုပ်နေတဲ့ လမ်းကျယ်ကြီးရဲ့ ကားလမ်းအလယ်တည့်တည့်မှာ ...။

"ကျောင်းပိတ်ရက်တွေ များတော့ မငွေလေးမျက်နှာကို ကြည့်နေချိန်တောင် နည်းသွားတယ်၊ ကျွန်တော် မငွေလေးကို အရမ်းလွမ်းတယ်"

သူ့လေသံလေးက တကယ့် ရင်တွင်းတစ်နေရာမှ လာသော အသံကလေးမို့ ကျွန်မ ယစ်မူးမသွားအောင် အားယူတင်းမာထားရသည်။

"ကျော်ထက်ဃ ... ဒါ မြို့လယ်ခေါင်ကြီးနော်၊ ကျွန်မလက်ကို လွှတ်ပါ၊ ရှင်နဲ့ ကျွန်မကြားမှာ ဒီစကားတွေ ပြောစရာ အကြောင်းကိုမရှိဘူး၊ ပြီးတော့ ကျွန်မနာမည် ဘုန်းမငွေပါ၊ မငွေလေး မဟုတ်ပါဘူး"





ကျွန်မ စကားကြောင့် သူ့လက်တွေ ကျွန်မလက်ဆီမှ ပြေလျော့ထွက်သွားပြီး ...

"ချစ်လို့ခေါ်တာပဲ မငွေလေးရယ်၊ မငွေက သိပ်ရက်စက်တာပဲ၊ ကျွန်တော့်ကို နည်းနည်းလေးမှ စကားကောင်းမပြောဘူး၊ ကျွန်တော်ကတော့ မငွေလေးကို ပြောချင်တာတွေ များလွန်းလို့ အိပ်လို့တောင် မပျော်ဘူး မငွေလေး"

"ကျစ် ... လာပြန်ပြီ မငွေလေး၊ ကျော်ထက်ဃ ... ရှင့်မှာ ယောကျ်ားမာန မရှိဘူးလား

"ရှိတယ်၊ မငွေအပေါ်မှာတော့ ကျွန်တော် မာန လုံးဝမထားဘူး၊ မငွေ့ကို ပြောစရာတွေရှိတယ်၊ ဟိုရှေ့က coffee shop မှာ ခဏပဲဖြစ်ဖြစ် ..."

"အို ... ကျွန်မ သဘောမတူပါဘူး၊ ကျွန်မမှာ ရှင်နဲ့ပတ်သက်လို့ ပြောစရာ စကားလည်း မရှိဘူး၊ ရှင့်စကားတွေ နားထောင်ရလောက်တဲ့အထိလည်း ရှင့်ကို ကျွန်မ စိတ်မဝင်စားဘူး"

ကျွန်မ သူ့ကို ချန်လှပ်ထားခဲ့ပြီး တစ်ဖက်ကားလမ်းကို ကူးလာခဲ့သည်။ သူ ဘယ်လို ကျန်ရစ်ခဲ့မယ်ဆိုတာလည်း တွေးမိသည်။

သူဟာ နုနယ်ပြီး ခံစားလွယ်တဲ့ ကောင်ကလေး တစ်ယောက်အရွယ်ပဲ ရှိသေးတာ၊ ကျွန်မရဲ့ မာကြောမှုကို သူ ဘယ်လောက် တောင့်ခံနိုင်မှာမို့လဲ ...။

ဒီလိုတွေးမိတော့လည်း ကျွန်မ ရင်တစ်ခုလုံး လှပ်ဟာသွားသလို ခံစားလိုက်ရသည်။

ကျွန်မကတော့ တကယ် စိမ်းကားခဲ့ရဲ့လား၊ အခေါ်မခံချင်ဘူးဆိုတဲ့ 'မငွေလေး' လို့ ခေါ်လိုက်တဲ့ သူ့အသံဟာ ဘာကြောင့်များ နားထဲမှာ နစ်ဝင်စီးမျောလည်ပတ်နေပါလိမ့်ကွယ်"

✦ ✦ ✦



# အပိုင်း(၂)

## အဖြစ်အပျက်များရဲ့အလယ်

## အခန်း(၈)

ဘုန်းမငွေ စန္ဒရားတီးမယ့် သုံးရက်ကို ဖိုးကျော် ရည်းစား ချိုချိုဆီကတစ်ဆင့် သိခဲ့ရသည်။

တစ်ခါတစ်ရံ ဖိုးကျော်နှင့်အတူ၊ တစ်ခါတလေတော့ ကျွန်တော်တစ်ယောက်တည်း။

ဖိုးကျော်အိမ်မှာ စာကျက်မယ်ဆိုပြီး ဒက်ဒီနှင့် မာမီ ကို လိမ့်ကာ အိမ်အပြင်ရောက်ဖို့ ကြိုးစားရသည်။

ဘီယာသောက်ရင်း ဘုန်းမငွေ မျက်နှာလေးနဲ့ စန္ဒရားသံကလေးကို တွေ့မြင်နားထောင်နေရသည်မှာ အလွန်ကို မွတ်သိပ်ကျေနပ်ဖွယ် ကောင်းလှသည်။ စန္ဒရားတီးနေရင်းဖြင့် ကျွန်တော့်ကို ခိုးကြည့်တတ်သော သူမ မျက်ဝန်းများကို ကျွန်တော် ပို၍ချစ်သည်။

သို့သော် တစ်ခါတစ်ရံ စူးစိုက် စိမ်းပြတ်စွာကြည့် လျှင် ကျွန်တော် စိတ်ပူတုန်ယင်လာသည်။

စန္ဒရားတီးပြီးပြီးချင်း မငွေ ကျွန်တော့်အနားလျှောက်

လာတော့ ကျွန်တော် ရင်ခုန်ပျော်ရွှင်လာသည်။ မငွေ့ဆီက ပန်းနုံ့လေးကို ရရှိနေတော့ ကျွန်တော့်စိတ်တွေ ဆူဝေနေလေသည်။

မငွေ့က ကျွန်တော့် ဘေးမှာ ထိုင်ချလိုက်သည်။ ခပ်မှိန်မှိန်နောက်နောက် အလင်းရောင်အောက်တွင် မငွေ့ မျက်နှာလေးက ဖြူစင်ကာ မျက်ဝန်းလေးကလှပနေသည်။ Disco light ဖြင့် ထိတွေ့နေတာမို့ စိမ်းတစ်လှည့်၊ ဝါတစ်လှည့် ...။

"မငွေ့လေး ..."

"ကျော်ထက်ဃ ... ရှင် ဘာလို့ ဒီကိုလာနေရတာလဲ"

"ကိုယ် မငွေ့လေးကို တွေ့ချင်လို့လေ ..."

"ရှင် ဒီမှာရှိနေရင် ဘယ်လောက်ထိ ကျွန်မစိတ်တွေ ရှုပ်ထွေးနောက်ကျိနေတယ်ဆိုတာ ရှင် မရိပ်မိဘူးလားဟင်၊ ရှင့်ကြောင့် ကျွန်မစိတ်တွေ အနှောင့်အယှက် ဖြစ်နေရတယ်၊ စန္ဒရားတီးရတာလည်း အဆင်မပြေဘူး"

သူမ၏ စိတ်ပျက်နေသော ဟန်အမူအရာကလေးကို ငေးမျှော်ကြည့်ရင်း ...

"ကိုယ် ဘာလုပ်ပေးရမလဲ"

"ရှင် ... ဒီကို ..."

"တဆိတ် မငွေ့ ... ဒီကိုမလာနဲ့ဆိုတဲ့ စကားကိုတော့ မပြောပါနဲ့၊ ကိုယ် မငွေ့လေးကို လုံးဝ စိတ်မချဘူး၊ မငွေ့လေး မင်းဟာ နုနယ်ငယ်ရွယ်တဲ့ ဆယ့်ရှစ်နှစ်အရွယ်ကလေးပါကွာ၊ မင်းကို မသမာတဲ့ လူတစ်ယောက်ယောက်ရဲ့ အထိအတွေ့တွေထဲ နစ်မွန်းသွားမှာ စိုးလွန်းလို့ ကိုယ် အမြဲတစေ





စောင့်ကြည့်နေခဲ့တာပါ၊ မငွေ့လေး မလွတ်လပ်အောင် တမင် လာရှုပ်နေတာ မဟုတ်ပါဘူး၊ မငွေ့လေးရဲ့ သိက္ခာတွေ မွန်းပဲ့ ညှိုးလျော်သွားမှာ ကိုယ်မလိုလားဘူး"

"အဲ့ဒါတွေ ရှင့်အပူ မပါဘူး"

မငွေ့စကားကြောင့် ကျွန်တော့် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားရသည်။

"ကိုယ် ပူနေမိပါတယ် မငွေ့လေးရယ်၊ ဒါ ကိုယ် မင်းကို အရမ်းမြတ်နိုးလွန်းလို့ပါ၊ ကိုယ့်အချစ်ဦးလေးရယ်၊ မငွေ့ ကိုယ်ပြောတာ နားထောင်နော်၊ night club ကို အပျော်လာတတ်တဲ့သူတွေဟာ လူကောင်း၊ လူသစ္စာတွေ ရှားပါးပါတယ်ကွာ၊ မငွေ့လေးမှာ ဘယ်လိုအခက်အခဲရှိတယ်ဆိုတာ ကိုယ့်ကိုပြော ...၊ ကိုယ်ကူညီမယ်၊ မငွေ့လေး ဒီမှာ စန္ဒရား မတီးနဲ့တော့နော် ..."

"ကျော်ထက်ဃ ... ရှင်ကိုယ်တိုင်က ဒီနေရာ ရောက်နေတာနော်၊ ရှင်ကကော လူကောင်းလား၊ စန္ဒရားတီးတယ်ဆိုတာ အတတ်ပညာ၊ ပြီးတော့ အနုပညာ၊ ကျွန်မရဲ့ အနုပညာကို ကျွန်မ ဘယ်နေရာမှာ ဘယ်လိုပဲ အသုံးချချ ရှင် ကန့်ကွက်စရာမလိုဘူး၊ ကူညီစရာလည်း မလိုဘူး၊ ရှင် ပြန်ပါတော့လား ကျော်ထက်ဃ ..."

"ကိုယ် ပြန်ရင် မင်း ဘာလုပ်မလို့လဲ ..."

မငွေ့ခန္ဓာကိုယ်လေး တောင့်မတ်သွားပြီး ကျွန်တော့် မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်ပြီး ...

"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ ကျော်ထက်ယာ၊ ကျွန်မကို ရှင်က ခပ်ပေါပေါ မိန်းမတစ်ယောက်လို့များ မှတ်နေသလား၊ ရှင့်ကို ဒီနေရာလာတက်တဲ့ လူတစ်ယောက်လို့ သူများထင်မှာ၊ ကျွန်မကြောင့် ရှင် အထင်မှားခံရမှာဆိုးလို့ ကျွန်မ ပြန်ခိုင်းနေတာ၊ ကျွန်မရဲ့ စေတနာနဲ့ မာနကို မထိခိုက်ပါနဲ့လား"

ဩော် ... သူမ ကျွန်တော့်ကို စိတ်ပူတတ်စ ပြုလာပါလား ...။ ဒီလိုဆိုတော့ သူမကို အထင်လွဲမိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်ပင် ဆွဲထိုးပစ်ချင်လာသည်။

နာကျင်မှုကို ဘာမှမဖြစ်သလို သိမ်းဖွက်ရင်း သူမ တောင့်တင်းတင်းကြီး ထိုင်နေတာလေးကပဲ သနားစရာကောင်းလှသည်။

မငွေရယ် ... ကိုယ့်ကို မင်း ချစ်ရက်သားနဲ့ကွာ ...။

"ကောင်းပါပြီ ...၊ ကိုယ် ဒီနေ့ နောက်ဆုံးပါပဲ မငွေလေး၊ နောက် ဘယ်တော့မှ မလာတော့ပါဘူး၊ မငွေလေးရဲ့ ကိုယ်ကျင့်တရားကိုလည်း ယုံပါတယ်"

"အဲဒါဆို ရှင်ပြန် ..."

"မငွေကော ..."

"ကျွန်မဘာသာ ချိုချိုတို့နဲ့ ပြန်မှာပေါ့၊ ရှင့်အပူလား"

"ကိုယ် လိုက်ပို့ခွင့် မရှိဘူးလား"

"မရှိဘူး၊ လုံးဝ မရှိဘူး ...၊ ရှင်နဲ့ ကျွန်မ ဘာမှမဆိုင်ဘူး"

ဘုန်းမငွေ၏ပြင်းပယ်စကားကို ကျွန်တော် အတော်





ပင် စိတ်မကောင်းဖြစ်သွားရသည်။ မိန်းကလေးတွေကြီးပဲ ပြန်ချိန်မှာ အန္တရာယ်တစ်ခုခု ရှိလာမှာစိုးတဲ့ စေတနာအပူဖြင့် ရင်မှ လိုက်ပို့ချင်ခြင်း ဖြစ်သည်။

ကျွန်တော်ဟာ သူမရှေ့မှာ အကြိမ်ကြိမ် ခေါင်းညိတ်ရင်း ... အကြိမ်ကြိမ် ရှုံးနိမ့်ကြေကွဲရင်း ...

"ကိုယ် ပြန်မယ် မငွေလေး ..."

ကျွန်တော့် နှုတ်ဆက်မှုကို ဘာမှ မတုံ့ပြန်ဘဲ နေရာမှာပဲ မျက်နှာကို အသေထား၍ ထိုင်နေသည်။ ကျွန်တော် သူမရှေ့က ထွက်လာခဲ့ပြီး အပြင်ဘက်ရောက်ပြီးမှ သူမကို မခွဲနိုင်စိတ်များဖြင့် မှန်တံခါးတွေ ပြန်ဖွင့်ကာ အထဲကို ပေါ့ပါးသော အဟုန်ဖြင့် ပြန်ရောက်သွားခဲ့သည်။

သူမ မျက်လုံးများကို ဖိမှိတ်ထားသည်။ နှုတ်ခမ်းလှလှများကို အလွန်တင်းကျပ်စွာ စေ့ပိတ်ထားပုံက သူမ တစ်စုံတစ်ရာကို မျိုသိပ်ဖိနှိပ်ထားရတယ်ဆိုတာ အလွန်သေချာပါသည်။ ဒါဆို ကျွန်တော့်ကြောင့်က လွဲပြီးတော့ တခြားသူကြောင့်တော့ မဖြစ်နိုင်ဘူး မဟုတ်လား ...။

နှုတ်ခမ်းမွေး စိမ်းသဲ့သဲ့လေးတွေ ဝိုင်းကွတ်ထားတဲ့ နှင်းဆီဖူးလို နှုတ်ခမ်းကလေး ...။ ကော့ညွတ်သော မျက်တောင်ရှည်များ၊ စီဝန်းထားတဲ့ သူမ မျက်ခွံမို့မို့ကလေးကြောင့် ကျွန်တော့်ရင်တွေ မို့မောက်လာသလို ခံစားရသည်။ မွန်းကျပ်လာသည်။

ဘာမှမသိ၊ အရာရာကို မိန်းမောလို့ ...။

သူမ မျက်ခွံလေးများပွင့်မလာခင် ကျွန်တော် ရှေ့ကို တစ်လှမ်းချင်း တိုးသွားမိသည်။ အနားရောက်ခါနီးတော့မှ သူမ မျက်ခွံလေးတွေ လှုပ်လာတာ အနီးကပ် မြင်လိုက်ရသည်။

ပူနွေးတဲ့ အတွေ့တစ်ခုကို ကျွန်တော့် နှုတ်ခမ်းများမှတစ်ဆင့် ကျွန်တော့် နှလုံးဆီသို့ သယ်ဆောင်ယူငင်ပြီး ပထမဆုံးအနမ်း အမှတ်တရအဖြစ် သိမ်းဆည်းကာ တံဆိပ် ခတ်နှိပ်လိုက်သည်။ သူမ မျက်ခွံလေးဆီမှ ကျွန်တော့် နှုတ်ခမ်းကို ခွာလိုက်သည့်ထိတိုင်အောင် ပူနွေးတဲ့ ခံစားမှုက ရင်ထဲကနေ ထွက်ခွာမသွားခဲ့ ...၊ ထွက်ခွာသွားမှာလည်း မဟုတ်တော့တာ သိနေသည်။ ကျွန်တော့်မျက်ခွံလေးများကိုလည်း မှိတ်ထားခဲ့သည်။ တုန်ယင်စွာ ပေါ်ထွက်လာသော အသံညက်ညက်ကလေး ...

"နင် ... နင် ... ရိုင်းလှချည်လားဟင် ..."

ဘယ်လိုလဲ ...၊ သာယာပါသလား ...။ တခြားသူတွေအတွက်တော့ သာယာချင်မှ သာယာပါလိမ့်မည်။ ကျွန်တော့်အတွက်တော့ နားဝင်ချိုလို့ကို နေသည်။ အဲ့ဒီအသံကမှတစ်ဆင့် သူမ၏ ရင်ခုန်သံအစစ်ကို ဖမ်းယူနားဆင်ခွင့် ရတာလေဗျာ ...။

"အဲ့ဒါ ... ယုတ်မာဦး ..."

ကျွန်တော့် မျက်နှာမှာ အေးစိမ့်မှု တစ်ခု ခံစားလိုက်ရသောအခါ ကျွန်တော် ရှက်ပြုံးလေး ပြုံးလိုက်သည်။ သူမ ကျွန်တော့်ကို ဘီယာခွက်ထဲမှ ဘီယာများဖြင့် မျက်နှာကို လှမ်းပက်လိုက်ခြင်းဖြစ်သည်။

"ကိုယ် ပြန်မှာပါ မငွေ ..."





ကျေနပ်စွာဖြင့် သူမ မျက်စောင်းကလေးကို လက်ခံရယူရင်း ကျွန်တော် ထပြန်လာခဲ့ပါသည်။

ဆိုင်ကယ်လေးကို တွန်းရင်း ထောင့်ချိုးကွယ်တစ်နေရာမှာ စောင့်နေခဲ့သည်။ စောင့်နေရင်းမှ ကားလှလှလေးတစ်စီး ဆိုင်ဘက်သို့ တအား အမြန်မောင်းဝင်လာတာမို့ လိုက်ငေးနေမိသည်။

ကားထဲမှ လူတစ်ယောက် ဆင်းလာပြီး ကားအပြင်ဘက် လှည့်ပတ်လျှောက်ကာ ဖုန်းပြောရင်း အထဲမှထွက်လာမည့် လူတစ်ယောက်ကို စောင့်မျှော်နေပုံရသည်။ ခဏလေးကြာတော့ ထိုလူ ခေါင်းက မတ်သွားပြီး ဆိုင်ထဲမှ ထွက်လာသူတစ်ယောက်အား လှမ်းပြုံးပြပြီး အနားကို လျှောက်သွားသည်။

"မြတ်စွာဘုရား ..."

ဆိုင်ထဲမှ ရေးကြီးသုတ်ပျာ ပြေးထွက်လာတဲ့ သူကို ကြည့်မိတော့ ဘုန်းမငွေဖြစ်၍နေသည်။ ကျွန်တော် ထိတ်ခနဲခံပြင်းသွားသည်။ မငွေက ထိုလူမျက်နှာကို စိုးရိမ်တကြီး ငေးကာ ထိုလူပြောသမျှကို နားထောင်နေသည်။

ထိုလူက မငွေ့ခေါင်းကလေးကို ပွတ်သပ်ရင်း မငွေ ဝင်ထိုင်ဖို့ ကားတံခါးကို ဖွင့်ပေးသည်။ မငွေ ကားထဲဝင်သွားမှ သူ့နေရာသူ ဝင်ထိုင်ကာ ကားမောင်းထွက်သွားသည်။

ကျွန်တော် ဆိုင်ကယ်ဖြင့် နောက်ကလိုက်ဖို့ ဆုံးဖြတ်ပြီး အရှိန်ပြင်းစွာ မောင်းနှင်နှင့်သော ကားကလေးနောက်မှ အရှိန်ပြင်းပြင်းဖြင့် လိုက်ပါလာခဲ့သည်။

"မငွေ မလိုက်ရဘူး၊ မလိုက်သွားရဘူး ..."

ကျွန်တော် နှုတ်မှလည်း တားဆီးညည်းညူ၍နေမိသည်။

"ကျွန်တော် မထင်မိဘူး မငွေလေးရယ်၊ ကျွန်တော် ခင်ဗျားလေးကို သေလောက်အောင် စိတ်ပူနေရတယ်ဗျာ ..."

ကျွန်တော့် မျက်ဝန်းများက မျက်ရည်များ စီးကျလာသည်။

မီးပွိုင့်တစ်ခု ရောက်ချိန်မှာ သူမပါတဲ့ ကားလေးက ပွိုင့်လွတ်ပြီး ခပ်မြန်မြန် မောင်းထွက်သွားနိုင်ခဲ့ပေမယ့် ကျွန်တော်ကတော့ ကံဆိုးပြီးရင်း ဆိုးစွာဖြင့်ပဲ ပွိုင့်စိမ်းသွားခဲ့ပေမယ့်လည်း ဆိုကုန်သွားခဲ့သဖြင့် ကျွန်တော့်ဆိုင်ကယ်လေးက လမ်းလယ်ခေါင်မှာ ငေါင်စင်းစင်းလေး ရပ်ကျန်နေခဲ့ရပါသည်။

"မငွေ ... ကိုယ့်ကို မထားခဲ့ပါနဲ့လားကွာ"

မငွေကို တောင်းပန်တိုးလျှိုးနေရင်းမှ ပြီးခဲ့တဲ့ မြင်ကွင်းကိုလည်း အာရုံထဲက ပျောက်ပျက်အောင် မပျောက်ပျက်နိုင်။

ထိုလူခေါ်သွားတဲ့ အခိုက်အတန့်မှာကော သူမရဲ့ မာနတွေ ဘယ်ကိုရောက်သွားနေခဲ့ပါသလဲ ...။

အသည်းတွေ ကြေမွလာပြီဟုထင်ရအောင် မွန်းကျပ်လာသဖြင့် နှုတ်ခမ်းများကို ဖိကပ်ထားခဲ့မိသည်။ အားပျော့ကြေကွဲစွာ ဆိုင်ကယ်ပေါ်က ဆင်းလိုက်ပေမယ့်လည်း သူမကို ချစ်တဲ့စိတ်တွေ လျော့မသွားသေးပေ။

✦ ✦ ✦



## အခန်း(၉)

ကျော်ထက်ဃ ပြန်သွားခဲ့ချိန်မှာ ကျွန်မစိတ်တွေ လေးလံ၍ ကျန်ခဲ့သည်။ နှလုံးအိမ်မှ ကျယ်လောင်စွာ မြည်ဟီးသံကိုလည်း အတိုင်းသား ကြားနေရသည်။ ဆိုဖာ နောက်ကျောလေးကို မှီပြီး ငြိမ်နေရင်း ရင်ခုန်သံ အေးစက်အောင် ကြိုးစားအားထုတ်နေရသည်။

"မငွေ ... မငွေရဲ့ ဖုန်း လာနေတယ်တဲ့"

"ကျွန်မ ဖုန်း ..."

ချို လာခေါ်တာကြောင့် ကျွန်မ အံ့ဩသွားရကာ ကောင်တာက ဖုန်းမှာ နားထောင်မိချိန်မှာတော့ ကျွန်မ အသားတွေ တဆတ်ဆတ် တုန်ရင်လာသည်။

"ဘာဖြစ်လို့လဲ မငွေ ..."

ကျွန်မ ဟန်ပျက်သွားပုံကို စိုးရိမ်စွာကြည့်ရင်း ချို ထိတ်ထိတ်ပျာပျာ မေးပါသည်။

"ဘုရားကျောင်းက ဆရာဆက်တာ၊ ကျွန်မ အမေ မူးလဲလို့တဲ့ ချို ..."

"အို ... ဒါဆို မငွေ ပြန်လေ၊ မန်နေဂျာကို ကျွန်မ ပြောပြလိုက်ပါ့မယ်၊ မငွေ ဘယ်လိုပြန်မှာလဲဟင်"

"ဆရာ ... ဆိုင်ရှေ့ ရောက်လာပြီတဲ့ ..."

"ဟုတ်လား ...၊ ဒါဆို သွားတော့လေ မငွေ"

"ကျေးဇူးပါပဲ ချို ..."

ချို ဘယ်လိုမျက်နှာထားမျိုး တုံ့ပြန်လိုက်တယ်ဆိုတာတောင် စောင့်ကြည့်မနေနိုင်တော့ဘဲ locker ဆီ အမြန်ပြေး၊ အိတ်တစ်လုံးဆွဲကာ ဆိုင်အပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။ အပြင်မှာ ကျွန်မရဲ့ စန္ဒရားဆရာ အသင့်စောင့်ကြိုနေတာကိုတွေ့ရသည်။

"ဆရာ ... အမေ ဘယ်လိုနေလဲဟင်၊ ဘယ်လိုဖြစ်ပြီး ..."

"မိုက်နာတယ်ဆိုပြီး မူးလဲတာပဲတဲ့၊ သမီး အမျိုးတွေ ဘုရားကျောင်းကို ခေါ်လာလို့ ဆရာ ဆေးရုံပို့လိုက်တယ်၊ ခု အရေးပေါ် ကုသနေတယ်"

"အို ..."

ကျွန်မသည် မကြားဝံ့စွာ ကြားနာပြီးစဉ်မှာ လက်နှစ်ဖက်ယှက်ကာ ဘုရားတမိသည်။ ဆရာက ကျွန်မခေါင်းလေးကို ပုတ်၍ အားပေးကာ ...

"သိပ် မစိုးရိမ်ပါနဲ့ သမီးရယ်၊ ဘုရားသခင် စောင့်ရှောက်





မှာပါ၊ ကဲ ... လာ ကားထဲဝင်၊ ဆေးရုံကို လိုက်သွားကြတာပေါ့"

ကားတံခါးအား ဆရာကိုယ်တိုင် လိုက်ဖွင့်ပေးကာ ကျွန်မကို ကားထဲဝင်စေသည်။

ဘုရားသခင်သာ မစောင်မရှင် ...

အိုး ... မဖြစ်နိုင်ပါဘူးနော်။

အမေ ကျွန်မကို ဘယ်ခွဲခွာသွားဦးမှာလဲ ...

ကျွန်မ ချမ်းသာတာအမေမှ မမြင်ရသေးတာ ...။

အမေ့ကို ခွဲစိတ်ကုသမှာနော် အမေ ...။ သမီး ပိုက်ဆံကုန် အကြွေးတင်မယ့်အလုပ်လို့ အမေ မပြောပါနဲ့တော့ အမေ ...။

ဘယ်သူတွေအပေါ် ဘယ်လိုပဲ အကြွေးတင်နေစမ်းပါစေ ... အသက်နဲ့ရင်းပြီး မွေးပေးခဲ့တဲ့ အမေ့ကျေးဇူးကြွေးကို သမီး အဆပ်ချင်ဆုံးပဲ အမေ။ သမီး ပိုက်ဆံတွေ အမေ မဖြုန်းရက်ဖူးလို့ မပြောပါနဲ့နော် ...။

"သမီး ကားပေါ်ကဆင်း ..."

ဆရာ့ စကားသံကြားမှ ဆေးရုံသို့ရောက်လာပြီဆိုတာ သတိရသည်။ ကျွန်မ ရင်ထဲမှာ အမေ့ကို စကားတွေများစွာ ပြောဖြစ်လာခဲ့တာပဲ ...။

လှေကားထစ်တွေကို တက်လှမ်းလာတဲ့ ကျွန်မ ခြေလှမ်းများက အရှိန်ကို လျှင်မြန်သွက်လက်လှသည်။

"သမီး ... ဒီအခန်းပဲ"

နောက်ပါးမှာ ကပ်၍ပါလာသော ဆရာ့အသံကြောင့် ညာဘက်အခန်းထဲကို တံခါးတွန်းဖွင့်၍ ဝင်လိုက်သည်။ အမေ့ညီမ ဝမ်းကွဲ ကျွန်မအဒေါ်နှင့်အတူ ဆရာဝန်၊ နပ်(စ)များ အစုံအညီ ရောက်ရှိနေတာ တွေ့ရသည်။

"ဆရာ ... ကျွန်မ အမေရဲ့ အခြေအနေ"

အခန်းထောင့် တစ်နေရာက အဖွန်ဘက်အကျဆုံး ခုတင်လေးမှာ ငြိမ်သက်စွာ လဲလျောင်းနေသော အမေ့ကို တွေ့ရသည်။

ဆရာဝန်ကြီးက လေးနက်စွာ ပြုံး၍ ...

"သမီး အမေ ကံကောင်းပါတယ်၊ ဆေးရုံရောက်လာတာ အချိန်မီပါပဲ၊ အင်း ... တစ်ခုတော့ရှိတယ်၊ ဒီရောဂါကနေ တစ်ကိုယ်လုံးကို အမြစ်မတွယ်ခင် သားအိမ်ကို ထုတ်ပစ်လိုက်ဖို့တော့ လိုမယ်၊ အဲ့ဒါကြောင့် သမီးအမေကို ခွဲစိတ်ကုသတာတော့ ခံရလိမ့်မယ်"

"ရတယ် ...၊ အမေ့ရောဂါ ပျောက်မယ်ဆို အားလုံး ကျွန်မ လက်ခံပါတယ်"

"ကောင်းပြီ ...၊ ဒါဆို ခွဲစိတ်ကုသခွင့်ပြုတယ်ဆိုတဲ့ လက်မှတ်ကို သမီး ထိုးပေးပါ"

"ဟုတ်ကဲ့ပါ ... ဆရာ"

ကျွန်မ ရှေ့ကို နပ်(စ)လေး ကမ်းပေးသော မှတ်တမ်းစာအုပ်ပေါ်တွင် လက်မှတ်ထိုးလိုက်သည်။

"သမီး ... အမေနဲ့ စကားပြောလို့ ရမလား ဆရာ"





"ရပါတယ် ..."

ဆရာဝန်ကြီး ခေါင်းညိတ်သည်နှင့် ကျွန်မ အမေ့အနားသို့ တိုးကပ်ခဲ့ပါသည်။ အမေ့ကိုမြင်ရတော့ အမေက မနာကျင်သလိုပဲ ရွှင်လန်းသောအပြုံးဖြင့် ကျွန်မကို ငေးကြည့်နေသည်။

"အမေ့ရောဂါက ဘာမှန်းလဲ မသိဘူး၊ သိပ်ထွေထွေထူးထူးလည်း မခံစားရဘူး"

ဟု အမေ လိမ်ပြောသည်။

"ဘုရားသခင်က လိမ်တာ မကြိုက်ဘူး အမေ"

ကျွန်မက ရယ်သွေးသွမ်း၍ ပြောသောအခါ အမေ မျက်လုံးပြူးကြီးဖြင့် ...

"ဘာလိမ်လို့လဲ ..."

ဟု ပြောကာ တစ်ဖက်လှည့်သွားသည်။ အမေ့ပခုံးလေးကို ဆုပ်ကိုင်ရင်း ...

"အမေ့ကို သူတို့ မနက်ဖြန် ခွဲစိတ်ကုသကြလိမ့်မယ်၊ အမေ သတ္တိရှိပါတယ်နော်"

"မကုပါရစေနဲ့ မငွေရယ် ...၊ အမေ့အရွယ်က သေမယ်ဆိုလည်း သေလို့ရနေပါရဲ့ကွယ်"

ကျွန်မသည် ရင်နှင့်မဆံ့အောင် ကြေကွဲ၍ လက်ညှိုးကလေးကို အမေ့နှုတ်ခမ်းမှာ တေ့လိုက်ပြီး ...

"အို ... အမေရယ် မပြောပါနဲ့လား၊ သမီးဘဝမှာ အမေ မရှိရင် သမီး အသက်ရှင်ကျန်ရစ်လည်း သေလူလို ဖြစ်ကျန်မနေဘူးလို့ အမေ ပြောနိုင်မလား၊ သမီးချမ်းသာလာတာ

အမေမြင်ချင်သေးတယ်ဆို၊ သမီး အိမ်ထောင်ကျပြီး အမေနဲ့ တူတဲ့ သားလေးတစ်ယောက်ကို အမေချီချော့ချင်သေးတယ် ဆို ...”

အမေ့ မျက်လုံးအိမ်မှာ မျက်ရည်လေးတွေ ဝဲတက်လာတာကို ကျွန်မ မြင်လိုက်ရသည်။ မျက်ရည်စက်ကြည်ကြည်က ကျွန်မရဲ့ လက်ဖမိုးဆီ ဖျပ်ခနဲ ကျလာသည်။

“အမေက သမီးလေး ပင်ပန်းမှာစိုးလို့ ...၊ လူအထင်သေးခံရတဲ့ နေရာမှာ စန္ဒရားတီးနေတဲ့ သမီးကို ဒီအတိုင်း ကြည့်နေရမတဲ့လား ...”

“ဘယ်သူတွေ အထင်သေးသေး အမေ သမီးကိုယုံရင် သမီး ကျေနပ်ပါပြီ၊ သမီးရဲ့ဘဝမှာ သမီးကြောင့် ဘယ်တော့မှ အမည်းစက် မစွန်းစေရဘူး အမေ၊ သမီးရဲ့ အသွေးအသားတွေကို ဘုရားသခင်ရှေ့မှာ စိတ်ရှင်းရှင်းသန့်သန့်နဲ့ ကို ဖောက်ထုတ်ပြရဲပါတယ် အမေ”

“မငွေလေး ... သိပ်လှတဲ့ သမီးလေးရယ်၊ သမီးလေးကို အမေယုံတယ်၊ ဒါပေမယ့် သမီးရဲ့ အလှတွေကို တပ်မက်ကြမယ့် ယောကျ်ားတွေကို အမေ နည်းနည်းမှ စိတ်ချယုံကြည်မှု မရှိဘူးကွယ်၊ လှလွန်းတာ ကြောက်စရာကောင်းပါတယ် သမီးရယ်”

အမေက သူ့လက်ဖဝါးကြမ်းကလေးဖြင့် ကျွန်မပါးကလေးကို လှမ်းပွတ်ပေးရင်း စိတ်မကောင်းစွာ ညည်းရှာသည်။





ကျွန်မက အမေ့လက်မောင်းလေးပေါ် ပါးအပ်လှဲချရင်း နှုတ်ဆိတ်နေလိုက်သည်။

ညအမှောင်ကို ဖောက်ထွင်းမြင်နိုင်သော မှန်တံခါးချပ်တွေပေါ်မှာ အရိပ်ကလေးတွေ အများကြီးပေါ်နေသည်။ ထိုအထဲကမှ ခုတင်ပေါ်က လူနာဘေးမှာထိုင်၍ ညှိုးနွမ်းစွာ မှိုင်တွေနေသော မိန်းကလေးဟာ ကျွန်မမှ ဟုတ်ပါလေစ ...။

မှန်ရိပ်ထဲမှာပင် ဖြူစင်သော အသားအရေက တဝင်းဝင်း လဲ့နေပါသည်။ အမေပြောသလို ကျွန်မရဲ့ အလှတွေဟာ သိပ်ကို ကြောက်ဖို့ကောင်းနေတာ အမှန်ပဲလား။ ဟင့်အင်း ကျွန်မတော့ အဲဒီလို မထင်မိဘူး အမေ ...။ သိပ်ကို စူးရှပျော့ပျောင်း သန့်စွမ်းတဲ့ လက်နက် ချွန်ထက်ထက်တစ်ခုလို အသုံးဝင်လိမ့်မယ်ဆိုတာ သမီး ဘာလို့ သိပ်ကို ယုံကြည်ရဲဝံ့ရင်ဆိုင်နေရပါလိမ့် အမေရယ် ...။

✦ ✦ ✦

## အခန်း(၁၀)

"အန်ကယ်နဲ့ အန်တီ ဘယ်သွားကြမလို့လဲ ခင်ဗျာ ..."

စားစရာ၊ သောက်စရာများအား ခြင်းတစ်လုံးအပြည့်ဆွဲကာ အခန်းထဲမှထွက်လာကြသော အင်္ဂလိပ်စာဆရာနှင့် ဆရာမကို တွေ့လိုက်ရပါသည်။ လူငယ်တစ်ယောက် အနေနှင့် နှုတ်ဆက်မေးလေး မေးလိုက်မိသည်မှာ ဘုန်းမငွေကို အထင်မလွဲတော့သည့်ဘက်သို့ ကူးပြောင်းသွားစေသည်။

"အန်ကယ်တို့ တပည့်မလေးရဲ့ အမေ ဆေးရုံတက်နေရလို့လေ၊ ဒီနေ့ ခွဲစိတ်ကုသခံရမှာမို့ သွားစောင့်ကြမလို့ ..."

"ဪ ... ဘုန်းမငွေရဲ့ အမေလားမသိဘူး"

"အေး ... ဟုတ်တယ်၊ မောင်ဃက သိလို့လား"

"ဟုတ်ကဲ့ ... အန်တီ၊ ဘုန်းမငွေနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းတွေပါ ..."

"ဪ ... ဟုတ်လားကွယ်၊ မငွေက အားတော့မငယ်တတ်





ဘူး၊ ဒါပေမယ့် အားပေးစကားလေးတော့ သွားပြောလိုက်ဦးပေါ့ကွယ်"

"ဟုတ်ကဲ့ ... အန်ကယ်၊ ကျွန်တော် ဒီနေ့ပဲ သွားလိုက်ပါ့မယ်"

"အေး ... ကောင်းပါပြီကွယ်၊ အန်ကယ်တို့တော့ သွားနှင့်တော့မယ်နော်"

"ဟုတ်ကဲ့ ... အန်ကယ်"

ကျွန်တော် မာမီ့ဆီမှာ အကြောင်းပြချက်တစ်ခုဖြင့် ခွင့်တောင်းပြီး ဘုန်းမငွေရှိသည့် ဆေးရုံဆီသွားဖို့ ဆိုင်ကယ်ပေါ်တက်လိုက်ချိန်မှာပဲ ...

"ဟော့ကောင် ဃ ... ၊ ဘယ်သွားမလို့လဲ၊ ငါ မင်းကို အရေးကြီးကိစ္စ လာပြောတာကွ"

ဖိုးကျော် ပြုန်းစားကြီး ရောက်ချလာခဲ့လေသည်။ ကျွန်တော်က ဆိုင်ကယ် ဦးထုပ်ကလေး လှမ်းဆွဲရင်း ...

"ဘာ အရေးကြီးကိစ္စလဲ"

"ငါ့ကို ချို ပြောပြတာ၊ မနေ့က ဘုန်းမငွေ အမေ မူးလဲလို့ ဘုန်းမငွေ ပြန်သွားရတာယ်တဲ့၊ ဒီနေ့ သူ့အမေ ခွဲစိတ်ကုသတော့မယ်တဲ့ ... ၊ ငါက မင်းသိအောင် လာပြောပြတာ၊ မင်းယောက္ခမကိစ္စဆိုတော့လေကွာ ..."

"ဟား ... ဟား ... Thank You၊ ငါ့ယောက္ခမကိစ္စ ငါသိတာ ကြာပါပြီ၊ အခုပဲ ဆေးရုံမှာ သွားကြည့်မလို့ကွ ..."

"ဘာ ... ခွေးကောင်၊ ငါကတော့ အမောတကော"

"ကဲပါ ... လာ၊ မင်းလည်း လိုက်ခဲ့ ..."

ဖိုးကျော် ဆိုင်ကယ်ပေါ် တက်လိုက်သည်နှင့် ကျွန်တော် ဆေးရုံကြီးဘက် မောင်းလာရင်းဖြင့် မငွေ့အား မနေ့ညက အထင်လွဲမိတဲ့အကြောင်းကို ပြောပြမိသည်။

"အဲ့ဒီကိစ္စအတွက် လာခေါ်တာနေမှာပေါ့ကွာ ဃရာ၊ မင်းကလည်း ဘုမသိ ဘမသိနဲ့ သွားအထင်လွဲနေရတယ်လို့"

"အေးပေါ့ကွာ၊ ဘာမှမသိတဲ့လူဟာ သံသယများတဲ့လူဆိုတာ မင်း မသိဘူးလား၊ ဒါပေမယ့် အဲလို တကယ်ဖြစ်နေရင်လည်း ငါမငွေ့ကို ချစ်နေမှာပဲ၊ ငါ မငွေ့ကို သိပ်ချစ်တယ် ..."

"မင်းကြီးဒေါ်ကို ချစ်၊ ဟိုမှာ မီးပွိုင့်၊ သိပ်ဖီး(လ်)တက်မနေနဲ့၊ မင်းပခုံးကို ဖက်ထားတာ ငါ ဖိုးကျော်နော် ဃ ...၊ ဖီး(လ်)တက် အီးထွက်ပြီး ပွိုင့်ဖြတ်မိလို့ ငါပါ လျှော့နေရဦးမယ်"

"မင်းကလဲ နိမိတ်မရှိ နမာမရှိ ဖိုးကျော်ရာ"

ဆိုင်တစ်ဆိုင်မှာ လူနာစာ ပစ္စည်းလေးတွေ ဝင်ဝယ်ပြီး ဆေးရုံဝင်းထဲကို ဝင်လာခဲ့သည်။ ဆေးရုံစင်္ကြံမှာ မငွေ့လေးနှင့် ဆိုက်ဆိုက်မြိုက်မြိုက် သွားဆုံသည်။

မငွေ့က မျက်နှာချင်းဆိုင်မှ လှမ်းလာနေသော ကျွန်တော့်ကို မြင်ကာ အမ်းတမ်းတမ်းနှင့် လှမ်းကြည့်လေ၏။

မျက်ဝန်းလှလှလေးထဲမှာ ပယောဂျိတွေကို မြင်နေရသည်။





"မငွေ့လေးရဲ့ မေမေ အခြေအနေ ကောင်းရဲ့လား ..."

"ရှင့်အပူလား ..."

"ရော် ... ဘုန်းမငွေ့ရယ်၊ ဃက ခင်ဗျားထက်တောင်ခင်ဗျား အမေကို ပိုစိတ်ပူသေးတယ်၊ ခင်ဗျားအမေက သူ့ရဲ့ ဟိုဟာ မို့လေ ..."

"ဘာလဲ ... ဟိုဟာမို့ ဆိုတာ ..."

"ယောက္ခမလေ ... ဟဲ ဟဲ ..."

"ဘာ ... ရှင်နော်"

"ဗျာ ..."

ဖိုးကျော်က နွားပြာကြီးအသံဖြင့် မငွေ့ကို စနောက်နေတာမို့ ကျွန်တော်က ကျိတ်ရယ်ရင်း ဖိုးကျော်ကုပ်ပိုးကို လှမ်းရိုက်ကာ ...

"မင်း မနောက်ပါနဲ့ကွာ၊ မငွေ့လေး စိတ်တိုနေပါဦးမယ်"

"ဃ ... ငါက စေတနာနဲ့ မငွေ့ပျော်လာအောင် စပေးတာပါ၊ သူက မကြိုက်ဘူး၊ ကဲ ကဲ ... မင်းပဲဆက်ပြောတော့"

မငွေ့နှင့် ကျွန်တော့်ရှေ့မှာ ခပ်ကုတ်ကုတ်ထွက်ကာ ခပ်လှမ်းလှမ်းကနေ ရပ်ကြည့်နေသော ဖိုးကျော်ကို ပြုံးပြလိုက်ပြီးမှ ...

"မငွေ့လေး မေမေ operation (အော်ပရေးရှင်း) လုပ်ရတယ်လို့ ကြားတယ်၊ ဘာဖြစ်တာလဲဟင် ..."

"ရှင့်ကို ဘယ်သူပြောလို့ သိနေရတာလဲ ကျော်ထက်ဃ၊

ကျွန်မနဲ့ ရှင် ဘာမှဆိုင်တာလည်းမဟုတ်ဘဲနဲ့ ဘာလို့ လိုက်လာရတာလဲ ...”

“ဘာမှဆိုင်တာလဲ မဟုတ်ဘဲနဲ့ ... ဟုတ်လား၊ ဒါဆို မငွေလေး တစ်ခုခု မဆိုင်လိုက်ချင်ဘူးလား၊ မငွေလေးကြည့်ရတာ ကိုယ်နဲ့ တစ်ခုခု ဆိုင်ချင်ပုံရနေတယ်”

ကျွန်တော်၏ ခပ်ထေ့ထေ့စကားကြောင့် မငွေလေး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပြီး ...

“ရှင် ... ရှင်နော်၊ ပြောင်းပြန်တွေ လာပြောမနေနဲ့၊ အမွေ့ကိစ္စဆိုပြီး အခွင့်အရေး မယူနဲ့၊ ကျွန်မ မကြိုက်ဘူး”

“ပြောင်းပြန်တွေလို့တောင် ခွဲခြားတတ်နေတဲ့ မငွေလေးရယ်၊ ပြောင်းပြန်ကနေ အပြန်အလှန် ဘဝပြောင်းပေးဖို့ ကိုယ့်အချစ်တွေ လက်ခံလိုက်ပါလား၊ ဟို ... ဒါ အခွင့်အရေးယူတာ မဟုတ်ဘူးနော်၊ မျှဝေခံစားချင်တာပါ”

“ရှင် ပြန်တော့လေ ...”

“မပြန်ပါဘူး၊ ကိုယ် မငွေ့အမေထို လာကြည့်တာ၊ မငွေ့အမေ အဆင်ပြေပြေနဲ့ ခွဲခန်းထဲက ထွက်လာမှာကို လာစောင့်တာ၊ မငွေ့အမေ စားဖို့ မုန့်တွေတောင် စေတနာနဲ့ ဝယ်လာတာ၊ မငွေ ကိုယ်ချစ်တဲ့ မငွေ့အမေကို တွေ့ချင်လွန်းလို့ လာတာပါကွာ ...၊ သိပ်မနှင်ပါနဲ့”

မငွေက ပြောမရတော့၍ မပြောချင်တော့သည့် မျက်လုံးကလေးဖြင့် ကျွန်တော့်ကိုကြည့်ကာ နှုတ်ခမ်းလေးစူပြီး ရှေ့က





ထွက်သွားသည်။ ကျွန်တော်နှင့် ဖိုးတျော် နောက်မှ လိုက်သွားသည်။

ကျွန်တော် ထင်ထားခဲ့တာက မငွေ့မေမေကို အခုမှ အော်ပရေးရှင်း လုပ်နေသည်မှတ်ရဲ့ ...။

မငွေ့မေမေကို ခနက်အစောကြီးကတည်းက ခွဲစိတ်ကုသပြီးလို့ မငွေ့မေမေက ခုတင်ပေါ်မှာ အနားယူနေသည်။

ခွဲခန်းမှ ထွက်လာကာစမို့ ချက်ချင်းကြီး စကားမပြောနိုင်သေးသဖြင့် ငြိမ်သက်စွာ မှိန်းစက်နေသည်။

မငွေ့မေမေသည် မငွေ့ရှိုပင် ပေယ်ပေယ်က ချောမောလှပသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်နိုင်သည်။

မငွေ့လောက်တော့ အလှဂုဏ်မြောက်ကာ မာနကြီးမနေ ...။

“သားတို့ ရောက်လာပြီတိုး၊ ကဲ ... လာကြ၊ ဒီမှာ လာထိုင်”

“ရပါတယ် ...၊ အန်ကယ်နဲ့ အန်တီတို့ပဲ ထိုင်ကြပါ”

“လာထိုင်ပါကွယ် ...၊ အန်တီတို့ အပြင်မှာ နေ့လယ်စာသွားစားလိုက်ဦးမယ်ကွယ့်”

“မငွေ့ကို အားပေးစကားပြောရင်းနဲ့ လူနာ ခဏစောင့်ပေးဦးလေ ... နော်”

“ဩော် ... ဟုတ်ကဲ့ အန်တီ၊ စိတ်ချ လက်ချသာ သွားပါ”

ကျွန်တော်သည် စိတ်ထဲက အတော်ပင် အားရကျေနပ်သွားကာ ဝမ်းပန်းတသာ ပြောလိုက်သည်။

လူကြီးတွေ အပြင်ဘက် ရောက်သွားသည်အထိ လိုက်ကြည့်ပြီးမှ ဖိုးကျော်ကို မျက်စိမှိတ်ပြလိုက်သည်။ ဖိုးကျော်က ရှောင်ပေးဖို့ ခြေလှမ်းစပြင်လိုက်စဉ်မှာပဲ ...

"ကိုဖိုးကျော် ... ခဏလေး အမေ့ကို စောင့်ပေးပါ၊ ကျွန်မ အမေ့ပဝါလေးတွေ သွားလျှော်လိုက်ဦးမယ်"

မငွေက ပဝါလေးတွေကို ကော်ဇလုံလေးထဲထည့်ကာ ပြောသဖြင့် ...

"ရပါတယ် ဘုန်းမငွေ ... သွားပါ ခင်ဗျ၊ ကျွန်တော် သေသေချာချာ ကြည့်ထားလိုက်ပါ့မယ်"

"ကျေးဇူး ..."

"ရပါတယ် ...၊ ဃ မင်း မငွေနဲ့ လိုက်သွားလေ"

မငွေက ဘာမှမပြောတော့ဘဲ ထွက်သွားတာမို့ ကျွန်တော် နောက်မှလိုက်သွားပါသည်။

"မငွေ ..."

"ဘာလဲရှင့် ..."

"မငွေ့ကိုကြည့်ရတာ အရမ်းအားနည်းနေသလိုပဲ၊ နှုတ်ခမ်းလေးတွေလည်း ဖြူနေပြီ၊ မငွေက နားမှမနားတာ၊ ကျောင်းဆိုလည်း တက်၊ ကျူရှင်ဆိုလည်း တက်၊ စန္ဒရားဆိုလည်း မပျက်မကွက် တီးနေတော့ မငွေ့မှာ နားချိန်မှမရှိတာ၊ မငွေ နားသင့်ပြီ ..."

"ဟုတ်တယ် ... ကျွန်မ နားချင်တယ်၊ အထူးသဖြင့် စိတ်ရော လူပါ နားချင်ပြီ၊ အဲ့ဒါကြောင့် ကျေးဇူးပြုပြီး ကျွန်မ





ဘေးမှာ တတွတ်တွတ် စကားတွေ လာမပြောဘဲ ရှင်ပြန်ပါလား ..."

"ကိုယ် ရှိနေတာ မငွေ့အတွက် တကယ် ပင်ပန်းနေတယ်ဆိုရင်တော့ ကိုယ်ပြန်ပေးမှာပါ၊ အဲ့ဒါ မငွေ့ကို ကိုယ် သိပ်ချစ်လို့ပါ"

မငွေက မျက်စိလေးမှိတ် အံကိုကြိတ်ကာ မတ်တတ်ရပ်ကျန်ခဲ့သည်။ ကျွန်တော်က စိတ်မကောင်းစွာဖြင့်ပဲ မငွေ့ကို ကျောခိုင်းလိုက်ပါသည်။ မငွေ့ဆီမှ သုံးလေးလှမ်းမျှ ခွာထွက်လာအပြီးမှာ ...

"ခွပ် ..."

ကော်ခွက်ကလေး ပြုတ်ကျသော အသံတစ်ခု ကြားလိုက်မိ၍ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်စဉ် ...

"ဟင် ... မငွေ ..."

လူတစ်ကိုယ်လုံး ပစ်လဲခါနီးဆဲဆဲထိ ယိမ်းယိုင်စပြုနေသော မငွေ ...၊ ကျွန်တော် မငွေ့ကိုယ်လေးကို ပွေ့ပိုက်ထိန်းလိုက်နိုင်သဖြင့် မငွေ လဲမကျသွားသော်လည်း မငွေ မျက်လုံးတွေ မှိတ်ထားကာ အသံခပ်လေးလေးဖြင့် စကားဆိုသည်။

"မငွေ ..."

"ကျွန်မ ခေါင်းအရမ်းမူးနေတယ်"

"ခဏ အိပ်လိုက်မလား ..."

"အင်း ..."

ကျွန်တော် သူမကို ထိန်းကာ ခရေပင်လေးအောက်

ဆီ ဖြည်းညင်းစွာလျှောက်လာခဲ့သည်။ သူမ ကျွန်တော့်ကို စိတ်ချလက်ချ ယုံကြည်ထားကာ ကျွန်တော့် ရင်ခွင်ထဲ မှီ၍ ငြိမ်သက်ရင်း တဖြည်းဖြည်း အိပ်မောကျသွားခဲ့သည်။

သူမရဲ့ အပြစ်ကင်း ဖူးငုံသော နှုတ်ခမ်းကလေးကို ကြင်နာစွာ ကြည့်ငေးနေသောအချိန် ဘယ်လောက်အထိ ကြာသွားခဲ့သည်တောင် မသိရလောက်အောင် သူမနဲ့ ကျွန်တော် ငြိမ်သက်တောင့်မတ်နေခဲ့ကြပါသည်။

"ဃ ... ဘုန်းမငှေရဲ့ အမေ သတိရလာပြီ"

ဖိုးကျော် လာနှိုးတော့မှ ကျွန်တော် ဖိုးကျော်ကို မော့ကြည့်မိသည်။ ဖိုးကျော်က အဆင်ပြေနေပြီပေါ့ကွာဟူသော အပြုံးဖြင့် ပြုံးငုံ့ကြည့်နေသည်။

"အိပ်ပျော်နေတယ်"

ကျွန်တော် တိုးညှင်းညှင်းလေး ပြောလိုက်သည်ဆိုပေမယ့် အအိပ်ဆတ်ပုံရသော မငှေက နိုးလာခဲ့ပါသည်။

"ကျွန်မ အမေ သတိရပြီလား"

"ဟုတ်တယ် ... မငှေ"

"သွားရအောင် ..."

မငှေက ရှေ့မှဦးဆောင်ထသွားသဖြင့် ကျွန်တော်တို့လည်း နောက်မှလိုက်လာခဲ့သည်။ မငှေ့ မေမေ ဘေးမှာ အန်ကယ်နဲ့ အန်တီတို့လည်း ပြန်ရောက်နေကြပြီး မနေ့ညက မငှေ့ကို လာခေါ်သော လူကြီးလည်း ရှိနေသည်။

"အမေ ... သတိရပြီလား"





"အင်း ... သမီး"

မငှေနှင့်ကပ်လျက် သူ့အနားရောက်လာသော ကျွန်တော့်ဆီသို့ မငှေ့မေမေ၏ အကြည့်တွေ ရောက်လာလျှင် ...

"ကွန်ဂရက်ဂျူလေးရှင်း အန်တီ ...၊ ခွဲစိတ်မှု အောင်မြင်တာ ဝမ်းသာပါတယ်၊ မငှေလေးနဲ့ ထပ်တူ ပျော်ပါတယ်"

"ကလေးက ..."

တိုးညှင်းသော အသံကလေးဖြင့် မငှေ့မေမေက မေးသည်။ ကျွန်တော် ဖြေမလို့ပြင်စဥ်မှာပဲ ...

"သမီး သူငယ်ချင်းပါ အမေ"

ကျွန်တော် မငှေ့ဆီလှမ်းကြည့်တော့ မငှေ၏ မျက်ဝန်းများနှင့် ဆုံမိသဖြင့် ပြုံးပြလိုက်သည်။

မငှေ့အမေ နှုတ်ခမ်းများလည်း အလိုအလျောက် ပြုံးလာနေတာတွေ့ရသည်။

"ကျော်ထက်ဃ ဆိုတာလား"

"ဗျာ ..."

မငှေ့မေမေ ကျွန်တော့်နာမည်ကို ဘယ်လိုသိတယ်ဆိုတာ ကျွန်တော် အံ့သြသလို မငှေကလည်း အံ့သြဘနန်းဖြင့် သူ့အမေကို စိုက်ကြည့်နေလေသည်။

"ဟို ... ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် ကျော်ထက်ဃပါ"

"လူချောလေးပဲကွယ် ..."

"ကျေးဇူး အန်တီ"

"ကျော်ထက်ယက လက်ရေးကော စာအရေးအသားကော သိပ်ကောင်းတာပဲနော်"

"ခင်ဗျာ..."

"အမေ..."

မငွေ့မေမေက ပြောအပြီး တည်တည်ငြိမ်ငြိမ်ပဲ တခြား လူကြီးတွေဘက် လှည့်စကားပြောသည်ဆိုပေမယ့် ကျွန်တော်နှင့် မငွေ့ကတော့ ပြိုင်တူလို အသံထွက် အံ့သြသွားကြပြီး ရုတ်ချည်းပင် ကျွန်တော်က တစ်စုံတစ်ခုကို သဘောပေါက်သွားပြီး မငွေ့လေးက ရှက်သွေးဖြာဝေသွားလေသည်။

ကျွန်တော်က မငွေ့နှင့် အနီးဆုံးမှာပဲမို့ မငွေ့ လက်ကလေးအား ဘယ်သူမှမမြင်အောင် တိတ်တိတ်ကလေး ဆုပ်ကိုင်လိုက်ပါလျှင် မငွေ့ ခေါင်းငုံ့ကာ ပြုံးနေသည်ကို ကျွန်တော် မြင်လိုက်ရပါသည်။

✦ ✦ ✦



## အခန်း(၁၁)

တက္ကသိုလ် ဒုတိယနှစ် ပြန်တက်ကြတော့ ကျွန်မနှင့် ကျော်ထက်ယ ချစ်သူတွေဖြစ်လို့နေခဲ့ပြီ...။

လူတစ်ယောက်၏ အချစ်များအား အလိုလို လက်ခံမိပြီး ချစ်သူတစ်ယောက် ဖြစ်ရမည်ဟု ဘယ်စဉ်အခါကမှ ရည်စူးမထားခဲ့သည်မှာ မှန်သော်လည်း ကျွန်မ သူ့ချစ်သူ ဖြစ်ခဲ့ရသည်။

သူက အရင်လိုပဲ ကြင်နာယုယနေကာ မငွေ့လေးဟု ခေါ်ပါသည်။

သူ ကျွန်မကို ဘာကြောင့် ချစ်တာလဲဆိုတာ ကျွန်မ သိပ်သိချင်သည်။

ပြီးတော့... ဘယ်နေ့က စချစ်မိတာလဲပေါ့။

ကျွန်မ သူ့လက်ကလေးတွေကို တွဲလွဲ ဆုပ်ကိုင်လမ်းလျှောက်၍ မေးသောအခါ သူက ပြုံးနေလျက်...

"ချစ်လို့ကို ချစ်တာ၊ မငွေ့လေးကို စတွေ့တဲ့နေ့ကတည်းက ချစ်မိတာ...၊ ပန်းသီးလေးကို လှမ်းကိုင်လိုက်တဲ့ ဟောဒီ

လက်ကလေးကို ရင်ခုန်ရင်းနဲ့ ချစ်သွားတာပေါ့၊ နောက်တော့ အရမ်းလှတဲ့ ခြေထောက်လေး ...၊ ပြည့်စုံကုံလုံတဲ့ မျက်နှာလေး ...၊ အရာရာဟာ မောင့်အတွက် အချစ်တွေ ဖြစ်စေခဲ့တာပဲ မငွေ ..."

သူ့အဖြေကို ကျွန်မကတော့ ဘယ်လိုမှ အထွေအထူး မခံစားရပေမယ့် ကျွန်မကကော သူ့ကို ဘာလို့ချစ်တာလဲ သူမေးတဲ့အခါတော့ ...

"ကျွန်မ ကြိုက်တဲ့ အဆိုတော်နဲ့ မောင့်ရုပ်ကြီးက တူလွန်းလို့ ထင်တာပဲ ..."

ဤသို့ ဖြေဖြစ်လျှင် သူ မကျေနပ်ပါ ...။ ညည်းညူရှာပါသည်။

"အဲ့ဒီ အဆိုတော်ငယ်ငယ်ကနဲ့ မောင် သိပ်တူတာ၊ မောင့်ဘာသာ သိပါတယ်၊ ဒါပေမယ့် မောင့်ကိုချစ်လို့ ချစ်တာမျိုးပဲ ဖြစ်စေချင်တယ်၊ သူများနဲ့ တူလို့ ချစ်တာကြီးကတော့ ကွာ"

"ဘာလဲ ... မချစ်ရတော့ဘူးလား၊ ရတယ်နော် ..."

ကျွန်မ၏ မျက်နှာကို ခပ်တင်းတင်းထား၍ စလျှင် မောင်က လက်အုပ်ကလေး ချီကာ ...

"မလုပ်လိုက်ပါနဲ့ဗျာ ...၊ ချစ်ပါ ... ဘာကြောင့်ပဲဖြစ်ဖြစ် ချစ်နိုင်ပါတယ်"

မောင်က ကျွန်မကို အရှုံးပေးကာ တောင်းပန် တိုးလျှိုးတတ်ပါသည်။





ကျွန်မရဲ့ ဆင်းရဲတဲ့အကြောင်းကို မောင် သိအောင် ပြောပြထားလျှင် မောင်က ...

"ဆင်းရဲတာကို ချမ်းသာအောင် လုပ်လို့ရပါတယ် မငွေရယ်၊ ဒီအတွက်နဲ့တော့ လုံးဝ အားမငယ်နဲ့ ..."

မောင်က တစ်ခါတစ်ရံမှာလည်း လူကြီးလေးလို အားပေးစကား ဆိုတတ်ပါသည်။

"မောင့် မိဘတွေကရော ..."

"မောင့် မိဘတွေက မဆင်းရဲကြဘူး၊ ခြံနဲ့ တိုက်ရှိတယ်၊ အခုတော့ တစ်မိသားစုလုံး တိုက်ခန်းမှာပဲ နေပြီး မောင့်လက်ထပ်မှ အဲဒီခြံနဲ့ တိုက်ကို လက်ဖွဲ့မှာလေ"

"မောင် မှန်မှန်ဖြေနော်၊ မောင့်မှာ မိဘသဘောတူပြီးသား ကောင်မလေး ရှိတယ်မဟုတ်လား"

မောင့် မျက်လုံးတွေထဲ ထိုးဖောက် မေးမြန်းသောအခါ သက်ပြင်းမောကြီးချကာ ...

"ဟုတ်တယ် ... မငွေလေး ... ရှိတယ်၊ သူနဲ့လက်ထပ်မှ အဲဒီပစ္စည်းတွေ လက်ဖွဲ့မှာ၊ ဒါပေမယ့် စိတ်ချပါ၊ မောင် ဒါတွေ မမက်ပါဘူး၊ ကျောင်းပြီးတာနဲ့ မငွေလေးကို လက်ထပ်ပြီး ဟိုးအဝေးကြီးမှာ သွားနေမယ်နော်၊ မောင့်အင်အားနဲ့မောင် မငွေလေးကို ချမ်းသာအောင်ထားမယ်"

မောင့်ကြောင့်ပဲ ကျွန်မမှာ အင်အားတွေ ပြည့်လာရပြီး မောင့်ပခုံးပေါ် ကျွန်မ ပါးကလေး မှေးတင်ကာ ...

"ဒီလိုကြားရတာကိုပဲ ကျေးဇူးတင်ပါတယ် မောင်ရယ်၊

အဲ့ဒီအချိန် ကျွန်မက သိပ်ကို အောင်မြင်တဲ့ စန္ဒရားပညာ ရှင်ကြီး ဖြစ်ချင်ဖြစ်နေမှာ၊ မောင်နဲ့ ကျွန်မ ... ပြီးတော့ ကျွန်မ အမေ၊ အတူတူ ချမ်းသာလာအောင် ကြိုးစားကြ တာပေါ့ မောင်ရယ် ... နော်"

မောင့်မျက်နှာ ချောချောကလေးကို ငေးမော ကတိ ပေးရသော ပျော်ရွှင်ရီဝေမှုကို ဝမ်းသာအားရ ခံယူမိသည်။

✦ ✦ ✦

မောင်နှင့် ကျွန်မကြား၌ အတားအဆီး အဟန့် အတားဆိုလို့ ဘာတစ်ခုမှ မရှိခဲ့သော်လည်း အတားအဆီးဟူ၍ ထင်မှတ်မထားခဲ့သော အရာတစ်ခုက တစ်မုဟုတ်ချင်း အဟန့် အတား ကြီးကြီးမားမားဖြစ်လာသည်ကို ကျွန်မတို့ နှစ်ယောက် စလုံး မရိပ်မိ၊ သတိမပြုလိုက်မိ။ အဲ့ဒီတစ်ခုက 'ကိုးကွယ်ရာ ဘာသာမတူခြင်း' ဖြစ်သည်။ ပြီးတော့ ကျွန်မ nihgt club မှာ စန္ဒရားတီးခြင်း ...။

"အဲ့ဒီအကြွေးတွေကို မောင့်အတွက် ဖေဖေ အပ်ထားပေးတဲ့ ပိုက်ဆံတွေ အကုန်ကထုတ်ပြီး ဆပ်လိုက်ကြရအောင် မငွေ လေးရာ၊ club ကြီးမှာ စန္ဒရား ဆက်မတီးပါနဲ့တော့နော်"

club မှာ စန္ဒရားတီးခြင်းကို မောင် တားမြစ်လာ သောအခါ ကျွန်မ မာနတွေကို လှုပ်နှိုးသလိုဖြစ်သွားရကာ ...

"အဲ့ဒီလို အခွင့်အရေး မယူချင်ပါဘူး မောင်ရယ်၊ ကျွန်မ





တစ်နှစ်လောက်တော့ ဆက်တီးပါရစေ၊ ကျွန်မအနားမှာ မောင်ရှိနေတာပဲ၊ အရင်လို တစ်ယောက်တည်းထက်စာရင် တော့ ပိုလုံခြုံနေတာပဲ မောင်ရယ်"

ကျွန်မ ဖျောင်းဖျလိုက်သောအခါ ဤ club မှာ စန္ဒရားတီးခြင်းကို ခွင့်ပြုပေးလေ၏။

အဲဒီကြားထဲမှာ အိမ်တွေက စန္ဒရား ဆရာမ ငှား သောအခါလည်း club မသွားခင် သင်ပေးလိုက်သေးသော ကျွန်မ ကို မောင်က ...

"မောင့်မငွေက သိပ်လောဘကြီးတာပဲ၊ တစ်နေ့လုံး တစ် ချက်မှ မနားဘူး၊ ဒီစန္ဒရားပဲ တစိုက်မတ်မတ် တီးနေတာပဲ၊ ကျောင်းမှာလည်း ချစ်စကား ကြိုက်စကား ပြောချိန်မရဘူး၊ ကျောင်းစာကျက်ရတာနဲ့၊ စန္ဒရားတီးဖို့ node (နုတ်) ခွဲရ တာနဲ့ကွာ၊ စနေတစ်ရက်ပဲ စကားဝအောင် ပြောရတာ မောင် အားမရဘူး"

ကျွန်မက မောင် ပြောချင်ရာပြောစေသဘောနှင့် ရင့်နှုတ်ပိတ် သည်းခံနေလိုက်သောအခါ မောင်က အားမရသေး ဘဲ ...

"sunday ဆိုလည်း ဘုရားကျောင်း တက်ရတာနဲ့ ..."

"အဲ့ဒါ ဘာဖြစ်လဲ၊ ကျွန်မဘာသာ ဘာသာတရားလုပ်တာ ပဲဟာ"

"အေးလေ ...၊ ဘုရားကျောင်းတက်တာလည်း တက်တာ ပေါ့၊ ဟိုမှာလည်း အခမဲ့ ဆရာမ လုပ်လိုက်သေးတယ်၊

ကြာရင် မင်းခေါင်းကြီး စန္ဒရားထဲ ဝင်သွားတော့မယ် ...၊ ပိုက်ဆံလည်း ရတာမဟုတ်ဘဲ ...”

“မောင် ...”

ကျွန်မ အော်သံ ပြင်းရှသွားခဲ့တာ ကျွန်မဘာသာ သိနေသော်လည်း မောင့်ကို ပြန်မတောင်းပန်ဖြစ် ...။

“မောင် Sunday နဲ့ ပတ်သက်ပြီး မထိခိုက်နဲ့နော်၊ ကျွန်မ စန္ဒရားတီးတတ်လာတာ ဒီလိုပဲ Sunday School မှာ အခမဲ့ သင်ပေးလို့၊ ဒါကြောင့် ဒီမှာ စေတနာအပြည့်နဲ့ ပြန်ကျေးဇူးဆပ်နေတာ၊ အခုလို ကောလိပ်တက်ဖို့လည်း ဒီဘုရားကျောင်းကပဲ ထောက်ပံ့သင်ကြားပေးခဲ့တာ ...”

ကက်ကက်လန်အောင် ရန်တွေ့တတ်တဲ့ ကျွန်မကို မောင်က လက်မြှောက် မျက်လုံးပြူးကာ ...

“မောင်ပဲ ရှုံးတော့တာပဲ”

ဟု ညည်းလေသည်။

“မရှုံးချင်ရင် မောင် သိပ် စကားမများနဲ့ပေါ့”

ကျွန်မ၏ အနိုင်ယူပြောဆိုသော စကားကို မောင်က ပြုံးပြုံးကလေး နှုတ်ဆိတ် အရှုံးပေးသည်။

မောင့်ကို ကျွန်မ သိပ်ချစ်တာပါပဲ ...။

မောင်က အစစအရာရာမှာ အရှုံးပေးတတ်လေ့ရှိသူ ဖြစ်နေတာမို့ တကယ်တမ်း လက်ထပ်တဲ့အခါ ကျွန်မအလို၊ ကျွန်မ ဆန္ဒကို မောင် လိုက်လျောမှာပဲဟု ထင်ခဲ့သည်။

ဒါပေမယ့် မောင်က အားလုံးသာ လိုက်လျောမည်၊





တကယ်တမ်း လက်ထပ်တဲ့အခါ ကျွန်မက မောင့်ဘာသာထဲ ဝင်လာလိမ့်မည်ဟု ကြိုရှယ်တေးမှတ်ထားပုံရသည်။

ကျွန်မကလည်း မောင့်ကို အမြဲ အနိုင်ယူရင်း ချစ်ချင်နေသူပီပီ မောင်နှင့်ကျွန်မ လက်ထပ်တဲ့အခါ မောင့်ကို ‘ရေနှစ်ခြင်း’ ခံရမည်ဟု အမိန့်ထုတ်ပေးထားသည်။

ဒါကို မောင်က ခုမငြင်းသော်လည်း နောင် ဘယ်တော့မှလည်း လက်မခံဟု တေးမှတ်ထားတာကိုတော့ ခုချိန်မှာ ကျွန်မ နည်းနည်းလေးမှ မရိပ်မိ၊ မသိရှိခဲ့ ...။

✦ ✦ ✦

## အခန်း(၁၂)

တစ်ခါတစ်ရံတော့ ကျွန်မက မောင့်ကို လိုက်လျော အလိုလိုက်ရတာမျိုးလည်း ရှိသည်။

ကျွန်မ အိပ်ရာမထသေးတဲ့ အချိန် မနက်စောစောကြီး မောင် အတင်းလာနှိုးတဲ့အခါ morning breakfast သွားကျွေးရသည်။

အင်းလျားကန်ဘောင်မှာ လက်ချင်းတွဲလမ်းလျှောက်ရင်း မနက်ခင်း နေထွက်ချိန်ကို စောင့်ကြည့် အော်ဟစ်နှုတ်ဆက်ကြသည်။ မနက်ခင်း အနမ်းပွင့်ကိုလည်း အပြန်အလှန် မျှဝေခံစားရသည်။

မောင့် အလိုဆန္ဒ ပြည့်ဝနေခဲ့တဲ့အခါမှာ မောင်က ကလေးလေးတစ်ယောက်လို တခစ်ခစ် ရယ်မောနေလေ့ရှိပြီး ကျွန်မ မောင့်ကို အချိန်မပေးနိုင်သည့်အခါမှာ လူကြီးတစ်ယောက်က ကလေးတစ်ယောက် ဘာတွေလုပ်နေသလဲဟု စောင့်ကြည့်နေပုံမျိုးနှင့် လူကြီးဆန်နေခဲ့သည်။





ကျွန်မနောက်မှာ အမြဲ ကပ်ငြိတွဲပါနေခဲ့ပြီး လိုအပ်သလို ကူညီဖြေရှင်းရင်း စောင့်ရှောက်တတ်ခဲ့သည်။

ကျွန်မမှာ ဘဝအမောတွေထဲ ရုန်းကန်နေရပေမယ့် အနားမှာ မောင် ရှိနေသည်ဟု တွေးလိုက်ရုံနှင့် အမောပြေနိုင်ခဲ့သည်မို့ မောင်နှင့် ချစ်သူဖြစ်ရသည့်အတွက် ကျေနပ်နေခဲ့မိသည်။

တစ်ခါတလေ မောင့်လှုပ်ရှားမှုတွေကို အနားမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး စောင့်ကြည့်နေရသူဟာ ကျွန်မ ဖြစ်ချင်လာသည်။

မောင့် မျက်နှာလေးကို မမှိတ်မသုန်ကြည့်ကာ မောင် မုန့်စားနေတာ၊ မောင် သီချင်းတိုးတိုးလေး ညည်းတာမျိုးတွေကို ကျွန်မ စိတ်လိုလက်ရ ငေးမောတတ်လာသည်။

မောင့်ကို ကျွန်မက သိပ်မချစ်ဘူးဟု မောင်ကထင်နေပေမယ့် ကျွန်မက ရှင်းမပြခဲ့ပေမယ့် ကျွန်မရင်ထဲက နက်ရှိုင်းသော အချစ်ကို မောင် တစ်နေ့မြင်မှာပဲလို့ ကျွန်မ ယုံသည်။

မောင်က ကျွန်မရဲ့ ချစ်လို့ပင်မဝသော ချစ်သူဖြစ်သည်။

ကျွန်မတို့ ဒီလို အပြန်အလှန် ချစ်တတ်နေကြ၍ သူတို့နှစ်ဦးကြား ပြဿနာမရှိဘူးဟု ထင်လောက်စရာရှိသည်။ ဟင်း ... မထင်မကြီးပါနှင့်။ အသေးအမွှားပြဿနာလေးတွေ ရှိသည်။ ပြဿနာ အသေးအမွှားလေးထဲက တစ်ခုကတော့ ထူးထူးဆန်းဆန်းလေး ရှိခဲ့သည်။ ထိုကိစ္စက ရယ်စရာလည်းကောင်း၊ စိတ်ဆိုးစရာလည်း ကောင်းသည်။

မောင်လေ ... မိန်းမဆန်တဲ့ မောင့် စိတ်ခံစားမှုကြောင့် စခဲ့တယ်ပဲ ပြောမလားနော် ...။

အဖြစ်အပျက်ကတော့ သကြိန်မှာ အစပြုလေသည်။

ကျွန်မတို့ ခရစ္စမတ်ကို မြန်မာတိုင်းက စိတ်ဝင်စားတာ မဟုတ်သလို ကျွန်မကလည်း မြန်မာနှစ်ကူးသကြိန်ကို တစ်ခါမှ စိတ်ဝင်တစား ရင်ခုန်ပန်းတုန် မဖြစ်ဘူးခဲ့။ မောင်နှင့် ချစ်သူဖြစ်ခဲ့တဲ့ ဒီနှစ်မှာလည်း သကြိန်ကို ထူးခြားပြီး ပိုမခံစားရပါ။

မောင်ကတော့ သကြိန်ကို ကျွန်မနှင့်ပျော်ဖို့ အတော့်ကို စိတ်ကူးရင်ခုန်နေပုံရသည်။ သကြိန်အကြောင်းပြောတဲ့ မောင့်နှုတ်ခမ်းတွေ ပန်းသွေးကြွလို့၊ မောင့်မျက်ဝန်းတွေ တဖျပ်ဖျပ် လင်းလက်လို့ ...။

"မောင်တို့ သကြိန်ငါးရက်လုံး လျှောက်လည်ကြမယ်နော်၊ ဖိုးကျော်တို့နဲ့ တစ်ရက်ပဲ လည်မယ်၊ ကျန်တဲ့ရက်တွေ မဒွေးလေးနဲ့ မောင် နှစ်ယောက်တည်း မန္တလေးထွက်မယ်၊ တစ်နေ့လုံး လျှောက်လည်ပြီး ညကျရင် မဒွေးလေးနဲ့ ကိုယ်ကိုယ်စီ အခန်းထဲမှာ တကွဲတပြား မနေဘဲ ဝရံတာထွက်ပြီး စကားတွေ အဝပြောမယ်"

မောင်က လန်းဆန်းတက်ကြွစွာ ပြောနေသော်လည်း အသက်မဝင်သော ကျွန်မ မျက်ဝန်းများနှင့် အေးစက်သော ကျွန်မ အပြုံးများကို မောင် သတိထားမိသွားကာ ...

"ဘာဖြစ်နေတာလဲ မဒွေးလေး ...၊ မောင့်ကို စိုက်ကြည့်နေလိုက်တာ၊ မောင့်မျက်လုံးထဲမှာ မျက်ချေးကပ်နေလို့လား၊





နှပ်ချေးတွဲလောင်း ဖြစ်နေလို့လား၊ သွားမှာ ဘာကပ်နေလို့လဲ ..."

မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကို စမ်းကာ ရယ်စရာ ပြောလေတော့ ကျွန်မက ရယ်မိပြီး ...

"မဟုတ်ပါဘူး မောင်ရယ်၊ မောင်က အမြဲတမ်း သပ်ရပ်ချောမောပါတယ်"

"အား ... အား ..."

မောင်က သူ့ခေါင်းကို ဖိကာ ထအော်တော့ ကျွန်မ ရင်ထဲ အထိတ်တလန့်ဖြစ်သွားပြီး မောင့်ခေါင်းပေါ် ဘာများပြုတ်ကျတာလဲဟု ဘောဘီဝဲယားကို ကြည့်ရင်း ...

"ဘာဖြစ်လို့လဲ မောင် ..."

မောင်က ဦးခေါင်းကို လက်ဖြင့် ပွတ်သပ်ရင်းက

"မောင့် မဒွေးလေး အမြှောက်ကောင်းလို့ မောင် ကောင်းကင်နဲ့ နှစ်ချက်ဆောင့်မိသွားတယ်၊ အား ... နာလိုက်တာ"

"ဟာကွာ ... မောင်ကလဲ သိပ်နောက်တာပဲ၊ ဘာမှန်းလည်း မသိဘူး၊ ကျွန်မဖြင့် လန့်သွားတာပဲ"

ကျွန်မက မောင့်ပေါင်ကို လက်သီးဖြင့်ထုကာ မျက်နှာကို တမင် စူပုပ်ထားလိုက်လျှင် မောင့်မျက်နှာက ကျွန်မ မျက်နှာအနားသို့ တမင်တိုးကပ်လာကာ ...

"အဲ ... ရယ်တော့မယ်၊ ကဲ ... ကြည့်စမ်း၊ ဟ ချစ်သူလေးရဲ့ သွားလေးတွေ ပေါ်လာပြီ၊ ဟ ချစ်သူလေးမှန်ရင် ရယ်စမ်းပါဗျာ၊ ရယ်ပြီ ... ရယ်ပြီ၊ ဟား ... ဟား"

မောင်နှင့် ကျွန်မ ပြိုင်တူရယ်မောမိသည်။ မောင့်အစအနောက်တွေကြောင့် ကျွန်မ စိတ်လွတ်ကိုယ်လွတ် ရယ်မောခွင့် ရခဲ့သည်။

"ဟင်း … မောင်က တဃဃနဲ့ …"

အဲ့ဒီနေ့က တကယ်ပြောရမည့် စကားကို မပြောဖြစ်ဘဲ တကယ်တမ်း သင်္ကြန်အကြိုနေ့ကျမှ မောင့်တစ်ကိုယ်လုံး ရေတွေရွှဲရွှဲနစ်အီကာ ကျွန်မရဲ့ အိမ်သေးသေးလေးရှေ့မှာ ရပ်ကာ လာခေါ်သည်။

ထိုအချိန်က ကျွန်မနဲ့ အမေ နှစ်ယောက်သား ဘုရားကျောင်းသွားဖို့ အဆင်သင့်ပြင်အပြီး အိမ်ရှေ့ထွက်လိုက်လျှင် အိမ်ဝမှာ ငုတ်တုတ်လေး ထိုင်နေတဲ့ မောင့်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဘုရားသခင် …"

နှုတ်မှ အာမေဋိတ်သံလေးပင် ထွက်သွားခဲ့သည်။ မောင့် နှုတ်ခမ်းရဲရဲကလေးက ပြုံးနေပေမယ့်လည်း တဆတ်ဆတ်တုန်နေတာကတော့ မောင် အရမ်းချမ်းနေပြီဆိုတာကို သက်သေပြနေသည်။

ဒါပေမယ့် မောင်ဟာ နီးကြားစွာ ပြုံးနေခြင်းအစစ်အမှန်ဖြင့် …

"မောင် … ဘာလာလုပ်တာလဲ"

ဆိုသည့် ကျွန်မ အမေးအား …





"ဟာ … မဍေလေးကလည်း လျှောက်လည်မယ်လေ၊ မနက်ဖြန် မန္တလေး ထွက်ကြမယ်လေ …"

"ဘယ်သူပြောလဲ …၊ ကျွန်မက အမေနဲ့ ဘုရားကျောင်းမှာ ငါးရက် သွားနေပြီး ဥပုသ်စောင့်မလို့လေ၊ မောင်နဲ့ လျှောက်လည်မယ်လို့ ကျွန်မ ကတိပေးခဲ့ဖူးလို့လား …"

"မဍေ … နောက်နေတာလား၊ တကယ်လားကွာ"

"တကယ်ပါဆို …၊ နောက်စရာလား"

"တစ်ရက်လေးပဲ လိုက်လည်ပါကွာ"

"ဟင့်အင်း … ကျွန်မ သင်္ကြန်ကို ရင်ကိုမခုန်တာ၊ သင်္ကြန်ကြောင့် ဘာမှ ထူးခြားတာလည်း ရှိမှာမဟုတ်ဘူး …"

ကျွန်မ စကားမဆုံးသေးခင်မှာလည်း မောင် ဆက်မပြုံးတော့ဘဲ ထွက်သွားလိုက်တာ ဘယ်ရောက်သွားသည်မသိ၊ ဖမ်းလို့ကို မမိ။

✦ ✦ ✦

## အခန်း(၁၃)

သကြိန်ဆိုတဲ့ အရာဟာ ကျွန်တော့် ဘဝတစ်စိတ်တစ်ဒေသပါပဲ ...။ ငယ်ငယ်လေးကတည်းက သကြိန်ဟာ ကျွန်တော့်ကို အေးမြမှုတွေ ပေးခဲ့တယ်။ ဘယ်သူ့အပေါ်မှာ မကျေနပ်ခဲ့ဖူးပါစေ သကြိန်ရောက်လို့ သူတစ်ပြန် ကိုယ်တစ်ပြန် ရေစင်ဖြန်းခွင့် ရခဲ့လျှင် ကျွန်တော့် အညိုးတွေ ကြေသွားတတ်ပါသည်။

ကျွန်တော့်အတွက် ကျက်သရေရှိလှသော ဒီလိုအချိန်အခါမှာ တစ်ဘဝလုံး လက်တွဲဖို့ မျှော်ရည်ထားသော ချစ်သူနှင့် သကြိန်ရက်တွေမှာ အတူရှိချင်တာ ကျွန်တော် လွန်ခဲ့သလား ...။

မလွန်လောက်ဘူးဟုပဲ လက်ခံနေမိသည်။

မငွေလေးသည် သကြိန်အကြိုနေ့တွင် ကျွန်တော်၏ စိတ်ကူးအိပ်မက်များကို 'သကြိန်ကို ရင်မခုန်ဘူး' ဆိုသော စကားတစ်ခွန်းဖြင့် ပျက်သုန်းမှုန်သီသွားစေသည်။

မငွေလေးကို စိတ်ဆိုးမာန်ဆိုး ပြုမိလိုက်တဲ့ အလုပ်





ကလေးတစ်ခုကတော့ ကုသိုလ်တစ်ခု ပြုလုပ်မိလျက်သား ဖြစ်သွားသည်။

မငွေ့အိမ်ကနေ ဒေါသများဖြင့် ဆူဝေစွာ ပြန်လာခဲ့သော ကျွန်တော့်အား ဖိုးကျော်နှင့် ချိုချို လာခေါ်ချိန်မှာတော့ သူတို့ အံ့အားသင့်သွားတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ခရီးထွက်မည့် ဒယ်ဒီ၊ မာမီတို့နှင့် လိုက်ဖို့ အဆင်သင့်ဖြစ်နေခဲ့ပြီမို့ ဖြစ်သည်။

"ဘယ်သွားကြမလို့လဲ အန်ကယ်"

ဖိုးကျော်က ကျွန်တော့်ကို မမေးဘဲ ဒက်ဒီ့ကိုမေးလိုက်သည်။

"မော်ဘီဘက်က သဲအင်းဂူမှာ ရိပ်သာဝင်မလို့ ငါ့တူရေ"

"ဟုတ်ကဲ့ ... အန်ကယ်၊ ဒါဆို ဃရော ..."

"လိုက်မလို့တဲ့ကွာ ...၊ အခုမှ ကောက်ခါငင်ခါပဲ၊ အစကတော့ သူပဲ မန္တလေးလည်မယ်လေး ဘာလေးနဲ့ ..."

ဒက်ဒီ့စကားဆုံးတော့ ဖိုးကျော် မျက်လုံးတွေ ပြူးထွက်လာပြီး ...

"ဃ ... ဘယ်လိုဖြစ်တာလဲ"

"ဘုရား ... တရား အလုပ် လုပ်ချင်စိတ် ပေါက်လာလို့ပေါ့ကွာ၊ ခဏပါ ..."

ဖိုးကျော်က မယုံပါဘူးဆိုသော အပြုံးဖြင့် ကျွန်တော့်နား တိုးကပ်လာကာ အံကြိတ်သံဖြင့် ...

"ဟုတ်ရဲ့လားကွာ၊ မင်း အစက ဒီဠှပါ၊ ငါတို့ကို လာနှပ်

မနေနဲ့...၊ မင်း မဋ္ဌေ သကြိန်မလည်ဘူးတဲ့လား...၊ ဟော့ကောင် ဒါပဲရှိတယ်၊ နေပစေပေါ့ကွာ၊ သူမပါလည်း ငါရှိတာပဲ၊ မသွားစမ်းပါနဲ့ ရိပ်သာ"

ကျွန်တော်က ဖိုးကျော် ရင်ဘတ်ကို လက်သီးဖြင့် ထိုးကာ...

"မဋ္ဌေကြောင့် ရလာတဲ့ ကုသိုလ်စိတ်ကလေးကို လာမဖျက်စမ်းပါနဲ့၊ မင်းဘာသာ သွားစမ်းပါကွာ၊ သွား... သွား"

"ဟ... ဟ... ဟော့ကောင် ဟိုမှာ တရားကြီးပဲ ထိုင်ရတာနော်၊ မင်း အိစိမ့်ပြီး နှစ်ရက်လောက်နဲ့ ပြန်မလစ်လာရင် ငါ့ကို ကြိုက်သလို ပြော..."

"မင်းက ဘယ်လိုလုပ် သိနေတာလဲ"

"ငါ့ညီမလေးလေ သူ့အဒေါ်တွေနဲ့ လိုက်သွားဖူးတယ်၊ သွားတုန်းကတော့ ဆယ်ရက်ဆိုပြီးပေါ့ကွာ၊ ဟိုလည်း ရောက်ပြီး နှစ်ရက်လောက်ကျတော့ အိပြီး ပြန်ပြေးလာတယ်လေ၊ ဒါတောင် ငါ့ညီမက ဘုရား၊ တရား သိပ်လုပ်တာနော်၊ တရားထိုင်ကျင့်လည်း ရှိပြီးသား၊ သူတောင် မခံနိုင်ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ၊ တရားတွေပေါက်ပြီး နိဗ္ဗာန်ရောက်သွားလည်း ကောင်းတာပဲ၊ ငါလိုက်သွားတော့မယ်၊ မင်း မဋ္ဌေကို တွေ့ရင်ပြောလိုက်... ငါ ဘုန်းကြီးဝတ်သွားပြီလို့"

"အေး... ဘုန်းမဋ္ဌေကိုလည်း စိတ်ကုန်သွားပြီလို့..."

"ဟ... ဒါတော့ မပါနဲ့လေကွာ"





"ကဲ... သားတို့ရေ၊ ဘာတွေပြောနေကြတာလဲ၊ သွားရအောင်လေ..."

ကျွန်တော်နှင့် ဖိုးကျော်ကို လှမ်းကြည့်ရင်း မာမီက ပြောလာတာကြောင့် ကျွန်တော်တို့ ကိုယ်ချင်းခွာလိုက်ကြကာ...

"သွားမယ်... ဃရေ၊ သာဓုပါကွာ... သာဓု သာဓု"

စနောက်ပြောင်ပြကာ ချိုချို့ကို ဆွဲခေါ်ပြီး ဖိုးကျော် ပြန်သွားတော့မှ ကျွန်တော်လည်း အခန်းတံခါးကို သေသေချာချာ ပိတ်ပြီး ဒက်ဒီ မာမီတို့နှင့်အတူ လှေကားထစ်ကလေးများကို နင်းကာ ဆင်းလာခဲ့သည်။

မှန်လုံ ဘတ်စ်ကားကြီးဖြင့် လိုက်ပါလာခဲ့ကြပြီး ရိပ်သာသို့ ရောက်ရောက်ချင်း ကျွန်တော့်စိတ်တွေ ရင့်ကျက်တည်ငြိမ်လာသည်ဟု ခံစားလိုက်ရသည်။ အမှန်ပင် ဖိုးကျော် ပြောသည့်အတိုင်း ဘုရားရှိခိုး၊ တရားထိုင်ခြင်းကို အချိန်ပြည့် ပြုလုပ်ရသည်။

တစ်နေ့ထက် တစ်နေ့ တရားထိုင်ခြင်းကို ပို၍ နှစ်သက်မိလာသည်။

တရားထိုင်နေရလျှင် ကျွန်တော်၏ စိတ်တွေ မိနစ်တိုင်း စက္ကန့်တိုင်း အေးမြကြည်လင်၍ နေလေသည်။

ဒက်ဒီနှင့် မာမီပင် ကျွန်တော့်ကို အံ့သြလက်ဖျားခါနေကြသည်။

မဋ္ဌုဿဏ္ဍနတ်ပန်းများ ကောက်မိသည့်အချိန်များတွင်လည်း အာရုံစုစည်းမှုရနေသဖြင့် ပူပန်သောကများ ဝေးလွင့်၍ နေသည်။

ရိပ်သာမှာ နေရတာ ကျွန်တော် ပျော်နေတာကြောင့် ဒက်ဒီနှင့် မာမီလည်း စိတ်အေးအေး တရားသီလ စောင့်ထိန်းနိုင်လေသည်။ ရိပ်သာဝင်တာ ဆယ်ရက်ပြည့်တဲ့နေ့တွင် ကျွန်တော် သင်္ကန်းစည်းဖို့ ဆုံးဖြတ်မိခါနီးဆဲဆဲလေးမှာပဲ ဖိုးကျော် လိုက်လာခဲ့သည်။

အဖြူရောင် လည်ကတုံးအင်္ကျီနှင့်ယောဂီပုဆိုးအညိုကို တွဲဖက်ဝတ်ဆင်ကာ တရားထိုင်ပြီး ထလာသော ကျွန်တော့်ကို ဖိုးကျော်က လေးစားသော မျက်လုံးများဖြင့် ခဏတစ်ဖြုတ်ကြည့်ကာ စပ်ဖြီဖြီမျက်နှာမျိုးဖြင့် ...

"မင်း ဖြန်ချင်နေပြီ မဟုတ်လား ဃ ...၊ ဟား ... ဟား မင်းက ကျောင်းထမင်း ကျောင်းဟင်းစားပြီး ဝစိုနေတာပဲ၊ အေး ... မင်း မငွေလေးတော့ မင်းကို စိတ်ဆိုးနေပြီ၊ မင်း ပြန်လိုက်ခဲ့ပြီး ချော့သင့်ပြီ"

ကျွန်တော်က ကျွန်တော် သင်္ကန်းဝတ်ချင်သေးတဲ့ အကြောင်း ပြောပြလိုက်တော့ ...

"မင်း ကတုံးကြီးနဲ့ ပြန်လာလို့ သူ ပိုစိတ်ဆိုးနေပါဦးမယ်ကွာ၊ ဆယ်ရက်တောင် ကုသိုလ်ပြုပြီးပြီပဲ၊ ပြန်လာပါတော့ကွာ ..."

ဖိုးကျော်၏ ဖျောင်းဖျပြောဆိုမှုကြောင့် သင်္ကန်းစည်းမည့် အစီအစဉ်ကို အကောင်အထည် မဖော်တော့ဘဲ ဒက်ဒီနှင့် မာမီ့ကို ခွင့်တောင်းကာ ဖိုးကျော်နှင့် ပြန်လိုက်လာဖြစ်ခဲ့သည်။

✦ ✦ ✦





ကျွန်တော် ပြန်ရောက်တဲ့ အချိန်က ကျောင်းဖွင့်ရက်ဖြစ်နေတာကြောင့် မငွေလေးကို ကျောင်းမှာ ပြန်စတွေ့ရသည်။

မငွေလေးက ပတ်ဝန်းကျင်ကို သိပ်မကြည့်ဘဲ စာကိုပဲ ဂရုတစိုက် နားထောင်နေတာမို့ တည်ငြိမ်စွာ ညို့အားပြင်းသော မငွေ့အလှကို ကော်ရစ်ဒါကနေ ငေးမောခံစားလို့ရနေသည်။

စာသင်ချိန် ပြီးသွားလို့ ဆရာမ ထွက်သွားသည့်အခါ ထုံးစံအတိုင်း စန္ဒရားစာအုပ်ကြီးဖွင့်ကာ သူမ၏ အာရုံနှင့် မျက်လုံးများကို ပစ်သွင်းထားသည်။

ကျွန်တော် အနားမှာဝင်ထိုင်ကာ သူမခေါင်းကလေးကို ဆွဲယူပြီး ကျွန်တော့်ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်တော့ မငွေလေး လန့်ဖျပ်ပြီး ရုန်းထွက်သည်။

ရုန်းကန်ရင်းကမှ ကျွန်တော်မှန်းသိသွားတော့ ဒေါသကြောင့် နီမြနေသော သူမမျက်နှာကလေး ရွှေရောင်လို ပြန်လှဲဝါသွားပြီး ...

"မောင် ပြန်လာပြီ ...၊ တော်ပါသေးရဲ့၊ မောင် ကတုံးဖြစ်မလာလို့၊ ကျွန်မက ကတုံးကြီးနဲ့ မောင့်ကို ပြန်ချစ်လို့မှ ရပါ့မလားလို့ စိတ်ပူနေတာ ... ဟီ ဟီ ..."

စိတ်မဆိုးတော့သည့်အပြင် တောက်ပသော မျက်ဝန်းလေးများဖြင့် သွားတန်းဖြူဖြူလေးများပေါ်အောင် ရယ်နေပုံကလေးကို ကျွန်တော့်နှလုံးအိမ်ထဲမှာ သိမ်းဆည်းလိုက်မိသည်။

မငွေလေးက ကျွန်တော့် ခါးကိုဖက်ပြီး ကျွန်တော့်ပခုံးတွင် မှီနွဲ့ကာ ...

"မောင်က အသံမပေးဘဲ ကျွန်မကို ဖက်လိုက်တော့ ကျွန်မ အရမ်းလန့်သွားတယ်၊ မောင်ကလွဲပြီး ဘယ်ယောကျ်ားကမှ ကျွန်မအသားကို ထိခွင့်မရှိဘူးလေ၊ စိတ်လည်းတိုမိတယ်၊ အနားရောက်လာမယ့် မောင့်မျက်နှာလေးကို ကြိုမမြင်လိုက်ရဘူး၊ အင်းလေ ... ကျွန်မက စန္ဒရားသံစဉ်တွေပဲ စိတ်ရောက်မိနေတာကိုး"

"မောင့်ကို မငွေက စန္ဒရားတစ်လုံးလောက်တောင် မချစ်ဘူးလားဟင်၊ မငွေလေး ဘဝကို စန္ဒရားလက်ထဲ အပ်မှာလား၊ မောင့်ကို အပိုင်ပေးမှာလား"

"ဟင်း ... ကျွန်မရဲ့ ဘဝထဲကို စန္ဒရားတီးရင်း မောင့်ကို အပိုင်သိမ်း ခေါ်လိုက်မှာ ..."

"ဩော် ... သံတမန်စကားနဲ့ ဖြေတာပေါ့၊ မောင် ဘုန်းကြီးဝတ်တော့မယ်ဆိုပြီး ဖိုးကျော် လာပြောတော့ မငွေလေး စိတ်ထဲ ဘယ်လိုခံစားလိုက်ရလဲ"

"ဘာမှတော့ ထွေထွေထူးထူး မရှိလိုက်ဘူး၊ ဒါပေမယ့် ကျွန်မနဲ့ မောင့်ကြားမှာ ဒီဘာသာမတူတဲ့ အကြောင်းကြီးက ရှိနေတော့ လက်ထပ်လို့မှ ဖြစ်ပါ့မလားလို့ ...၊ ဒါပဲနော် မောင်၊ ကျွန်မကို လက်ထပ်မယ်ဆို မောင် ခရစ်ယာန်တစ်ယောက် ဖြစ်ဖို့လိုတယ်"

မငွေလေး စကားကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ကျွန်တော့် မျက်လုံးထဲမှာ ရွှေတိဂုံ စေတီတော်





မြတ်ကြီးကို မြင်လာသည်။ ရိပ်သာမှာ ခံစားရတဲ့ အေးချမ်းမှုကိုလည်း ပြန်ခံစားမိသည်။

အိမ်ဘုရားခန်းမှာ ညစဉ် ဘုရားရှိခိုး၊ တရားထိုင်နေကြ ဒက်ဒီနှင့် မာမီ့ကိုလည်း သတိရမိသည်။

ကျွန်တော် ဗုဒ္ဓမြတ်စွာ ဘုရားကို မစွန့်လွှတ်နိုင်တာပိုသေချာလာသည်။ ပြီးတော့ မငွေလေးကိုလည်း အရမ်းချစ်မိနေပြီ။

"အာဃာတ အစွဲအတေးတော့ မထားနဲ့ပေါ့ မငွေလေးရယ်၊ ဘာသာကွဲအချင်းချင်း လက်ထပ်ပေါင်းသင်းနေကြတဲ့ လူတွေ အများကြီးပါကွာ၊ လက်ထပ်ပြီးရင် မငွေလေးလည်း ဘုရားကျောင်း သွားခွင့်ရှိသလို မောင့်ကိုလည်း ညစဉ် ဘုရားရှိခိုးခွင့် ပေးပါနော် ..."

ကျွန်တော့်ရင်ထဲက တိတ်တိတ် ကျိတ်ပြောနေတာကို မငွေလေးက မကြား ...။ ရင်ခွင်ထဲ မှိန်ခွေ့ရင်းသာ အနာဂတ်ကို တွေးနေတဲ့ မငွေလေး မျက်နှာကို ငုံ့ကြည့်ရင်း ဦးနှောက်ထဲမှာ အကြံလေးတစ်ခု လင်းခနဲ ပေါ်လာသည်။

"မငွေလေးကို မောင် ပဟေဠိတစ်ခု ဖွက်မယ်၊ မငွေလေး ဖြေမလား"

"ဖြေမှာပေါ့ မောင်ရဲ့"

"ရိုးတံတွေက အစိမ်းရောင်မဟုတ်ဘူး၊ ခြောက်နွမ်းနွမ်းနဲ့၊ ပြီးတော့ ဆူးတွေအများကြီးပဲ၊ အဲ့ဒီဆူးတွေရဲ့ ထိပ်နား

တစ်ဝိုက်မှာ အရှက်စိမ်းတွေ၊ အရွက်စိမ်းတွေကို ခေါက်ရိုး ချိုးလိုက်ရင် အဖြူရောင် အစေးတွေထွက်တယ်၊ ပွင့်ချပ်က နှစ်ချပ်တည်း၊ အဲ့ဒါ ဘာလဲ"

မငွေလေး စက္ကန့်အနည်းငယ် စဉ်းစားနေချိန်မှာ ကျွန်တော်က မငွေလေးရဲ့ ပါးကို နမ်းဖို့ အဆင်သင့် အနေအထား နှင့် စောင့်နေခဲ့သည်။

"သိပြီ … Kiss Me … အို … "

အငိုက်မိသွားသော မငွေလေးရဲ့ နှုတ်ခမ်းမှာ ပန်းပွင့် လေးတွေ တွဲခိုသွားလေသည်။ မငွေလေး ရှက်သွားတာကိုကြည့် ပြီး ကျွန်တော် ပျော်ရွှင်မိသည်။

"မောင်က သိပ်လည်တာပဲကွာ၊ သွား … "

ရှက်ရမ်းကလေးဖြင့် ကျွန်တော့်ကို တွန်းဖယ်ရင်း တစ်ဖက်လှည့်သွားတာမို့ နက်မှောင်တောက်ပတဲ့ မငွေလေးရဲ့ ကျောပေါ်က ဆံကေသာကလေးများကို လက်ဖြင့် ကိုင်ဆော့ခဲ့ သည်။

ဆံသားလေးတွေကို ဆွဲယူ နမ်းရှိုက်တော့ ရေမွှေးနံ့ သင်းသင်းလေးကို ရရှိလေသည်။

ကျွန်တော့် စိတ်ထဲက ပြောကြည့်သည်။

မငွေလေး ဒီလို ကျောခိုင်းထားမှာ အမြဲတမ်းလား အမြဲတမ်းဆိုခဲ့ရင် ကျွန်တော် ခံနိုင်ရည် ရှိပါ့မလား

ဟင့်အင်း … မသိဘူး။





ဒီအတွက် ကျွန်တော့် အာရုံတွေ ဒွိဟဖြစ်နေတယ်။ သိလိုက်တာ တစ်ခုတော့ ရှိတယ် … ။ ဘုန်းမငွေကို အသည်းစိမ့်အောင် ချစ်တယ်ဗျာ … "

✦ ✦ ✦

## အခန်း(၁၄)

ယနေ့ အဖေဆုံးပြီးသည့်နောက် သုံးနှစ်ပြည့်မြောက်သည့်နေ့ ....။

နှစ်စဉ်တိုင်း အဖေ မဆုံးခင် ကုသမှု ခံယူခဲ့ဖူးသော ကုစက်ဆေးရုံတွင် ကျွန်မ တတ်နိုင်သမျှသော ငွေကို လှူဒါန်းသည်။

ထုံးဆန်းစွာဖြင့်ပဲ ငွေလှူအပြီး ပြန်ထွက်လာချိန်တွင် တွေ့ရလိမ့်မည်ဟု ထင်မှတ်မထားသော လူအချို့ကို မမျှော်မှန်းသော နေရာမှာ တွေ့လိုက်ရသဖြင့် အံ့ဩသွားမိသည်။

ကျွန်မကို တွေ့တွေ့ချင်းမှာ မိုးပြိုတော့မယောင် မျက်နှာထားနှင့် မှိုင်းညို့သွားသော အမျိုးသမီးကြီး နှစ်ယောက်က အဖေ့ အမေနှင့် အဖေ့ ဒုတိယ ဇနီး ....။

ဒေါ်စိန်ခိုင်ဟု ခေါ်သော အဘွားကြီးသည် မာနဆိပ်တက်နေသော မျက်နှာဖြင့် ကျွန်မကို အကဲခတ်ကြည့်ရှုနေကာ





ကျွန်မ၏ အကြည့်နက်နက်အောက်တွင် အဖေ့ဇနီး ဒေါ်ခင်နွယ်မျိုးက မလုံမလဲဖြစ်၍နေသည်။

"နင် ဒီကို ဘာလာလုပ်တာလဲ ..."

ဩော် ... ထူးဆန်းပါလေစွ ...။ စိတ်ရဲ့တွန်းအားကြောင့် ကျွန်မ နှုတ်ခမ်းဖျားတွင် ညစ်ကျယ်ကျယ် အပြုံးများ ရောက်လာကာ ချက်ချင်းပဲ ပျောက်ကွယ်သွားသည်။

"ဒီနေ့ အဖေဆုံးတာ သုံးနှစ်ပြည့်လို့ အလှူလာလုပ်တာပါ ဘွားဘွား"

အဘွားကြီး၏ မျက်ခုံးဖျားကလေး ဆတ်ခနဲ ကော့တက်သွားသလို အဖေ့ဇနီးရဲ့ နှုတ်ခမ်းလေးတွေကညး ပွင့်ဟသွားတာကို မြင်လိုက်ရသည်။

"ဘွားဘွားတို့ကော ..."

ကျွန်မက ရိုးသားစွာ မေးလိုက်သော မေးခွန်းကို သူတို့ တုန်လှုပ်ချောက်ချားသွားကာ အပြိုပြိုအလဲလဲ မျက်နှာကို ပြန်လည်ပြုပြင်၍ ...

"နင်နဲ့မဆိုင်ပါဘူး သူငယ်မ ...၊ ကဲ ... သွားတော့၊ ငါတို့မှာ အချိန်သိပ်မရှိဘူး ..."

ဘုဘောက်ကျသော စကားကိုပြောကာ ကျွန်မကို ကျော့ရှောင်ထွက်သွားကြသည်။ အဖေ့ဇနီး ဒေါ်ခင်နွယ်မျိုးက ကျွန်မကို အဓိပ္ပာယ်ရှိသော မျက်ဝန်းမျိုးဖြင့် လှည့်ကြည့်သွားတာကို ကျွန်မက မြင်ဖြစ်အောင် မြင်လိုက်သည်။

"အမေ့ကိုယူလိုက်လို့ သမီးအဖေ အမွေပြတ်ခံရတာ၊ အမေ့ကြောင့်ပါ သမီးရယ်၊ သူက ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရွှေလိုဥ မွေးခံခဲ့ရပြီးမှ ဖြုန်းဆို ဆင်းရဲသွားတော့ တော်တော် စိတ်ထိခိုက်သွားရှာတာ၊ သမီးကို အမေမွေးတော့ ဘယ်အလုပ်လုပ်နိုင်မလဲ၊ ပိုက်ဆံဘယ်ရှာနိုင်မလဲ၊ အမေ့အမျိုးတွေ ဝိုင်းထောက်ပံ့ပေးလို့သာ သမီးနဲ့ အမေ အသက်ရှင်ခဲ့ရတာ၊ ဆင်းရဲတဲ့ ဒီဒဏ်ကို သမီးအဖေ မခံနိုင်တော့လို့ ကိုယ်လွတ်ရုန်းသွားတာ ဖြစ်ပါလိမ့်မယ်၊ သမီး အပြစ်မယူနဲ့ ..., အဖေ အခုလို ရောဂါဆိုးနဲ့ ပြန်လာတော့ ကြင်ကြင်နာနာ ပြုစုပါ သမီးလေးရယ်"

အမေ ဆုံးမခဲ့ဖူးသော စကားကို နားထဲမှာ အထပ်ထပ် ကြားယောင်မိသည်။ ကျွန်မ အကြိမ်ကြိမ် ထပ်တလဲလဲ စဉ်းစားမိတော့ အဖေသာ ယောကျ်ားပီသစွာ အလုပ်လုပ် ငွေရှာရင်း အမေ့ကို သစ္စာရှိရှိ ပေါင်းသင်းခဲ့ရင် တစ်ကိုယ်ကောင်းစိတ်ခါတ်နဲ့ ကိုယ်လွယ်ရုန်းထွက်မသွားခဲ့ရင် အဖေ့မှာ ဒီ AIDS ရောဂါကြီး ရလာမှာ မဟုတ်ဘူးနော်။ ဒီလောက် သစ္စာဖျက်ယွင်းခဲ့တဲ့ အဖေ့ကို အမေက ဘယ်လို ချစ်စိတ်ခွန်အား မျိုးနဲ့ ပြန်ချစ်၊ ပြန်ပြုစုနိုင်ခဲ့ပါသလဲ ...။

အဲဒါ အချစ်မေတ္တာက လွဲပြီး ဘာတစ်ခုမှ မရှိနိုင်တော့ဘူးနော် ...။ ကျွန်မဆိုရင် အဲလောက်ထိ အချစ်ကို ဦးစားပေးနိုင်လိမ့်မည်မထင် ...။

အချစ်ထက် အရေးကြီးသော အရာများစွာတို့ကြား





မှာ လူတွေ ခေါင်းမဖော်နိုင်အောင် နစ်မျောကူးခတ်နေကြရတာ မဟုတ်လား။

ကျွန်မကလည်း ထိုလူတွေထဲက လူစိတ်ရှိသော လူဆိုပ်တက်နေသော လူသားတစ်ယောက်ဆိုတာ ငြင်းလို့ကို မရနိုင်လောက်အောင် သေချာနေသည်ပဲ ...။

ထိုနေ့က ဘွားဘွား ဒေါ်စိန်ခိုင်နှင့် တွေ့ပြီးကတည်းက အေးချမ်းသော ကျွန်မနှင့် မောင်တို့၏ ချစ်သူဘဝကလေး ပျက်စီးယိုယွင်းခြင်း စခဲ့ရတာဖြစ်သည်။

အဖြစ်အပျက်တို့က ဘယ်သူမှ လိုက်မမီလောက်အောင် မြန်ဆန်လွန်းလှသည်။

✦ ✦ ✦

မောင် ကျွန်မကို club လိုက်အပို့မှာ ဒေါ်စိန်ခိုင်နှင့် ဒုတိယအကြိမ် ပြန်တွေ့ရပြန်သည်။

မတွေ့မိခဲ့ကြတာက နှစ်နဲ့ချီနေပြီး တွေ့ဖြစ်တော့လည်း ဆက်တိုက်ဆိုသလို ဖြစ်နေသည်။

အေးစိမ့်စိမ့် ဖြစ်နေသော ညနေခင်း နေမဝင်ခင်လေးမှာ လေနုအေးတို့က ကျွန်မနှင့် မောင်၏ မျက်နှာများပေါ်သို့ ဖြတ်သန်းလွင့်မျောနေကြသည်။ ပခုံးပေါ်စင်းကျနေသော ကျွန်မဆံပင်တို့က လေတိုးသဖြင့် တဖတ်ဖတ် အသံမြည်ကာ လွင့်မျော

နေသည်ကို မောင်က စုစည်းကာ သပ်ရပ်အောင် လက်ဖြင့်ပွတ်သပ်ပေးသည်။

လက်သန်းချင်း ချိတ်ကာ လမ်းလျှောက်နေရင်းဖြင့် ကျွန်မနှုတ်မှ မောင် ကြားသာရုံ ...

"ချမ်းလိုက်တာ မောင်ရယ် ..."

မောင်က လမ်းလျှောက်နေတာကို ချက်ချင်းရပ်လိုက်ပြီး သူ့ကိုယ်ပေါ်မှာ ဝတ်ထားသော သက္ကလပ်အင်္ကျီကိုချွတ်ပြီး ကျွန်မကို ဝတ်ပေးနေစဉ် မောင်နှင့် ကျွန်မ ရပ်နေသော ပလက်ဖောင်းဘေးတွင် Mark II ကား နက်ပြာရောင် တစ်စီး ကပ်ရပ်လာကာ ကားထဲမှ ဒေါ်စိန်ခိုင် ထွက်လာပြီး မီးဝင်းဝင်းတောက်နေသော မျက်လုံး၊ ခပ်ပြဲပြဲ ပါးစပ်ကြီးကို မဲ့ကာရွဲ့ကာ ပြောလာသည့် စကားလုံးများမှာ ကျွန်မ၏ ဂုဏ်သိက္ခာကို ထိပါးစော်ကားလာသဖြင့် ကျွန်မ အသားတွေ တဆတ်ဆတ်တုန်လှုပ်လာခဲ့သည်။

"ဒါ ... ဘယ်လိုဖြစ်နေကြတာလဲ ...၊ လမ်းမကြီးပေါ်မှာ လူမြင်လို့မှ မကောင်း၊ ဘုန်းမငွေ ... နင်ဟာလေ နင့်အမေလိုပဲ အရှက်ဂုဏ်သိက္ခာ နည်းနည်းလေးမှ မရှိဘူး၊ ညည်းတို့တွေ ဘာလို့ ငါတို့အသိုင်းအဝိုင်းထဲကိုပဲ ပတ်သက်ချင်နေရတာလဲ ..."

"ဘာတွေများ ပတ်သက်မိနေလို့လဲ ဘွားဘွား ..."

"ဟင် ... နင်က ငါ့ကို ဘွားဘွားလေး ဘာလေးနဲ့ ...၊ မခေါ်စမ်းနဲ့၊ နင်နဲ့ငါ မြေးအဘွားတော်တဲ့အကြောင်း မောင်ကျော်ထက်ယ ရှေ့မှာ မဟ္ဟာပ်တိုင် တက်ပြမနေစမ်းပါနဲ့"





မောင်က ကျွန်မ၏လက်ကို ဆုပ်ထားပုံကလေးမှာ ကျွန်မအတွက် အင်အားတွေ ဖြည့်သွင်းပေးနေသလိုပင် ...။

"အမျိုးစပ်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ကျွန်မ အသက်အရွယ်နဲ့ ဒေါ်စိန်ခိုင်လို အသက်အရွယ်ကြားမှာ ဘွားဘွားဆိုတာကို နာမ်စား သုံးလိုက်တာပါ၊ ဒေါ်စိန်ခိုင်ကိုမှ မဟုတ်ပါဘူး၊ ဒီအရွယ် အဘွားကြီးတိုင်းကို ကျွန်မအနေနဲ့ ဘွားဘွားလို့ ခေါ်နေကြပါ"

"အို ... ဒါတွေ ထားစမ်းပါအေ၊ လမ်းဘေးကြီးမှာ နင့်လို အဆင့်အတန်းမရှိတဲ့ မိန်းကလေးနဲ့ စကားပြောရတာ ငါ့ဂုဏ်သိက္ခာ ညှိုးနွမ်းတယ်၊ ပြီးတော့ ငါ့ မြေးသမက်ကလေးလည်း ရှိနေတယ်၊ နောက်မှတွေ့ပြီး ညည်းလို အရိုင်းအစိုင်း မကလေးကို ဆုံးမရဦးမယ် ...၊ မြေး ကျော်ထက်ယ ဘွားဘွား သွားမယ်၊ ဘွားဘွားဆီ လာခဲ့ဦး"

"ဟုတ်ကဲ့ ... ဘွားဘွား"

ကျွန်မကို ရစရာမရှိအောင် ပြောဆိုကာ ကားထဲဝင်သွားသည့် ဒေါ်စိန်ခိုင်ကို ကြည့်ပြီး နှုတ်ခမ်းပေါက်သွားတဲ့အထိ အံကို တင်းတင်းကြိတ်ထားမိသည်။

မောင်က ကျွန်မ ပခုံးလေးကို ဖက်ကာ ရှေ့သို့ လမ်းဆက်လျှောက်စေပြီး ...

"ဘွားဘွား အပြောအဆို ရိုင်းတာ ဝသီလိုဖြစ်နေပြီ မငွေလေးရဲ့ ..."

"မောင်နဲ့ သဘောတူထားတဲ့ မိန်းကလေးက ဒေါ်စိန်ခိုင် မြေးမကလေး နန်းဦးခင်လား"

ကျွန်မ မေးတာကို မောင်က စိတ်မပါတပါ ခေါင်း ညိတ်ပြပေ၏။

"မောင် နန်းဦးခင်ကို လက်မထပ်ပါဘူး၊ မောင့်ဘက်က ဘယ်တော့မှ စိတ်ကူး မယဉ်ခဲ့ဖူးဘူး၊ မောင့် မေမေနဲ့ နန်းဦးခင် အမေကသာ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ဆိုတဲ့ သဘောမျိုးနဲ့ ..."

မောင့် စကားတွေ ရပ်သွားခဲ့ပြီး ကျွန်မဆီ ပြန်ငဲ့ ကြည့်ကာ ...

"မငွေလေးက ဒေါ်စိန်ခိုင်ရဲ့ မြေးအရင်းလား"

ကျွန်မသည် ခါးသက်သော အပြုံးများဖြင့် ပြုံးကာ ခေါင်းကိုခါယမ်း၍ ...

"ဒေါ်စိန်ခိုင်ရဲ့ စွန့်ပစ်ခြင်းခံရတဲ့ မြေးတစ်ယောက်ပါ မောင် ရယ်၊ သူ့သားနဲ့ သဘောမတူနိုင်တဲ့ မိန်းမက ကျွန်မကို မွေးခဲ့တာပါ၊ သူတို့နဲ့ ကျွန်မက ဘာမှမပတ်သက်ပါဘူး"

မောင်က ကျွန်မ ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင် ၍ ...

"မောင် နားလည်ပါပြီ"

ဟု ပြောပါသည်။ ကျွန်မသည် မောင့် ခါးကလေး ကို ဖက်တွယ်လိုက်ပြီး ...

"ခဏလေးနော် မောင် ..."





မောင့် ပခုံးပေါ်မှာ ကျွန်မ ပါးကလေး မှေးတင်ရင်း ငြိမ်သက်နေမိသည်။

မောင် ကျွန်မနားက ခုပဲ ထွက်သွားတော့မလိုမျိုး ခံစားနေရသည်။

မောင့်ကို ကျွန်မ မခွဲနိုင်အောင် ချစ်မိနေပြီဆိုတာ သေချာနေခဲ့ပြီ။

✦ ✦ ✦

## (၁၅)

"နင်တို့ သားအမိ ဒီမြို့က ထွက်သွားပေးပါ၊ ဒီငွေတွေက နင်တို့နှစ်ယောက်အတွက် ရင်းနှီး စားသောက်ဖို့ရာ မနည်းလှပါဘူး"

ထောင်တန် သစ်သစ် အရွက်စိမ်းများစွာ ထပ်ထားသော ငွေစက္ကူအပုံလိုက်ကြီးကို ငုံ့ကြည့်လိုက်ရင်း ဒေါ်စိန်ခိုင်၏ စကားကို နားမလည်နိုင်စွာ ပြုံးမိသည်။ နန်းဦးခင်ကို အကဲခတ်လိုက်တော့ ဘွားအေမျက်နှာလိုပင် ခက်ထန်ပြင်းပြနေတာ တွေ့ရသလို သူ့အမေ ဒေါ်အုန်းဦးခင်ကလည်း ထို့အတူပင် ...။

"ဘာကိစ္စမို့လဲ ဘွားဘွား ..."

ကျွန်မ မေးခွန်းကို ဒေါ်စိန်ခိုင် မဖြေခင် နန်းဦးခင်က ...

"ကျော်ထက်ဃနဲ့ နန်းဦးက လက်ထပ်တော့မှာ၊ ရှင်ရှိနေရင် ရှုပ်နေလိမ့်မယ်"

"ဘာဆိုင်လို့လဲ ..."





"သိပ်ဆိုင်တာပေါ့ ဘုန်းမငွေ၊ နင့်အဖေ ငါ့မောင်ကို ညီမလေး ခင်နွယ်မျိုးနဲ့ သဘောတူထားတုန်းက နင့်အမေက ငါ့မောင်ကို တို့မိသားစုထဲက ခေါ်ထုတ်သွားခဲ့တာ၊ ငါတို့မိသားစု အရေးတွေ ဘယ်လောက် ရှုပ်ထွေးသွားခဲ့သလဲ၊ ပတ်ဝန်းကျင်မှာ ဘယ်လောက် အရှက်ရခဲ့ရသလဲ၊ အဲ့ဒီတုန်းက နင် မမွေးသေးတော့ နင်က ဘယ်သိမှာလဲ ..."

"ကြီးကြီး မောင် ဦးဘုန်းထက်သာက အမေ့ကိုပဲ ချစ်လို့ လက်ထပ်ခဲ့တာကိုး၊ ကျွန်မ အမေမှာ ဘာအပြစ်မှ မရှိဘူး၊ အခု နန်းဦးလည်း ဒေါ်ခင်နွယ်မျိုးလိုပဲ ကျန်ရစ်ဖြစ်မှာပဲ ... ဟင်း"

ကျွန်မသည် ကိုယ့်စကားကိုယ် သဘောကျစွာ ရယ်မောရင်း နန်းဦးခင်မျက်နှာကို စူးစိုက်စွာ စုံကြည့်နေလိုက်သည်။

ကြောက်လန့်သွေးပျက်သွားသော မျက်နှာမျိုးဖြင့် ကျွန်မကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...

"ရှင် ... ရှင် ..."

"နင်က ဘာအထောက်အထားတွေနဲ့များ ငါ့မြေး အပျိုနုနုထွတ်ထွတ်လေးကို မဦးမချွတ် ကျိန်ဆဲနေရတာလဲ ကဝေမရဲ့ ..."

"ကဝေမ ... ဟုတ်လား၊ ခြော် ... အဲ့ဒီ ကဝေမကိုပဲ မောင်က ချစ်တာ ...၊ သိလား ... နန်းဦးခင် ကျော်ထက်ဃကလေ ငါ့ကိုပဲ ချစ်နေတာ ..."

ကျွန်မသည် ပွက်ပွက်ဆူဝေနေသော သွေးတို့ကို ချုပ်တည်းကာ အရွဲ့ရွဲ့အပွဲ့ပွဲ့ ပြောဖြစ်သွားသည်မှာ မောင့်အချစ်ကို ယုံတာလည်း ပါသည်။

ကျွန်မ ရှေ့သို့ ...

ရှေ့သို့ ရောက်လာသော လက်ဝါးတစ်ခုကို မရှောင်မိတော့ဘဲ မခံစားနိုင်လောက်အောင် နာကျင်သွားသည်။ ကျွန်မ၏ လက်ဝါးဆီသို့ ဓာတ်တစ်ခု စိမ့်ဆင်းဝင်သွားသလို လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ရှေ့က မျက်နှာကို နှစ်ချက်တိတိ ဆင့်ထိုးမိသည်။

ကိုယ့်အသားထိတာမို့ ပြန်လည် တုံ့ပြန်ချိန်မှာ သတိလက်လွှတ် ...။ သတိဝင်လာတော့ နှာခေါင်းဖျားမှ သွေးများ စီးကျနေသော နန်းဦးခင်ရဲ့ မျက်နှာကို မြင်လိုက်ရသည်။

"ဒေါ်စိန်ခိုင်၏ မျက်လုံးများ အဆမတန် ပြူးကျယ်ထွက်လာကာ ဒေါ်ဘုန်းဦးခင်နှင့်အတူ နန်းဦးခင်ကို တွဲထူ မတ်တတ်ရပ်စေပြီး ...

"ငါ့မြေးလေး တစ်ခုခုဖြစ်လို့ကတော့ နင်လည်း မလွယ်ဘူး မှတ်လိုက် ဘုန်းမငွေ၊ နင်က ငါချစ်တဲ့ ငါ့သားရဲ့ သမီးအရင်း ငါ့မြေးဖြစ်နေပေမယ့် နင့်ကို ငါတို့ လုံးဝ မေတ္တာမရှိဘူး၊ ကုန်ကုန်ပြောမယ်အေ ... နင့်လို အောက်တန်းစားမရဲ့ အဘွားဖြစ်ရတာ သနလွှန်းတယ်၊ အဲ့ဒီ မချေမငံ မျက်နှာကို ညည်း ပြင်ထား၊ ကိုယ့်ကိုယ်ကို လူတယ်ဆိုပြီး သိပ်မာနကြီးမနေနဲ့၊ နောက်ဆုံး တစ်ခွန်းမေးမယ်၊ နင်





ကျော်ထက်ဃကို အဆက်အသွယ်ဖြတ်ပေးမလား၊ မပေးဘူးလား"

"ဟုတ်ကဲ့ ... ကျွန်မ မောင့်ကို လက်ထပ်မှာပါ"

ကျွန်မက ခုံကလေးမှာ တောင့်မတ်မတ် ထိုင်လျက်သား၊ ဒေါ်စိန်ခိုင်က အထက်စီးမှ မတ်တတ်ရပ် ငုံ့မိုးကြည့်လျက် အနေအထား၊ သွေးတွေ စီးကျတာကို ကြည့်ပြီး ဝမ်းနည်းပက်လက် ရှိုက်ငင်နေသော နန်းဦးခင်နှင့် ကျွန်မကို မုန်းမာန်ပွားရင်း အံကြိတ် ခံပြင်းနေသော ဒေါ်ဘုန်းဦးခင် ...။ အားလုံး ကျွန်မအပြောကြောင့် ခဏငြိမ်သက် အံ့ဩသွားကြပါသည်။

ပြန်လည် အသက်ဝင်လာသော ဒေါ်စိန်ခိုင်က ...

"ဪ ... အေး ... ဟုတ်ပြီ၊ နင့်ဘက်က တင်းမာနေတော့ ငါတို့ကလည်း ငါတို့လမ်း ဆက်လျှောက်ရတော့မှာပေါ့၊ မတရားဘူးလို့ မပြောကြေးနော်"

"လူတိုင်း ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြတာပဲ မဟုတ်ဘူးလား အဘွားဘွားရယ်"

မျက်တောင်လေး တစ်ချက်ခတ်ကာ ဖြည်းလေးစွာ မထုံတတ်တေး ပြောလိုက်သော ကျွန်မကို အစိမ်းလိုက် ဝါးစားချင်နေသော မျက်လုံးမျိုးဖြင့် စိုက်ကြည့်ကာ ဘာမှမပြောဘဲ အဘွားကြီး လှည့်ထွက်သွားတော့သည်။

"သမီး ... လာ သွားမယ်"

ဒေါ်ဘုန်းဦးခင်ကလည်း ဘာမှမပြောသာတော့သည်မို့ နန်းဦးခင်ကို ဆွဲခေါ်လေသည်။

"မေမေ ... သွားနှင့် ..."

နန်းဦးခင် အသံက စုန်းကဝေ ဝင်ပူးနေသလိုပင် စိမ်းပြတ်ပြတ်ကြီး ဖြစ်နေသည်။

"ဒီမှာ ဘုန်းမငွေ ... အရင်ကလေ ကျွန်မ ကျော်ထက်ဃကို စိတ်ဝင်စားရုံပဲ၊ အခု ရှင့်ကြောင့် ... ရှင့်ကို မုန်းလို့ ကျော်ထက်ဃကို အရယူမယ် သိလား၊ ရှင် စောင့်ကြည့်နေပါ ..."

ပြုံးပြရုံပဲ ပြုံးပြလိုက်သော ကျွန်မအပြုံးက စိန်ခေါ်မှုကို ပျင်းသေးတယ်ဆိုတဲ့ အထာမျိုး ...။ လှည့်ထွက်သွားသောသူတို့ကွယ်ရာမှာတော့ နာကျင်မှုဆွေးမြေ့နေပြီ ...။

✦ ✦ ✦

"ကျွန်မတို့ကို ဘယ်သူမှ မခွဲနိုင်ခင် အတူသွားရအောင်မောင်ရယ်၊ မောင်နဲ့ ဟိုးအဝေးကြီးမှာ လက်ထပ်ပြီး ချမ်းသာအောင် ကြိုးစားရအောင်နော် ..."

အားကိုးတကြီး၊ မျှော်လင့်တကြီး တီးတိုးလိုက်သော ကျွန်မ စကားကို မောင် တုံ့ပြန်သည်မှာ ...

"မောင်တို့ အတူသွားမှာပေါ့၊ မောင် မငွေလေးကို ချစ်တယ် မငွေယုံနော် ..."

တဲ့ ...။ ဘယ်လောက် မက်စက်ဖို့ကောင်းလိုက်သလဲ ...။ ချစ်သူကိုယ်၌က ကျွန်မဘက်မှာ ရှိနေပြီ ...။ မောင်





ဒီလိုဖြေလိုက်တဲ့နောက်မှာ ကျွန်မ မောင့်ကို ပိုလည်းယုံ၊ ပိုလည်းချစ်သွားသလို ကျေးဇူးတွေလည်း တင်မိသည်။

မောင့်ကို မတောင်းဆိုခင်က 'မောင် တွန့်ဆုတ်နေရင်' ဆိုသည့် အတွေးမျိုးဖြင့် ရင်မောနေခဲ့ရသည်။ မောင်က တစ်ခုခုလုပ်ဖို့အရေး တငေးငေး၊ တတွေးတွေး လုပ်တတ်လွန်းသည့် တုံဏှိဘာဝ စရိုက်ကလေးရှိသော သူမို့ ကျွန်မ ရင်အစုံ ကြိုတင်ပူလောင်ထားခဲ့တာလည်း မလွန်ပါ။

ကျွန်မသည် ငယ်ရွယ်သော အသည်းနှလုံးကို ပိုင်ဆိုင်သည့် မိန်းမတစ်ယောက်ဖြစ်နေ၍လားမသိ၊ အချစ်ကို ဆုံးရှုံးရမှာ အရိုးခိုက်အောင် ကြောက်လှသည်။ ကျွန်မတို့နှစ်ယောက်ကို ဘယ်သူကမှ မခွဲနိုင်ခင် မောင်နဲ့အတူ အဝေးကို ပျံထွက်သွားချင်ပြီ ...။ ချစ်စိတ်ဖြင့် မွှတ်သိပ်နေ၍လား မသိ ... ပညာရေးကိုတောင် မတွေးမိ။

မောင် လျှောက်လာမည့် လမ်းကိုသာ ငေးမောနေရသည်မှာ အသည်းအိမ်ထဲ တလှပ်လှပ် အေးလှသည်။ ပူအိုက်နေပေမယ့် အင်္ကျီလက်ရှည်ကလေးကိုသာ ရွေးဝတ်ခဲ့ရသည်။

အဘယ့်ကြောင့်ဆိုသော် ရာသီဥတု အပြောင်းအလဲ၌ အခန့်မသင့်လျှင် သွေးယားကာ အလာ့ဂျစ် ဖြစ်တတ်သော ကျွန်မ အသားအရေကြောင့် ဖြစ်သည်။

မောင်နှင့် ထွက်ပြေးဖို့ ချိန်းဆိုကြသည့်နေ့ကပင် အဖုအပိမ့်လေးများ ထွက်နေသော ကျွန်မ လက်ဖျံလေးကိုကြည့်ကာ အံ့ဩစွာဖြင့် ...

"ဒါ ... ဘာဖြစ်တာလဲ မငွေလေး၊ အနီစက်ကလေးတွေ ကြည့်စမ်း၊ မငွေလေးက အသားအရမ်းဖြူတော့ ထင်းနေတာပဲ၊ လက်တိုတွေ မဝတ်နဲ့၊ လက်ရှည်လေး ဝတ်လေ၊ ဆေးလည်း လိမ်း၊ သွေးယားတာဆို ဆေးခန်းမှာ ဆေးစစ်ကြည့်လိုက်လေ ..."

မောင်က အပြစ်သည်းလွန်းစွာ ပြောဆိုနေသည်မို့ ကျွန်မက သဘောကျကာ ရယ်မောမိရင်း မောင့်ကို နောက်ပြောင်ချင်လာကာ ...

"စစ်စရာ မလိုပါဘူး မောင်ရယ်၊ ဒါ ဖြစ်နေကြပါ၊ ကျွန်မမှာ HIV ပိုး ရှိနေတယ်"

"ဟာ ... လျှောက်ပြောနေ ... မှဟုတ်"

"ဟင်း ... ဟင်း"

ကျွန်မ သဘောကျစွာ ရယ်မောတော့ မောင်လည်း သွားကလေးတွေပေါ်အောင် လိုက်ရယ်မောလေသည်။ ထိုနောက်တွင်တော့ တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်အောင် ချစ်မိကြကြောင်းတွေထဲ ပြောင်းလဲသွားခဲ့သည်။ ကျွန်မအတွက် အရေးအကြီးဆုံး စကားတွေ၊ အဖြေတွေကို ဆက်မေးဖို့ ကျွန်မ ဘာကြောင့်များ မေ့သွားခဲ့ပါသလဲရှင် ...။

"တကယ်လို့များ ဒီရောဂါ ကျွန်မမှာ တကယ်ရှိနေခဲ့ရင် မောင် ကျွန်မကို လက်ထပ်မှာပဲလား"

ဟု စနောက်ရင်းပဲဖြစ်ဖြစ် ကျွန်မ မေးသင့်ခဲ့သည်ထင် ...။





အင်္ကျီအောက် ဖုံးနေတဲ့ နာရီကလေးကို အင်္ကျီစကလေးအား ဖယ်ကာ ငုံ့ကြည့်တော့ အဝေးပြေးကားကြီး ထွက်ဖို့ တစ်မိနစ်သာ လိုတော့တာ တွေ့ရသည်။ ခုချိန်အထိ မောင့်ရဲ့ အရိပ်အယောင်ကို မတွေ့ရသေး ...။ ဘာဖြစ်နေပါလိမ့်ဟု မောင့်အတွက် တွေးပူကာ မောင် အမြန်ရောက်လာပါစေလို့ ဆုတောင်းနေရင်းကပင် အဝေးပြေးကားကြီး ကျွန်မရှေ့က မောင်းထွက်သွားတာကတော့ အတော်ဝေးလို့နေလေပြီ။

ထိုနေ့ တစ်ရက်လုံး မိုးစုပ်စုပ်ချုပ်တဲ့အထိ မောင့်ကို ကျွန်မ စောင့်စားခဲ့သည်။ အိမ်ပြန်ရောက်တဲ့အခါ အမေက ကျွန်မကို စိုးရိမ်စွာဖြင့် ...

"ဒီနေ့ ပိုနောက်ကျတယ်နော် သမီး"

ဟု မေးတော့ ကျွန်မရင်ထဲ ဝမ်းနည်းသွားရသည်။ အမေ့ကို လိမ်ရခြင်းက ကျွန်မအတွက် ပထမဆုံးမို့ မလုံမလဲဖြစ်ကာ နင့်နင့်နဲနဲ နာကျင်၍နေသည်။

နောက်နေ့မှ လာချော့မည့် မောင့်ကို တွေ့ရင်တော့ သူ့ဗိုက်အိုးလေးကို လက်သီးဆုပ်ဖြင့် မနာအောင် ဖိကြိတ်ထိုးကာ ဆုံးမရဦးမည်။

ကျွန်မမှာ တစ်ခုခုကို မခံချင်စိတ်ကလည်း ရှိနေသေးသည်။ ထွက်ပြေးဖို့ စတင် ဖိတ်ခေါ်တာလည်း ကျွန်မ၊ အိတ်ကလေးတစ်လုံး ဆွဲရင်း ဖွဲနပဲရှိရှိနဲ့ အစောကြီး ရောက်ပြီး ကြိုစောင့်နေရတာကလည်း မိန်းမဖြစ်သည့် ကျွန်မ ...။

အမြဲ အနိုင်ယူနေခဲ့သော ကျွန်မအား ပညာပေးချင်

လွန်းလို့ မောင် တမင် မလာခဲ့တာလား ...။ မောင် ဘာဖြစ်နေမှန်းကို မှန်းဆလို့ မရနိုင် ...။ ကျွန်မ နန်းဦးခင်ကို စိန်ခေါ်ခဲ့ပြီး နောက်တစ်နေ့မှာပဲ မောင်နှင့် ခိုးပြေးဖို့ စီစဉ်တိုင်ပင်ခဲ့ကြခြင်း ဖြစ်သည်။

အားလုံး (comfirm)သေချာအောင် စီစဉ်တည်းဖြတ်ပြီးမှ မောင်နဲ့ ကျွန်မ နှုတ်ဆက်အနမ်းရောင်ကို အဖောက်ပဆုံးမှုန်းခြယ်ကာ အိမ်ပြန်ခဲ့ကြတာ ဖြစ်သည်။

ခိုးပြေးမည့်နေ့နှင့် တိုင်ပင်သည့်နေ့ ကြားမှာတစ်ပတ်ခြားခဲ့သည်။ သံသယလို့ မမြင်မိတဲ့ သံသယဖြစ်စရာအကောင်းဆုံးကတော့ ထိုကြားကာလတစ်ခုလုံး မောင် ရောက်မလာခဲ့ခြင်းပါပဲ။ ကျွန်မက မောင့်အိမ်ကို ဘယ်တော့မှ ဖုန်းစဆက်လေ့မရှိတဲ့အတွက် မောင် ဘာဖြစ်နေမှန်းကို မသိခဲ့ရဘဲ ယနေ့တော့ ချိန်းခဲ့တဲ့အတိုင်း သွားစောင့်ခဲ့တာ မှားသွားပြီ ...။

✦ ✦ ✦



## အခန်း(၁၆)

မငွေလေးကို ခိုးပြေးကာ လက်ထပ်မည့် အစီအစဉ်ကို စိတ်အားငယ်စွာဖြင့်ပဲ ကျွန်တော်ကိုယ်တိုင် ဖျက်သိမ်းလိုက်ခဲ့ခြင်း ဖြစ်သည်။

ဒီအတွက် မငွေလေး ကျွန်တော့်ကို တစ်သက်စာ နာကြည်းကောင်း နာကြည်းသွားနိုင်ပါသည်။ ဒါပေမယ့် ကျွန်တော့်စိတ်တွေမှာ ဆုံးဖြတ်ချက်အပေါ် နောင်တ မထားဖြစ်အောင် ကြိုပြင်ဆင်ထားလိုက်ပြီ ...။

မငွေဟာ တကယ်တော့ သန့်ရှင်းလှပသယောင် ထင်ရသော AIDS ရောဂါရှင်မလေး တစ်ယောက်ဆိုတာ သေချာသည်။

တစ်နေ့ ကျွန်တော် တစ်ယောက်တည်း အင်းစိန်ဘက်က အသိတစ်ယောက်အိမ် အသွားမှာ မငွေ့ကို ကျူးစက်ဆေးရုံကလေးထဲက ထွက်လာတာကို မြင်လိုက်ရသည်။ မြင်ရုံသာ

မြင်ဖြစ်လိုက်သည်မှာ မငွေက လိုင်းကားပေါ် ပါသွားသောကြောင့် ဖြစ်သည်။

အဲ့ဒီနေ့ကတော့ မငွေ ဘာလာလုပ်တာလဲဆိုသည် လောက်ပဲ တွေးမိပြီး သံသယတော့ မဝင်ခဲ့တာ အမှန် ...။

နောက်တစ်နေ့ မငွေ့ကို Club လိုက်ပို့ရင်းမှ မေးမည်ဟု တွေးထားခဲ့သော်လည်း ဘွားဘွား ဒေါ်စိန်ခိုင်နှင့်တွေ့ပြီး ပြဿနာ တောက်လျှောက်တက်နေခဲ့သဖြင့် ကျွန်တော် မေ့သွားခဲ့သည်။

မငွေနှင့် ကျွန်တော့်ကြားမှာ နန်းဦးခင်က ကန့်လန့် ပါနေသဖြင့် ကျွန်တော်တို့ နှစ်ယောက် အမြန်လက်ထပ်ဖို့ စီစဉ် လိုက်ကြခြင်းဖြစ်သည်။

မငွေ့ကို ကတိတွေ အထပ်ထပ်ပေးပြီး ပြန်အလာမှာ အမှတ်တမဲ့ မငွေ ပြောလိုက်သော စကားတစ်ခွန်းက တမင် ပြန်စဉ်းစားတာ မဟုတ်ဘဲနှင့်ကို အလိုလို ကြားယောင်လာမိသည်။

"ကျွန်မမှာ HIV ပိုး ရှိနေတယ်"

"ကျွန်မမှာ HIV ပိုး ရှိနေတယ်"

"ဒါ စတာပဲ ဖြစ်မှာပါ"

မငွေ နောက်နေတာပဲဟု ကိုယ့်စိတ်ကို ဖြေနေရသော်လည်း မငွေ့ စကားတစ်ခွန်းက အာရုံထဲမှ လုံးဝထွက်မသွားဘဲ အထပ်ထပ် ကြားယောင်နေခဲ့သည်။ အိမ်ခန်းရှေ့ရောက်တော့ ခေါင်းကို ခါယမ်းပြီး ပေါ့ပါးချင်ယောင်ဆောင်ကာ အိမ်ထဲဝင်ခဲ့





သည်။ ခါတိုင်း မီးဖိုထဲမှာ အနေများပြီး တလှုပ်လှုပ်နှင့် ဟင်းချက်နေသော မာမီ့ကို ဧည့်ခန်းထဲမှာ ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့ရသည်။

"မာမီ နေမကောင်းဘူလား ..."

"သား ... လာဦး၊ မာမီ ပြောစရာရှိတယ်"

မာမီ ခေါ်တာမို့ ကျွန်တော် မာမီ့အနားမှာ ထိုင်စပြုလိုက်ရင်ပဲ ...

"သား USA သွားဖို့ ဒက်ဒီ လုပ်ထားတာ ကြာနေပြီနော် သား၊ အခု ဗီဇာက ကျလာပြီ၊ သား ကျောင်းပြီးဖို့ကလည်း တစ်နှစ်လိုသေးတာဆိုတော့ သားဆန္ဒက ဘယ်လိုလဲ၊ သွားချင်ပြီလား၊ အင်း ... ဒါမှမဟုတ် ကျောင်းပြီးအောင် တက်ဦးမယ်ဆိုရင်တော့ သွားမယ့် အစီအစဉ်ဖျက်ပြီး နန်းဦးလေးနဲ့ နေရာချထားပေးတော့မယ်"

"ဟာ ... မာမီကလဲ ..."

"ဟဲ့ ... ဘာမာမီကလဲ လုပ်နေတာလဲ၊ မာမီက သားအတွက် အဆင်အပြေဆုံးဖြစ်အောင် စီစဉ်ပေးနေတာ"

"သားက ကျောင်းပြီးအောင် တက်ပြီးမှ USA သွားချင်တာ၊ နန်းဦးခင်ကို လုံးဝ လက်ထပ်ချင်တာ မဟုတ်ဘူး မာမီ"

"ဆိုစမ်းပါဦး၊ နန်းဦးခင်ကို လက်မထပ်ချင်ရတဲ့ အကြောင်းရင်းကို ..."

"သားမှာ ရည်းစားရှိတယ် မာမီ"

ကျွန်တော် ပြောတဲ့ မဝ့်မရဲ့ စကားလေးကို မာမီက နှုတ်ခမ်းဖျားကလေး ကွေးရုံလောက် ပြုံးကာ ...

"ဘာလဲ ... ဘုန်းမှုရှေ ဆိုတဲ့ ကလေးမလေးနဲ့လား"

"ဗျာ ... မာမီ ဘယ်လိုသိတာလဲဟင်"

"ဘယ်လို သိတာပါလို့ ဖြေမယ့်အစား မာမီဟာ မင်းကို မွေးတဲ့ အမေပါလို့ ပြောရင် သား သဘောပေါက်သင့်ပြီ နော်၊ သား ... ကျော်ထက်ယ မာမီ သားကို အဲ့ဒီကလေးမနဲ့ သဘောမတူနိုင်ဘူး၊ သူ့အကြောင်း မာမီ အားလုံးသိပြီး ပြီ၊ သားထက် ပိုပြီး သိတယ်၊ သားမသိသေးတာတွေ တောင် မာမီ အားလုံး သိပြီးပြီ၊ သားရယ် ... ရွှေရွှေချင်း ထပ်မှ မြတ်တယ်၊ မာမီတို့ မျိုးရိုး အသိုင်းအဝိုင်းထဲမှာ အဲဒီလို ဆင်းရဲတာမျိုး မရှိခဲ့ဖူး သား၊ အဲ့ဒါ ဘာကြောင့်လို့ သားထင်လဲဟင် ..."

"မသိဘူး မာမီ ..."

ကျွန်တော်က သက်ပြင်းရှည်ချကာ ငြိမ်သက်စွာ ထိုင်နေခဲ့သည်။

"ဘိုးစဉ်ဘောင်ဆက်အားလုံး မိဘစကားကို နားထောင် ခဲ့ကြလို့ပဲ ...၊ မိဘဆိုတာ ဘယ်သားသမီးကိုမှ မဆင်းရဲ စေချင်ဘူး သား၊ သား မှားမှာ မာမီ အကြောက်ဆုံးပဲ၊ ဒီမိန်းကလေးကို လက်ထပ်ဖို့ ကြိုးစားရင် သားမှားလိမ့် မယ်၊ ဒီစကားကို မာမီ ဘာလို့ ပြောရတာလဲ သားသိချင် ရင် ဘွားဘွား ဒေါ်စိန်ခိုင်ကို သွားမေးကြည့်၊ သားလေး





ကောင်းကောင်းကြီး နားလည်သွားပါလိမ့်မယ်၊ ကဲ ... မာမီ ခဏနားလိုက်ဦးမယ်"

မာမီက ဆိုဖာပေါ်မှ ထကာ ကျွန်တော့် ပခုံးလေးကို ပုတ်၍ ဧည့်ခန်းထဲမှ ထွက်သွားသည်။ ကျွန်တော့်ရဲ့ တုန်ရင်နေတဲ့ လက်ချောင်းများကို ဆံပင်တွေထဲ ထိုးသွင်းရင်း ကျွန်တော် ရှုံးသွပ် နေခဲ့သည်။

မကြာခင်မှာပဲ မာမီ ကျွန်တော့်အနား ရောက်လာ ပြီး ...

"သားကို မာမီ လမ်းနှစ်ခု ခင်းပေးမယ်၊ အဲဒီလမ်းနှစ်လမ်း ထဲက တစ်ခုကိုပဲ မင်း ရွေးလျှောက်ရမယ်၊ တခြား ဘာ မဆိုင်တဲ့ လမ်းတွေကို လှည့်ဖို့မကြည့်နဲ့၊ နံပါတ်တစ် တစ်လမ်းက သား USA ကို အခုချက်ချင်း ထွက်သွားရ မယ်၊ နံပါတ်နှစ်က နန်းဦးကို အခုချက်ချင်း လက်ထပ် ရမယ်"

"ဟို ... မာမီ"

"နေဦး ...၊ ခု မဖြေနဲ့ဦး သားလေး၊ မာမီ မင်းကိုစောင့် မှာပါ၊ မင်း ဒီလမ်းနှစ်ခုထဲက တစ်ခုကိုပဲ ရွေးမှာပါ၊ မာမီ ယုံကြည်တယ်"

"သား မသိတော့ဘူး မာမီ၊ ခေါင်းတွေ အုံလာပြီ"

"သားလေး သွားနားလိုက်လေ၊ မင်း ဒက်ဒီ ပြန်လာမှ မာမီ သားကို ထမင်းစားဖို့ လာနှိုးမယ်"

မာမီ နားခိုင်းတော့မှ ကျွန်တော် နားနေဖို့ လိုလာပြီမှန်း သတိရတော့သည်။ ကျွန်တော် အိပ်စက်ဖို့ ကြိုးစားပြီးသည့်နောက် တကယ် အိပ်ပျော်သွားခဲ့သည်ထင်။

တစ်ချိန်က ကဗျာဆန်စွာ မငွေ့ကို နှင်းဆီပန်းကလေးများ ပေးခဲ့ဖူးသည်။ မငွေ့ကို မြင်လိုက်သည်နှင့် ပန်းမပေးလိုက်ရမှာ စိုးရိမ်လွန်းစွာဖြင့် ဈေးမှ အမြန်ဝယ်ပေးခဲ့စဉ်က ဆူးမခြွေမိတာကြောင့် မငွေ့လက်ဖဝါးတွေကော ကျွန်တော့် လက်ဖဝါးတွေကော ဆူးများရှခဲ့သည်။ အဲဒီတုန်းကတော့ ချစ်စိတ်၊ စိုးရိမ်စိတ်များဖြင့် မငွေ့ရဲ့ သွေးစိုနေသော လက်ဖဝါးလေးကို ဆုပ်ကိုင်ခဲ့မိသည်။ မငွေ့သွေးတွေနှင့် ကျွန်တော့်သွေးများ ရောထွေးသွားတာကို အိပ်မက်ထဲမှာ ပြန်မက်နေရသည်။ ဘုရား ... ဒါတွေဘာလို့ သတိရနေရပြန်တာလဲဗျာ ...။

✦ ✦ ✦

ကန်တော်ကြီး ပန်းခြံထဲက ပန်းတွေက ဘယ်လောက်ပဲ အရောင်စုံနေပါစေဦးတော့ ကျွန်တော် သာယာမိန်းမောသွားအောင် မညှို့ဖျားနိုင်ကြပါ။ အေးမှာ ကပ်လျက်လျှောက်လာသော မိန်းကလေးကလည်း ပန်းဥယျာဉ်တစ်ခုလုံးထဲက အလှဆုံးပန်းပွင့်ထက် ပိုပြီး တောက်ပ လှသွေးကြွယ်နေခဲ့တယ်ဆိုပေမယ့် ကျွန်တော့် မငွေလေးကို မမီတာမို့ ကျွန်တော် သူမကို စေ့စေ့ကြည့်ချင်အောင် မဆွဲဆောင်နိုင်ပါ ...။





"ခဏလောက် ရပ်ပြီး စကားပြောရအောင် ကိုကျော်ထက်ယ ..."

ကျွန်တော်က မရပ်တန့်ခဲ့ပါ။ လမ်းလျှောက်ရင်းပဲ ပြန်ပြောခဲ့ပါသည်။

"မနက်အစောကြီး နိုးခေါ်ပြီး နန်းဦးနဲ့ လမ်းအတူလျှောက်ပေးပါဆိုလို့ ကို လမ်းလျှောက်ပေးဖို့ လာတာ နန်းဦး၊ မင်းနဲ့ ကို စကားပြောစရာ အကြောင်းမရှိဘူး"

"အစ်ကို့မှာ မရှိပေမယ့် နန်းဦးမှာ ရှိတယ်"

"ဒါဆိုလည်း နောက်မှပြောကွာ၊ ငါ အိပ်ရေးမဝတော့ နားညည်း သိပ်မခံနိုင်ဘူး ..."

သူမ ဘယ်လောက် စိတ်ဆိုးမယ်ဆိုတာကို သိပေမယ့်လည်း အလျှော့ပေးချင်စိတ်က ကျွန်တော့်ဆီမှာ ရှိမနေ ...။

သူမကို လုံးဝ မကြည့်ချင်လောက်အောင် စိတ်ကချဉ်နေတာပါ။ အစစ်ပါနေတာမို့ ယောကျ်ားအား အကုန်သုံး၍ အမြန်ဆုံး လှမ်းလျှောက်လာခဲ့သည်။

သူမ မပြေးရုံတမယ်ကလေး ခပ်သုတ်သုတ် လိုက်လာသော်လည်း ကျွန်တော့်ကို မမီ ...။

ကျွန်တော့် ဆိုင်ကယ်လေးအနား ပြန်ရောက်တော့မှ အညောင်းအညာဖြေရင်း ကျွန်တော် စောင့်နေခဲ့သည်။

သူမ မောဟိုက်စွာ ခပ်ဖြည်းဖြည်း လှမ်းလာရင်းဖြင့်ပဲ ကျွန်တော့်အနား ရောက်လာခဲ့သည်။ သူမ မျက်နှာကလေးက ရဲရဲစို၍နေပြီ ...။ တကယ်တော့ သူမတို့ မျိုးရိုးကိုက အချောအလှ

မျိုးရိုးဖြစ်သည်။ ဘွားဘွား ဒေါ်စိန်ခိုင်က စ၍ နန်းဦးခင်အထိ တစ်မျိုးလုံး ရှုမဝနိုင်လောက်အောင် စွဲမက်ဖွယ် အလှတရားများကို ပိုင်ဆိုင်ကြသည်။

အထူးသဖြင့် မငွေလေးပေါ့ ...။ ဒေါ်ဘုန်းဦးခင်ရဲ့ သမီး ရွှေပေါ်မြတင် မွေးခဲ့တဲ့ နန်းဦးခင် လှတာလောက်ကတော့ ဝါးကြမ်းခင်းပေါ်က အနှီးစုတ် ပတ်မွေးခဲ့တဲ့ ဦးဘုန်းထက်သာ သမီး ဘုန်းမငွေကို ဘယ်မီပါလိမ့်မလဲ ...။

"ရှင် ဘာကြည့်နေတာလဲ ..."

"ဩော် ... ဆောရီး၊ ငါ မင်းကိုကြည့်နေတာ မဟုတ်ဘူး၊ ငါ့မငွေလေးအကြောင်း စဉ်းစားရင်း မျက်လုံးတွေက မင်းဆီ ရောက်သွားတာ၊ ဆောရီးပဲ ...၊ ကဲ လာ ... ဆိုင်ကယ်ပေါ်တက်၊ မင်းကို မနက်စာ လိုက်ကျွေးမယ်"

"တကယ်လား"

"တကယ်ပေါ့ ..."

"ဒါဆိုလည်း ပြီးရော၊ နန်းဦး အစ်ကို့ကို ပြောစရာ ရှိတာလည်း နားထောင်ပေးရမယ်နော်"

"အိုကေ ..."

သူမအား ဆိုင်ကယ်ဦးထုပ်ကလေး လှမ်းပေးရင်း ကရဝိက်ဆီသို့ သူ ဦးနှင်လိုက်သည်။

သူမက Dim Sum (ဒင်းဆမ်း) စားနေရင်းကပဲ ...

"နန်းဦးက အစ်ကို့လို ခပ်အအပုံ ယောကျ်ားမျိုးကို မကြိုက်ပါဘူး၊ စိတ်ကူးတောင် မယဉ်ချင်ဘူး၊ နန်းဦး အကြိုက်





ယောကျ်ားလေးတွေ တစ်ပုံကြီး၊ နန်းဦးဘေးမှာ ရှိနေတယ်ဆိုတာ အစ်ကိုလည်း သိနေ၊ မြင်နေရမှာပါပဲ၊ ဒါပေမယ့် တစ်ခုပေါ့ အစ်ကိုရယ်၊ ဘွားဘွားက နန်းဦးကို သိပ်ချစ်တာ၊ သူ့အမွေအနှစ်တွေ အားလုံး နန်းဦးကိုပဲ လွှဲပေးမှာ၊ ဒါပေမယ့် နန်းဦး ချစ်တဲ့သူနဲ့ လက်ထပ်လို့မရဘူး၊ အစ်ကိုနဲ့ လက်ထပ်မှတဲ့၊ အဲ့ဒါကြောင့် ဘွားဘွားမသေခင် မြစ်ပေးချီရအောင် အစ်ကိုနဲ့ နန်းဦး အမြန်လက်ထပ်ကြစို့နော်"

တရားနည်းလမ်း မကျလိုက်ပါသော သူမစကားကို ကျွန်တော် ခေါင်းယမ်းရုံမှတစ်ပါး ...။

✦ ✦ ✦

## အခန်း(၁၇)

စိမ်းမြလဲ့စိုနေသော မြက်ခင်းပြင်ကြီးပေါ်တွင် ကြိမ်ဆက်တီများ ချထားကာ သီးသန့် ညှော့သည်ဖြင့် စကားပြောရာတွင် ဘွားဘွား ဒေါ်စိန်ခိုင် အသုံးပြုနေကျ ထိုနေရာမှာ ယခုတော့ ကျော်ထက်ဃ ညှော့သည်လို ထိုင်နေခဲ့သည်။

အအေးဘူး လာချပေးသော အမျိုးသမီးကြီး ပြန်လှည့်ထွက်အသွားမှာပဲ ဘွားဘွား ကျွန်တော့်ဆီ တရွေ့ရွေ့ လှမ်းလာနေသည်ကို တွေ့နေရသည်။

ဘွားဘွားနှင့် တွေ့ဖြစ်တော့ ကျွန်တော့် မျက်ခုံးသားတွေ တဆတ်ဆတ် တုန်ခိုက်နေတာ သတိထားမိသည်။ မကောင်းသော အတိတ် နိမိတ် ဆိုတာကိုလည်း အလိုလို သိလျက်ရှိခဲ့သည်။

ဒေါ်စိန်ခိုင်က ကျွန်တော့်ရှေ့တွင် ထိုင်ချရင်းဖြင့်လည်ချောင်း တစ်ချက်ရှင်းကာ စကားပြောဖို့ အားယူလိုက်သည်။ ခြံကျယ်ကြီးထဲမှာမို့ ညနေ လေရူးက တဝီးဝီး တိုက်ခတ်နေသော်





လည်း ကျွန်တော့်ရင်ထဲက ထွက်နေသော လေပူငွေ့တို့က ပူနွေးနွေး ဖြစ်နေသည်။

"ဟမ်း ..."

"ကျော်ထက်ဃလေးမှာ ရည်းစား ရှိနေတယ်နော်"

ထိပ်တိုက်တိုးပြီးမှ တည့်တည့်မေးသော မေးခွန်းကို ကျွန်တော်က ...

"ဟုတ်ကဲ့ ..."

တစ်လုံးဖြင့် ဖြေလိုက်သည်။ အဘွားကြီးက မျက်ခုံးကို တွန့်ကွေးပစ်လိုက်ပြီး ...

"အဲဒီ မိန်းကလေးက ဘွားဘွား မြေးအရင်းပဲ၊ သားသိလား ..."

"ဟုတ်ကဲ့ ... သိပါတယ် ဘွားဘွား"

"ဘွားဘွားမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိခဲ့တယ်၊ သမီးက နန်းဦးခင်ရဲ့ အမေ ဘုန်းဦးခင်၊ သားက ဘုန်းမငြေ့ရဲ့ အဖေ ဘုန်းထက်သာ၊ အခုတော့ သားလေးဆုံးတာ သုံးနှစ်ပြည့်ခဲ့ပြီ၊ ဘွားဘွားရဲ့ သားလေး အဲဒီလိုအချိန်မတန်ဘဲ လွင့်ပါးရတာ ဘုန်းမငြေ့ရဲ့ အမေ ခင်ထားနဲ့ လက်ထပ်လိုက်လို့ ...၊ မိဘ သဘောမတူနိုင်ပါဘူးဆိုတဲ့ မွဲတေပြတ်သပ်နေတဲ့ မိန်းကလေးကို ယူလိုက်တာကိုး ..."

ခု ဘွားဘွားရဲ့ စကားကို မငြေ့လေးသာ ကြားရင် ဒေါ်စိန်ခိုင်ကို မျက်ရှုစွာ ကြည့်ရင်း ...

"ယောကျ်ားတစ်ယောက်အနေနဲ့ ဘာဆိုင်လို့ ဆင်းရဲတဲ့ မိန်းမကို ယူပြီး ဆင်းရဲရမှာလဲ၊ သူသာ သတ္တိရှိရင် ဘဝကို ရင်ဆိုင်ပြသွားမှာပေါ့"

ဟု တုံ့ပြန်မိမှာ သေချာသည်။ ကျွန်တော့် ရင်ထဲတွင်လည်း ထိုစကားကို ပြောနေမိသည်။

"အဲသလို ဆင်းရဲတဲ့ မိန်းမကို ယူတော့ ဘွားဘွားနဲ့ ဘိုးဘိုးနဲ့က သူ့ကို အမွေပြတ် စွန့်လွှတ်ပြီး လုံးဝ ပစ်ထားခဲ့တာကိုက အမှားပါကွယ်၊ ဆင်းရဲရတဲ့အထဲ ဘုန်းမရှေ့ကို ကိုယ်ဝန်ရှိလာတော့ သားအနေနဲ့ လုပ်မိလုပ်ရာ စီးပွားရေးတွေ လုပ်တယ်ထင်ပါရဲ့၊ မှောင်ခိုလုပ်ငန်း လုပ်တယ်လေ၊ မူးယစ်ဆေးဝါး ရောင်းတာပေါ့ ..."

"ဘုရား ... ဘုရား"

ဤစကားကို ကျွန်တော် ရင်ထိတ်သွားသည်။ ဘယ်လိုကြောင့်များ ဒီအလုပ်ကိုမှ ရွေးလုပ်ရတာလဲဆိုတာ စဉ်းစားလို့ မရနိုင်အောင် ဖြစ်ရသည်။

"အဲဒီတုန်း ... ဘွားဘွားလည်း ဘာမှမသိခဲ့ဘူး၊ နောက် သားလေး စုတ်စုတ်ပြတ်ပြတ်နဲ့ အိမ်ပြန်ရောက်လာတယ်၊ ဘိုးဘိုး ခေါ်လာတာလေ၊ ဒါပေမယ့် နောက်ကျသွားပါပြီ၊ သားမှာက ဆေးစွဲနေပြီ ..."

ဖြစ်နိုင်လွန်းတာမို့ ကျွန်တော် ငြိမ်သက်စွာ စိတ်ဝင်တစား နားထောင်နေခဲ့မိသည်။

"သားကို ဆေးရုံမှာ ခြောက်လတိတိ ဆေးဖြတ်ခိုင်းပြီး





ဟိုးတုန်းကတည်းက သားနဲ့ သဘောတူထားတဲ့ ခင်နွယ်မျိုးနဲ့ လက်ထပ်ပေးလိုက်တယ်၊ သားလည်း မငြင်းရှာတော့ပါဘူး၊ ခေါင်းညိတ်ခဲ့တယ် ..."

တော်တော် ရက်စက်တဲ့လူကြီးပါလားဟု ကျွန်တော် အပြစ်တင်ခွင့် ရချင်ပါသေးသည်။

သမီးငယ်လေးနဲ့ အားငယ်ဆင်းရဲရှာတဲ့ မိန်းမကို ထားရက်ခဲ့ပြီး နောက်အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ဝံ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဓာတ်ကတော့ လုံးဝမကောင်းတာ သေချာသားဗျ။

"ခင်နွယ်မျိုးနဲ့ ငါးနှစ်လောက်ပေါင်းပြီး အိမ်ကကို ပျောက်သွားတော့ ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး၊ နောက်တော့ သူ့အရင် မိန်းမဆီ ပြန်သွားတာတဲ့လေကွယ်၊ သူတို့က ဆင်းရဲသားတွေဆိုတော့ ရပ်ကွက်ပေါင်းစုံ လိုက်လျှောက်အိမ်ငှားနေကြတာလေ၊ နောက်ဆုံးအထိ ဘွားဘွားတို့ ရှာခဲ့ပေမယ့် မတွေ့တော့ဘဲ တစ်နေ့ သားဆုံးသွားပြီ ဆိုတာပဲ ကြားလိုက်ရတယ်၊ ထပ်ပြီး ကြားတာကတော့ သားက HIV ပိုးနဲ့ ဆုံးဆိုပဲ"

အာရုံတွေ ရှုပ်ထွေးနောက်ကျိနေသော ကျွန်တော့်ကို ပိုပြီး စဉ်းစားရခက်စေသည့် ဘွားဘွားရဲ့ စကားက ...

"သား စဉ်းစားနော်၊ ဒီရောဂါက အတူနေသူတွေ မကူးစက်ဘူးလို့ မပြောနိုင်ဘူး၊ အကြာကြီး အတူနေ ပြုစုလိုက်တာဆိုတော့ ဒဏ်ရာ သေးသေးမွှားမွှားကနေလည်း ကူးနိုင်

တာပဲ၊ ပြီးတော့ ဟိုးတစ်နေ့က ဘုန်းမငွေတစ်ယောက်တည်း ကူးစက်ဆေးရုံကို လာတာ ဘွားဘွားကိုယ်တိုင်မြင်ခဲ့တယ်၊ ဘွားဘွားနဲ့ ခင်နှယ်မျိုးက ခင်နှယ်မျိုးမှာ ဒီရောဂါရှိမရှိ သွားစစ်ဆေးရင်းနဲ့ တွေ့တာ ...”

ဘွားဘွား စကားနောက်တွင် ကျွန်တော့် မျက်အိမ်ထဲ၌ မငွေ့လက်ပေါ်က အနီစက်ကလေးများ၊ ကူးစက်ဆေးရုံထဲမှ ထွက်လာသော မငွေ၏ပုံရိပ်၊ ကျွန်မမှာ HIV ရှိတယ်ဟူသော မငွေ့စကား ... အားလုံးကို တစ်လှှာချင်း မြင်ယောင်လာသည်။

ဒေါ်စိန်ခိုင့် ပါးစပ်များကတော့ တလှုပ်တည်းလှုပ်ခါ စကားတွေ ဆက်ပြောနေတော့သည်။ စကားသံတွေကိုလည်း မကြားတော့ ...။ တွေးခေါ်ဆင်ခြင်နိုင်စွမ်းတွေလည်း ပျက်သုဉ်းကုန်လောက်အောင် ဦးနှောက်ထဲမှာ အောင့်မျက်နေသည်။

“ကျော်ထက်ဃ ... သား ပြန်တော့မလို့လား”

ခပ်ကျယ်ကျယ် လှမ်းအော်ပြောလိုက်သံကိုတော့ ခြံတံခါးနားရောက်မှ ကြားမိတော့သည်။ ထိုအခါ ကျွန်တော် ဘွားဘွားကို ရင်မဆိုင်နိုင်ဘဲ ပြေးထွက်လာခဲ့မိသည့်အဖြစ်ကို သတိရလာသည်။

ကျွန်တော့်ရဲ့ ဆိုင်ကယ်ကို ဦးတည်လိုက်တော့ နာမည်ကြီး ဆေးခန်းတစ်ခုဆီ ...။

သွေးစစ်ဖို့ စိတ်အားထက်သန်နေသော ကျွန်တော့် တစ်ကိုယ်လုံး လေအဟုန်မှာ လွင့်မျော ...။

တစ်ဖက် ကားလမ်းက ဖြတ်သန်းသွားသော ကား





အတွင်းဆီမှ မျက်ဝန်းတစ်စုံကို အမှတ်တမဲ့ပေမယ့် သတိထားမိလိုက်သည်။ ဒေါ်ခင်နှယ်မျိုး ...။ လျှပ်တစ်ပြက် ဆိုပေမယ့် နက်ရှိုင်းကာ အဓိပ္ပာယ်တစ်မျိုးဆောင်သော မျက်ဝန်းကို ကျွန်တော် ဝေခွဲလို့ မရနိုင်ခဲ့ ...။

အဲသလိုနှင့် ဆေးခန်းတစ်ခုမှာ ကျွန်တော် ဆေးစစ်ခြင်း စဟင်ခဲ့ပါသည်။

တစ်ချိန်ကပေါ့ ... မငွေနှင့် ကျွန်တော် ချစ်သူမဖြစ်ခင်က မငွေရဲ့ သွေးစွန်းနေသော လက်တစ်ဖက်နှင့် ကျွန်တော်၏ သွေးထွက်ပေါက်ပြဲနေသော လက်တစ်ဖက်တို့ ငြိစွန်းမိခဲ့တာကို ပြန်စဉ်းစားမိတိုင်း ကြက်သီးမွေးညှင်းများ ထလာလေသည်။

Result မရခင် တစ်လျှောက်လုံး ကျွန်တော့်လည်ချောင်းနှင့် ရင်ဘတ်တစ်ခုလုံး မှုရှုရှုဖြစ်နေလေသည်။

မငွေ့ကို တွေ့ချင်ပေမယ့်လည်း ရင်တွင်းခံစားချက်ကို မျက်နှာ၌မပေါ်လွင်အောင် ထိန်းမထားတတ်သော ကျွန်တော့်ဆီက တစ်ခုခုကို မငွေမြင်တွေ့သွားမှာစိုးစိတ်ဖြင့် မငွေ့ဆီ လုံးဝကို မသွားဖြစ်တော့ပေ ...။

မငွေကလည်း ကျွန်တော့်ကို ဘယ်လောက်ပဲ သေမတတ် လွမ်းနေပါစေ ... သူမဘက်ကစပြီး ဖုန်းဆက်ချိန်းဆိုဖို့ကို မာနတင်းခံတတ်သော မိန်းမတစ်ယောက်မို့ ကျွန်တော်မှ မဆက်သွယ်လျှင်၊ ကျွန်တော့်ဘက်က ရှောင်နေလိုက်လျှင် ဘာမှဖြစ်မလာနိုင် ...။

ကျွန်တော်နှင့် မငွေ၏ ချစ်သူဘဝကလေးဟာ

အဘယ်မျှအထိ ချစ်ခဲ့ကြပြီး အဖြူစင်ဆုံး သန့်ရှင်းခဲ့ကြတာမို့ ဘယ်လို အန္တရာယ်မျိုးမှလည်း မရှိနိုင် ...။ ဒါပေမယ့် ဖိုးကျော် မိတ်ဆွေ ကိုရွှေရေးလိုအဖြစ်မျိုးနဲ့သာ ကျွန်တော် ကြုံဆုံခဲ့ရလျှင် ...

ဟင့်အင်း ... ကျွန်တော် ရင်မဆိုင်ရဲဘူး ...။

သေသွားလိမ့်မယ် ထင်တယ် ...။

ကျွန်တော်သည် အဖြေတစ်စုံတစ်ရာ မသေချာသေးခင်မှာပဲ ရီဝေနောက်ရှုပ်စွာဖြင့် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါသည်။ အဲ့ဒီလို ဆုံးဖြတ်ပြီးနောက်မှ မငွေ့ကိုပင်မက ဘယ်သူနဲ့မှ မတွေ့ဖြစ်တော့တာ ဖြစ်သည်။ ဖိုးကျော်ကိုတော့ မငွေနှင့် တွေ့နေရလို့ မအားသလို လိမ့်ကာ အတွေ့မခံခဲ့ ...။

ကျွန်တော့် ဆုံးဖြတ်ချက်ကလည်း ပြန်ပြင်လို့မရ လောက်အောင်ကို ကတိအထပ်ထပ် တုပ်နှောင်ပြီးသား ...။

ကျွန်တော် USA ကို သွားရတော့မယ် ...။

ဒီအဖြစ်က လုံးဝ ပြင်မရတော့တာ တကယ်ပါ။

ဘာလို့လဲဆိုတော့ ...

"ကျွန်တော် USA ကို တကယ် သွားမယ် ဒက်ဒီ"

မာမ့်ရှေ့မှာ ဒက်ဒီ့ကို ကတိပေးလိုက်ခဲ့ပြီ။ ဒက်ဒီကတော့ ကျွန်တော့် သဘောတစ်ခုကိုသာ ဦးတည်၍ တစိုက်မတ်မတ် လုပ်ပေးသည်။

မာမီကတော့ သားရှင်တို့ အမေဆိုတဲ့အတိုင်း ကျွန်တော် ကြီးပွားချမ်းသာကာ ပြန်လာခဲ့မယ်ဆိုရင် နန်းဦးကို ဘယ်၍ ဘယ်မျှ တင်တောင်းသင့်ကြောင်းကို တွက်ထိုးမဆုံး ...။





Negative ဆိုတဲ့ သွေးစစ်ချက်ကတ်ကလေးကိုကြည့်ပြီး မာမီက ...

"သားလေးက ကလေးလေးပါကွယ်၊ သားလေးက မာမီရဲ့ လိမ္မာတဲ့ သားကလေးပါ"

ဟု ဖွဖွပြောသလို ကျွန်တော် ကိုယ်၌ကလည်း ထိုအခါကျမှ အသက်ဝဝ ရှူလို့ရခဲ့သည်။

◆ ◆ ◆

မငွေနှင့် ခိုးပြေးမည့်ရက်၊ ချိန်းထားချိန်တန်လာတဲ့ အခါ ကျွန်တော့်ရင်ထဲမှာ လှိုက်မောတုန်ယင်လာသည်။

ဝက်လက်လှဲနေလည်း အဆင်မပြေ ...၊ မှောက်အိပ်လည်း ရင်တုန်ခြင်းမပြယ် ...၊ တံမြက်စည်းသွေ ထလှည်းပစ်လည်း အခြေအနေက ကျွန်တော့်အသက်ပင် မရှူနိုင်အောင် ရင်ထဲ တဒိုင်းဒိုင်း ခုန်လှုပ်မြည်ဟီးလာခဲ့သည်။

ဘယ်လိုမှ ထိန်းချုပ်မရတော့သည့်အဆုံး ကျွန်တော် မငွေနှင့်တွေ့ဖို့ ထွက်ခဲ့ရတော့သည်။

မငွေ့ကို လူတွေကြားမှ ထင်းခနဲ မြင်လိုက်ရတော့ စိတ်ထဲ ဝမ်းနည်းဟပ်မောလာကာ မျက်ဝန်းမှာ မျက်ရည်တို့က ပြည့်လာခဲ့သည်။ ကျွန်တော် ဝတ်ခိုင်းလို့ အင်္ကျီလက်ရှည်ကလေး ဝတ်ထားကာ ကျွန်တော် ဝင်လာနိုင်မယ့် လမ်းကို မျှော်နေရှာသော မငွေလေးက မျှော်လင့်ခြင်းများဖြင့် လှလွန်းနေဆဲဖြစ်သည်။

ကြိုဝယ်ထားသော ကားလက်မှတ်ကလေး နှစ်ရွက်က ကျွန်တော့်လက်ထဲတွင် ခြောက်ခြေတွန့်မွနေခဲ့ပြီ ...။ ဘတ်စ်ကားကြီး ထွက်သွားတော့ မဒေ့ မျက်နှာကလေး မျက်ရည်ရောင်ဖြင့် သုံးဖက်ကြွလာသည်။

ထိုအခိုက်မှာ ကျွန်တော့်စိတ်ကို ကျွန်တော် မနိုင်တော့ဘဲ မဒေ့ ဆီသွားဖို့ ပုန်းနေသော နေရာမှ ခွာထွက်ဖို့ပြင်လိုက်စဉ် တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သောကြောင့် ကျွန်တော် အနောက်သို့ ပြန်တွန့်ဆုတ်သွားရသည်။

"ဟင် ... ဒက်ဒီ"

"သား ... ဓာတ်လမ်းတစ်ခုကဲ တစ်ခါတလေ ဓာတ်မသိမ်းတာလေးက ပရိသတ်ကို လွတ်လပ်ခွင့်ပေးတဲ့ သဘောပဲ၊ သားလည်း မိဘတွေ မျက်နှာကိုထောက်ထားပြီး ဒီဓာတ်လမ်းကို ဒီနေ့ နောက်ဆုံးထားခဲ့စမ်းပါကွာ၊ မင်းပဲ ဓာတ်သိမ်းဖို့ ဆုံးဖြတ်ခဲ့တာပဲ၊ မင်း ယောကျ်ားပဲကွ၊ မင်းဓာတ်မင်းနိုင်အောင် ကခဲ့စမ်းပါ၊ လာ ... သား"

ဒက်ဒီက ကျွန်တော့်လက်ကိုဆွဲကာ မဒေ့နှင့် ဝေးရာကို ခေါ်ထုတ်၏။ စတစ်ကာ မှန်အနက် အလုံပိတ်ထားသော ဒက်ဒီ့ကားကြီးထဲမှနေ မဒေ့ ကျောပြင်ကလေးကို လှမ်းကြည့်ရင်း စိတ်ကူးဖြင့် မွေ့ရမ်းဖမ်းဆွဲကာ မဒေ့နှင့် တရွေ့ရွေ့ ဝေးသွားခဲ့သည်။ ကားလက်မှတ်ကလေးကို တစ်စစီ ဖြဲဆုပ်လွှင့်ပစ်လိုက်တော့ မဒေ့နှင့် ကျွန်တော့် ဓာတ်လမ်းက သိမ်းသွားခဲ့လေပြီ ...။

✦ ✦ ✦



# အပိုင်း(၃)

## အသုံးသတ်နိဒါန်း

## အခန်း (၁၈)

မောင် ကျွန်မကို လာမတွေ့သည်မှာ တစ်ပတ်ပြည့်နေခဲ့ပြီ။ မောင့်ကို အခါများစွာတို့ထက်ပင် လွမ်းမောနေကာ မောင် တစ်ခုခုများ ဖြစ်မလားဆိုသည့် အတွေးဖြင့် စိုးရိမ်နေခဲ့ရပါသည်။

အများတကာထက် ပိုလှကာ မိန်းမဆန်သော လက်ရေးဖြင့် ရေးတတ်သော မောင့်ရဲ့ ကဗျာအတိုအစကလေးများကို ပြန်ကြည့်နေမိသေးသည်။

မောင်နှင့် ထွက်ပြေးဖို့ စီစဉ်လိုက်ကတည်းက club မှာ စန္ဒရားမတီးတော့၍ ချိုချိုနှင့်လည်း မတွေ့ဖြစ်တာကြာခဲ့ပြီ။

အမေ့ ခွဲစိတ်စရိတ် အကြွေးတို့လည်း အကြေဆပ်ပြီးခဲ့ပြီ မဟုတ်ပါလား ...။

အတန်းလွှတ်နေချိန်တွင် ကျွန်မတစ်ယောက်တည်း ပူပြင်းသော နေရောင်အောက်တွင် မောင့်ကို တမ်းတစိတ်များဖြင့်

လာနေခိုက် လိုသည်ထက်ပို၍ ပျက်ယွင်းနေသော မျက်နှာဖြင့် ဖိုးကျော်ကို တွေ့လိုက်ရပါသည်။

ဖိုးကျော်နှင့် မောင်က တွဲဖက်လို ဖြစ်နေလွန်း၍ သူ့ကိုမြင်တော့ မောင့်ကိုပါ တွဲမြင်လာမိသလို ခံစားရသည်။

သို့ပေမယ့် ကိုဖိုးကျော်က တစ်ယောက်တည်းသာ ပင်။ ကျွန်မရဲ့ မျက်နှာမှာ မှုပန်စိုးရိမ်မှုတွေ တွဲလွဲခိုနေမှာတော့ သေချာလေသည်။

"ကိုဖိုးကျော် ... မောင်ကောဟင်၊ မောင်နဲ့ တွေ့ဖြစ်သေးလား"

မျက်နှာချင်းဆိုင်ချိန်မှာ မေးလိုက်သော ကျွန်မကို မျက်လုံးလေး လှန်ကြည့်ကာ မဲ့ပြုံးကို ဖိပြုံး၍ ...

"ကျော်ထက်ဃ ဆိုတဲ့ ကောင်လား ..."

ဖိုးကျော်ရဲ့ စိမ်းဆတ်ဆတ် အသံကြီးကြောင့် ကျွန်မ ရင်ထဲ ထိတ်သွားကာ ...

"ဟုတ်တယ်လေ ... ကျော်ထက်ဃလေ၊ သူ့ကျောင်းမတက်တာ တစ်ပတ်ရှိသွားပြီ၊ အဲ့ဒါကြောင့် ကိုဖိုးကျော်များ သိမလားလို့ ..."

ဘယ်လိုမှ မတုံ့ပြန်ပေမယ့် ကိုဖိုးကျော်မျက်နှာတွင် နာကြည်းရိပ်တွေလို နီမြန်းအက်ဖြာနေသည်။

နိမိတ်မကောင်းတော့တာ အလိုလို သိလာတော့ ကျွန်မ အသည်းတွေ ဆုပ်ညှစ်ခံရသလို ဖြစ်လာသည်။





"ပြောပါ ... မောင် ဘာဖြစ်နေပြီလဲဟင်"

"... ..."

"ဟင် ... ဘာလဲ၊ သေသွားပြီလား"

နောက်ဆုံး စကားတစ်ခွန်းထိ ကျွန်မ အော်မေးသော အခါ ကိုဖိုးကျော်က အသက်ပြန်ဝင်လာသော လူတစ်ယောက်လို အားပျော့နေသော အသံဖြင့် စ၍ တဖြည်းဖြည်းချင်း မာကျောစွာ ပြောသည်မှာ ...

"ဟုတ်တယ် ... သေပြီလို့ ပြောလို့ရရင်တောင် ပြောချင်ပါတယ်၊ ဒါပေမယ့် ဒီကောင့်ခန္ဓာကိုယ်က မသေဘူး၊ တကယ် သေသွားတာက စဉ်းစားဉာဏ်၊ ချစ်တဲ့စိတ် ... အဲ့ဒါတွေပဲ၊ အဲ့ဒါတွေက ဘယ်တော့မှ ရှင်သန်လာတော့မှာ မဟုတ်ဘူး၊ ဘာလို့ သေဆုံးကုန်တာလဲဆိုတော့ ဘုန်းမငွေ့ ခင်ဗျား အဖေရဲ့ ရောဂါကြောင့်ပဲ၊ ပတ်ဝန်းကျင်ရဲ့ ချောက်ချ စကားတွေကြောင့် သူ ခင်ဗျားအပေါ်မှာ သံသယ စိတ် အပြည့်နဲ့ပဲ သူ့အာရုံတွေ သေဆုံးကုန်တာ ..."

"ရှင် ..."

ချက်ချင်း နားမလည်နိုင်သေး၍ ကိုဖိုးကျော်စကား ကို အငေးသားလေးပင် နားထောင်နေခဲ့သည်။

"ကျွန်တော် မေးမယ်၊ ဘုန်းမငွေ့ အမှန်အတိုင်း ဖြေနော်"

"မေးပါ ..."

"ဘုန်းမငွေ့မှာ HIV ပိုး ရှိနေသလား"

"အသေအချာပဲ၊ ကျွန်မမှာ ဘာရောဂါမှ ရှိမနေဘူး ကိုဖိုးကျော်"

"ကျွန်တော်တောင် ယုံကြည်နေတဲ့ကိစ္စကို ဒီကောင် ကျော်ထက်ဃက တွေးကြောက်နေတာကိုး၊ ကျွတ် ..."

"ရှင် ... ဘာကိုဆိုလိုတာလဲ"

"ကျော်ထက်ဃ နိုင်ငံခြား ထွက်သွားပြီ၊ ကျွန်တော့်လို သူငယ်ချင်းအရင်းကြီးတောင် နှုတ်မဆက်သွားဘူး၊ ဟိုတစ်နေ့က သူ့အိမ်သွားမှ သူ့မာမီကြီးက ပြောပြတယ်၊ ဘာတဲ့ ... ဘုန်းမငွေနဲ့ ဝေးသွားအောင်ဆိုလား၊ ဘုန်းမငွေမှာ AIDS ဖြစ်နေမှန်း သိသွားတဲ့နေ့ကပဲ နိုင်ငံခြားသွားမယ် ပြောတာတဲ့၊ ဘယ်နိုင်ငံဆိုတာတောင် အတိအကျ မပြောပြဘူး၊ ဒီမှာ ဘုန်းမငွေ မျက်ရည်မဝဲစမ်းပါနဲ့၊ ဦးနှောက်မရှိတဲ့ လူကို မေ့လိုက်၊ တက္ကသိုလ်မှာ ဒီ Final တစ်နှစ်လုံး ရှာလိုက်စမ်းပါ၊ ကျော်ထက်ဃထက်တော်တဲ့ ကောင်ကြီးပဲ၊ ကျုပ်တွေ့ဖူးသမျှထဲမှာ ဒီကောင်အဖျင်းဆုံးပဲ ..."

ရှေ့မှာရပ်နေသော ကိုဖိုးကျော်ကိုပင် မမြင်နိုင်တော့လောက်အောင် ကျွန်မ မျက်လုံးများ မှုန်သီသွားခဲ့သည်။

"ဟုတ်ရဲ့လားရှင် ..."

မောင် ကျွန်မကို ကတိတွေ အထပ်ထပ်ပေးပြီးချစ်ခဲ့တာ နှစ်နှစ်တဲ့လားနော်။ ကျွန်မဘဝတစ်ခုလုံးမှာ တစ်မိမ်းယောက်ျားဆိုလို့ မောင်တစ်ယောက်တည်းကို ကြည်ဖြူခဲ့တာနော် ...။





ရက်စက်လိုက်တာ မောင်ရယ်၊ ဟင့်အင်း ... မယုံဘူး၊ ကိုဖိုးကျော်ရဲ့ စကားတွေနဲ့ အယုံသွင်းပြီး ကျွန်မရဲ့ အချစ်ကို စမ်းသပ်နေတာမဟုတ်လား မောင်။

မောင် Twist (လှည့်စား)လုပ်နေတာလား။ ဒီအနီးအနား တစ်ဝိုက်မှာ မောင် ရှိနေပါတယ်။

ကျွန်မသည် ဖိုးကျော်ကို ကျောခိုင်းကာ ကျောင်းလမ်းတွေအတိုင်း ပြေးလျှောက်ကာ မောင့်ကို ဟိုဟိုဒီဒီ ရှာဖွေနေမိသည်။

ကျွန်မ အစစ်ပါ ငိုနေခဲ့သေးသည်။

"ရှာမနေနဲ့တော့ ဘုန်းမငွေ၊ သူ တကယ်သွားပြီ၊ မနောက်ဘူး၊ ဒါ နောက်စရာမှ မဟုတ်ဘဲ"

နောက်မှ ကပ်ပါလာသော အသံကို ကြားရသည်။ လူတစ်ကိုယ်လုံး အင်အားတွေ ပျော့ခွေပါးလျလာသလို ခံစားရသည်။

လက်ထဲက ဖိုင်ကလေး လွတ်ကျသွားသည်။ ဖိုင်ကလစ်ပြုတ်ကာ စာရွက်များစွာ ထွက်ကျလာလေသည်။ ကိုဖိုးကျော်က တစ်ခုမကျန် လိုက်ကောက်ပေးပြီး ...

"ဘုန်းမငွေ စန္ဒရား သွားသင်ပေးစရာ ရှိတယ်နော်၊ ဒီ table card မှာ တွေ့တယ်"

အို ... ဟုတ်ပါရဲ့။ စန္ဒရားတီးစရာ ရှိပါသေးတယ်။

အရင်နေ့တွေက မောင် လိုက်ပို့နေကျ အိမ်တွေ။

ပန်ပန်းပါတယ် ... မတီးပါနဲ့လားလို့လည်း မောင် ပြောနေကျ ...။

အခု မောင်က အနားမှာ မရှိတော့ဘူး ...။

နေပါစေတော့လေ ...။ ကျွန်မ တစ်ယောက်တည်းလည်း ဖြစ်ပါတယ်။

ကိုဖိုးကျော် လက်ထဲ လာထည့်ပေးသော ဖိုင်တွဲကို ယူကာ ခြစ်ခြုပ်ထားသော အင်အားတွေ စုစည်းကာ လမ်းဆက် လျှောက်ခဲ့ရသည်။

ကျွန်မရဲ့ စိတ်တွေ ဘယ်ရောက်လို့ ရောက်နေမှန်း မသိလောက်အောင် လမ်းကြောင်းများပြားစွာ ရှေ့လျှားနေလေ သည်။ ကျွန်မ တပည့်လေးတွေက ကျွန်မကို ဆီးကြိုနှုတ်ဆက် တုန်း ခဏပဲ ပြုံးနိုင်သည်။

တိုင်ပင်တွေလည်း အလွဲလွဲအချော်ချော် ဖြစ်ကုန် သဖြင့် ကလေးတွေက တစ်ဖန် ပြန်ထောက်ပေးရတော့ ကျွန်မ သိပ်ရှက်မိသည်။

ပန်းနှစ်ဖက်ကြားက ခေါင်းပေါက်သော သာမန် ယောကျ်ားတစ်ယောက်အတွက် ကျွန်မကို ထမင်းအဝကျွေးနေ သော စန္ဒရားတီးခြင်းကို မလေးစားသလို ဖြစ်သွားသောကြောင့် ယူကြုံးမရ ဖြစ်ရသည်။

အံတင်းတင်းကြိတ်၍ အလုပ်ထဲ အာရုံစိုက်ရတာ ဒီနေ့အဖို့ အပင်ပန်းဆုံးလို့ ဖြစ်နေသည်။ ထိုသို့ပင် ယောကျ်ား တစ်ယောက်က ကျွန်မအား တင်စီး အနိုင်ပိုင်းလေသည်။





သို့သော်လည်း သူ့ကိုပင် ကျွန်မက ချစ်မိနေပြန် သေးသည်။ အချစ်စေညွှန်းရာ သွားရခြင်းပဲမို့လား ...။

ကျွန်မတစ်ယောက် အရှက်၊ အကြောက်များအားလုံး ခွာကျကာ မောင့်အိမ်ကို ရောက်သွားခဲ့ပါသည်။

✦ ✦ ✦

## အခန်း(၁၉)

မောင့်အိမ်နှင့် မျက်နှာချင်းဆိုင် အခန်းက ကျွန်မရဲ့ speaking ဆရာ ဆရာမ အိမ်ဖြစ်တာမို့ သတိကြီးစွာ ထားရသည်။ ဆရာတို့ ဇနီးမောင်နှံ နှစ်ယောက်လုံး တရုတ်ပြည် အလည်ခရီး ထွက်နေတုန်းမို့ ကျွန်မ သင်တန်းလာမတက်ဖြစ်၍ မောင့်ကို မျက်ခြည်ပြတ်သွားခြင်းလည်း ဖြစ်သည်။

ဆရာနှင့် ဆရာမ ပြန်ရောက်နှင့်နေမှာ စိုး၍ ရင်တထိတ်ထိတ်ဖြင့် လှေကားထစ်တွေအတိုင်း တက်ခဲ့ရသည်။ ကံကောင်းနေသေး၍ ဆရာမတို့ အိမ်တံခါး သော့ပိတ်ထားတာ တွေ့လိုက်ရသည်။

လူခေါ်ဘဲ(လ်) နှစ်ချက်ဆင့်တီးပြီး ခဏအကြာတွင် မိန်းမကြီးတစ်ယောက် တံခါးလာဖွင့်သည်။

ထိုမိန်းမကြီး၏ မျက်နှာသည် ရွှင်မြူးလန်းဆန်းသော ချစ်စဖွယ် ဟန်ပန်ကလေးဖြင့် တံခါးဖွင့်လိုက်သော်လည်း





သူဖွင့်ပေးလိုက်သော ဧည့်သည်ဟာ ကျွန်မဖြစ်နေတော့ သိသာစွာပင် သူမ မျက်နှာကြီး ပျက်ယွင်းညိုနက်သွားလေသည်။

ထိုအမူအရာမှ စ၍ အဆင့်ဆင့်သော လှုပ်ရှားမှုများသည် ကျွန်မရဲ့ မှတ်သားနိုင်စွမ်းသော အာရုံထဲမှ ဘယ်သောအခါမှ ထွက်ပြေးသွားမှာ မဟုတ်တော့ကြောင်းကို ရင်နာခံပြင်းစွာ သိလိုက်ပါသည်။

"အန်တီ ... ကျွန်မ ဘုန်းမငွေပါ၊ အန်တီနဲ့ စကားနည်းနည်း ပြောချင်လို့ပါရှင်"

ကျွန်မရဲ့ အသံကို သိမ်ငယ်မသွားအောင် ထိန်းကာ ပြောရသည်။ မောင့် မာမီက တံခါးဖွင့်ပေးသောအခါ ကျွန်မက ရဲဝံ့စွာ ဝင်သွားလိုက်သည်။

အိမ်ထဲရောက်တော့ မုန့်ဟင်းခါးချက်လက်စ အနံ့ကလေးကို ရရှိသည်။ ဧည့်ခန်းမှာ အလှချိတ်ထားတဲ့ မောင့်ဓာတ်ပုံအကြီးကြီးထဲက မောင့် မျက်ဝန်းတွေနှင့် ဆုံမိတော့ ရင်ခွင်တစ်စုံမှာ တိမ်းမူးဟပ်မောသွားသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ လာတာလဲ"

အစမှာကတည်းက ခပ်ဆတ်ဆတ် ကျုတ်နေသော မျက်နှာပေး လေသံဖြင့် စပြောခံရခြင်းဖြစ်သည်။

"ကျွန်မကို အန်တီ သိပြီးလောက်ပါပြီရှင်၊ ကျွန်မက ကျော်ထက်ဃရဲ့ ..."

"ငါ့သား နိုင်ငံခြား သွားပြီ၊ ငါ့သား ဒီမြေပေါ်က ထွက်သွားတဲ့ နေ့ကစပြီး နင်နဲ့ ဘာမှမဆိုင်တော့ဘူး၊ ကျွန်မနဲ့

သူ ချစ်သူတွေပါဆိုတဲ့ စကားလေး တစ်ခွန်းလောက်နဲ့ ငါလို အမေမျိုးကို လာမခြေနဲ့၊ မရဘူး မှတ်”

“ကျွန်မက ဒီသဘောနဲ့ မဟုတ်ပါဘူး အန်တီ၊ မောင်နဲ့ ကျွန်မကြားမှာ ပြဿနာဆိုလို့ အသေးအမွှားလေးတောင် မဖြစ်ဘဲ မောင် ကျွန်မကို ထားပြီး အဝေးကို ထွက်သွားတယ်ဆိုတာ မယုံလို့ လာမေးတာပါ”

“ပြဿနာ အသေးအမွှားတောင် မရှိဘဲနဲ့ ဟုတ်လား၊ ညည်းလို ရောဂါသည်မ တစ်ယောက်လုံးကြီးနဲ့ မတော် တဆ ချစ်သူတော်ရတာ ပြဿနာကြီးပဲ၊ ဒါတင် တော် လောက်ပါပြီ၊ ဘာဒုက္ခများ ပေးချင်နေသေးတာလဲအေ”

ကျွန်မသည် ထိုင်ရာမှ ထကာ မောင့်မာမီနှင့် နီးကပ်စွာ သေးချင်းပူးထိုင်ပစ်လိုက်တော့ ထိုမိန်းမကြီး ကျွန်မကို ကြည့်ပုံမှာ ရွံစရာကောင်းသော ပိုးကိုက်ပန်းတစ်ပွင့်ကို တွေ့နေရသလို။

ကျွန်မက အင်္ကျီလက်ပြတ် ဝတ်ထားသော လက်မောင်းလေးကို ပုတ်ရင်း ...

“ဖောက်ထုတ်ကြည့်ပါ၊ အန်တီကိုယ်တိုင် စိတ်ကြိုက် ဆရာဝန်တွေနဲ့ ကျွန်မသွေးကို ဖောက်စစ်နိုင်ပါတယ်၊ သန့်ပြီးသားပါ အန်တီ၊ သေးလူတွေရဲ့ စကားနဲ့တင် ယုံနေရတဲ့ အန်တီ့အဖြစ်က ဝ မရှိဘဲ ဝိလုပ်သလို နုံဆင်းဆင်းနိုင်လွန်းပါတယ်၊ ဘာမှ ရေရေရာရာ မသိဘဲ ချစ်သူနှစ်ယောက်ကို အကြောင်းပြချက် မခိုင်လုံစွာနဲ့ ခွဲပစ်တာဟာ မတရားပါဘူး၊ သိပ်ကို အောက်တန်းကျပါတယ်”





“ညည်း ရိုင်းလှချည်လား”

“အန်တီတို့က ပိုရက်စက်ခဲ့တာပါ၊ စဉ်းစားဉာဏ် မဲ့ခဲ့တာပါ”

“နင့်ပါးစပ် ပိတ်ထားလိုက်စမ်း ဘုန်းမငွေ၊ နင့်ကို ငါ့သားနဲ့ ခွဲရတာဟာ ဒီတစ်ချက်တည်းကြောင့်မဟုတ်ဘူး၊အကြောင်းတရား ခိုင်လုံလွန်းတယ်၊ ညည်းက ဆင်းရဲတယ်၊ ပြီးတော့ ဘာသာတရား၊ ကိုးကွယ်တဲ့ ဘုရားချင်းလည်း မတူဘူး၊ ဒါ အဆိုးဆုံးပဲ၊ ငါ့သားလေးကို ညည်းဘက်ပါအောင် ဆွယ်သွားမှာ ငါမလိုလားဘူး၊ ငါ့သား မင်္ဂလာဆောင်လို့ ဖိတ်စာ ရိုက်ရင်တောင် သူ့ယောက္ခမရဲ့ စီးပွားအဆင့်အတန်းကို ခပ်မြင့်မြင့်ရေးချင်တာ၊ ကွင်းစကွင်းပိတ်ထဲ အကြော်သည်မလို့ အထည့်မခံနိုင်ဘူး”

“ဒါတော့ အန်တီ လွန်သွားပြီနော်၊ ဆင်းရဲတယ်ဆိုတဲ့ ဆောင်ပုဒ်တစ်ခုနဲ့တော့ လူတစ်ယောက်ကို ပြစ်ချက်လို့ မစွပ်စွဲသင့်ဘူး၊ ကျွန်မ အမေလည်း ဘွဲ့ရထားတဲ့ အမျိုးသမီးတစ်ယောက်ပါ၊ အခြေအနေ အချိန်အခါရဲ့ ဖိစီးမှုကြောင့် နာလန်မထူနိုင်တဲ့ မိန်းမတစ်ယောက် အကြော်ရောင်းတာ ရှက်စရာမဟုတ်ပါဘူး”

ကျွန်မ နှလုံးသွေးတွေ နီရွေးကာ ဝိုင်းဒိုင်းခုန်အက်နေလေသည်။ မြင့်မားချင်တဲ့ မိန်းမတစ်ယောက်က အနိမ့်ခံဘဝရောက်နေရတော့ မခံမရပ်နိုင် ဖြစ်လာရသည်။

“ဟင်း ... ဟင်း ... ဖာထေးမနေစမ်းပါနဲ့အေ၊ အောက်တန်း

စားက အောက်တန်းစားပါပဲ၊ ဘွဲ့ရပညာတတ်လည်း အသုံး
မကျတဲ့သူက အသုံးမကျပါဘူး"

"ဟုတ်ပါတယ် အန်တီ၊ အဲဒီထဲမှာ အန်တီက ထိပ်ဆုံးက
ဖြစ်နေတယ်ဆိုတာ အန်တီ ကွက်ကွက်ကွင်းကွင်း သိလာ
ပါရစေမယ်၊ အောက်တန်းစား ဆိုတဲ့ လူတစ်စုကို မော်
မကြည့်ရဲတော့တဲ့ဘဝ ရောက်လာခဲ့ရင် မနွဲ့ကြေးနော်
အန်တီ၊ ကျွန်မ ခြေထောက်ကို ဖက်ပြီးမှ တောင်းပန်လာရ
မယ့် လူ့အဖွဲ့တွေထဲ အန်တီ့ကို မြင်ရင် ကျွန်မ ဘာလုပ်
ပေးရမလဲ ...၊ အေးလေ ... အန်တီ မပါပါစေနဲ့လို့ပဲ
ဆုတောင်း ပေးပါတယ်"

သူမ တစ်ကိုယ်လုံး ဒေါသကြောင့် တုန်လာကာ ...

"သွားစမ်း ... ငါ့အိမ်က ထွက်သွားစမ်း၊ ရိုင်းလိုက်တာ၊
ရိုင်းစိုင်းလိုက်တာ ..."

အော်ဟစ်ရှုတ်ဆိုရင်း ကျွန်မအား တံခါးဝဆီ တွန်း
တိုက်ထုတ်လာစဉ် တံခါးဆွဲဖွင့်လိုက်သည့်အခါ အပြင်၌ နန်းဦးခင်
ကို တွေ့ရသည်။

"ဟယ် ... နန်းဦး သမီးလေး၊ ချွေးမလေး ... လာ ... သမီး၊
မာမီက သမီးအတွက် မုန့်ဟင်းခါး ချက်ထားတယ်"

ကျွန်မကို ဆက်ဆံပုံနှင့် ဘာဆိုဘာမှ မဆိုင်တော့
သော လေသံဖြင့် သာသာနှင့် နာနာကလေး ထိုးနှက်လေသည်။
နန်းဦးကလည်း ကျွန်မကို စိုက်ကြည့်နေသလို ကျွန်မကလည်း
စေ့စေ့ကလေး မထိတရီ ပြန်ကြည့်ပြီးမှ ကျောခိုင်းခဲ့သည်။





အခန်းပြင်ရောက်ပြီးမှ သူတို့ရဲ့စကားသံကို တစ်စွန်း
တစ်စ ကြားရသည်။

"သူ ဘာလာလုပ်တာလဲ မာမီ"

"အို ... အလကားပါ သမီးရယ်၊ အခြေအမြစ်မရှိတဲ့
ကလေးမလေးပါ"

ကျွန်မရဲ့ ရင်ခွင်ကြီးတစ်ခုလုံး လွင်ပြင်ဖြစ်သွားကာ
လေပွကားတွေပေါ်မှ လှပ်ခနဲနေအောင် အရှိန်ပြင်းစွာ ပြေးဆင်း
လာခဲ့မိသည်။

မျက်ရည်နှင့်တူသော ကြည်လဲ့လဲ့ အရည်လေးများ
က ကျွန်မ မျက်အိမ်ဆီမှ ဆုံးရှုံးခြင်း၊ ကြေကွဲခြင်း၊ နာကျင်အဆိပ်
တက်ခြင်းများဖြင့် ကျလာသည်။

ခဏတစ်ဖြုတ် စိတ်ကိုလွှတ်ပေးလိုက်တော့ ရင်ဘတ်
တစ်ခုလုံး ဖျစ်ညှစ်ဖမ်းချုပ်ခံထားရပြီးမှ ရုတ်တရက် လက်လွှတ်
ခံလိုက်ရသလို ကြပ်တည်းလွင့်ပာသွားရသည်။

နှလုံးသားက အက်၍ပင် ကျန်ခဲ့သည်။

ပါးစပ်ဖျားမှာ 'အင့်' ခနဲ ရှိုက်သံပေါ်ကာ ငိုလိုက်
မိတော့ လူအနည်းငယ်၏ ဂရုစိုက်မိခြင်းကို ခံရသည်။

အိမ်ရောက်သောအခါ မှိန်ဖျော့ဖျော့ အလင်းရောင်
အောက်တွင်ပင် ကျွန်မ မျက်နှာ၏ အရောင်အပြောင်းအလဲကို
အမေက တွေ့သွားသည်။ ကောင်းကင်ကို ငေးရင်း ငိုင်နေသော
ကျွန်မအနားသို့ တိုးကပ်လာကာ မျက်ရည်စိမ့်နေသောကြောင့်
ခပ်အစ်အစ်ဖြစ်နေသော မျက်နှာကလေးကို ကိုင်၍ ...

"သမီး … မငွေလေး ဘာဖြစ်နေလဲဟင်၊ သမီး တစ်ခုခုများ ဖြစ်နေသလား၊ အမေ စိတ်ပူလိုက်တာ"

အမေ့ရဲ့ ရင်တွင်း အခိပ္ပာယ်ပါသော လှိုက်လှဲသည့် အသံကြောင့် ကျွန်မခေါင်းကို အမေ့ ရင်ဘတ်ထဲ ထိုးသွင်းကာ ငြိမ်သက်နေရင်း အတော်ကြီးကြာတော့မှ …

"မောင် နိုင်ငံခြားသွားပြီ အမေ၊ သမီး သိရတဲ့အချိန်က နောက်ကျနေပါပြီ …၊ သူ သမီးကို …"

"အပြတ်ပဲပေါ့ … ဟုတ်လား သမီးရယ်၊ ထားပါတော့ သမီး၊ ဘယ်သူ့ကိုမှ အပြစ်ရှာမနေပါနဲ့ကွယ်၊ ဘယ်တုန်းကမှ စိတ်မာတတ်မကျဘူးတဲ့ သမီး၊ ဒီတစ်ခါလည်း စိတ်တင်းပြီး အံ့ရအောင် ကြိုးစားလိုက်ပါကွယ်၊ အခိုကက ယောကျ်ားတစ်ယောက်ရဲ့ အချစ် မဟုတ်ဘူး၊ မိန်းမ တစ်ယောက်အတွက် ဘဝကသာ အရေးကြီးတာ သမီး"

'ထားသွားပြီ' ဆိုတဲ့ စကား ကျွန်မ ဆက်ပြောလိုက်မှာကို အမေက ရိပ်မိတယ် ထင်ပါရဲ့ …။ ဟုတ်ပါတယ် အမေ တကယ်တမ်းတော့ မိန်းမတစ်ယောက်ရဲ့ အသက်က ဘဝပါပဲ။ ဘဝတစ်ခုလုံး ဆုံးသွားရင် အသက်ပါ ဆုံးသွားသလိုပဲနော် …။

ထိုနေ့ မနက်လင်းတော့ ကျွန်မရဲ့ ပုံသဏ္ဌာန်က တစ်စုံတစ်ခုကို မေ့ချင်ယောင်ဆောင်ထားရသော အပျိုငယ်တစ်ယောက်ပုံစံ ပေါက်ကာ ထိမိလျှင် ပေါက်ကွဲသွားနိုင်သော ဗုံး တစ်လုံးလို တင်းမာခဲကျင်နေလေသည်။

✦ ✦ ✦



# အခန်း(၂၀)

လများစွာ ကြာတဲ့အထိ ကျွန်မရဲ့ စိတ်ထဲက မောင်ဟာ ဘယ်သောအခါမှ ထွက်မသွားခဲ့ပါ …။ ကျွန်မက မချစ်တတ်ခဲ့သော မိန်းမတစ်ယောက် ဖြစ်ခဲ့သော်လည်း ချစ်တတ်လာသောအခါ မမေ့တတ်တော့သော မိန်းမတစ်ယောက် ဖြစ်လာခဲ့သည်။

မောင့်ကို မမေ့တာက ချစ်လွန်းတာနှင့် နာကြည်းတာပါ နှစ်မျိုး ရောယှက်နေ၍ ဖြစ်သည်။ လူမြင်ကွင်းတစ်ခုမှာ မောင်နှင့် အမှတ်မထင် ဆုံမိခဲ့ရင်တောင် မောင့်ပါးကို ကိုယ်တိုင် ရိုက်မိမလား၊ စိတ်ကူးထဲမှာ နမ်းရှိုက်မိမလား ကျွန်မ မဆုံးဖြတ်တတ်ခဲ့ …။

မောင့် အမေကို မြင်မိရင်တော့ ကွဲအက်ခါနီး ပူပြားအုံ တစ်ခုလို တဆစ်ဆစ် နာကျင်လာကာ နာကြည်းရိပ်များကို ပို၍ အရောင်ရင့်လာစေသည်။

ကျောင်းတက်ရင်း၊ စန္ဒရားတီးရင်း၊ ဘုရားကျောင်း

တက်ရင်းဖြင့် ကာလတစ်ခုကို ဖြတ်သန်းလာခဲ့ပြီးသောအခါ Final Exam ကို ကျွန်မ သေသပ်စွာ ဖြေဆိုနိုင်ခဲ့သည်။

ဘွဲ့ယူဖို့ စောင့်နေသော ကာလမှာ အပြောင်းအလဲ တစ်ခုက စခဲ့လေသည်။

ကျွန်မ တတ်ကျွမ်းသော စန္ဒရားပညာကို အများ ပြည်သူရှေ့ ထုတ်ပြခွင့်ရဖို့ အခွင့်အရေးလည်း ဖြစ်သည်။

ခမ်းနားကြီးကျယ်၍ သေသပ်လှပသော ဖိတ်စာ ကလေးကို ကျွန်မနှင့် ဆရာက ရရှိသည်။

USA က နာမည်ကြီး အနုပညာကျောင်းတစ်ခု၌ စန္ဒရားအတီးပြိုင်ပွဲ ကျင်းပမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံကိုယ်စား ကျွန်မက သွားရောက်ယှဉ်ပြိုင်ပေးရမှာ ဖြစ်သည်။

ခရစ်ယာန် ဘာသာဝင်များ သီးသန့်ဖြစ်သောကြောင့် မြန်မာ တစ်နိုင်ငံလုံးမှာရှိသည့် ဘုရားကျောင်းများကိုယ်စား ဖြစ် သည်။

ထိုဖိတ်စာကလေး ကျွန်မကို ပြပြီး ဆရာက …

"သမီး ရဲရဲဝံ့ဝံ့ သွားပါ၊ သမီး သိပ်တော်ခဲ့တာပဲ၊ ထိုက် တန်တဲ့ ဆုလာဘ်တစ်ခုတော့ အရယူခဲ့စမ်းပါ၊ ဘုရားသခင် မှာလည်း ဆရာတို့အားလုံး ဆုတောင်းပေးနေကြမှာ …"

သူတို့ အားပေးစကားကြောင့် ကျွန်မလည်း ရဲဝံ့စွာ ဆုံးဖြတ်နိုင်ခဲ့ရသည်။ ကျွန်မ ဝါသနာအလွန်ပါသော ကိစ္စဖြစ်တဲ့ အတွက် အချိန်မိနစ်တစ်ခု မဆိုင်းဝံ့စေရဘဲ …





"ကျွန်မ သွားပြိုင်မှာပါ ဆရာ၊ အောင်မြင်မှုတစ်ခုရဖို့ အတွက်လည်း အစွမ်းကုန် ကြိုးစားမယ်လို့ ကတိပေးပါ တယ်"

ကျွန်မရဲ့ ကတိစကားဆုံးတော့ ဆရာက ကျွန်မ ခေါင်းကို အုပ်မိုးကာ ဘုရားသခင်ထံမှာ ဆုတောင်းပေးလေသည်။ ကျွန်မ ကိုယ်၌ကလည်း စိတ်နှစ်ကာ ဆုတောင်းလိုက်သည်။ ထိုဆုက တစ်ခုတည်းဖြစ်ပြီး 'အောင်မြင်ဖို့'ပဲ ဖြစ်လေသည်။

ပြိုင်ပွဲ သတ်မှတ်ရက် မရောက်ခင် ကျွန်မနှင့် ဆရာ က ပို၍ အတီးအခတ် လေ့ကျင့်ကြသည်။ ဆရာက ကျွန်မကို training(လေ့ကျင့်မှု) အမျိုးမျိုးပေး၍ ကျွန်မကို တတ်မြောက်သည် ထက် သာလွန်ကျွမ်းကျင်အောင် သင်ပေးလေ၏။

ထိုအချိန်ကာလတစ်ခုလုံး 'အောင်မြင်မှု' ဆိုသို့သာ ဦးတည်နေ၍ မောင် ဆိုသော ကျော်ထက်ဃကို မေ့လျော့နေခဲ့ သည်။ သတိရလျှင်လည်း နာကျင်ခဲ့သော စိတ်အရင်းခံကြောင့်သာ ဖြစ်ပေလိမ့်မည်။

✦ ✦ ✦

ဘွဲ့ယူသောနေ့တွင် အမေက ကျွန်မထက်ပင် ပျော် နေသည်။

ကျွန်မနှင့် အမေသည် ပိုးချိတ်ဆင်တူကလေးကို အတူတူချုပ်ဝတ်ကာ ပွဲတက်ခဲ့ကြသည်။

ကျွန်မ အင်္ကျီရဲ့ ရင်ဘတ်တစ်ပြင်လုံးမှာ ရွှေဒေါင်းပုံကလေးကို စီးကွင့်ထိုးပေးခဲ့သူမှာ အမေကိုယ်တိုင်ပင် ဖြစ်သည်။

ရှိသလောက်နှင့် တော်ရုံကလေးသာ ပြင်ဆင်နိုင်သော ကျွန်မကို အမေ ကြည့်နေသည်မှာအမေ့ မျက်လုံးများထဲက စိန်ရွှေငွေတွေ ထွက်လာသည့်အလား ထင်မှတ်မှားရလေသည်။

"မငွေလေးရယ် ... လှလိုက်တာ၊ အို ... ဘုရားသခင်ကျွန်မဟာ ဒီလောက်လှတဲ့ မိန်းကလေးကို မွေးခဲ့တာပါလား၊ ကျွန်မ ကိုယ်တိုင် မွေးခဲ့ရတဲ့ ဒီကလေးလေးဟာ ဒီလောက်တောင် လှနေရသလား ..."

သတိလက်လွတ်စွာဖြင့်လား ... တမင် လွှတ်ပေးလိုက်ခြင်းလားတော့ မသိ၊ အမေ့ပုံက လောကကြီးတစ်ခုလုံးမှာတောင် သူ့သမီးတစ်ယောက်တည်းသာ မြင်နေတော့သည့် ပုံစံဖြစ်နေသည်။

ကျွန်မက သဘောကျစွာဖြင့် အမေ့ကိုကြည့်ကာ ပါးစပ်ကလေးကို လက်ဝါးဖြင့် အုပ်ပြီး မျက်နှာကို ကောင်းကင်ပေါ် မော့ရယ်မိသည်။

တစ်ခါမှ ပြင်ဆင်ခြယ်သမှု မရှိခဲ့သော ကျွန်မကယခုလို ခပ်ဖျော့ဖျော့လေး ခြယ်မှုန်းခံလိုက်တော့ ပို၍ ကြည့်ပျော်ရှုပျော် ဖြစ်သွားပုံရပါသည်။

ဘွဲ့လက်မှတ်ကလေး ကျွန်မလက်ထဲ ရောက်လာတော့ မောင့်ကို အပြင်းအထန် သတိရသွားသည်။ မောင်နှင့်အတူ B.A (English) ဘွဲ့တစ်ခုရဖို့ ရှုးသွပ်စုံမက်ခဲ့ဖူးပေမယ့် မောင်က





ပညာတစ်ပိုင်းတစ်စနှင့် အဝေးကြီးကို ထွက်သွားခဲ့သူဆိုတော့ ဒီဘွဲ့နဲ့လည်း အဝေးဆုံးပေါ့။

ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံမှာ နေခွင့်မရသေးတဲ့ ဘဝပေါင်းများစွာ ကျန်သေးရင် ဆုတစ်ခု တောင်းချင်ပါသေးတယ်၊ အဲ့ဒီဆုက ကျွန်မ လက်ထပ်မယ့် ယောကျ်ားတစ်ယောက်ရဲ့ နာမည်အောက်မှာ ကျွန်မနဲ့တူတဲ့ ဘွဲ့ဒီဂရီ၊ ဒါမှမဟုတ် ကျွန်မထက် မြင့်မားတဲ့ ဘွဲ့တစ်ခု ကပ်ပါလာစေချင်ပါတယ်လို့။

ကျွန်မရဲ့ လက်တွဲအားကိုးဖော်ဟာ ကျွန်မထက် မသာရင်တောင် ကျွန်မထက် နောက်ကျတဲ့ ယောကျ်ားတော့ ဖြစ်မလာစေချင်ဘူးနော်။

ဘွဲ့ယူပြီးသည့်နောက် နိုင်ငံခြား ထွက်မလာရခင်မှာ ကျွန်မဟာ ရင်းနှီးခင်မင်သောသူအပေါင်းကို လိုက်နှုတ်ဆက်နေခဲ့သည်။

အထူးသဖြင့် မောင်နဲ့ သွားလာနေကျ နေရာများကိုပေါ့ ...။

မောင့်သူငယ်ချင်း ဖြစ်တဲ့ ဖိုးကျော်နဲ့ ချိုချိုတို့က ကျွန်မအတွက် အလွန် ဝမ်းသာဂုဏ်ယူပေးကြသည်။ အားပေးစကား ပြောပေးခဲ့ကြသည်။ ဖိုးကျော်က မောင့်ကို သတိရပြီး ...

"ဃ ရှိရင် သိပ်ဝမ်းသာမှာဗျ ..."

ဟု မေ့လျော့စွာ တမ်းတမိပြီးမှ တစ်စုံတစ်ခုကို သတိရသွား၍ ကျွန်မကို တောင်းပန်ပါသည်။ ကျွန်မ အပြုံးမပျက်ခဲ့ပါ။ ချစ်သောသူကြောင့် ဖြစ်စေ၊ မုန်းသောသူကြောင့်ဖြစ်စေ

ငှအပြုံးမပျက်ချင်တော့လောက်အောင် စိတ်က တည်တင်းသွားခဲ့၍ ဖြစ်သည်။

ထို့နောက်တော့ ကျွန်မ နိုင်ငံခြားသို့ ထွက်ခွာရလေသည်။

အမေက ကျွန်မကို မသွားခင်မှာ နှမြောတသစွာ ငေးမောရင်း ...

"သမီး ... အောင်မြင်ပါစေ၊ အမေ ဆုတောင်းပေးပါတယ်"

ဆိုပြီး မျက်ရည်ကျရှာသည်။ ကျွန်မက အမေ့မျက်ရည်ကို သုတ်ပြီး ပါးကလေးကို မွှေးမွှေးပေးကာ ...

"ကျေးဇူးပါပဲ အမေရယ်"

"သမီး ... ရာသီဥတု အပြောင်းအလဲမှာ ဖျားတတ်တယ်နော်၊ ကျန်းမာရေးကို ဂရုစိုက်၊ ဘယ်အရာကိုမဆို ပေါ့ပျက်ပျက် မတွေးရဘူး၊ သတိ ဝီရိယ အမြဲထား၊ အောင်မြင်တဲ့လူ တစ်ယောက်ရဲ့ ဘေးမှာ အချောင်ဝင်ခို တိုက်ခိုက်မယ့် ကံကြမ္မာက ကပ်ရပ်ပါနေတတ်တာ မမေ့တာပဲ၊ ဘယ်တော့မှ အလဲထိုးခံရတဲ့ လူတစ်ယောက် မဖြစ်စေနဲ့ ..."

"ဟုတ်ကဲ့ ... အမေ၊ အမေ့စကားတွေကို အမြဲ သတိရလိုက်နာပါ့မယ်၊ သမီး မရှိတဲ့အချိန်မှာ နေကောင်းအောင်၊ ပျော်ရွှင်အောင် နေရမယ်နော်၊ သမီး စိတ်ချပါရစေ ..."

ကျွန်မနှင့် အမေသည် ကတိတွေသာ အထပ်ထပ်ပေးဖြစ်နေကြတော့သည်။

✦ ✦ ✦



အခန်း(၂၁)

USA ကို ကျွန်မနှင့် ဆရာ ရောက်ချိန်မှာ ဆောင်းရာသီဖြစ်တာကြောင့် အလွန်အေးခဲနေလေသည်။ ကျွန်မ တည်းတဲ့ ဟိုတယ်ဝန်းကျင်ကြီးဟာ နှင်းတွေနှင့် ဖြူဝိုင်းနေလေသည်။ပြတင်းတံခါးလေးကို လှပ်ခနဲဆွဲပြီး နှင်းမှုန်ကလေးတွေကို လက်ခုပ်ထဲထည့်ကစားမိသေးသည်။

ပြိုင်ပွဲမစခင် သုံးရက်အတွင်းမှာ ဆရာက ကျွန်မကို အပြင်းအထန် လေ့ကျင့်စေသည်။ ကျွန်မသည် 'အောင်မြင်ရေး'ကိုသာ ဂရုစိုက်နေမိ၍ ကျွန်မခန္ဓာကိုယ်၏ ခံစားချက်များကို သတိမထားမိဘူးထင်ပါသည်။

စိတ်ဆောင်သောကြောင့် ယှဉ်ပြိုင်ရေးကိုသာ စိတ်ပါအားရနေမိသည်။ ဟိုတယ်ကနေ လေ့ကျင့်ရမည့် အနုပညာကျောင်းကို အမြဲသွားနေသော ကျွန်မကို သတိထားမိသူ တစ်ယောက်ရှိခဲ့သည်။ ထိုသူက ဆရာလည်းမဟုတ်၊ ကျွန်မ မသိသော လူတစ်စိမ်းတစ်ယောက်သာ ဖြစ်သည်။

ပု ည ခ င် စ ာ အု ပ် တို က်

သူနှင့် စတင်သိရှိရသည်ကတော့ ဆရာ မိတ်ဆက်ပေး၍ ဖြစ်သည်။ သူက ကျွန်မတည်းသော ဟိုတယ်၏ အကြံပေး အင်ဂျင်နီယာတစ်ယောက်ဖြစ်သည်။ သူ USA ကို ရောက်တာ ဆယ်နှစ်ကျော်ကြာပြီဖြစ်သည်။

သူဟာ မြန်မာနိုင်ငံသား မြန်မာလူမျိုးစစ်စစ်ဖြစ်သည်။

ကျွန်မ ဆရာက ထိုသို့ပြောသောအခါ ကျွန်မလည်း အံ့သြဂုဏ်လည်းယူမိသည်။ မြန်မာလူမျိုးတစ်ယောက်အနေနှင့် ရေခြား၊ မြေခြားမှာ အောင်မြင်တဲ့ လူတော်တစ်ယောက်ဖြစ်အောင် စွမ်းဆောင်နိုင်တာ ဂုဏ်ယူစရာပင် ဖြစ်သည်။

သူ၏ အရည်အချင်း၊ အတွေ့အကြုံနှင့် မြန်မာနိုင်ငံအတွက် ပြန်လည်အသုံးချသင့်သည်ဟု တွေးမိသောအခါ ...

"ကျွန်မကို တစ်ခုပြောခွင့်ပြုပါလား ကိုကျော်စည်းစိမ်"

"ရပါတယ် ... ပြောပါ ဘုန်းမငွေ"

"အကြံပေး အင်ဂျင်နီယာကို ပြန်အကြံပေးချင်တာပါ၊ ဟင်း ..."

ကျွန်မက ရယ်သွေးသွမ်း၍ပြောတော့ သူက တစ်ချက်ရယ်ကာ ...

"ဘာများလဲ မသိဘူး"

"ဟုတ်ကဲ့ ... ပြောပါ့မယ်၊ ကိုကျော်စည်းစိမ်က ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ဆိုတာ ဒီHotel ရဲ့ အောင်မြင်မှု အရှိန်အဟုန်ကို ကြည့်ရုံနဲ့တင် ပြောနိုင်ပါတယ်၊





အင်း ... ဒီတတ်ကျွမ်းမှုတွေကို မြန်မာလူမျိုး၊ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံ တိုးတက်သထက် အဆင့်မြင့်မားလာအောင် ပြန်လည် ပေးဆပ်စေချင်တယ်၊ အသုံးချချင်စိတ် မရှိဘူးလားဟင် ..."

ကျွန်မစကားကို ဆရာကလည်း ထောက်ခံပါသည်။

"ဟုတ်တယ် ... ကျော်စည်းစိမ်၊ သမီးပြောတာ သိပ်မှန်တယ်"

သူ ကျွန်မတို့ကို နားလည်စွာ ပြုံးကြည့်သောအကြည့်က ဂုဏ်သရေကြီးမြတ်သော လူယဉ်ကျေးကလေးတစ်ယောက် အသွင်ရှိပြီး နှစ်လိုဖွယ်ကောင်းပါသည်။

"ဟုတ်ကဲ့ ... ခုလို အကြံပေးတာ ကျေးဇူးအများကြီးတင်ပါတယ်၊ ဆရာစောခွန်းနဲ့ မဘုန်းမငွေ၊ ကျွန်တော့် အတတ်ပညာတွေနဲ့ မြန်မာနိုင်ငံကို ဒီထက်ဖွံ့ဖြိုးအောင် လုပ်ပေးနိုင်ဖို့ အစောကတည်းက ကျွန်တော် စီစဉ်ထားပါတယ်၊ ဒါပေမယ့် ကျွန်တော် အချိန်ကာလတစ်ခုကို စောင့်ဆိုင်းနေတာပါ၊ ပြည့်ဝမှု ရှိပြီလို့ ထင်ထားတဲ့ ကျွန်တော့်ပညာတွေကို ဒီထက်ပြည့်စုံလုံလောက်မှုရှိအောင် ပြင်ဆင်ချင်သေးလို့ပါ"

"အခုလို ကြားရတာ တကယ့်ကို ဝမ်းသာပါတယ် ကိုကျော်စည်းစိမ်"

"ကျွန်တော်လည်း ဘုန်းမငွေ့ကို အကြံပေးချင်နေတာ၊ ခုလာတွေ့တာလည်း ဒါကြောင့်ပါပဲ"

"ဘာများလဲ၊ ပြောပါရှင်"

"ဘုန်းမငွေ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေတယ်"

"ရှင် ..."

"ဩော် ... ဟို တစ်မျိုး မထင်ပါနဲ့နော်၊ ဘုန်းမငွေက ပြိုင်ပွဲအတွက် သိပ် strong ဖြစ်နေတယ်၊ စိတ်ကိုလျှော့ပြီး အနားယူပါ၊ ရာသီဥတုအပြောင်းအလဲမှာ ကျန်းမာရေး ဂရုစိုက်ရတယ်၊ ပြိုင်ပွဲအတွက်ကြီးပဲ အာရုံနှစ်ထားတော့ ကျန်းမာရေးဘက် လစ်ဟာသွားပြီ၊ ဘုန်းမငွေ ငယ်ငယ်ကတည်းက ကျွမ်းကျင်ပိုင်နိုင်စွာ ဒီစန္ဒရားကို တီးခတ်နိုင်ခဲ့သူပဲ၊ တစ်ရက် နှစ်ရက်အတွင်း အပြင်းအထန် လုပ်နေလို့လည်း အပိုပဲဖြစ်နေမှာပေါ့၊ ဒီရက်ကလေးမှာ မှန်မှန်အိပ်၊ မှန်မှန်စားပြီး အာရုံကို အရှင်းကြည်ဆုံးထားပေးပါ၊ စိတ်တည်ငြိမ်အောင် ထားပါ၊ ဒီပြိုင်ပွဲမှာ ဘုန်းမငွေ ထူးခြားတဲ့ ရလဒ်တစ်ခုတော့ ရကိုရမှာပါ"

သူ့ရဲ့ အကြံပေးစကားတွေက ကျွန်မအာရုံကို လင်းခနဲ ရှင်းကြည်စေပါသည်။ ထိုအခါမှ သူ့ကို အကဲခတ်မိသော အခါ သားနားထည်ဝါသော ဥပဓိရုပ်မျိုးကို နှပျို့ချောမော သွားစေသည်က သူ၏ ကြည်လင်ဖြူဖွေးသော အသားအရေပင် ဖြစ်သည်။

တည်ငြိမ်မှုရှိသော မျက်ဝန်းများကို စိမ်းဖျော့ဖျော့ သမ်းရိပ်ရှိသော လေးထောင့်ကျကျ မျက်မှန်ခရမ်းရောင်ကလေးဖြင့် ပို၍ ချမ်းမြေ့နေစေသည်။ စကားပြောသော် အလေးအနက် ရှိတတ်





သော ညီညာဝိုင်းကြွားသော နှုတ်ခမ်းသားတွေသည် ကြွေရောင် နီးပါး စင်ကြယ်နေသည်။

လေးထောင့်ဆတ်ဆတ် မေးရိုးများက သူ၏ စိတ်ဓာတ်ခိုင်မာမှုပင် ဖြစ်သည်။ ဖွံ့ထွားတောင့်တင်းသော ခန္ဓာကိုယ်တွင် အနောက်တိုင်း ဝတ်စုံ နုံ့သာရောင်ကို စမတ်ကျကျ ဝတ်ဆင်ထားသည်မှာ အလွန်ပင် ကျက်သရေရှိလှပေသည်။

မျက်နှာချင်းဆိုင် စကားပြောနေရာမှ တစ်ဖက်သို့ သူ့မျက်နှာ လှည့်လိုက်လျှင် ပါးပေါ်က အကြောစိမ်းကလေးများ၊ သွေးကြောနီကလေးများကို အတိုင်းသား တွေ့နေရသည်။

သူ၏ ငြိမ်သက်လေးနက်သော မျက်ဝန်းများတွင် ကျွန်မအား အနှစ်နှစ်အလလက ရင်းနှီးခဲ့သော မိတ်ဆွေ တစ်ယောက်အား ပြန်တွေ့နေရသော ပုံရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရသည်။

ထိုခဏအတွင်း ကျွန်မကလည်း သူ့ကို အကဲခတ်မိသလို သူကလည်း ကျွန်မကို ပြန်လည်လေ့လာနေပုံရပါသည်။ မျက်ဝန်းများ တိကျခိုင်မာစွာ ဆုံပြီးသည့်နောက်တွင် မာနကင်းသော အပြုံးများဖြင့် ပြုံးပြနှုတ်ဆက်လိုက်ကြပြီး ဆရာ၊ သူနှင့် ကျွန်မ အသီးသီး လမ်းခွဲလိုက်ကြသည်။

လမ်းခွဲပြီးစီးသည့်နောက် ကျွန်မ ဦးနှောက်ထဲတွင် ကျော်စည်းစိမ်အား တန်ဖိုးကြီး၊ လေးစားစရာ ကောင်းသော လူတစ်ယောက်ဟု သတ်မှတ်ထားလိုက်ပါသည်။

◆ ◆ ◆

အပွင့်တစ်ထောင်တိတိပါရှိသော အဝါရောင် နှင်းဆီပန်းစည်းဝိုင်းကြီးအား ကျွန်မ အခန်းထဲတွင် ရောက်နှင့်နေသည်ကို တွေ့ရသည်။ ကျွန်မ ဘဝအတွက် ကြီးမားလွန်းသော အောင်မြင်မှုကြီးသည် ယနေ့မှ ရရှိခဲ့တာဖြစ်သည်။

ခရစ်ယာန် ဘာသာဝင်များ သီးသန့်ယှဉ်ပြိုင်သော နိုင်ငံတကာ စန္ဒရားပညာရှင်များ စန္ဒရားအတီးပြိုင်ပွဲတွင် ကျွန်မက မြန်မာနိုင်ငံအတွက် ပထမဆုကြီး ရယူနိုင်ခဲ့သည်။

ကျွန်မ ဆုတက်ရောက်ယူသည်ကိုကြည့်ပြီး ကြည်နူးနေသော ဆရာ့မျက်နှာသည် ပီတိများဖြင့် ရွှန်းရွှန်းဝေနေခဲ့သည်။

ကျေးဇူးတင်စကား ပြောသည့်အခါ အားလုံးမကြွင်းမကျန်အောင် ပြောနိုင်ခဲ့သည်ကိုပင် ကျွန်မ ကျေနပ်နေမိသည်။

ဒီနေ့ တစ်နေ့လုံး ကျွန်မကို ဂုဏ်ပြုပွဲ ပြုလုပ်ပေးနေကြသည့်အတွက် ညဘက်ရောက်မှပင် ကျွန်မ တည်းသော ဟိုတယ်သို့ ပြန်ရောက်ခဲ့သည်။

အခန်းထဲမှာ အခု တွေ့ရသော ပန်းစည်းကြီးကို အထပ်ထပ် နမ်းရှိုက်ကာ မှိန်ရှုနေမိသည်က အမှေ့ရင်ခွင်အထင်နှင့်ဖြစ်သည်။

လက်ကိုင်ကိုင်းမှ ပိုးစပဝါလေးကို စမ်းကြည့်မိတော့မှ ကိုကျော်စည်းစိမ်၏ လက်ဆောင်ဖြစ်နေမှန်း သိရသည်။

ကတ်ကလေး တစ်ကတ်ပေါ်မှာ ကျွန်မနှင့် ဆရာ့ကို ည ခုနစ်နာရီတွင် ထမင်းစားကြွရောက်ဖို့ ဖိတ်ခေါ်ထားလေသည်။

ညစာ စားပွဲလေးအတွက် ကျွန်မက နုသာရောင်





ပိုးဝါဂန်ရှည် သွယ်သွယ်လေး ဝတ်ဆင်ပြီး ဂျပန်ဆံထုံးပေါ်တွင် cream colour နှင်းဆီးဖူးကလေးတွေကို ထိုးစိုက်ပန်ဆင်ထားခဲ့သည်။

မျက်နှာပေါ်တွင်တော့ ဘာကိုမှ မလိမ်းခြယ်ဘဲ ပြောင်ရှင်းစွာ ထားခဲ့သည်။

တိုက်ဆိုင်စွာဖြင့်ပဲ ကိုကျော်စည်းစိမ်က ပိုးဝတ်စုံနုသာရောင်ကို လူငယ်ဆန်ဆန် ဝတ်ဆင်ထားလေသည်။ အစိမ်းရောင် ရိပ်ရိပ်ပြေးနေတဲ့ မျက်မှန်အောက်မှ သူ၏ စင်ကြယ်ကြည်စင်သော မျက်လုံးများထဲမှ အပြုံးကလေးတွေကို သိသိသာသာ မြင်တွေ့ရသည်။

ဆရာနှင့် ကျွန်မသည် သူနှင့် မျက်နှာချင်းဆိုင်တွင် ယှဉ်ထိုင်လိုက်ကြသည်။

"ဂုဏ်ယူပါတယ် ဆရာတော့ခွန်း၊ သိပ်ထက်မြက်တဲ့ တပည့်မလေးတစ်ယောက် မွေးထုတ်နိုင်တာ တကယ် ဂုဏ်ယူစရာပါပဲဗျာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ကိုကျော်စည်းစိမ်"

သူက ဆရာနှင့် အပြန်အလှန်စကားပြောပြီး ကျွန်မကိုတော့ မျက်လုံးတွေဖြင့် ဂုဏ်ယူကြောင်း ပြောတာကို ကျွန်မသဘောပေါက်စွာပဲ ...

"အစစ အရာရာ လိုအပ်သမျှ ဖြည့်ဆည်းပေးတာတွေကို ကျေးဇူးတင်ပါတယ် ကိုကျော်စည်းစိမ်၊ ပန်းပွင့်တွေ ပို့ပေးလိုက်တာကိုလည်း ..."

"ရပါတယ် ဘုန်းမငွေ၊ ဒါတွေက မြန်မာလူမျိုး အချင်းချင်း ကူညီရမှာ၊ ဂုဏ်ယူရမှာပဲလေ ...၊ ကဲ ... ဒီညစာကို ကျွန် တော်ကပဲ ဧည့်ခံပါရစေ"

"မဟုတ်တာရှင် ...၊ ကျွန်မ ဧည့်ခံရမှာပေါ့၊ ဧည့်ခံပါရစေ"

ကျွန်မ အလောတကြီး ဝင်ပြောသောအခါ သူက ပြုံးရွှင်စွာ ရယ်မောပါသည်။ ထို့နောက် ထမင်းအတူစားကြရင်းဖြင့် သူက သူ့အကြောင်းတွေကို အစုံအစေ့ ပြောပြလေသည်။

သူ ဆယ်တန်းအောင်ပြီးကတည်းက USA မှာပဲ ကျောင်းတက် ဘွဲ့ရပြီး အလုပ်လုပ်ခဲ့တာ ဖြစ်သည်။ သူ့ရုပ်ရည်နဲ့ နုးညံ့နုစင်မှုက သူ့အသက် သုံးဆယ့်ခြောက်နှစ်ဆိုတာကို မယုံနိုင် စရာလို ဖြစ်နေခဲ့သည်။

သူသည် ကျွန်မထက် ၁၆ နှစ်တိတိ အသက်ကြီး လေမှန်း သိသောအခါ ကျွန်မပင် သူ့ကို ရှိန်သွားခဲ့သည်။

သူကတော့ အရင်လိုပင် ပေါ့ပါးစွာ စကားပြောလေ သည်။ ည ညဥ့်နက်တော့ ကျွန်မက စ၍ ငိုက်မြည်းလာခဲ့သည်။

"ကဲ ... ကဲ ... ဆရာ ကျွန်တော်တို့ စကားကောင်းနေတာနဲ့ ဒီကလေးမ အိပ်ငိုက်နေပြီ၊ စကားဝိုင်းကို ဒီမှာပဲ လက်စ သတ်လိုက်ကြတာပေါ့ ..."

အလိုက်တသိနှင့် သူ့စကား သူဖြတ်ကာ နှုတ်ဆက် လေသည်။ ထိုညက ပင်ပန်းစွာဖြင့် ပန်းစည်းကြီးကို ဖက်ပွေ့မွှေး ရှိုက်ပြီး အိပ်ပျော်သွားခဲ့သည်။





ကျွန်မ ဆုရသည်ဟု သိလိုက်ရသည်နှင့် ချက်ချင်း အမေ့ကို ဖုန်းဆက်ပြောပြတော့ အမေ့အသံက အတိုင်းထက်အလွန် ပျော်ရွှင်သွားသည်ဆိုတာကို အတိုင်းသား သိနေရသည်။

ဒီမနက်တော့ အိမ်ပြန်သင့်ပြီဟု ဆုံးဖြတ်လိုက်ပြီး အိပ်ရာကထ၊ ရေမိုးချိုးပြီးချိန်မှာ ဆရာ ကျွန်မဆီ ရောက်လာခဲ့ ပါသည်။

✦ ✦ ✦

"သမီးနဲ့ ဆွေးနွေးစရာ ရှိတယ်တဲ့ ...၊ ဟိုတယ် ပိုင်ရှင် က ..."

"ရှင် ... ဟိုတယ်ပိုင်ရှင်က ..."

ကျွန်မသည် ဟိုတယ်ပိုင်ရှင်က တွေ့ချင်သည်ဆို သည့်အချိန်မှာ ရင်ထဲလန့်ရှိန်နေခဲ့သည်။

ဒါပေမယ့် တကယ် ဆွေးနွေးရတာတော့ ကျွန်မက စန္ဒရားဆရာမအဖြစ် ဒီဟိုတယ်က စန္ဒရားအတီးသင်တန်းအသစ် မှာ တာဝန်ယူ သင်ကြားပေးရမှာပဲဖြစ်သည်။

ဆရာက ကျွန်မကို ခေါင်းညိတ်ကာ ပြုံးပြနေသည်။

အနားမှ ကိုကျော်စည်းစိမ်ကလည်း စိမ်းညိုလှပသော မျက်ခုံးကလေးများဖြင့် စကားပြောနေပြန်သည်။ သူ့မျက်နှာက အရင်ထက် ပို၍ပင် ပြုံးစိုနေလေသည်။

"ဟုတ်ကဲ့ ... ကျွန်မ လက်ခံပါတယ်"

လို့ပဲ ကျွန်မ ပြောဖြစ်ခဲ့ပါသည်။ ဤကိစ္စသည် ကျွန်မ၏ အခွင့်အလမ်းပဲဖြစ်လေသည်။ သို့ကြောင့် ကျွန်မ လက်ခံဖြစ်ခဲ့ပါသည်။

ကျွန်မအတွက် ပီတိအဖြစ်ဆုံး၊ အပြုံးဆုံး၊ အရွှင်လန်းဆုံးဖြစ်နေသူမှာ ကိုကျော်စည်းစိမ်ပဲဟု စိတ်က ထင်မိသည်။ ဒါပေမယ့် ထိုအတွေးက ခဏလေးသာ ဝင်ရောက်ထင်မြင်မိခြင်းဖြစ်ပါသည်။

ဆရာက ကျွန်မရဲ့ ကျန်းမာရေးနှင့် အခြား လူနေမှုကိစ္စအဝဝအတွက် ဆုံးမပြောဆိုကာ မြန်မာနိုင်ငံကို ပြန်သွားခဲ့သည်။ ကျွန်မတစ်ယောက်တည်း ရပ်တည်ရလေပြီ။

ကျွန်မ USA မှာ နေခဲ့ရကြောင်းကို အမေသိရင်လည်း ကန့်ကွက်မှာမဟုတ်တာ သေချာသည်။ ဘုန်းမငွေဆိုတာ အောင်မြင်တိုးတက်ချင်ကာ ချမ်းသာချင်နေသလောက် ကြိုးစားနေတတ်တဲ့ သမီးတစ်ယောက်ဆိုတာကို အမေ သိနေသည်ပဲလေ။

မွေးကတည်းက တစ်ခါမှ အမေနှင့် ခွဲမနေခဲ့ဘူးသော ကျွန်မက အခုလို ဘဝအောင်မြင်ဖို့အတွက်မှာတော့ တစ်ယောက်တည်း ကြံ့ကြံ့ခိုင် ရပ်တည်နေနိုင်ခဲ့လေပြီ။

အမေနှင့် ဖုန်းပြောဖြစ်သည့် အခါများစွာတိုင်း တစ်ယောက်ကို တစ်ယောက် ဂရုတစိုက် မေးမြန်းနေကြသလို အမေကလည်း ကျွန်မအတွက် ဆုံးမစကားများစွာကို မရိုးနိုင်အောင် ပြောလေသည်။





ကျွန်မကလည်း အမေနဲ့ ဆရာတို့မှာသလို အမြဲတမ်းကိုယ့်ကိုယ်ကို လိမ္မာစွာနေထိုင်ပြီး နေသားတကျ ဖြစ်နေခဲ့တာပင် ကြာခဲ့ပါပြီ....။

✦ ✦ ✦

## အခန်း(၂၂)

ဟိုတယ်မှာပဲ စရိတ်ငြိမ်း နေရပြီး စိတ်ငြိမ်သော အခန်းကျယ်ကြီးတွင်တော့ သင်သန်းသား အယောက် ၁၀၀ ကျော်ကို နေ့စဉ် စန္ဒရားအတီး သင်ပေးရသည်။ ကိုကျော်စည်းစိမ်က လည်း ကျွန်မလိုပင် ဟိုတယ်မှာ နေ့နေ့ညညနေသူမို့ ကျွန်မ သူနှင့် ခဏခဏတွေ့ဖြစ်သည်။ ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်ခဲ့ဖူးကြသည်။

ကျွန်မနှင့် သူ နှစ်ယောက်လုံး အားလပ်ချိန်နှင့် တိုက်ဆိုင်သော နေ့မျိုးဆိုလျှင် မြို့တော်ကြီးအနှံ့ လိုက်ပို့ပေးလေ့ ရှိခဲ့သည်။ သူနှင့် ရင်းနှီးလာလေလေ သူ၏ ပွင့်လင်းသော ရယ်သံနှင့် ပြတ်သားသော မျက်ဝန်းများကို စိတ်ဝင်စားတတ်လာခဲ့သည်။

ကျွန်မ USA ရောက်တာ တစ်နှစ်တင်းတင်း ပြည့်သောနေ့၏ ညတစ်ညတွင် သူနှင့် ကျွန်မ ကော်ဖီသောက်ရင်း ကော်ဖီဆိုင် မှန်နံရံများ ထွင်းဖောက်ပြီး ပြင်ပက မီးရောင်စုံရှုခင်းများကို ငေးမောစွာဖြင့် အတူရှိခဲ့ကြသည်။





အခြား အလုပ်အကြောင်းများ ဆွေးနွေးနေကြရင်းမှ ရုတ်တရက် သူ့ဘက်မှ ငြိမ်သက်သွားသဖြင့် သူ့မျက်လုံးတွေဘက် ငဲ့ကြည့်လိုက်သောအခါ မျက်မှန်ချွတ်ထားတဲ့ သူ့မျက်ဝန်းတွေသည် တောက်ပစိုအီကာ ရွှန်းလဲ့နေတာကို အမှတ်မထင် တွေ့ရှိပြီးနောက် ကျွန်မ တစ်စုံတစ်ခုကို သိရှိလိုက်သည်။ ကျွန်မဘက်က တည်ငြိမ်စွာပင် ဆက်၍ ငြိမ်သက်ပေးခဲ့ပါသည်။ ထိုချိန်ထိ ကျွန်မအား သူ စိုက်ငေးကြည့်နေဆဲ ဖြစ်သည်။

ဘယ်လောက်ပဲ ဂုဏ်ဒြပ်များဖြင့် ထည်ဝါခံ့ညားစွာ နေတတ်သူဖြစ်လင့်ကစား မိမိ တကယ်ချစ်သော မိန်းကလေး တစ်ယောက်နှင့် တွေ့လျှင် ချစ်ခြင်းအမူအရာများသည် လွန်စွာမှ သိသာနေတတ်သည်တဲ့ ...။

ကိုကျော်စည်းစိမ်၏ လှုပ်ရှားငေးရီမှုတို့သည် လွန်ကဲစွာ သူ့အချစ်တွေ ယိုဖိတ်နေမှန်း သိသာလှသည်။

ကျွန်မ သူနှင့် စသိခါစက သူတစ်ယောက် သူ့ချစ်သူနှင့် တွေ့လျှင် မည်သို့ပြုမူမည်ဆိုတာကို တွေးကြည့်ဖူးသည်။ အခုမှ ဒီလိုပါလား ဆိုတာ သိရသည်။

"မငွေ ..."

သူ့ခေါ်သံအား နှုတ်ဖျားက မထူးဘဲ မျက်ဝန်းများဖြင့် သူ့စကားကို နားထောင်နေကြောင်း ပြောပြလိုက်သည်။

"မငွေက သိပ်ချစ်စရာ ကောင်းတယ်"

သူ့အသံက အနုပညာတစ်ရပ်လို ငြိမ့်ညောင်းစီးဆင်းလာသည်။ ပြုံးစစဖြစ်နေသော ကျွန်မ နှုတ်ခမ်းကို ဖိကပ်

လိုက်သည်။ ယောကျ်ားများစွာတို့၏ ချစ်ခြင်းကို ခံစားခဲ့ရဖူးသော ကျွန်မအဖို့ ဤအဖြစ်သည် သိပ်ပြီး ရင်ခုန်စေဖို့ မညို့ဖျားနိုင်ခဲ့ပါ။

ဘယ်လို အဖြစ်အပျက်မျိုးကမှလည်း မောင်နှင့် ဆုံတွေ့စဉ်ကလောက် ရင်ခုန်စေတော့မှာ မဟုတ်ဘူးဆိုတာလည်း သိနှင့်ပြီးသား ဖြစ်သည်။

အိုး ... ကျွန်မ မောင့်ကို သတိရမိနေပါလား ...။

"တကယ်ပဲ ... မငွေ့ကို ကိုယ်ချစ်တယ် ဘုန်းမငွေ"

တိတ်ဆိတ်စွာ တိုးသက်စွာသော သူ့ခေါ်သံကြောင့် သူ့ကို မော့ကြည့်တော့ ပါးပေါ်မှာ သွေးကြောနီများ၊ အကြောစိမ်းများကို ရှင်းပြတ်စွာ မြင်ရပြီး ကျွန်မ နှုတ်ခမ်းနှင့် တစ်ပုံစံတည်း ဆင်တူသော သူ၏ ညီညာသေသပ်သော နှုတ်ခမ်းလေးများ လှုပ်ရှလာပြီး ...

"I Love You"

"ဟုတ် ... ကျွန်မ သိပြီ"

သူ လှိုက်လှဲပြင်းရှစွာ ပြုံးလေသည်။

"မငွေ့ ... ဝတ္ထုဖတ်တာ ဝါသနာပါလား"

"ဟင့်အင်း ... အစ်ကို"

"မငွေက မြန်မာနိုင်ငံမှာ အောင်မြင်ကျော်ကြားခဲ့ဖူးတဲ့ စာရေးဆရာမတစ်ယောက်နဲ့ သိပ်တူတယ်၊ ဒါပေမယ့် မငွေ့အလှက သူ့ထက် အဆများစွာ အသက်ဝင်ညို့ဖျားနိုင်တယ်၊ ပြီးတော့ မငွေက သူ့ထက် မာနကြီးတယ်"





ဟုတ်သလားဟူသော အမေး မျက်ဝန်းကလေးဖြင့် သူ့ကို ကြည့်လိုက်သည်။

"သူက မငွေ့လိုပဲ ဣန္ဒြေကြီးတယ်၊ မငွေ့လောက်တော့ မသွက်ဘူး၊ စာအရေးအသား သိပ်ကောင်းတယ်၊ ကိုယ် ငယ်ငယ်ကဆို သူ့ရဲ့ အမာခံပရိသတ်ပဲပေါ့ ...၊ ကိုယ် ၁၀ တန်းအောင်ပြီး ဒီကိုရောက်တဲ့အထိ သူ့စာအုပ်တွေ အကုန်ဖတ်တယ်၊ ဟင်း ... တစ်ခါတလေ သူ့ရဲ့ ဇာတ်လိုက်မင်းသားက ကိုယ့် ပုံစံမျိုး ..."

ကျွန်မရဲ့ သွားကလေးတွေ ပေါ်အောင် ပြုံးလိုက်တော့ သူလည်း လိုက်ပြုံးပါသည်။

ဟုတ်နိုင်ပါသည်။ ကိုကျော်စည်းစိမ် ပုံစံက ဝတ္ထုထဲမှာ ရေးဖွဲ့မှန်းခြယ်ခံရလောက်တဲ့ ယောကျ်ားကောင်း တစ်ယောက်၏ ရုပ်ရည်မျိုး ဖြစ်သည်။

"ကိုယ် တက္ကသိုလ် ကျောင်းသားဘဝမှာ သူက ဒီကို လေ့လာရေးခရီး ထွက်ရင်းနဲ့ စာလာရေးတယ်၊ ကိုယ် သိသိချင်း မမကို မိတ်ဆက်တယ်၊ မမလိုအပ်တာ ကူညီပေးတယ်၊ ကိုယ့်ပုံစံက မမရွေးချယ်ဖို့ စံထားတဲ့ သူနဲ့ တစ်ထပ်တည်းလို့ ကိုယ် တောင်းတဲ့အဖြေကို ပေးတုန်းက မမ ပြောခဲ့ဖူးတယ်၊ ကိုနဲ့ မမ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ခွင့်လွှတ်ပါ မငွေ ...၊ ကိုယ် ငယ်ငယ်က ချစ်သူရှိခဲ့ဖူးတယ်"

"အို ... ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒီအတွက် ကျွန်မကို

တောင်းပန်စရာ မလိုပါဘူး၊ ကျွန်မ စိတ်ထဲမှာ ဘာမှမခံစားရဘူး ...”

ဤတစ်ချက်ကတော့ မောင့်အချစ်နှင့် မတူပါ ...။ မောင်ကော ကျွန်မပါ ဆယ်ကျော်သက်အရွယ်တွေမို့ ကျွန်မတို့ နှလုံးသားသည် နုနယ်သန့်ရှင်းစွာ အနာတရ ကင်းစင်ခဲ့သည်။ နုနယ်လွန်း၍လည်း ထိလို့မရအောင်ပင် အချစ်ဦးတွေ ကွဲခဲ့ရသည်လေ ...။

“မငွေ့ စကားပြောရင် အများစုက မမနဲ့ အရမ်းတူတယ်၊ မငွေ့ အလှကလည်း မမလိုမျိုးပဲ၊ မငွေ့ သိချင်မှာပေါ့၊ ကိုယ်နဲ့မမ ဘာကြောင့် လက်မထပ်ခဲ့ကြသလဲလို့၊ ကိုယ့်ကို လက်ထပ်ဖို့ မမက ပြောပါတယ်၊ ပြဿနာက မမက ကိုယ့်ကို မြန်မာနိုင်ငံပြန်ဖို့ခေါ်တယ်၊ ကိုယ်က ပညာတစ်ပိုင်းတစ်စနဲ့မို့ မပြန်ချင်ဘူး၊ မမကို နေခဲ့ဖို့ ခေါ်တယ်၊ အဲ့လိုနဲ့ တစ်ယောက်အလို တစ်ယောက် မလိုက်နိုင်ဘဲ မမ စိတ်ဆိုးပြီး ပြန်သွားတယ်၊ အဲ့ဒီနောက် ကိုယ် ဆက်သွယ်လည်း မမက အရေးမလုပ်တော့ဘူးဆိုတော့ ကိုယ်တို့ ပြတ်သွားကြတယ်၊ တစ်နှစ်လောက်ကြာတော့ မမ အမျိုးသမီး ရောဂါနဲ့ ဆုံးသွားတယ်လို့ ကြားရတယ်”

“အို ... စိတ်မကောင်းစရာပဲရှင်”

ကျွန်မ လှိုက်လှဲ သနားစွာဖြင့် နှုတ်ဖျားမှ ရေရွတ်မိပါသည်။

“ကြာခဲ့ပါပြီလေ ...၊ အဲ့ဒါကြောင့် ထင်တယ်၊ မငွေ့ကို





စတွေ့ကတည်းက ကိုယ် သိပ်ချစ်ခဲ့ရတဲ့ မမနဲ့ တူလွန်းလို့ ကြည့်မဝဘူး၊ မမနဲ့တူတာ တစ်ချက်တည်းနဲ့တင် ကိုယ် မငွေ့ကို ချစ်သွားတာ၊ မငွေ့ကို ချစ်လို့၊ မငွေ့ ပြန်သွားမှာစိုးလို့ MD ကို စန္ဒရား သင်တန်းဖွင့်ပြီး မငွေ့ကို ဆရာမလုပ်ခိုင်းဖို့ကို အကြံပေးခဲ့တာ၊ မငွေ့ လက်ခံလိုက်တော့ ကိုယ် အရမ်းပျော်သွားတယ်”

ကျွန်မ တစ်ကိုယ်လုံးထဲသို့ စကားသံတစ်ခုက စူးစိုက်စွာ တိုးဝင်လာသည်။ နာကျင်စိတ်များ ဆူဝေလာခဲ့သည်။

“မမနဲ့တူတာ တစ်ချက်တည်းနဲ့တင် ကိုယ် မငွေ့ကို ချစ်သွားတာ”

တဲ့ ...။ တစ်ချိန်က မောင်နှင့် ကျွန်မ ချစ်သူတွေဖြစ်ကြတော့ မောင် ကျွန်မကို ဘာကြောင့်ချစ်တာလဲဟု သိချင်စွာ မေးခဲ့စဉ်က ...

“ချစ်လို့ကို ချစ်တာ”

ဟူသော မောင့်အဖြေကို မတင်မကျဟု ထင်ခဲ့သည်။ အခုမှ ထိုအဖြေသည် အမှန်ဆုံးနှင့် အသင့်တော်ဆုံး အဖြေမှန်း သိရတော့သည်။

တကယ်တော့ အချစ်ဆိုတာမှာ ‘ဘာလို့’ ဆိုတာ လိုမှ မလိုအပ်ဘဲ ...။

မောင့်ကို ဘာလို့ ချစ်သလဲ မောင်မေးတဲ့အခါ ...

“ကျွန်မကြိုက်တဲ့ အဆိုတော်နဲ့ မောင့်ရုပ်ကြီးက တူလွန်းလို့ ထင်တာပဲ”

ဟု အလွယ်လေး ဖြေခဲ့စဉ်က မောင် ဘာကြောင့် စိတ်ဆိုးမှန်း ကိုယ်ချင်း မစာတတ်ခဲ့ ...။ အခုမှပင် ကျွန်မကိုယ်တိုင် ကြုံတွေ့ခံစားရမှ မောင့်ကို ကိုယ်ချင်းစာလာခဲ့သည်။

တကယ်ဆို လူတိုင်း လူတိုင်း ကိုယ့်အား၊ ကိုယ့်အစွမ်းအစ ကိုယ့်ရုပ်ရည် ပြေပြစ်မှုကြောင့် တစ်ဦးတစ်ယောက်က ချစ်မိသည်ဆိုတာမျိုးကိုပဲ တန်ဖိုးထား လိုချင်ကြလိမ့်မည်။ တစ်စုံတစ်ယောက်နှင့် တူမှု၊ တစ်ဦးတစ်ယောက်၏ စေ့ဆော်မှုကြောင့် ချစ်သွားသော အချစ်ကို မည်သည့် အချစ်ခံရသူမဆို အချစ်စစ်ဟု လက်ခံနိုင်မည်မဟုတ်။

ဤအခါမှ ဒီအတွေးက ပေါ်လာတော့ ကျွန်မနောက်ကျသွားခဲ့ပြီ ...။ ကိုကျော်စည်းစိမ် ဘာတွေဆက်ပြောမှန်း မကြားတော့၊ စိတ်ဆိုးနေတာသာ သိသည်။

"မင္ဍေ ကိုယ့်ကို တစ်ခုခုပြောပါလား၊ ကိုယ် မျှော်လင့်တဲ့ မင္ဍေ့ရဲ့ အချစ်ကိုရဖို့ ကိုယ် အချိန်ဘယ်လောက် စောင့်ရဦးမယ်ဆိုတာမျိုးပဲ ဖြစ်ဖြစ်ပေါ့ ..."

"မစောင့်ပါနဲ့ ကိုကျော်စည်းစိမ်၊ ကျွန်မ အချစ်ဆိုတာကို ရင်မခုန်သလို ဘယ်တော့မှလည်း စဉ်းစားမှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့ ..."

"စိတ်ထဲက ပေါ်ထွက်လာတဲ့ အချစ်မှာ 'ဘာလို့' ဆိုတာ မရှိဘူး အစ်ကို"

"သိပ်ကောင်းတဲ့ စကားလုံးပါပဲ ဘုန်းမင္ဍေ၊ ကိုယ် သဘောကျလိုက်တာကွာ၊ ဘာလို့ ဆိုတာ မရှိတဲ့ မင္ဍေ့စိတ်ထဲက





ပေါ်ထွက်လာမယ့် အချစ်ကို ကိုယ် စောင့်မယ်၊ မင္ဍေ မစဉ်းစားလည်း မင္ဍေ့ရင်ထဲက အချစ်ကတော့ ပေါ်လာမှာပဲ၊ တစ်ချိန်မှာ မင္ဍေ ကိုယ့်ကို ချစ်လာမှာပါ"

သူက သူ့ကိုယ်သူ အထင်ကြီး ပိုင်နိုင်စွာ ပြောဆိုပါသည်။

စဉ်းစားရုံတင် ဘယ်ကမလဲ ကိုကျော်စည်းစိမ် ...။ လက်တွေ့ချစ်ခဲ့ဖူးလို့ ကျွန်မ နှလုံးသားမှာ ဒဏ်ရာတွေ ပြည့်နှက်နေခဲ့တာကို ကာယကံရှင် ကျွန်မကလွဲပြီး ဘယ်သူက သိနိုင်ဦးမှာတဲ့လဲ ...။

✦ ✦ ✦

တစ်ချိန်က သူသည် ကျွန်မအား ချစ်ခင်စုံမက်ခဲ့ဖူး သော ယောကျ်ားတစ်ယောက် ဖြစ်သည်။ ထိုစဉ်က သူ၏မျက်ဝန်း များသည် ဘုန်းမငြေ့ဆိုသော မိန်းမတစ်ယောက်အား မြတ်နိုးယုယသော အကြည့်များနှင့် အမြဲတစေ လင်းလက် တောက်ပြောနေခဲ့ တာ ဖြစ်သည်။

အခုတော့ ဘုန်းမငြေ့ဆိုသော မိန်းမတစ်ယောက်သည် စုန်းတစ္ဆေပင် ဖြစ်နေသည့်အလား တုန်လှုပ်စိမ်းညို့ သော သူ၏ မျက်ဝန်းများကို မာနနှင့် ဂုဏ်သိက္ခာများဖြင့် ဥပေက္ခာ ပြုနေခဲ့ရလေပြီ . . . ။

## အခန်း(၂၃)

“ပန်းတွေ ဘာလို့ ထိုးနေတာလဲဟင်”

ရေချိုးခန်းထဲမှ ထွက်လာလာချင်း ဟိုတယ်ဝန်ထမ်း မိန်းကလေးများကို မေးလိုက်သည်။

သူတို့က ကိုကျော်စည်းစိမ်က ထိုးခိုင်းလိုက်တာဟု ပြန်ဖြေကြသည်။ ကာနေးရှင်း ပန်းများကို အရောင်စုံစွာ အခန်း ထောင့်တိုင်းတွင် ပန်းအိုးများဖြင့် ထိုးစိုက်အလှဆင်ပေးကြသည်။

ကျွန်မသည် ပန်းများကိုကိုင်တို့ကြည့်ကာ သင်တန်း သို့ ထွက်လာခဲ့သည်။

အတန်းထဲတွင် ကလေးများပင် စုံနေခဲ့ပြီ။ ကျွန်မ စန္ဒရား စတီးချိန်တွင် အခန်းတံခါး လှပ်ခနဲပွင့်ကာ ကိုကျော်စည်း စိမ် ဝင်လာတာကို တွေ့ရသော်လည်း အလုပ်ကိုသာ ဆက်လုပ် နေခဲ့သည်။

ကလေးတွေကို တီးခိုင်းကာ အားလုံးကို လိုက်ကြည့် ပေးနေတဲ့ ကျွန်မကို သူ မျက်တောင်မခတ်တမ်း ငေးနေခဲ့သည်။

ကျွန်မရဲ့ အာရုံတွေက ကလေးတစ်ယောက်ချင်းစီရဲ့ လက်ချောင်းကလေးများ မှန်ကန်စွာ စည်းချက်ညီဖို့ကိုပဲ စူးစိုက်ထားသဖြင့် အနားသို့ သူကပ်လာတာကိုပင် သတိမထားခဲ့ ...။

"ကိုယ် အစည်းအဝေးရှိလို့ သွားတော့မယ် မငွေ"

ကျွန်မ ခေါင်းညိတ်ကာ နှုတ်ဆက်လိုက်ပါသည်။ အခန်းထဲမှ သူ ပြန်ထွက်သွားတော့ ကလေးတွေက ကျွန်မကို သူနှင့် စနောက်ကြပါသည်။ မပီပြင်သော အပြုံးဖြင့် ခပ်တိတ်တိတ်သာ ကျွန်မ ငြိမ်နေခဲ့ပါသည်။

သင်တန်းချိန်ပြီးလျှင် နေ့လယ်စာစားဖို့ စားသောက်ဆိုင်ဘက် လှမ်းလာခဲ့သည်။ စားပွဲထိုးတစ်ယောက်ကို စားချင်တာမှာခဲ့ပြီး ထိုင်နေကြ အလယ်စားပွဲဆီသို့ လှမ်းလာခဲ့သည်။ နေရာမှာ ထိုင်ကာ Node စာအုပ်ကလေး စိတ်ပါလက်ပါ ဖတ်ကြည့်ပြီး မျက်စိညောင်း၍ ဘေးဘီသို့ အကြည့်တွင် ...

"ဟင် ..."

ကျွန်မထံသို့ တည့်မတ်စွာ လျှောက်လှမ်းလာသော စားပွဲထိုးကို မြင်လိုက်ရချိန်တွင် ကျွန်မရဲ့ ဦးနှောက်ထဲ၌ ဝုန်းဒိုင်း ခုန်ပေါက်နေလေသည်။

ခလယ်ခွဲကြောင်းပုံစံ ဆံပင်ကလေးက ပိုရှည်ကာ ရွှေအိုရောင်ဆံပင်အရောင်ပြောင်းနေသော်လည်း ထိုအရပ်အမောင်း၊ ထိုရုပ်ရည်ကတော့ မှားစရာအကြောင်း မရှိနိုင်ပါ။

ပို၍ ဖြူစင်လာသော အသားအရောင်လေးသည်





မောင့်မျက်နှာကို ပိုကာ နုနယ်နေစေသည်။ စားပွဲထိုးတစ်ယောက်အဖြစ် ကျွန်မထံသို့ မောင် ... ကျော့ထက်ဃ လှမ်းလာနေသည်။

မောင်သည် ကျွန်မမှန်း မှတ်မိသွားချိန်တွင် များစွာ တုန်လှုပ်ချောက်ချားသွားကာ ဖြူသော မောင့်မျက်နှာသည် ချက်ချင်းပင် နီရဲစိုအီလာလေသည်။

အငွေ့တလူလူ တောက်လောင်နေသော ဟင်းချိုပန်းကန်သည် မောင့်လက်ထဲတွင် ခုန်ပေါက်နေသည်။

ချက်ချင်းပင် ပူလောင်နာကျင်သော ခံစားမှုကို ရရှိလိုက်သည်။ လက်ဖျံက လွှန်စွာ နာကျင်နေသဖြင့် အံကို တင်းတင်းကြိတ်ထားရသည်။ မျက်စိကိုလည်း ဖိမှိတ်ထားရသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

အမေရိကန် စားပွဲထိုးလေးများ အသံကိုကြားရပြီး သူ့ရဲ့ ...

"ဝမ်းနည်းပါတယ်"

ဆိုတဲ့ တောင်းပန် တီးတိုးတဲ့ အင်္ဂလိပ်စကားသံကလေးကိုလည်း ကြားရပါသည်။

နောက်တော့ သူ ကျွန်မကို ပွေ့ချီကာ ဟိုတယ်ဆေးခန်းသို့ တန်းပြေးတော့သည်။

သူ့ကြောင့် ဟင်းချိုပန်းကန်မှောက်ကာ အပူလောင်သွားသော ကျွန်မလက်နှစ်ဖက်လုံး နာကျင်လွန်းသဖြင့် သူ့ကို အားစိုက်မကိုင်ထားနိုင်။ သူကသာ ကျွန်မကို တင်းကျပ်စွာ ဖက်ပွေ့ထားတာဖြစ်သည်။

ကျွန်မကို ဒေါက်တာ ဆေးထည့်ပေးနေချိန်တွင် မောင် မျက်ရည်ကျနေတာကို မြင်လိုက်ရသည်။

ကျွန်မ မောင့်ကို သနားသော်လည်း ရင်ထဲမှာ ကိန်းအောင်းနေသော အတိတ်က ဒဏ်ရာ၊ မောင့် မေမေ၏ မျက်နှာကို မေ့ပျောက်မရနိုင်သောကြောင့် မောင်နှင့်ပတ်သက်လျှင် အစွမ်းကုန် ညစ်ထေးချင်လာသည်။

စားသောက်ဆိုင် မန်နေဂျာသည် ကျွန်မရှေ့တွင် ရိုကျိုးစွာ ရပ်ပြီး ...

"ဝမ်းနည်းပါတယ်၊ ကျွန်တော့် တပည့်ရဲ့ ညံ့ဖျင်းမှုကြောင့် မစ္စစ် ဒဏ်ရာရသွားတာ တောင်းပန်ပါတယ်"

"ဒီကိစ္စကို မကျေနပ်နိုင်ဘူး မစ္စတာ"

"ဟုတ်ကဲ့ ... မစ္စစ် ကျေနပ်တဲ့အထိ တောင်းပန်မှာပါ"

"တောင်းပန်ရုံနဲ့ မလုံလောက်နိုင်ဘူးရှင့်"

ကျွန်မ စကားကြောင့် မောင် ကျွန်မကို ထိတ်လန့်စွာ လှမ်းကြည့်သည်။

"ဒါဆို မစ္စစ် သဘောကိုပြောပါ"

"ကျွန်မကို ဒဏ်ရာရအောင် လုပ်တဲ့ စားပွဲထိုးကို အလုပ်ထုတ်လိုက်ပါ"

ကျွန်မသည် မောင့်ကို စောင့်ကြည့်ရင်း ပြောထွက်ခဲ့ခြင်း ဖြစ်သည်။

မောင့်မျက်ဝန်းတွေ မှုန်မှိုင်းသွားတာ အထင်းသား မြင်နေရသည်။





"ဟုတ်ကဲ့ ... မစ္စစ် သဘောပါပဲ ခင်ဗျာ"

မန်နေဂျာနှင့် ဆရာဝန် အားလုံး ကျွန်မကို တအံ့တဩ ကြည့်ကုန်ကြသည်။

ပြီးတော့ မောင့် အကြည့် ...။

မောင့်အကြည့်တွေက ဟိုးယခင်ကနှင့် လုံးဝကြီးကို ခြားနားပါသည်။

တစ်ချိန်က သူသည် ကျွန်မအား ချစ်ခင်စုံမက်ခဲ့ဖူးသော ယောကျ်ားတစ်ယောက် ဖြစ်သည်။ ထိုစဉ်က ဘုန်းမငွေ့ဆိုသော မိန်းမတစ်ယောက်အား မြတ်နိုးယုယသော အကြည့်များနှင့် သူ၏မျက်ဝန်းများသည် အမြဲတစေ လင်းလက်တောက်ပြောနေခဲ့တာဖြစ်သည်။

အခုတော့ ဘုန်းမငွေ့ဆိုသော မိန်းမတစ်ယောက်သည် စုန်းတစ္ဆေပင် ဖြစ်နေသည့်အလား တုန်လှုပ်စိမ်းညို့သော သူ၏ မျက်ဝန်းများကို မာနနှင့် ဂုဏ်သိက္ခာများဖြင့် ဥပေက္ခာပြုနေခဲ့ရလေပြီ ...။

ကျွန်မ မျက်နှာသည် အင်မတိ မာကျောနေခဲ့မှာ သေချာပါသည်။ အားလုံးကို ကျောခိုင်းကာ ပြန်ဖို့ပြင်စဉ် ...

"မစ္စစ် တစ်ယောက်တည်း သွားလို့ရရဲ့လား၊ တစ်ယောက်ယောက် လိုက်ပို့ခိုင်းလိုက်ရမလား"

"ရပါတယ် ... ကျွန်မ သွားနိုင်ပါတယ်"

မောင့်ရင်ထဲမှာ နားမလည်နိုင်စွာ၊ မှုန်မှိုင်းစွာ၊ အက်

ကွဲကြမ်းရှစွာ ကျန်ရစ်ခဲ့မည်ဆိုတာ ကျွန်မ ကိုယ်ချင်းစာ၍ရပါသည်။

ကျွန်မကို မောင် ပစ်သွားခဲ့တုန်းက၊ မောင့်မေမေ ရက်စက်စွာ ပြောဆိုခဲ့စဉ်က ကျွန်မက မောင့်ထက် အဆများစွာ ခံစားခဲ့ရသူပါ မောင်ရယ်။

ဆေးအရှိန်နှင့် မှေးခနဲ အိပ်ပျော်သွားသော ကျွန်မသည် အခန်းတံခါး ဘဲလ်တီးသံကလေး ကြားရသဖြင့် တံခါး ထဖွင့်လိုက်ပါသည်။

စိုးရိမ်စွာ ရောက်ရှိလာသောသူက ကိုကျော်စည်းစိမ် ဖြစ်သည်။

"အပူလောင်တယ်ဆို၊ သိပ်နာသွားလား"

ပတ်တီးဖြူဖြူစည်းထားသော လက်ဝါးနှစ်ဖက်ကို ကိုင်ကာ သူ မေးလေသည်။

"သိပ်မနာတော့ပါဘူး၊ နေ့လယ်ကသာ အရမ်းနာတာ"

ပါးစပ်ကလည်း ပြော၊ လက်ကိုလည်း သူ့လက်ထဲမှ ဆွဲထုတ်လိုက်သည်။

"မငွေ ထုတ်ခိုင်းလိုက်တဲ့ စားပွဲထိုးက ကိုယ်တို့ မြန်မာပဲ"

"ကျွန်မ သိပါတယ်"

"မငွေ မှားတယ်၊ သူများနိုင်ငံမှာ ကိုယ့်လူမျိုးအချင်းချင်း ခုလို မနှိမ်ချ၊ မပစ်ပယ်သင့်ဘူး၊ နေပါဦး ... မငွေစိတ်ဓာတ်က ဒါမျိုးမဟုတ်ပါဘူး၊ ဘယ်လိုဖြစ်တာလဲ ..."





သူ့မေးခွန်းကို မဖြေချင်သဖြင့် ကျောခိုင်းကာ တိတ်ဆိတ်နေလိုက်ပါသည်။

"အေးလေ ... မငွေတို့မှာ ကိုယ်ရေးကိုယ်တာ ကိစ္စမျိုးတွေ ရှိချင်ရှိခဲ့မှာပေါ့၊ ဒါပေမယ့် မရောထွေးရဘူးလေ၊ လူမှုရေးနဲ့ အလုပ်မှာ ဒါမျိုးတွေ မရှိရဘူး၊ အဲ့ဒီ စားပွဲထိုးလေးကို တစ်နေ့ကမှ ကိုယ်ကိုယ်တိုင် ခန့်ပေးထားတာ၊ ဒါပေမယ့် ခု မငွေပြောတဲ့အတိုင်း သူ့ကို စားပွဲထိုးကနေထုတ်ပြီး တခြားအလုပ် ပြောင်းထားတယ်၊ မငွေ ကျေနပ်တော့နော်"

"... ..."

"ကိုယ် ပေးတဲ့ ကာနေးရှင်း ပန်းတွေ ကြိုက်ရဲ့လား"

"ဟုတ်ကဲ့ ... နောက် မပေးနဲ့ အစ်ကို၊ အစ်ကို့အတွက် အလုပ် ပိုပါတယ်"

"ဩော် ... မမေ့နဲ့ပေါ့ မငွေရယ်၊ ကိုယ်က မငွေ့ကို ချစ်နေသူဆိုတာ၊ ဒါပဲ ကိုယ့်ဘက်က ဖြည့်ဆည်းနိုင်တာလေ၊ မငွေ့ကို အမြဲ စောင့်နေမယ်"

ကျွန်မ စိတ်ပျက်စွာ ငေးကြည့်မိတော့ သူ့အချစ်တွေနှင့် ဆုံရလေသည်။

"ကျွန်မ ပင်ပန်းလို့ နားချင်ပြီ အစ်ကို"

"ကောင်းပြီ ... ကိုယ် ပြန်ပါ့မယ်၊ မနက်ဖြန်အတွက် LA က သစ်ခွပန်းခိုင်တွေ လာပို့ပေးကြလိမ့်မယ်၊ Good Night Baby"

သူ့လက်ဝါးကို သူ့နှုတ်ခမ်းလေးဖြင့် တစ်ချက်နမ်းပြီး ထိုလက်ဝါးအား ကျွန်မ နဖူးမှာ ဖိကပ်ပေးပြီး သူ ပြန်သွားခဲ့လေသည်။ ကျွန်မ အာရုံထဲ နောက်ကျိုလာကာ မွေ့ရာပေါ်သို့ ခပ်ပြင်းပြင်းကလေး ပစ်လှဲချလိုက်ပါသည်။ ထို့နောက် ကျွန်မ လက်များက ဖုန်းဆီသို့ တိုးကပ်လှမ်းလင့်၍ သွားခဲ့သည်။

✦ ✦ ✦





## အခန်း(၂၄)

ကျွန်မ မောင်နှင့် တွေ့ရတဲ့ ညတွင်းချင်းပဲ အမေ့ကို ဖုန်းဆက်ပြောပြဖြစ်ခဲ့သည်။ အမေ ဖုန်းနားထောင်လို့ လွယ်ကူရန် ညဘက်ကို ရွေးဆက်ဖြစ်ခဲ့သည်။ ကျွန်မရဲ့ ညသည် အမေ့ရဲ့နေ့ ဖြစ်သည်။

"အမေ ... သမီး မောင်နဲ့ တွေ့တယ်"

အမေ့ဘက်က ...

"ဟင် ..."

ဟူသော အာမေဋိတ်သံ ထွက်လာသည်။ ဒီနေ့ ဖြစ်ပျက်သမျှကို အမေ့အား ပြောပြတော့ ကျွန်မ ဒဏ်ရာအတွက် အမေ စိတ်ပူသွားပြီး မောင်နှင့် ပတ်သက်၍တော့ ...

"စိတ်လိုက်မာန်ပါ ဘာမှမလုပ်နဲ့နော် သမီး"

ဟု မှာပါသည်။

အဲ့ဒီနောက်ရက်များစွာတွင် မောင့်ကို မတွေ့ရတော့သဖြင့် ကျွန်မရဲ့ နေ့ရက်များ ပုံမှန် ငြိမ်သက်ပြန်လာသည်။

ညတစ်ညတွင် ကျွန်မ နှလုံးတွေ အခုန်မြန်နေခဲ့ပြီး အိပ်၍ မပျော်တာကြောင့် စန္ဒရား သင်တန်းခန်းမထဲသို့ ကျွန်မ တစ်ယောက်တည်း ရောက်လာခဲ့သည်။ စန္ဒရားရှေ့မှာ ထိုင်ပြီး ကျွန်မ လက်ချောင်းကလေးများ စန္ဒရား ခလုတ်ကလေးတွေပေါ်တို့ထိမိလျက်သား ဖြစ်သွားစဉ် သံစဉ်ကလေးများ ထွက်ပေါ်လာခဲ့ပါသည်။

လေဟာနယ် အခန်းကျယ်ကြီးမို့ အပြင်က ဘယ်သူမှ မကြားနိုင်။

မျက်စိမှိတ်ကာ အလွတ်ရနေပြီးသော I have Nothing သီချင်းကို ဆိုနေချိန်တွင် အတိတ်က အဖြစ်အပျက်များစွာတို့က အာရုံထဲတွင် လှပ်ခနဲ လှပ်ခနဲ ပေါ်ပေါ်လာသည်။

တစ်ခါတစ်ရံ မောင့်အပြုံးကို မြင်လာပြီး ကျွန်မပင် လိုက်ပြုံးမိသည်။ တစ်ချက်တစ်ချက်တွင်တော့ မောင့် မေမေ မျက်နှာကို မြင်လာပြန်သည်။

တစ်ပွင့်တည်းသော မှိန်ပျပျ မီးရောင်အောက်တွင် ကျွန်မတစ်ယောက်တည်း ...။ သီချင်းဆုံးတော့ ကျွန်မရဲ့ မျက်လုံးများ အလိုလို ပွင့်လာသည်။ ထိုအခါမှာ ခပ်သဲ့သဲ့ မှုန်ဝါးဝါးမြင်ရသည်မှာ မောင့်ကို ဖြစ်သည်။

မောင်က ကျွန်မ မျက်စိမှိတ်ထားသော အခိုက်အတန့်တွင် ဟိုတုန်းကလို ချစ်သူတစ်ယောက်ကို ကြည့်သော အကြည့်များဖြင့် နစ်ဝင်ဆေးမောနေတာမို့ မျက်စိဖွင့်လိုက်ချိန်မှာ သက်ဝင်လှုပနေသော မောင့်အကြည့်လေးဖြင့် ဆုံလာသည်။





ထိုအခါ အရင်က ဆယ်ကျော်သက် ဘဝလိုမျိုး ပြန်လည် ရင်ခုန်လာသည်။

သို့ပေမယ့် ကျွန်မ ရင်ခုန်သံတွေကို ချက်ချင်းထိန်းချုပ်၍ ခုံပေါ်မှ ထရပ်လိုက်သည်။

မောင်လည်း သတိပြန်ဝင်လာကာ အကြည့်တွေ ဝါးသွားသည်။ မောင် ဒီကို သန့်ရှင်းရေး လာလုပ်တာမှန်း မောင့် ယူနီဖောင်းကလေးကို မြင်ရုံနှင့် သိလိုက်သည်။ ကိုကျော်စည်းစိမ်က ကျွန်မတို့နှစ်ယောက်ကို တစ်နေရာထဲတွင် နေ့နဲ့ညခွဲကာ တာဝန်ပေးထားသည်။

သို့သော်လည်း တိုက်ဆိုင်စွာပဲဆုံကြပြန်ပြီပေါ့ မောင်ရယ် ...။

တစ်ချိန်က မောင့် မေမေ နှိမ်ချခဲ့ဖူးတဲ့ မိန်းမတစ်ယောက်က အခု အောင်မြင်တဲ့ စန္ဒရားဆရာမတစ်ယောက် ဖြစ်နေပြီး သူ့သားက သန့်ရှင်းရေးအလုပ်သမားကလေး တစ်ယောက်ဖြစ်နေပြီလေ။

အဖြစ်အပျက်တွေကို မောင့်မေမေ လိုက်မီတော့မယ် မထင်။

မောင့်ကို ကျွန်မ ကျောခိုင်းလိုက်ချိန်တွင် ...

"မငွေလေး ..."

ခေါ်လိုက်သော မောင့်အသံကြောင့် ကျွန်မ တစ်ကိုယ်လုံး ကြက်သီးလေးများ ဖြန်းခနဲ ထသွားသည်။ ရင်ထဲမှာ နာနာကျင်ကျင် လှိုက်ဖိုလို့လာသည်။

"မငွေလေး မောင့်ကို စိတ်နာနေသလားကွာ၊ မောင် တောင်းပန်ပါတယ်၊ မငွေ့အပေါ် မောင် မတရားခဲ့သမျှ မောင် အနူးအညွတ် တောင်းပန်ပါရစေ ..."

"ရှင် တောင်းပန်လိုက်ရုံနဲ့ ကျွန်မရင်ထဲမှာ အနာဖေးတွေ ကွာမကျသွားတာတော့ အမှန်ပဲ ကျော်ထက်ယ ... ပြီးတော့ ရှင်မှတ်ထားပါ၊ နောက်တစ်ခါ ဒီဟိုတယ်မှာ ကျွန်မကို မတော်တဆ တွေ့ရင် ရှင် ကျွန်မကို လုံးဝ နှုတ်မဆက်ပါနဲ့၊ အဆင့်အတန်းဆိုတာ ခေါင်းထဲ ထည့်ထားပါ၊ ရှင်က ဒီဟိုတယ်ရဲ့ အနိမ့်ဆုံး သန့်ရှင်းရေး အလုပ်သမားဖြစ်နေပြီး ကျွန်မက နာမည်ကြီး စန္ဒရားဆရာမ ဖြစ်နေတယ်ဆိုတာ မမေ့ပါနဲ့ ...၊ ကျွန်မရဲ့ ဂုဏ်သိက္ခာကိုငဲ့ပါ ကျော်ထက်ယ"

ကြည့်စမ်း ... မောင် ဘယ်လောက် နာလိုက်မလဲ။

မောင့် မေမေကြားရင် ဘယ်လောက် ဆတ်ဆတ်ခါ နာသွားမလဲ ...။

ထိုစဉ်မှာ သန့်ရှင်းရေး အလုပ်သမားလေးများ ထပ်ရောက်လာပြီး အခန်းမီးတွေ ဖွင့်လိုက်သဖြင့် တစ်ခန်းလုံး လင်းထိန်သွားလေသည်။

တစ်ယောက်နဲ့ တစ်ယောက် ကျောခိုင်းကာ ရပ်နေကြသော ကျွန်မတို့နှစ်ယောက်ကို ငေးမောသွားကြသည်။ ကျွန်မ ထိုအခန်းထဲမှ ဖြည်းဖြည်းမှန်မှန် ထွက်လာခဲ့သည်။

နောင်အခါများစွာတွင် မောင်နှင့် ကျွန်မ မထင်မှတ်





ဘဲ ဆုံတွေ့မိကြလျှင် မောင် အံတင်းတင်းကြိတ်ထားတာ တွေ့ရသည်။

ကျွန်မရှေ့တွင် မောင် အလုပ်ကြမ်းများ လုပ်နေရတာ မြင်ရသည်။ သားတစ်ယောက်ကို အရိပ်လို၊ ရွှေဥကလေးလို ထားခဲ့သော မောင့်မေမေသာ မြင်သွားရင်တော့လေ ...။

အဲ့ဒါ မောင်ရွေးခဲ့တဲ့ အဖြစ်ပဲလေ ...။

အတတ်ပညာ တစ်ခုကို ဆုံးခန်းတိုင်အောင် မသင်ဘဲ အသိဉာဏ်နည်းပါးလို့ ဖြစ်ရတာ မောင်ရဲ့ ...။

ကျွန်မ မောင့်အတွက် စိတ်မကောင်းပေမယ့်လည်း မောင် ဘာပဲဖြစ်ဖြစ် ကြည့်နေနိုင်ခဲ့သည်။

ကျွန်မရဲ့ အိပ်မက်ထဲတွင် မောင်က ကျွန်မကို စိတ်ဆိုးစွာ ...

"ခင်ဗျားကြောင့် ကျုပ်ဘဝပျက်ရတာ ဘုန်းမငွေ"

ဟု အော်ဟစ်ကာ လက်ညှိုးထိုး၍ စွပ်စွဲလေသည်။

◆ ◆ ◆

တစ်နေ့မှာ ကျွန်မသည် သိုးသားရေ အနွေးထည် အင်္ကျီကလေး တစ်ထည် ဝယ်ဖို့ စူပါမားကတ်ကြီးတစ်ခုကို သွားခဲ့သည်။ နှင်းတွေ ခပ်ဖွဲဖွဲကျနေချိန်မို့ ကျွန်မ၏ပုံကလေးက အရုပ်ကလေးလိုပဲ အနွေးထည်တွေကြားထဲ၌ သေးသေးညှပ်ညှပ်ကလေး ဖြစ်နေခဲ့ရသည်။

ကျွန်မ စိတ်ကြိုက် ရွေးချယ်ဝတ်ကြည့်နေချိန်တွင် မောင်လည်း ရောက်လာပြီး ဝယ်ပြီးတဲ့ အင်္ကျီနှင့် အသစ်တစ်ထည်ကို လာလဲတာဖြစ်သည်။

မောင့်လက်ထဲတွင် အထုပ်အပိုးလေးများ စုံလင်နေတာ တွေ့ရသည်။ မောင်နှင့် ကျွန်မသည် ဟိုတယ်မှာ တွေ့နေကြတုန်းကအတိုင်း မနှုတ်ဆက်ကြ ...။

ကျွန်မအင်္ကျီ ကျွန်မယူပြီး တခြားအသုံးလိုတဲ့ပစ္စည်းများ ဝယ်ရန် ထွက်လာခဲ့သည်။

မောင် ကျွန်မနောက်က လိုက်လာခဲ့လေသည်။ ကျွန်မရပ်ပြီး လှည့်ကြည့်တော့ မောင်ပါ ရပ်သွားပြီး ကျွန်မဆက်လျှောက်တော့ မောင် လိုက်လာပြန်သည်။ အတော်ကြာကြာ ထပ်ကြပ်မကွာ လိုက်လာနေခဲ့ပြီးမှ ...

"ဘုန်းမငွေ ကျွန်တော် ခင်ဗျားကို ပြောစရာရှိလို့ ရှေ့က ကော်ဖီဆိုင်ကို ဝင်သွားပေးပါ"

ဟိုတယ်လို နေရာမျိုးမှာ မဟုတ်တာမို့ သူ့စကားနားထောင်ပေးဖို့ သဘောတူလိုက်ပါသည်။ သူပြောတဲ့အတိုင်း ကော်ဖီဆိုင်ထဲ ဝင်သွားပြီး နေရာလေးတစ်ခုမှာ ထိုင်စောင့်နေခဲ့သည်။

သူကိုယ်တိုင် ကော်ဖီဖျော်ယူပြီး ကျွန်မဆီသို့ ယူလာကာ ကျွန်မအေးတွင် ထိုင်လေသည်။

မောင့်ပုံစံက ဖြူစင်ဝင်းမွတ်နေတာမို့ တကယ့် နိုင်ငံခြားသားလေး တစ်ယောက်လိုပင် ...။





ကျွန်မနှင့် မောင်သည် တစ်ချိန်က ချစ်သူတွေဆိုသော်လည်း ခုတော့ အဆင်ပြေဖို့ ခက်ခဲသော လူနှစ်ယောက်အဖြစ်ပဲ ရှိနေသည်။

"ကျွန်တော် ရှိနေလို့ ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်ခဲ့ရတဲ့အတွက် ဝမ်းနည်းပါတယ်၊ ကျွန်တော် ပြန်တော့မယ် ဘုန်းမငွေ ..."

"အင်း ... ကောင်းတာပေါ့"

ကျွန်မအသံက ကျတ်ဆတ်စွာ ထွက်ပေါ်သွားခဲ့သည်။ တကယ်တမ်း ရင်ထဲမှာ အောင့်မျက်သွားတဲ့အထိ မောဟိုက်သွားရတယ်ဆိုတာကိုတော့ ဒီတစ်သက် မောင် သိအောင် ကျွန်မ မပြောပြနိုင်တော့ဘူးထင်သည်။

မောင့် မျက်ခုံးလေးများ တွန့်ကွေးပင့်သက်သွားသည်။

"ဘုန်းမငွေရဲ့ အမေကို ဘာမှာချင်သေးလဲ ..."

"ကျွန်မနဲ့ အမေက အမြဲ ဖုန်းပြောဖြစ်ပါတယ်၊ ကျွန်မမှာချင်တာက အခု ကျွန်မတို့ရဲ့ အဖြစ်အပျက်အမှန်တွေကို ရှင့်အမေကို ပြောပြပေးပါ၊ သူ နှိမ်ချခဲ့တဲ့ ကျွန်မဘဝက ခု သူ့သားထက် အဆတစ်ရာ သာသွားပြီဆိုတာ သူ့ကို သိစေချင်လို့ပါ"

"ကျွန်တော့် အမေအပေါ် ဘာကြောင့် ဒီလောက် ညှိုးထားနေတာလဲဟင်"

"အဲ့ဒါ ရှင့်အမေ သိပါတယ်၊ ရှင့်အမေကြောင့် ကျွန်မဂုဏ်သိက္ခာတွေ နစ်နာခဲ့ရဖူးလို့ ….၊ ဩော် … ပြီးတော့ တစ်ခုက ကျွန်မ USA မှာ အနာရောဂါကင်းကင်းနဲ့ ပျော်ရွှင်စွာနေနေတဲ့အကြောင်း၊ HIV ရောဂါနဲ့ မသေနိုင်သေးကြောင်း ပြောပြလိုက်ပါ"

မောင့်မျက်နှာကလေးသည် သိသာစွာ ပျက်ယွင်းသွားလေသည်။

sorry ပါ မောင်ရယ်၊ မောင့်အပြစ် မောင် ခံယူလိုက်ပါတယ်။

"ကျွန်တော်ကတော့ အိမ်နဲ့အဆက်အသွယ်ပြတ်တာ ကြာပါပြီ၊ မငွေ့ကို ဒီလို တွေ့ရလိမ့်မယ်လို့ မထင်မိဘူး၊ မငွေ ကျွန်တော့်ကို ဒီလောက်အထိ နာကြည်းနေလိမ့်မယ်လို့မထင်မိဘူး၊ မငွေ့ မာနကို လျှော့တွက်မိတာ ကျွန်တော်သိပ်မှားတယ်"

ဆွေးဆွေးမြည့်မြည့် ကြည့်နေတဲ့ မောင့်အကြည့်တွေကို မသိကျိုးကျွန်ပြုကာ ခပ်နက်နက် စိုက်စင်းကာ ပြုံးနေခဲ့သည်။

"ရှင်တို့က ဆင်းရဲတဲ့ မိန်းမတစ်ယောက်အဖြစ် လျှော့တွက်ခဲ့ကြတာကို၊ ဆင်းရဲပေမယ့် အသိုင်းအဝိုင်း မဆင်းရဲဘူးရှင့်၊ အတတ်ပညာနဲ့ မာနကလည်း သိပ်ကို ချမ်းသာတယ်ဆိုတာ ရှင်နဲ့ ရှင့်အမေသိဖို့ မျှော်လင့်တယ်"

"သိပါတယ်၊ အရင်က မသိခဲ့ဘူးဆိုရင်တောင် အခုကောင်းကောင်းကြီး သိသွားပါပြီ၊ ကျွန်တော် နောက်တစ်ခုကို





သေချာသွားချင်သေးတယ် မငွေ၊ မငွေနဲ့ ကိုကျော်စည်းစိမ်ရဲ့ အခြေအနေက …"

"ဘာ …၊ အဲ့ဒါ ရှင်နဲ့ မဆိုင်ဘူးထင်တယ် ကျော်ထက်ဃ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မငွေရယ်၊ ကျွန်တော်တို့ နှစ်ယောက်က အရင်တုန်းက …"

"ကျွန်မ ပြန်ချင်ပြီ"

ကျွန်မ မောင့်စကားကို ဆက်နားမထောင်တော့ဘဲ ပြန်လာခဲ့သည်။ မောင် အခုမှ ကျွန်မ သူများရင်ခွင်ထဲ ရောက်သွားမှာကို စိုးထိတ်နေပုံရသည်။ ထားခဲ့တုန်းက မောင် ဒါမျိုးတွေ စဉ်းစားကြည့်ရဲ့လား။ အင်းလေ … ကျွန်မကို AIDS နဲ့ သေဆုံးမယ့် မိန်းကလေးလို့ပဲ မောင် မြင်ခဲ့လေတာကိုး …။

✦ ✦ ✦

# အပိုင်း (၄)

## အမြှစ်အပျက်များရဲ့အဆုံး

## အခန်း (၂၅)

ကျွန်တော့်အား မြန်မာပြည်က နာကျင်မှုများ ပေးရန်၊ အပြစ်များပေးဆပ်ရန် စောင့်ဆိုင်းနေတာမှန်း လေယာဉ်ကွင်းသို့ ရောက်တဲ့အထိ မသိခဲ့ပါ ...။

ကျွန်တော့် စိတ်ထဲတွင် မငွေလေး ပေးလိုက်သော နာကျင်မှုများကပင် ထုနှင့်ဒေး ဖြစ်နေခဲ့ပြီ။

အိမ်ရောက်တော့ မာမီ့ကိုပဲ တွေ့ရသည်။

မာမီဟာ ကျွန်တော် သွားတုန်းကနှင့် ကွဲပြားစွာ ပိန်သေး၍ အသားအရေတို့လည်း မွဲခြောက်နေလေသည်။

ကျွန်တော့်ကို မြင်မြင်ချင်း မာမီသည် ကျွန်တော့်အား ပွေ့ဖက်နမ်းရှိုက်ကာ ...

"သားရယ် ... မသေကောင်း မပျောက်ကောင်းကွယ်၊ အဆက်အသွယ်လည်း မလုပ်ဘူး၊ မာမီတို့က သားလေးကို ဆုံးရှုံးရပြီလို့ မှတ်ထားတာ၊ ကြည့်စမ်း ... သားက ဝပြီး လှလာလိုက်တာကွယ်"

"မာမီ ... ဒက်ဒီ ဘယ်သွားနေလဲဟင်"

ကျွန်တော် မေးလိုက်တော့ မာမီ့မျက်နှာကလေး ပျက်ယွင်း နီမြန်းလာကာ ငိုချလိုက်သည်။

"ဘာဖြစ်လို့လဲ မာမီ"

မာမီသည် ငိုသံတစ်ဝက်၊ အားငယ်ခြင်းတစ်ဝက်၊ ဒေါသသံကလေးစွက်၍ ...

"မာမီ့ကြောင့်ပါ သားရယ်၊ မာမီ့ရဲ့ အယုံလွယ်မှု၊ ပေါ့လျော့မှုတွေကြောင့် သား ဒက်ဒီ အချုပ်ခံရတာ ..."

"ခင်ဗျာ ... ဒက်ဒီ ထောင်ကျနေတယ်"

ကျွန်တော့်ရင်ထဲသို့ မုန်တိုင်း ပြင်းပြင်းတစ်ခု ဝင်ဆောင့်သလို ခံစားရသည်။

"ဘယ်လိုဖြစ်ရတာလဲ မာမီ"

ကျွန်တော့်အသံက တုန်ယင် တုန်ခိုက်စွာ ပေါ်ထွက်လာသည်။

"မာမီ့ကြောင့်ပါ သားရယ်၊ မာမီ ယုံလှပါပြီ၊ ချစ်လှပါပြီ၊ တော်ချင်လှပါပြီ ဆိုတဲ့ ချွေးမလေးနဲ့ သူ့အမေပေါ့"

"နန်းဦးတို့ ဘာဖြစ်သလဲ မာမီ"

"သားက နန်းဦးကို တကယ်မယူချင်မှန်း သူတို့သိတယ်၊ သားရဲ့သတင်း အကောင်းအဆိုး မရတော့တာနဲ့ သူတို့သစ္စာဖောက်ကြတာ၊ သားကိုမှ မရရင် မာမီ့စီးပွားတွေကိုလည်း သူတို့ မပိုင်တော့ဘူးဆိုတာလည်း သိရော မာမီ့စိန်ထည်တွေ ဝှားဝတ်ပြီး ထွက်ပြေးသွားကြတယ်၊ မာမီ့စိန်တွေ ဆိုပေမယ့် အကုန်လုံး မာမီ့အပိုင်မှ မဟုတ်တာ





သားရယ်၊ မာမီ ပွဲစားလုပ်တဲ့အထဲက အဖိုးတန်တွေပါသွားတာ၊ မာမီ ရှက်လည်း ရှက်တယ်၊ ဒုက္ခလည်း အကြီးအကျယ် ရောက်တာပေါ့ ...၊ ကျောက်ပိုင်ရှင်တွေက သူတို့ပစ္စည်း ပြန်မရနိုင်တော့ မာမီတို့ကို အမှုဖွင့်တယ်၊ မာမီတို့လည်း မလျော်နိုင်တော့ သား ဒက်ဒီကို ဖမ်းသွားကြတယ်"

"မာမီက ဟိုမိန်းမနှစ်ယောက်ကို မရှာဘူးလား၊ သူတို့ကို အမှုမဖွင့်ဘူးလား၊ ဘွားဘွား ဒေါ်စိန်ခိုင်ကကော ဘာမှ တာဝန်မယူဘူးလား"

"တာဝန်ယူဖို့ နေနေသာသာ မာမီ့ကိုပါ မတရားမတန်လုပ်တယ် သားရယ်၊ အမှုမဖြစ်ချင်တော့ မာမီလည်း ငြိမ်နေရတယ်"

"ကိုယ်က မစားတော့ သူများက ကိုယ့်ကို စားသွားတာပေါ့ မာမီ၊ ဒါဆို ဒက်ဒီလည်း မရှိတော့ မာမီ ဘာနဲ့ ထမင်းစားလဲ၊ ခြံနဲ့တိုက်ကို ရောင်းမပစ်ဘူးလား"

"ဟင့်အင်း ... မရောင်းနိုင်ပါဘူး သားရယ်၊ ဒီအိမ်ကို သားလက်ထပ်ပြီး နေဖို့ ရည်ရွယ်ပြီး ဆောက်ထားရတာ၊ ဘယ်နည်းနဲ့မှ မရောင်းနိုင်ပါဘူး၊ ခု မာမီနေတဲ့ တိုက်ခန်းကို ပေါင်ထားတယ်"

အကြောင်းအရာ တစ်ခုပြီးတစ်ခုကို မာမီပြောချလိုက်တိုင်း ကျွန်တော့်ကို ညှဉ်းပြီးသတ်နေသလို မသေရုံတမယ် ခံစားရလေသည်။

"သားတို့ အခုလိုဖြစ်နေတာ မငွေသာသိရင် ဘယ်လောက်

ပြောလိုက်မလဲ၊ သူ့ကို နှိမ်ချခဲ့သမျှ အခုမှ ဝင့်လည်ကြတာ ကောင်းတယ်လို့တောင် ပြောဦးမယ်"

"ဟင် … ဘုန်းမင္ဍေ၊ သား သူ့ကို ဘယ်မှာတွေ့လို့လဲ"

မင္ဍေ့ နာမည်ကြားတော့ မာမီ အံ့သြထိတ်လန့်စွာ မေးလေသည်။

"USA မှာလေ …"

"ဘုရား … USA မှာလား"

"ဟုတ်တယ်၊ USA မှာ သူ စန္ဒရားဆရာမ ဖြစ်နေပြီး ချမ်းသာနေပြီ၊ မာမီ့ကို မှာလိုက်တယ်၊ မာမီ နှိမ်ချခဲ့ဖူးတဲ့ သူက အခု မာမီ့သားထက် အဆတစ်ရာ သာနေပြီဆိုတာ မာမီ သိစေချင်တယ်တဲ့"

"ဘုန်းမင္ဍေ ဒီလောကကြီးမှာ ရှိသေးတယ်တဲ့လား သား"

"ဟုတ်တယ်၊ နောက် ကျန်သေးတယ်၊ သူ USA မှာ အနာရောဂါကင်းကင်းနဲ့ အသက်ရှင်နေတဲ့အကြောင်း မာမီ့ကို ပြောပေးပါတဲ့"

"အေးလေ … သူ့ဘက်က ဒီလိုပြောချင်အောင် မာမီက သူ့ကို ရက်ရက်စက်စက် နှိမ်ချခဲ့တာကိုး၊ မာမီ နောင်တ ရနေပါပြီ၊ သူ မာမီ့ကို ပြောသွားခဲ့ဖူးတယ်၊ အောက်တန်းစား ဆိုတဲ့ လူတစ်ယောက်ကို မော်မကြည့်ရဲတော့တဲ့ ဘဝကို ရောက်လာခဲ့ရင် အန်တီ မနွဲ့ကြေးနော်တဲ့ …"

မာမီ ကြေကွဲနောင်တရစွာ ခေါင်းကလေး တဆတ်ဆတ် ညိတ်၍ ညည်းရှာပါသည်။





"သူကျိန်သွားသလိုပါပဲ၊ မာမီ့ဘဝက စုတ်ပြတ်သတ်သွားခဲ့ပြီ၊ ဘုန်းမင္ဍေက ကျန်းမာစွာ ရှိနေပေမယ့် သူ့မိထွေး ဒေါ်ခင်နှယ်မျိုးကတော့ သူ့ဒက်ဒီ ရောဂါမျိုးနဲ့ပဲ ဆုံးသွားရှာပြီ သား"

"ဟုတ်တယ် မာမီ၊ သူ့အဖေရောဂါက သူ့အမေနဲ့ သူ့ကို ကူးမကျန်ခဲ့ပါဘူး၊ အန်တီ ခင်နှယ်မျိုးမှာသာ ကျန်ခဲ့ရှာတာ၊ မာမီ သားတို့ ဒက်ဒီကို သွားတွေ့ရအောင်နော်"

မာမီသည် မျက်ရည်များကို သုတ်ကာ ကျွန်တော့်ကို ခေါင်းညိတ်ပြပါသည်။ အဲဒီနောက်တော့ ဒက်ဒီ့ကို သွားကြည့်နှုတ်ဆက်ကာ ကျွန်တော် ထပ်မံ ငိုရှိုက်ခဲ့ရပြန်ပါသည်။

ကျွန်တော့်ရဲ့ USA ခရီးအစသည် အဆင်မပြေမှုများဖြင့် စရပါသည်။ ဒက်ဒီသူငယ်ချင်းရဲ့ မာတ်ဆီဆိုင်မှာ အလုပ်ဝင်ခဲ့ပေမယ့် အကြမ်းပတမ်းမလုပ်ဖူးသော ကျွန်တော်သည် အလုပ်တစ်ခုကို မြဲအောင် မလုပ်နိုင်ခဲ့ဘဲ ဟိုရွှေ့ ဒီရွှေ့ ဘဝကို ရှက်သဖြင့် အားလုံးကို မဆက်သွယ်ဘဲ တစ်ယောက်တည်း ကြုံရာရွှေ့လျားနေရင်း အချိန်တွေ ကုန်ဆုံး အရှုံးခံခဲ့သည်။

နောက်ဆုံးမှာ ကိုကျော်စည်းစိမ်နှင့် တွေ့ကာ USA ရဲ့ နာမည်ကြီး ဟိုတယ်တစ်ခုတွင် အလုပ်ဝင်ခဲ့ရကာစမှာပဲ မင္ဍေနှင့် ပြန်တွေ့ရပြီး မကြာခင်လေးမှာပဲ စိတ်ပျက်စွာ အိမ်ပြန်ရောက်ခဲ့ရခြင်း ဖြစ်သည်။

✦ ✦ ✦

အရင်းနှီးဆုံးသော သူငယ်ချင်း ဖိုးကျော်ကတော့ အရင်လိုပဲ နုနယ်လန်းဆန်းစွာ ရှိပါသည်။ ဖိုးကျော်နှင့် ချိုချိုက ဇနီးမောင်နှံပင် ဖြစ်နေခဲ့ကြပြီ ...။

သူတို့ကို မြင်ရတော့ ကျွန်တော် ရင်ဘတ်ထဲမှာ ကျိတ်ပြီး မျက်ရည်များစွာ ကျရသည်။ တကယ်ဆို သူတို့လိုပဲ မငွေနှင့် ကျွန်တော်က တစ်ချိန်တုန်းက သိပ်ချစ်ခဲ့သူတွေ ဖြစ်သည်။

ဖိုးကျော်က ကျွန်တော့်ကို တွေ့တွေ့ချင်း ပြေးဖက်ပြီး နောက်မှ ခွာလိုက်ကာ ကျွန်တော့် ရင်ဘတ်ထဲသို့ လက်သီးချက် ပြင်းပြင်းများ ပစ်သွင်း၍ နှုတ်ဆက်ပါသည်။

"ကဲကွာ ... ဦးနှောက်မရှိ၊ သစ္စာမရှိတဲ့ ကောင်၊ အတွေးအခေါ်မရှိတဲ့ ကောင်၊ နိုင်ငံခြားသွားပြီး ဘာပြောင်ရောင်လို့လဲ ...၊ ငါ့ကိုတောင် နှုတ်ဆက်မသွားတဲ့ တစွတ်ထိုးကောင်၊ မင်းလို ကောင်မျိုး အသက်ရှင်လျက်နဲ့ ပြန်မလာသင့်ဘူး"

"အေး ... ဟုတ်ပါတယ်ကွာ၊ မင်း ပြောသလိုပါပဲ၊ ငါလုံးဝ အသုံးမကျတဲ့ ကောင်ပါ၊ ထိုးစမ်းပါ၊ သေသွားတဲ့အထိ မင်း ငါ့ကို ရိုက်သတ်လိုက်စမ်းပါ"

ကျွန်တော်က ကျွန်တော့်ကိုယ် ကျွန်တော် ထိုးနက်ပြီး ပြောတော့ ဖိုးကျော်က ကျွန်တော့်ကို ဖမ်းချုပ်ပြီး တစ်ယောက်နဲ့ တစ်ယောက် တင်းကြပ်စွာ ဖက်၍ ငိုယိုလိုက်ကြသည်။

သွေးအေးသွားသော အချိန်ကျမှ မငွေနှင့်ကျွန်တော်





တွေ့ဆုံခဲ့တဲ့အကြောင်း တစ်လုံးမကျန် ပြောပြလိုက်သည်။ မငွေ့ဘဝ အဆင်ပြေနေတယ်ဆိုတာ ကြားတော့ ဖိုးကျော်ကော ချိုချိုပါ ဝမ်းသာကြသည်။

ကျွန်တော့်အား မငွေက ရက်စက်စွာ စကားလုံးရင့်ရင့်များဖြင့် ထိုးနက်ကြောင်း ပြောပြတော့ ...

"ကောင်းတယ်၊ အရမ်းကောင်းတယ်၊ မငွေ သိပ်မှန်တယ်၊ မင်းလိုကောင်မျိုးကို သူ ဒီလိုမပြောရင် သူ့လောက်အတဲ့ မိန်းမ မရှိတော့ဘူး ..."

ဖိုးကျော်က အားပါးတရ ကျယ်လောင်စွာ ပြောခြင်း ဖြစ်သည်။

"အေး ... မင်းက အပြောခံ၊ အရှက်ခွဲခံရသူ မဟုတ်တော့ ကာယကံရှင် ငါ့ကို ဘယ်ကိုယ်ချင်းစာနိုင်မလဲ"

"မင်းတုန်းကကော မငွေ ခံစားရတာတွေကို ကိုယ်ချင်းစာ တွေးခဲ့လို့လား၊ ထားခဲ့ပြီးတော့များ ..."

ဖိုးကျော် ချေပစကားက ကျွန်တော့် မျက်နှာကို ဖြတ်ရိုက်တာထက်၊ တံတွေးဖြင့် လှမ်းထွေးတာထက် ခံစားရလေ၏။ စိတ်ဆိုးခွင့်မရှိ၊ ချေပခွင့်မရှိသော လူတစ်ယောက် နေရာဝင်၍

"အေးပါကွာ ... ငါပဲမှားပါတယ်၊ အားလုံး ငါ့အမှားကြီးပါပဲ"

ဟု ရင်နာနာနှင့် ရေရွတ်ရလေသည်။

"သိသားပဲနော် ..."

✦ ✦ ✦

## အခန်း(၂၆)

ကျွန်တော့်အတွက် ဆောက်ထားသော ခြံနှင့်တိုက်ကြီးတွင် မာမီနှင့် ကျွန်တော် ပြောင်းနေကြသည်။ တိုက်ခန်းဟောင်းကလေးကိုတော့ အဆုံးခံလိုက်ရသည်။

မာမီနှင့် ကျွန်တော်၏ စားစရိတ်ကို ကျွန်တော်ပါလာသော ဒေါ်လာအနည်းငယ်လေးဖြင့် ပြီးလိုက်ကြသည်။

အလုပ်တစ်ခုကို ချက်ချင်း အသည်းအသန် ရှာရသည်။ ဖိုးကျော်အကူအညီဖြင့် ကုမ္ပဏီတစ်ခုတွင် ဝန်ထမ်းနေရာမှာ အလုပ်ရသည်။ လိုသလောက်ငွေ မရနိုင်သော်လည်း ကျွန်တော့်အရည်အချင်းနှင့် ဒီလောက်ပဲ ရနိုင်မှန်းသိသဖြင့် ကျေနပ်ရသည်။

မာမီက ကျွန်တော် ပင်ပန်းတာကို မမြင်ဖူးသဖြင့် ဝမ်းနည်းရှာသည်။ ကျွန်တော့်ရှေ့တွင် မကြာခဏ မောပန်းကာ သတိလစ်လေ့ရှိလာသည်။ ဆရာဝန်ပြရန်လည်း အပြင်းအထန် ငြင်းပါသည်။ အိမ်သို့ ဆရာဝန်ခေါ်ပြီး အတင်းအကြပ် စမ်းသပ်သောအခါမှ မာမီ့မှာ နှလုံးရောဂါရှိနေမှန်း သိရသည်။





ကျွန်တော့်ထံသို့ ပြဿနာမျိုးစုံက အခါမရွေး အလုံးအရင်းနှင့် ဝင်ရောက် နှောင့်ယှက်ကြတော့ ကျွန်တော့်၌ စိတ်ဖိစီးမှုတွေ တအားများလာခဲ့သည်။ စိတ်ပင်ပန်းလွန်းသဖြင့် အကောင်းဆုံး ထွက်ပေါက်အဖြစ် ဖိုးကျော်ရဲ့ ဆိုင်ကယ်ကို ငှားကာ မြို့အနှံ့ လျှောက်လည်ပြီး စိတ်စေညွှန်းရာအတိုင်း မငွေ့ အမေရှိတဲ့ ဘုရားကျောင်းကို အလိုလို ရောက်သွားခဲ့သည်။

မငွေ့ မေမေသည် ကျွန်တော့်ကို မြင်တော့ အံ့သြခြင်းမရှိဘဲ ...

"အေး ... သား ရောက်လာမယ်ဆိုတာ အန်တီ သိပြီးသားပါ၊ သား ပြန်လာတဲ့နေ့ကတည်းက မငွေ့လေး အန်တီ့ကို ဖုန်းဆက်ပြောပါတယ်"

တကယ် အံ့သြရတဲ့သူက ကျွန်တော် ဖြစ်သည်။ မငွေ့လေးက ကျွန်တော့်အကြောင်းကိုများ ကိစ္စတစ်ခုအဖြစ် သူ့အမေကို ဖုန်းဆက်တိုင်တန်းထားသတဲ့ ...။

"ကျွန်တော် စိတ်ညစ်တယ် အန်တီရယ် ...၊ မငွေ့ကို ပစ်ပြီး နိုင်ငံခြား ထွက်သွားလိုက်ကတည်းက ကျွန်တော် ဘဝလမ်းမှားပေါ် ရောက်သွားခဲ့တာ ဒီနေ့အထိ ဒုက္ခတွေထဲက လွတ်မထွက်နိုင်တော့ဘူး"

ဘုရားကျောင်းရှေ့ ခရေပင်တန်းတွေကြားမှာ လမ်းအတူလျှောက်လာရင်းမှ ရင်ဖွင့်ပြလိုက်ပါသည်။

"သား ခံစားရသမျှ ကွယ်ဝှက်မထားနဲ့၊ ပြောချလိုက်၊ သား ထွက်ပေါက်တစ်ခုတော့ ရလာလိမ့်မယ်"

ကျွန်တော် ခံစားခဲ့ရသော ကံကြမ္မာ အပြောင်းအလဲများအား ပြောပြပြီးသည့်အခါ ရင်ထဲမှာ အရင်ကလောက် မလေးလံတော့တာကို သိသာစွာ သတိမှတ်လို့ရခဲ့သည်။

"အန်တီ ကိုယ်ချင်းစာလို့ရပါတယ်၊ သား မာမီအတွက် ထပ်တူထပ်မျှ ခံစားရပါတယ်၊ သမီးက သားအပေါ်မှာ စိတ်နာနေပေမယ့် သံယောဇဉ်တော့ ရှိပါသေးတယ်၊ သားနဲ့ သားမာမီရဲ့ လိုအပ်တဲ့ အကူအညီကို အန်တီ ကူညီပါ့မယ်၊ သားမာမီ့ကို ခွင့်တောင်းကြည့်ပါ၊ အန်တီ လာနေပေးရမလားလို့ ..."

"ဗျာ ... ၊ အန်တီ့ကို အရင်က နှိမ်ချခဲ့တဲ့ မိန်းမကြီးတစ်ယောက်ကို အန်တီ ကျေနပ်ခွင့်လွှတ်နိုင်တယ် ဟုတ်လား"

ကျွန်တော် တုန်လှုပ်စွာ မေးမြန်းမိတော့ အန်တီက ခေါင်းယမ်း၍ ...

"အန်တီ့ကို တစ်ခုလတ် ဘဝနဲ့ ထားသွားပြီးမှ ပြန်ရောက်လာတဲ့ သမီးအဖေကို အန်တီ ဘယ်လို ခွင့်လွှတ် အနစ်နာခံခဲ့သလဲဆိုတာ သားသိမှာပေါ့နော်"

"ဟုတ်ကဲ့ ... သား သိပါတယ် အန်တီ"

"အေး ... ပြီးတော့ သား မာမီကို လိမ်သွားတဲ့ နန်းဦးခင်တို့က သားမာမီတင် မကဘူး၊ အဘွားအရင်းကိုပါ လိမ်သွားတာ၊ ဒေါ်စိန်ခိုင်က ဟန်မပျက်နဲ့ တစ်ယောက်တည်းနေကျန်ခဲ့ရှာတာ၊ အခု ဒေါ်စိန်ခိုင် စိတ်ဆင်းရဲပြီး လေဖြန်းရောဂါရတော့ အန်တီပဲ အန်တီ့အိမ်ကိုခေါ်ပြီး ပြုစုနေတာ





သား၊ အန်တီတို့ အမျိုးတွေ ဝိုင်းပြီး ပြုစုပေးကြတယ်လေ၊ အိမ်ကတော့ အရင်လို အိမ်စုတ်ကလေး မဟုတ်ဘူးပေါ့၊ မငွေလေး ပို့တဲ့ ပိုက်ဆံနဲ့ အသစ်ဆောက်ထားတဲ့ တိုက်ပုကလေးပေါ့ သားရယ်၊ ဒီလောက် ပြောပြရတာ သားသိချင်တဲ့ အဖြေ ပေါ်သွားအောင်လို့ပါကွယ်"

ကျွန်တော် ကိစ္စတော်တော်များများကို ယခုမှပဲ သဘောပေါက်ရသည်။

"အန်တီတို့ သိနေကြလျက်နဲ့ ဒေါ်ဘုန်းဦးခင်နဲ့ နန်းဦးခင်ကို ဘာလို့ မရှာကြတာလဲ၊ စခန်းတိုင် အမှုမဖွင့်တာလဲ"

"ဟင့်အင်း ... အဲဒီ အပြစ်ပေးမှုထက် ဘုရားသခင်က အလိုလို ပေးတဲ့အပြစ်က ပိုအခံရဆိုးတယ်၊ သားလည်း မေ့ပစ်လိုက်ပါ၊ တစ်ချိန် ပေါ်လာမှာပါ"

အန်တီက မေ့ခိုင်းသော်လည်း ကျွန်တော် မေ့မရခဲ့။ ကျွန်တော်တို့လို သူစိမ်းတွေကိုသာမက အဘွားအရင်းကိုတောင် ပြစ်မှားရက်သော မိန်းကလေးရဲ့ စိတ်ဓာတ်ကိုလည်း လွန်စွာ ရွံမုန်းမိသည်။

အပြန်လမ်း တစ်လမ်းလုံး ကျွန်တော့်အတွေးများနှင့် ဒေါသများက လူကို သိုင်းအုပ်လွှမ်းခြုံထားခဲ့သည်။

ကျွန်တော့် ရှေ့တည့်တည့်က အုတ်နံရံကြီး ကျွန်တော်နှင့် နီးလာတာ မြင်ရတော့မှ နောက်ကျသွားပြီမှန်း သိလိုက်ရသည်။ ထိုအခါမှ ဆိုင်ကယ် ဦးထုပ်လည်း ဆောင်းမထားမိတာ သတိရသည်။ တစ်စုံတစ်ရာနှင့် တစ်စုံတစ်ခုတို့ ထိခတ်မှုအသံကို

ကျယ်လောင်စွာ ကြားရပြီး တစ်ကိုယ်လုံး လွင့်စင်ကာ ပြုတ်ကျ၍ အလွန်နာကျင်သွားတာကိုသာ နောက်ဆုံး ခံစားလိုက်ရသည်။

✦ ✦ ✦

အိပ်မက်ဆိုးက လန့်နိုးသလို ဖြစ်သွားသွားချင်း ခဲကျင်မှုကို ခေါင်းထဲမှာ ခံစားရသည်။ ကိုယ်လက်မှာလည်း လွန်စွာ ကိုက်ခဲသလို စပ်ဖျဉ်း၍လည်း နေလေသည်။

ကျွန်တော် မျက်ခွံလေးများ ကွာဟသွားသည်။

"သား ... သတိရပြီလား"

ဒါ မာမီ့အသံဖြစ်သည်။ ကျွန်တော်သည် မာမီ့ကို တွေ့ချင်လွန်းသဖြင့် မျက်ခွံကို ပွင့်သထက်ပွင့်အောင် ဖိညှစ်ကာ မာမီ့ကို ကြည့်သော်လည်း မှောင်မဲမှုကိုသာ ခံစားရသည်။

"မာမီ ..."

လန့်ဖျပ်စွာ ခေါ်တော့ ...

"သား ... မာမီ ဒီမှာလေ၊ ရှိတယ် သားရဲ့ ..."

မာမီ ကျွန်တော့်လက်ကို လာဆုပ်ကိုင်နေသည်။ မာမီ့အသံကို ကြားနေရသည်။ သို့သော် မာမီ့ကို မမြင်ရ ...။ နာကျင်နေသော ကျွန်တော့် လက်ချောင်းများကို မျက်နှာရှေ့ ခါယမ်းကြည့်သော်လည်း လုံးဝမမြင်ရ ...။ စိတ်တွေ လှုပ်ရှားလာလေသည်။

"ကိုကျော်ထက်ယံ ... စိတ်ထိန်းပါ၊ ခင်ဗျား ဒီ(ကေ့စ်)မှာ အာရုံကြောထိခိုက်ပြီး အမြင်အာရုံ ပျက်စီးသွားတယ်"





ဒါ ယောကျ်ားတစ်ယောက်ရဲ့ အသံ။ သူ့စကားက ကျွန်တော် တစ်ယောက်တည်း ဟင်းလင်းပြင်သို့ ရောက်ရှိသွားသလို လွင့်ခနဲ ခံစားလိုက်ရသည်။ ဗလာကျင်းသွားသော အာရုံထဲတွင် ဝမ်းနည်းမှုကို လျှံတက်လာခဲ့သည်။

"ဟုတ်ရဲ့လား ... ဒေါက်တာရယ်၊ သေသေချာချာ စမ်းသပ်ပေးပါဦးလား"

ရှိုက်သံလေး ကပ်ငြိနေသော မာမီ့အသံ။ ဒေါက်တာဆိုသော သူက ဘာတုံ့ပြန်ပြီး ထွက်သွားသည်မသိ၊ ခြေလှမ်းတချို့ တဖြည်းဖြည်း တိုး၍ ဝေးသွားတာ သိလိုက်သည်။ ခပ်ကြမ်းကြမ်း လက်တစ်စုံ ကျွန်တော့်လက်ကို ကိုင်ဆုပ်ကာ ...

"ယံ ဖွဲမလျှော့နဲ့၊ မင်း တစ်နေ့ ပြန်မြင်နိုင်မှာပါ၊ ငါကြားဖူးသလောက်ကတော့ ဒါမျိုးက အချိန်တန်ရင် ပြန်မြင်ရတယ်တဲ့ကွ"

နင့်သည်းစွာ ဝမ်းနည်းနေလျက်က အားပေးစကားပြောလာသော ဖိုးကျော်အား ...

"ဖိုးကျော် ... ငါ ခုလိုဖြစ်တာ ဒက်ဒီ မသိစေနဲ့၊ ဒက်ဒီ့ကို မင်းသွားတွေ့ရင် ငါ USA ပြန်သွားပြီး အလုပ်လုပ်တယ် ပြော၊ ပြီးတော့ မာမီ့ကို လာပြုစုပေးကြပါကွာ၊ ငါ့ကို ဒီတစ်ခုတော့ ကူညီပါကွာ"

ဝမ်းနည်းမှုကို အံတင်းတင်း ဖိကြိတ်ကာ မျိုသိပ်တော့ နှုတ်ခမ်းတွေပင် သွေးစို့လာခဲ့သည်။

✦ ✦ ✦

## အခန်း(၂၇)

"ရှင် ..."

အာမေဋိတ်သံသည် အမေ့ဘက်ကပင် ကျယ်လောင်စွာ ကြားနိုင်လေသည်။ 'ဘုရားသခင်'ကိုသာ ထပ်တလဲလဲ တနေရသည်။

အမေနှင့် နှုတ်ဆက်၍ ဖုန်းချလိုက်တော့ ကျွန်မပါးပေါ်နှင့် မျက်အိမ်တို့တွင် နောင်တ မျက်ရည်တို့ဖြင့် ပြည့်လျှံနေသည်။

တစ်ချိန်က ငယ်ရွယ် လန်းဆန်းခဲ့သော မောင်၊ ကျွန်မအား ချစ်သော မျက်ဝန်းများဖြင့် ငေးခဲ့ဖူးသော မောင်။ လတ်တလော အချိန်ကာလတုန်းကပင် ကြောက်ရွံ့နှမြောတသစွာ ကြည့်တတ်သော မောင့်မျက်ဝန်းများက အခု လောကကို မမြင်တော့လေသတဲ့။

မောင့်ထက်ပင် ကျွန်မက မောင့်အမြင်တွေ ဆုံးရှုံးခြင်းကို နှမြောတသလျက် ရှိသည်။ ဘာဖြစ်လို့လဲဆိုတော့ မောင့်ရဲ့





ရွှန်းစိုသော အချစ်မျက်ဝန်းများကို ကျွန်မတစ်ယောက်တည်း ရခဲ့ဖူးတာလေ။

အဲ့ဒီအကြည့်တွေထဲပဲ ကျွန်မ အရင်က နစ်မျောပျော်ဝင်ခဲ့တာ မဟုတ်လားနော်။ မောင်နှင့် မောင့် မေမေ နှစ်ယောက်တည်း ဘယ်လိုမှ အဆင်ပြေနိုင်မှာ မဟုတ်ဘူးနော်။ အဲ့ဒါကို စဉ်းစားမိလျှင်ပဲ ချက်ချင်း မြန်မာနိုင်ငံကို ပြန်ချင်စိတ်များ ပူလောင်လာခဲ့လေသည်။

ကျွန်မသည် သွေးပူဆူဝေစွာဖြင့် ကိုကျော်စည်းစိမ်ကို လိုက်ရှာမိသည်။ တိုက်ဆိုင်စွာ သူကလည်း ကျွန်မဆီသို့ လာနေချိန်ဖြစ်သည်။ သူကတော့ ကျွန်မကို အရင်နေ့တွေကလိုပဲ ပန်းလှလှလေးများ လာပို့တာဖြစ်သည်။

ကျွန်မရဲ့ အလောတကြီး ပုံစံကိုမြင်တော့ သူသည်လည်း မှင်သက်သွားကာ ...

"ဘာဖြစ်လာတာလဲ မငွေလေး"

"ကျွန်မ အစ်ကို့ကို ပြောစရာရှိတယ်"

"ပြောလေ ...၊ လာ ... ကိုယ်တို့ မငွေ့အခန်းမှာပဲ စကားပြောရအောင်"

ကျွန်မအားက ကပ်လျှောက်လာကာ ကျွန်မမျက်နှာကို အရိပ်ကလေးလို ငုံကြည့်ရင်း လိုက်လာလေသည်။ အရင်နေ့က ပန်းများကို ထုတ်ကာ သူယူလာသော နှင်းဆီအဖြူပွင့်ကြီးများကို ထိုးနေသည့် အချိန်ကျမှ ...

"အစ်ကို ကျွန်မပြန်တော့မယ်"

လေချွန်သံအေးအေးဖြင့် တမင်တကာ ငြိမ်သက်ပန်းထိုးနေရာမှ ကျွန်မစကားကြောင့် ကျွန်မကို လှည့်ကြည့်လေ၏။ သူ့မျက်ဝန်းများက အစောပိုင်း ကာလတုန်းကလို မဝင်းလဲ့တော့မှန်း ကျွန်မ သိပါ၏။

"ဘာပြောလိုက်တာလဲ မငွေ၊ ထပ်ပြောပါဦး"

"ကျွန်မ မြန်မာနိုင်ငံကို ပြန်ချင်တယ်၊ ပြန်တော့မယ် အစ်ကို ..."

"ဘာဖြစ်လို့လဲ မငွေ"

"ဘာဖြစ်လို့လဲဆိုတော့ ..."

ကျွန်မသည် ရှေ့ဆက်ပြောရမည့် စကားအတွက် ရင်ဖိုလှိုက်မောရလေသည်။

"ကျွန်မ လက်ထပ်တော့မလို့ ..."

သူ့လက်ထဲမှ နှင်းဆီပန်း အဖူးကလေးတစ်ဖူးသည် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။ သူ့နှုတ်ခမ်းလေးတွေသည် တဆတ်ဆတ် တုန်လှုပ်နေလေသည်။

"မငွေ ကိုယ့်ကို တမင်လှည့်စားနေတာလား၊ ကိုယ် မယုံဘူး မငွေ၊ မငွေ တကယ် လက်မထပ်ဘူး မဟုတ်လား"

"ဟင့်အင်း ... ကျွန်မ လက်ထပ်မှာပါ"

"မငွေ့မှာ ချစ်သူ ရှိနေပြီလား"

သူ ကြေကွဲစွာ မေးလေသည်။

"ချစ်သူက ရှိခဲ့တာ ကြာပါပြီ အစ်ကို၊ အစ်ကို့ကို ကျွန်မ ပြောခဲ့သားပဲ၊ ကျွန်မ အချစ်ကို မစောင့်ပါနဲ့လို့"





"မငွေရယ် ..."

ကျွန်မ နာမည်ကို ခပ်တိုးတိုး ဆို့နင့်စွာ ရေရွတ်ရင်း ကျွန်မရှေ့တွင် သူ ဒူးထောက်ချလိုက်လေသည်။ သူ့ပါးပေါ်တွင် မျက်ရည်တို့ စီးဆင်းနေလေသည်။

"ကိုယ် မငွေ့ကို ဆုံးရှုံးရတော့မှာပေါ့"

"တောင်းပန်ပါတယ် အစ်ကို"

"ကိုယ့်ကို မငွေ နည်းနည်းမှ မချစ်ခဲ့မိဘူးလားကွာ"

"ဝမ်းနည်းပါတယ် အစ်ကိုရယ်၊ ကျွန်မရဲ့ အချစ်တွေအားလုံး မောင့်ဆီမှာ ..."

အစ်ကိုက ကျွန်မကို မော်ကြည့်လာပြီး ...

"မငွေ မရှိရင် ကိုယ် ဘယ်လိုနေရမလဲ၊ ကိုယ် သေသွားလိမ့်မယ်"

"အစ်ကို နေတတ်သွားမှာပါ၊ ကျွန်မလို မိန်းကလေးတစ်ယောက်အတွက် အစ်ကို့ဘဝကို အပျက်သုဉ်း မခံပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ ပြန်ပါရစေတော့ရှင်"

"မငွေ ပြန်သွားရင် သင်တန်းဆက်မဖွင့်ရတော့ဘူးပေါ့"

"မလိုပါဘူး၊ ကျွန်မလိုပဲ တော်တဲ့ စန္ဒရားဆရာ ဆရာမတွေ အများကြီး ရှိလာမှာပါ၊ ကျွန်မ ..."

"မရဘူးကွာ၊ မငွေ မပြန်ရဘူး၊ ဒီမှာပဲ မငွေနေပါကွာ"

ကိုကျော်စည်းစိမ်သည် ကျွန်မ လက်ကို ဆွဲကာ ဟန့်တားလေသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်၍ သူ့မျက်နှာပြင် နီရဲ၍နေသည်။

ကျွန်မ လက်တွေကို အတင်းရုန်းထွက်သော်လည်း သူအလွတ်မပေး။

"လွှတ်ပါ ... ကိုကျော်စည်းစိမ်"

"မင်း လက်မထပ်ရဘူး"

"အို ... ကျွန်မ မောင့်ကို လက်မထပ်လို့မဖြစ်ဘူး၊ မောင့်ရဲ့ ဘဝမှာ ကျွန်မ မရှိလို့ မဖြစ်ဘူး"

"ကိုယ့်ဘဝမှာလည်း ဘုန်းမငွေဆိုတဲ့ မိန်းမတစ်ယောက် မရှိလို့ မဖြစ်ဘူးကွ၊ မင်းလို တန်ဖိုးရှိတဲ့ မိန်းကလေး ကိုယ့်ဘဝမှာ ရှိမှဖြစ်မှာ"

"မောင့်ဘဝမှာ ကျွန်မရှိမှ ဖြစ်တော့မှာ၊ ကျွန်မချစ်သူက မျက်စိ မမြင်တော့ဘူးရှင့်"

ကျွန်မ ငိုၡ်ပြောတော့ သူ့လက်တွေ ကျွန်မကိုလွှတ်ပေးလိုက်သလို ကျွန်မ လွတ်ထွက်သွားသည်။ ကျွန်မ အကြာကြီး ငိုနေတာကို သူစောင့်နေသည်။

"ကျွန်မ ပြန်ပါရစေ ...၊ မောင့်ကို ကျွန်မ သိပ်ချစ်တယ်၊ မောင့်ကို ကျွန်မလည်း လိုအပ်တယ်"

"တော်ပါတော့ ... တော်ပါတော့ မငွေရယ်၊ ဆက်မပြောပါနဲ့၊ ကိုယ် သိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက်က ကိုယ်မဟုတ်ဘဲ တခြား ယောကျ်ားတစ်ယောက်ကို ချစ်တယ်လို့ အကြိမ်ကြိမ် ကိုယ့်ရှေ့မှာ ရွတ်ဆိုနေတာ ကိုယ်မခံနိုင်ဘူး၊ ကိုယ်မှမဟုတ်ဘူး၊ ဘယ်ယောကျ်ားမှ မခံနိုင်ဘူး၊ ကောင်းပြီ ကိုယ်ရှုံးပါတယ်၊ မငွေပြန်ဖို့ ကိုယ် MD ကိုပြောပြီး စီစဉ်





လိုက်ပါ့မယ်၊ ကိုယ် သွားတော့မယ် မငွေ"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

တုံ့နှေးသော ခြေလှမ်းများဖြင့် လေးလံစွာထွက်ခွာသွားသော ကိုကျော်စည်းစိမ် ပျောက်ကွယ်သွားတဲ့အထိ ကျွန်မ လိုက်ကြည့်နေမိပါသည်။

ကျွန်မ အိမ်ပြန်ရတော့မှာမို့ ဝမ်းသာနေမိသည်။

ကျွန်မသည် အိမ်မှုကိစ္စအဝဝကို နိုင်နင်းသော မိန်းမတစ်ယောက်ဟု ကိုယ့်ကိုယ်ကို မညွှန်းဖွဲ့ချင်သော်လည်း မောင့်ဘဝလေး လုံခြုံအဆင်ပြေဖို့အတွက် ကျွန်မ စွမ်းဆောင်နိုင်သည်ဟုတော့ ယုံကြည်မိသည်။

Hotel ပိုင်ရှင်ကိုနှုတ်ဆက်တော့ သူတို့ စိတ်မကောင်းဖြစ်ကြသည်။ ကြိုက်တဲ့အချိန် ပြန်လာဖို့ ကြိုဆိုကြသည်။

အိမ်ပြန်တဲ့အခါ ကျွန်မ ယူသွားချင်တဲ့ အသုံးအဆောင်ကလေးတွေကို ပီတိဖြစ်စွာနှင့် သိမ်းဆည်းနေခဲ့သည်။

Fax ဝင်လာတာမို့ ကျွန်မဖွင့်ကြည့်တဲ့အခါ ကိုကျော်စည်းစိမ်ရဲ့ နှုတ်ဆက်သော ကတ်ကလေး တစ်ကတ်ကို တွေ့ရလေသည်။ သိပ်မကြာခင်မှာပဲ ဟိုတယ် ဝန်ထမ်းလေး တစ်ယောက်ကို လေယာဉ်လက်မှတ် ပို့ခိုင်းလိုက်လေသည်။

လေယာဉ်လက်မှတ်ကလေးတောင် လက်ထဲရောက်လာပြီဆိုတော့ ကျွန်မနဲ့ အမေ အတူပြန်နေရတော့မယ်၊ နောက်ပြီး မောင်နဲ့ ကျွန်မ ...။ ဟင်း ...။

✦ ✦ ✦

## အခန်း(၂၈)

ကျွန်မရဲ့ သင်တန်းက ကလေးများ ကျွန်မကို လေယာဉ်ကွင်းအထိ လိုက်ပို့ကြသည်။

ကိုကျော်စည်းစိမ်က ...

"မငွေ့ ကိုယ့်မျက်စိရှေ့က ပျောက်ကွယ်သွားတဲ့ မြင်ကွင်းကို ကိုယ် ရင်ဆိုင်ရက်ပါ့မလား ..."

ဟု ညည်းညူသော်လည်း အခုတော့ သူလိုက်ပို့ပါသည်။ ကျွန်မ သူ့ကိုငဲ့ကြည့်တော့ သူ့ရဲ့မျက်အိမ်ထဲတွင် အရည်ကြည်လေးများ လှုံ့တက်နေသော်လည်း သူက အလှဆုံး အပြုံးများ ပေးလေ၏။

ထိုအခါ ကျွန်မ သွားကလေးတွေ ပေါ်အောင်ပြုံးလိုက်ပြီး ...

"အစ်ကို့ကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ စတွေ့ဆုံကတည်းက အစ်ကိုက ကျွန်မအပေါ် နားလည်ကူညီခဲ့ပေမယ့် ကျွန်မ





က အစ်ကို့အတွက် ဘာမှပြန်မဖြည့်ဆည်းပေးခဲ့တာအတွက် တောင်းပန်ပါတယ်"

သူ ခေါင်းကို တစ်ချက်ခါယမ်း၍ နှုတ်ခမ်းဖျားမှ လေပူတို့ကို မှုတ်ထုတ်တော့ သူ့ပါးပေါ်သို့ မျက်ရည်စီးကြောင်း နှစ်ကြောင်း ဆက်ခနဲ စီးကျလာသည်။

"တောင်းပန်တယ်ဆိုတာ အပြစ်လုပ်တဲ့လူတွေပဲ သုံးနှုန်းတဲ့ စကားပါ၊ မငွေ့မှာ အပြစ်မှမရှိတာပဲ၊ ကိုယ့်အမြင်မှာ မငွေက သိပ်ကို ဖြူစင်တဲ့ ကလေးတစ်ယောက်ပဲ ..."

"ကျေးဇူးတင်ပါတယ် အစ်ကို"

သူ ခေါင်းလေး တဆတ်ညိတ်၍ တုံ့ပြန်ပါသည်။ ကလေးများက သူနှင့် ကျွန်မကို ခပ်လှမ်းလှမ်းဆီမှ စောင့်ကြည့်နေကြတာမို့ ...

"ကလေးတို့ ... ဆရာမ သွားတော့မယ်နော်"

ကလေးတွေအားလုံး ကျွန်မအနား ပြေးလာကာ ကျွန်မ ပါးကလေးတွေ၊ လက်ကလေးတွေကို မွှေးရှိုက်နှုတ်ဆက်ကြသည်။

"သွားတော့မယ် အစ်ကို ..."

ခေါင်းငိုက်စိုက် အနေအထားအတိုင်း ရပ်နေသော သူ့အနားကပ်ကာ တိုးတိုးလေး နှုတ်ဆက်ပြီး ချက်ချင်း ကျောခိုင်းထွက်လာခဲ့ပါသည်။

ကျောခိုင်းခဲ့ရပေမယ့်လည်း တပည့်လေးတွေရယ်၊

တစ်နှစ်လုံး တီးလာတဲ့ စန္ဒရားဖြူဝိုင်းဝိုင်းကြီးရယ်၊ ကျွန်မ အနံ့တာတွေ ခံခဲ့တဲ့သူရယ် ... အဲ့ဒီ တွယ်ငြိစရာတွေကို ခဏ ခဏတော့ ပြန်လှည့်ကြည့် ငေးမောမိသည်ပေါ့ ...။

✦ ✦ ✦

ကျွန်မအတွက် အပြန်ခရီးက ဆွတ်ပျံ့ဖွယ်ဖြစ်နေသည်။ ပြန်ရောက်တာနှင့် ကျွန်မ အသက်လောက် ချစ်ရသော အမေ့မျက်နှာကလေးကို မြင်ရမည်။ အမေနှင့် ဆွေမျိုးတွေအားလုံး အံ့သြသွားမှာကို စောင့်ကြည့်မြူးထူးရတော့မည်လေ ...။

အမေ ဖုန်းဆက်တုန်းက မောင်နှင့် ပတ်သက်၍ ...

"သူတို့တွေ အဆင်မပြေရှာဘူး သမီး၊ သူတို့ သားအမိကို စိတ်ရော ကိုယ်ပါ အနီးကပ် စောင့်ရှောက်မယ့်သူ သိပ်လိုအပ်နေတယ်"

ဟု အမေပြောသည်ကို ကျွန်မက အင်း ... အဲမလုပ်ဘဲ ငြိမ်နားထောင်နေခဲ့ပြီးမှ အခု မြန်းဆို ရောက်လာတော့ အမေ ဝမ်းသာသွားလိမ့်မည်ကို တွေးရင်း ကျွန်မ ရင်ထဲ ပိုခုန်လာခဲ့သည်။

တကယ်ပဲ အမေ ကျွန်မကို ရုတ်တရက် အမြင်မှာ ခဏလေးရပ်ငေးကာ အံ့သြနေလေသည်။

"ဟင် ... မငွေလေး ပြန်လာတယ် ... ဟုတ်လား၊ အို ... အမေ ဝမ်းသာလိုက်တာ ဘုရားသခင်ရယ်၊ သမီးက ပြန်





လာမယ်လည်း ကြို့မပြောဘဲ တစ်ယောက်တည်း ပေါက်ချလာတယ် ကြည့်စမ်း၊ လာပါဦး ... အမေ့ သမီးလေးကို ဖက်ထားပါရစေဦး"

အမေသည် ရင်ခွင်ကျယ်ကြီးကို ဖွင့်ကာ ကျွန်မကို ပွေ့ဖက်ထားသည်။ အမေ့ရင်တွေ ခုန်နေသည်ကို အတိုင်းသား ကြားနေရသည်။

"အရင်လို သိပ်လှတယ်၊ ပိုပြီးတော့ တည်ငြိမ်လာတယ်၊ ကြည့်ပါဦး ... ဆံပင်တွေလည်း ရှည်လို့ လှလိုက်တာကွယ်"

ကျွန်မ ဆံပင်ရှည်အိအိတွေကို တဖွဖွ ခဏခဏကိုင်၍ အမေ ရေရွတ်ရှာပါသည်။

ကျွန်မတို့အိမ်က အရင်ကလို တဲစုတ်ကလေးမဟုတ်တော့။ တိုက်အိမ်အဖြူရောင်ကလေး ဖြစ်သည်။ တစ်ထပ်တိုက် အဖြူရောင်ကလေးဟာ ကျွန်မအတွက်တော့ အမေ့ရင်ခွင်လေးနှင့် ထပ်တူပင် ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ နွေးထွေးသလို အေးလည်း အေးမြသည်။ အမြဲတမ်း အမေရင်ခုန်နေသလို သူ့စေတနာတွေလည်း အိမ်ကလေးထဲအနှံ့ ရွှေ့လျား စီးမျောနေသည်။

ကျွန်မသည် တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် အိမ်သစ်ကလေးကို အရှေ့အနောက်အနှံ့ လှည့်ပတ်ကြည့်နေခဲ့ပါသည်။

အမေက ပီတိအပြုံးကလေးဖြင့် ပြုံးရင်း ကျွန်မ နောက်ကနေ တကောက်ကောက် လိုက်ပါလာခဲ့သည်။

"အမေရယ် ... အိမ်ကလေးက သပ်ရပ်လိုက်တာ၊ ချစ်စရာလည်း ကောင်းလိုက်တာ၊ အမေက သိပ်တော်တာပဲကွယ်"

"အမေ တော်တာ မဟုတ်ပါဘူး သမီးရယ်၊ သမီးဖြစ်ချင်တဲ့ ပုံစံလေးအတိုင်း အမေ ဆရာတို့ကို ပြောပြပြီး ဆောက်ခိုင်းတာပါ၊ ဒီအိမ်ကလေးကို လူတိုင်း ချစ်လို့ ကြိုက်လို့ ဆိုပြီး လာလာကြည့်ကြတယ်"

"ဟုတ်လား ...၊ သမီးအခန်းကော အမေ၊ သမီးအခန်းက လှလား ..."

"လိုက်ကြည့်လေ ..."

အမေက သူမ လက်ဖဝါးလေး ကမ်းပေးလေသည်။ ကျွန်မ အမေ့လက်ကိုတွဲကာ ကလေးတစ်ယောက်လို ခုန်ဆွ ခုန်ဆွ လုပ်ကာ လိုက်ပါသွားစဉ် ကျွန်မ ကျောလယ်မှ ဆံပင်များက တဝဲဝဲအိတွဲ၍ လှုပ်ယမ်းနေလေသည်။

အမေ အခန်းတံခါးလေး ဖွင့်လိုက်သည်နှင့် ကျွန်မ ခေါင်းကလေး အခန်းထဲ ငိုက်စင်းသွားသည်။

မွှေးရနံ့သင်းသင်းလေးတစ်ခု ကျွန်မကို ထွေးပွေ့ကြိုဆိုလိုက်ပါသည်။ အပွင့် အင်မတန်လှ၍ ဇာပဝါခြင်ထောင် အဖြူဆွတ်ဆွတ်ကလေး အုပ်မိုးထားသော အဖြူရောင် ခုတင်အိအိကလေး၊ တော်တန်ရုံ မှန်မကြည့်တတ်သော ကျွန်မကိုပင် ညှို့ဖျားနိုင်သော မှန်တင်ခုံ ဝိုင်းဝိုင်းလေး ...။

အရာအားလုံးထက် ညှို့ချက်ပြင်းတာကတော့ အခန်းထောင့်က ခပ်ရိုးရိုးရှည်ရှည် စန္ဒရားတစ်လုံးပင် ဖြစ်သည်။

ကျွန်မ တရွေ့ရွေ့ တိုးကပ်သွားကာ ခလုတ်တစ်ခု





ကို ဖိနှိပ်လိုက်စဉ် ငြိမ့်ညောင်းသော သံစဉ်ကလေး ပေါ်လာလေသည်။

ဆက်တီးမည်ဟု ပြင်ဆင်လိုက်သော ကျွန်မလက်ကို အမေ လှမ်းဆွဲလာခဲ့ပြီး ...

"မတီးနဲ့ဦး ... ဘွားဘွား အိပ်ပျော်နေမှာစိုးလို့"

"ရှင် ... ဘွားဘွား ...၊ ဘယ်သူလဲ အမေ"

"လာ ... သမီး သွားနှုတ်ဆက်"

အမေ ဆွဲခေါ်ရာသို့ ဒီတစ်ကြိမ်တော့ ကားတားတားကလေး ပါလာခဲ့ရပါသည့် အဖြစ် ...။

"ဒါ ... အမေ့အခန်းပဲ"

အမေ့ အခန်းကလေးက သပ်ရပ်နေပေမယ့် ဆေးရနံ့တချို့ ကိန်းဝပ်နေလေသည်။ အခန်းထဲမှာ ခုတင်က နှစ်လုံးရှိနေ ...။

"ဟင် ... ဘွားဘွားပါလား"

အခန်းရဲ့ တစ်ဖက်ထောင့် ခုတင်မှာ အိပ်နေသော ဘွားဘွား ဒေါ်စိန်ခိုင်နား တဖြည်းဖြည်း တိုးကပ်သွားမိသည်။

"သမီး ... ဘွားဘွားကို နှုတ်ဆက်"

"ဘွားဘွား ..."

ဒေါ်စိန်ခိုင်သည် မှိတ်ထားသော မျက်ဝန်းများကို ဖွင့်ကာ ကျွန်မကို ကြည့်ပါသည်။ ထိုအကြည့် ...၊ ဤအကြည့်သည် ယခင်ကလို မာန်မဝင့်၊ အာဃာတရှိမနေ ...။ ထို့အပြင်

တောင်းပန်သော နှောင်တများဖြင့် အုံကျင်းဖွဲ့နေသော ဒေါ်စိန်ခိုင်၏ မျက်ဝန်းများကို တွေ့ရလေသည်။

"ဘွားဘွား နေကောင်းရဲ့လားဟင်"

ကျွန်မရဲ့ အမေးကို မျက်ရည်များကြားမှ အနည်းငယ် မပီသသော စကားသံဖြင့် ...

"ကောင်းပါတယ် သမီးလေးရယ်"

ဟု တိုးညှဉ်းစွာ ဖြေလေသည်။ စကားပြောချင်လွန်း၍ သူ့ပါးစပ်အနား တိုးကပ်ခိုင်းသဖြင့် တိုးကပ်သွားသောအခါ

"ဘွား တောင်းပန်ပါတယ်၊ ငါ့မြေးလေးကို ဘွား နှိမ်ချခဲ့တယ်၊ ကျော်ထက်ဃလေး မလိုချင်အောင် မဟုတ်တမ်းတရားတွေနဲ့ ချောက်ချခဲ့တဲ့ ဘွားကို ခွင့်လွှတ်ပါ မြေးရယ်"

"တောင်းပန်ဖို့ မလိုပါဘူး ဘွားရယ်၊ ဘွားဘက်ကတွေးရင်လည်း မှန်ပါတယ်"

"ဘွားကို နန်းဦးခင်နဲ့ ဘုန်းဦးခင် အသားထဲက လောက်ထွက်ပြီး သစ္စာဖောက်ကြတယ်"

ဟု ကြေကွဲစွာငိုရင်း လေးလေးလံလံ ညည်းရှာပါသည်။

"ဘွားရယ် ... မောနေပါဦးမယ်၊ နားလိုက်တော့နော်၊ သမီးမှာ လုပ်စရာကိစ္စလေးတွေ အများကြီးရှိသေးလို့ ဘွားအနားမှာ မနေနိုင်တာ ခွင့်လွှတ်ပါနော် ဘွား"

"ရပါတယ် မြေးရယ်၊ ဘွားဘွား ခွင့်လွှတ်ပါတယ်၊ မြေး





အမေ တစ်ယောက်လုံး ဘွားကို ပြုစုပေးနေတာ ဘွားကျေးဇူးတင်လို့ မဆုံးပါဘူးကွယ်"

"ကျေးဇူးတင်ဖို့ လိုလို့လား အမေရယ်၊ သမီးက အမေ့သမီးပဲ၊ အမေ့ကို ပြုစုတာ အဆန်းလား"

အမေက ဘွားဘွား ဒေါ်စိန်ခိုင်လက်ကို ခပ်ဖွဖွကိုင်ရင်း ပြောတော့ ဘွားဘွား ပြုံးပါသည်။ အဲဒီအပြုံးက ညွှန်းဆိုပြစရာပင် မရှိလောက်အောင်ပင် နက်ရှိုင်းလေးနက် သက်ဝင်လွန်းပါသည်။

✦ ✦ ✦

## အခန်း(၂၉)

ဆိတ်ငြိမ်သော ရပ်ကွက်ထဲတွင် ဆောက်ထားသော မောင့် တိုက်အိမ်ကလေးသည် မိုးပြာရောင်ကလေး ဖြစ်သည်။

အဖြူရောင် တိမ်တိုက်များ နောက်ခံဖြင့် ခပ်လုံးလုံး မိုးပြာရောင် နှစ်ထပ်တိုက်ကလေးတွင် ကျွန်မရဲ့ချစ်သူ မောင် ရှိနေသည်ဆိုတာ တွေးမိတော့ ကျွန်မတစ်ယောက်တည်း ရင်ဖို လှိုက်မောလာရပြန်သည်။

ပန်းပင်လေးတွေ အစီအရီ စီတန်းစိုက်ပျိုးထားသော စကြ်ာအင်္ဂတေလမ်းလေးအတိုင်း ကျွန်မရဲ့ ခြေလှမ်းတွေ ခပ်မှန်မှန် လျှောက်လာသည်။ သို့သော် ကျွန်မစိတ်တွေ အပြင်းအထန် လှုပ်ရှားနေလေသည်။

ကျွန်မသည် အိမ်ထဲသို့ လှမ်းဝင်ခဲ့ပြီး သော[illegible]ယာ ကို ကြည့်လိုက်သည်။ ဧည့်ခန်းထဲတွင် မောင်နှင့် ဖိုးကျော် စကား ထိုင်ပြောနေတာ တွေ့လိုက်ရသည်။ ကျွန်မနှင့်အတူ လာတဲ့ ချိုချိုက ကျွန်မပခုံးကို ဆုပ်ညှစ်ကာ အင်အားတွေပေးသည်။





ကျွန်မကို မြင်တွေ့သွားသော ဖိုးကျော်က လှမ်းခေါ် မည်ဟန်ပြင်တော့ နှုတ်ခမ်းထက် လက်ညှိုးလေးတေ့ပြီး နှုတ် မဆက်ဘဲ တိတ်တိတ်နေဖို့ ဟန်ပြုပြောရသည်။

မောင် ထိုင်နေတဲ့ အနေအထားက ကျွန်မကို ကျော ခိုင်းနေတာမျိုး ဖြစ်သည်။ အရင်လိုပဲ မောင့်ပုံစံက လန်းလန်းဆန်း ဆန်းပင်။ အဖြူရောင် တီရှပ်လက်တိုကလေးနှင့် ပုဆိုးအပြာရောင် ကလေးကို တွဲဖက်ဝတ်ဆင်ထားသော မောင့်ဘေးအနားသို့ ကျွန်မ ကပ်ရပ်လိုက်သည်။ မောင့်ရဲ့ နူးညံ့ဖြူစင်သော မျက်နှာလေး အရောင်တစ်မျိုး ပြောင်းလဲသွားခဲ့လေသည်။

✦ ✦ ✦

ကျွန်တော်နှင့် ဖိုးကျော် စကားပြောနေရာမှ ဖိုးကျော် ဘက်က ရုတ်တရက် အသံတိတ်သွားသဖြင့် ကျွန်တော့်အတွက် ထူးဆန်းသွားသလို ခံစားလိုက်ရသည်။

ခဏကြာတော့ အနားသို့ တစ်စုံတစ်ယောက် လှမ်း လာမှန်း သိလိုက်ရသည်။ ထိုအခိုက်တွင် မွှေးပျံ့သော အနံ့ကလေး တစ်ခုကို ခံစားရပြီး USA မှာ မငွေနှင့် စတွေ့သည့်နေ့....၊ ကျွန်တော့်ကြောင့် မငွေ ဒဏ်ရာရပြီး ကျွန်တော်ကိုယ်တိုင် မငွေ့ကို ချီကာ ပို့ပေးရချိန်က မငွေ့ဆီမှ ရခဲ့ဖူးသော မွှေးရနံ့ကလေးနှင့် တူမှန်း ချက်ချင်း သိလိုက်သည်။

ကျွန်တော့်အတွက် ထိုကိုယ်သင်းနံ့ကလေးသည် အချိန်ကြာမြင့်စွာ ဝဲလွင့်၍နေသည်။

ဘယ်သူဆိုတာ အတိအကျ မသိသော်လည်း ကျွန်တော့်ရင်တွေ အလိုလိုခုန်လာသည်။ ထိုအနံ့ကလေး ပိုပြီး စူးစိမ့်နေလေလေ စိတ်လှုပ်ရှားလေလေ ဖြစ်နေသည်။ နောက်ဆုံး ကျွန်တော့် နှုတ်ခမ်းဝမှ စကားသံလေး တစ်ခွန်း ပွင့်ဟသွားတဲ့အခါ …

"မငွေလားဟင် …"

တစ်စုံတစ်ယောက်သည် သူနှင့်ကျွန်တော် တစ်သားတည်း ကျသွားအောင် ကျွန်တော့် လည်ပင်းကို သိုင်းဖက်ကာ …

"မောင်ရယ် …"

ဟု ပါးစပ်က ဖွဖွရွတ်လိုက်တော့ ဝမ်းနည်း ဝမ်းသာ အံ့သြခြင်းများက စိတ်နဲ့ မျက်နှာပေါ်တွင် တဖွားဖွား ပေါ်ထွက်လာခဲ့သည်။

ကျွန်တော့် မျက်လုံးထဲမှ မျက်ရည်များက ပိုးပေါက်လှိုင်ဖြိုးစွာ သွန်းကျလာသည်။ မငွေကလည်း ကျွန်တော့်ကို သိုင်းဖက်ငိုနေရာမှ သူ့လက်ဖဝါးနုနုကလေးတွေနှင့် ပွတ်သပ်ကာ မျက်ရည်တွေ သုတ်ပေးရှာသည်။

အလွမ်းကြောင့် နွေးမြသော အနမ်းတွေ သူမ ကျွန်တော့်ပါးပေါ် ခြွေချလာခဲ့လေတော့ နှစ်ကိုယ်တူ ရင်ခုန်သံတွေ ထပ်တူမျှသွားတော့သည်။

"မောင်က သိပ်ချောတာပဲကွယ်၊ ကျွန်မ မောင့်ကို သိပ်ချစ်တာပဲ"

မငွေရဲ့ တည်ငြိမ်ချစ်ခင်စရာကောင်းသော အသံကလေးရယ်ပေါ့ …။





"မငွေ … မောင့်ကို စိတ်မဆိုးတော့ဘူးလားဟင် မငွေ မောင့်ကို အရင်က သိပ်မုန်းနေတာမဟုတ်လား"

"ဟင့်အင်း … မဟုတ်ပါဘူး မောင်ရယ်၊ ကျွန်မ မောင့်ကို ဘယ်တုန်းကမှ မမုန်းပါဘူး၊ မောင့်ကို ခဏ စိတ်ကောက်တာပါ မောင်ရယ်၊ အခု မငွေ စိတ်ပြေပြီလေ၊ ဒါကြောင့် မောင့်ဆီ ရောက်လာတာပေါ့ …"

ကျွန်တော်နှင့် မငွေ့ လက်ကလေးတွေသည် တင်းကျပ်စွာ ဆုပ်ကိုင်ထားဖြစ်ခဲ့ကြသည်။ မသိစိတ်က ထပ်ဝေးရမှာ သေလောက်အောင် ကြောက်နေကြသည်လေ။

"မငွေ ခုပြုံးနေလားဟင် …၊ မောင့်မငွေလေး ပြုံးနေတာကို မြင်ချင်လိုက်တာကွာ၊ မောင် မငွေ့ကို မမြင်နိုင်တော့တာကော မငွေ သိရဲ့လား"

"အို … မောင်ရယ်၊ ကျွန်မ စိတ်ထဲမှာတော့ မောင့်မျက်ဝန်းတွေထဲမှာ ကျွန်မ အရိပ်တွေနဲ့ ပြည့်နှက်နေမယ်ဆိုတာ သိနေတယ်၊ ကျွန်မကို မောင်မမြင်ပေမယ့် လှပတဲ့ မောင့်ရဲ့ မျက်ဆံနက်နက်ကလေးတွေ ကျွန်မဆီရောက်နေရင် မောင် ကျွန်မကို ကြည့်နေသလိုပါပဲ၊ ဟို … ကျွန်မတို့ ဒီကိစ္စကို မေ့ထားရအောင်ပါကွာနော် … မောင်၊ ထပ်မပြောကြေးနော်၊ ဟုတ်ပြီ … မောင် ပြုံးစမ်းပါ …"

ကျွန်တော်သည် မငွေ စိတ်ချမ်းသာအောင် ပြုံးလိုက်ရသော်လည်း ကျွန်တော့် ဘဝကြောင့် မငွေ ဝမ်းနည်းနေရသည်ကို လွန်စွာ စိတ်မကောင်း ဖြစ်ရပါသည်။

✦ ✦ ✦

## အခန်း(၃၀)

"မောင် ကျွန်မ မာမီ့ကို တွေ့ချင်တယ်"

"ဟင် ... ဘယ်လို မငွေ"

"မောင့် မာမီကို တွေ့ချင်တယ်လို့ ပြောတာလေ မောင်ရဲ့၊ မာမီ ရှိလားဟင် ..."

"ရှိတယ် မငွေ ...၊ ကျန်းမာရေး သိပ်မကောင်းဘူးလေ၊ အပေါ်ထပ်မှာ အနားယူနေတယ်"

"ကျွန်မကို မောင် လိုက်ပို့ပေးမလားဟင်"

"ရတယ် မငွေ ...၊ မောင်လိုက်ပို့ပါ့မယ်"

ကျွန်တော့်လက်တွေကို ဆွဲထူ၍ ထူမတ်စေသည်။ လက်ချောင်းနုနုလေးများဖြင့် လက်မောင်းကို ဆုပ်ကိုင်ကာ ထိန်းထားသည်။

"ဖိုးကျော် ငါ မငွေ့ကို မာမီ့နဲ့ ပေးတွေ့လိုက်ဦးမယ်၊ မင်း ခဏစောင့်နော်"





"အေးပါကွာ ... စိတ်ချလက်ချ သွားပါ၊ ငါနဲ့ချို မင်းတို့ စားဖို့ နေ့လယ်စာ တစ်ခုခု စီစဉ်လိုက်ဦးမယ်"

"ကျေးဇူးပါပဲ ကိုဖိုးကျော်ရယ်၊ ခုလို မောင့်ကို ကူညီပေးနေတာ ကျွန်မ တကယ့်ကိုပဲ ကျေးဇူးတင်ပါတယ်"

မငွေက ကျွန်တော့်အစား ဖိုးကျော်ကို ကျေးဇူးတင်စကား ပြောသည်။ မငွေနှင့် ယှဉ်တွဲတက်ရသော လှေကားထစ်ကလေးများသည် သက်ဝင်ရိုပြည်နေသည်ဟု စိတ်ကူးယဉ်ဆန်စွာ တွေးမိပါသေးသည်။ အပြစ်တွေ ကျေအေးပြီး တရားမျှတတဲ့ ကျွန်တော် ဖြစ်ခွင့်ရမယ် ဆိုရင်ပေါ့ ...။

အမြဲလိုလို ရောက်နေကျ မာမီ့အခန်းရှေ့မှာ ရပ်လိုက်သည်။

"ခါတိုင်း ဒီအချိန် မာမီ ပုတီးစိတ်နေတတ်တယ်"

လေသံ တိုးတိုးကလေးပြောပြီး တခါးဖွင့်ဝင်ဖို့ ဟန်ပြင်တော့ မငွေက ကျွန်တော့်ကို လှမ်းဆွဲထား၍ ...

"ဘာဖြစ်လို့လဲ မငွေ"

"တရားထိုင်နေတယ် မောင်၊ ဝင်သွားလို့ ဖြစ်ပါ့မလား"

"ခွင့်တောင်းပြီး ဝင်မယ်လေ"

ကျွန်တော် တံခါးကို ခပ်ဖွဖွခေါက်လိုက်တော့ မာမီ အသံ ပြန်ပေးပါသည်။

"သားလေး ... ဝင်ခဲ့လေ"

ကျွန်တော် မငွေ့ကို အခန်းလေးထဲ ပြန်တွဲခေါ်ခဲ့သည်။

မငွေ့ကို မြင်လျှင် မာမီ အံ့သြမည်၊ ဝမ်းနည်းမည်၊ မျက်ရည်ကျမည်ဆိုတာ မျက်လုံးများက မမြင်နိုင်ပေမယ့် စိတ်က သိနေပါသည်။

"လာပါဦး သမီးလေးရယ်"

သုံးဦးစလုံး အကြာကြီး ငြိမ်သက်ရာမှ မာမီ၏ မငွေ့အား လှိုက်လှဲစွာ ကြိုဆိုသံကလေး ထွက်ပေါ်လာခဲ့သည်။

အခန်းထောင့်လေးတစ်နေရာမှာ ကပ်ရပ်ပြီး မငွေ့နှင့် မာမီတို့ ပြောမည့် စကားများကို နားစွင့်နေလိုက်သည်။

"အန်တီ ... သမီးကို တကယ် အနူးအညွတ် တောင်းပန်ပါတယ်ကွယ်၊ သမီးပျိုကလေးကို ချိုးချိုးဖဲ့ဖဲ့ ပြောခဲ့တဲ့ အန်တီ့စကားတွေအတွက် အန်တီ ခုလို ဝဋ်ခံနေရတာ အန်တီ နောင်တရလို့ မဆုံးပါဘူး၊ အသိဉာဏ် နည်းပါးတဲ့ အန်တီ့ကြောင့် သမီးနဲ့ သား ဝေးခဲ့ရတာ၊ ကလေးရယ် တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပေးပါကွယ်"

"ကျွန်မ စိတ်မဆိုးတော့ပါဘူး မာမီရယ်၊ ကျွန်မလည်း အရင်က မာမီ့ကို စိတ်ဆိုးပြီး ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်မိခဲ့တာအတွက် ခွင့်လွှတ်ပါနော် မာမီ"

"အို ... သမီး မရိုင်းခဲ့ပါဘူး၊ မာ ... မာမီကသာ ရိုင်းပျခဲ့တာ"

"ကဲပါ ... မာမီရယ်၊ ပြီးခဲ့တာတွေ မေ့ထားလိုက်ရအောင်ပါနော်၊ ကျွန်မ ခုလာတာ မာမီ့ဆီက တောင်းစရာတစ်ခုရှိလို့ ..."





"ဘာများလဲ သမီးရယ်၊ ပြောလေ ..."

မာမီက သိလိုဇော အသံကလေးဖြင့် မေးလိုက်ပြီးသည့်နောက် မငွေ့ဘက်က ခဏကလေး ငြိမ်သွားပြီးမှ ...

"ကျွန်မ မောင့်ကို လာတောင်းတာပါ မာမီ"

"ဘယ်လို ..."

မာမီ့ထံမှ တအံ့တသြ ထွက်ကျလာသော အသံ ...။

"ဟုတ်တယ် ... မာမီ၊ ကျွန်မ မောင့်ကို လက်ထပ်ချင်လို့၊ မာမီ့ ချွေးမဖြစ်ချင်လို့ပါ"

မငွေ့စကားက ကျွန်တော့်ရင်ကို မွှမွှကြေစေကာ အလွန် တုန်လှုပ်စေပါသည်။

ကျွန်တော် ခေါင်းကို ခါယမ်းနေသလို မာမီ့ထံမှလည်း ...

"ဘာဖြစ်မလဲ သမီးရယ်၊ သမီးလို ချောလှပြီး ပညာတတ် တန်ဖိုးကြီး မိန်းမမြတ်တစ်ယောက်က သားကို လက်ထပ်လိုက်ရင် ဘဝဆုံးသွားမှာပေါ့၊ မမိုက်ချင်ပါနဲ့ သမီးလေးရယ်"

"အို ... မဟုတ်တာ မာမီရယ်၊ ကျွန်မကို မောင်နဲ့ ထပ်ဝေးစေချင်လို့လားဟင် ...၊ မရက်စက်ပါနဲ့ မာမီရယ်"

"မဟုတ် ..."

"လက်မထပ်သင့်တော့ပါဘူး မငွေ့ရာ၊ မငွေ့ မောင့်ကို လက်မထပ်ချင်ပါနဲ့ ..."

ကျွန်တော် ဝင်ပြောလိုက်တဲ့အခါ မငွေလေး ကျွန်တော့်အနားသို့ ချက်ချင်း ရောက်လာခဲ့သည်။

"ဘာဖြစ်လို့လဲဟင် ...၊ လက်မထပ်ချင်တော့လောက်အောင် ကျွန်မဘက်က ဘာများလိုအပ်နေလို့လဲရှင် ...၊ မောင် ဖြေစမ်းပါ"

ကျွန်တော်က မငွေ့ပခုံးလေးအား ဘယ်ဘက်လက်ဖြင့် ဖွဖွပုတ်၍ အုပ်ကိုင်ထားကာ ...

"မငွေရယ်၊ မောင်က မငွေ့ကို လူရာဝင်အောင် ထားနိုင်တဲ့ ယောကျ်ားမှ မဟုတ်တော့တာ၊ မောင့်လို ဒုက္ခိတ တစ်ယောက်က မငွေ့ဘဝအတွက် ဆူးတစ်ချောင်း၊ အမှိုက်တစ်စ ဖြစ်နေပြီဆိုတာ မငွေ သိသင့်တယ်"

မငွေ့ခန္ဓာကိုယ်လေး တဆတ်ဆတ် တုန်လာပြီး ကျွန်တော့်လက်တွေကို သူမပခုံးပေါ်မှ သပ်ချကာ ...

"ဟင့်အင်း ...ဒါ မောင်တို့ရဲ့ တစ်ဖက်သတ် အတွေးအခေါ် အယူအဆတွေပါ၊ ကျွန်မအတွက် မောင်ရှိမှ ဖြစ်သလို မောင်နဲ့ မာမီ့အတွက် ကျွန်မရှိမှဖြစ်မှာ မောင်ရဲ့ ခွင့်ပြုပါ မောင်ရယ်၊ ကျွန်မ မောင်နဲ့ လက်ထပ်ပါရစေနော် မာမီ ..."

မငွေက မာမီ့ဆီသွားလိုက်၊ ကျွန်တော့်အနား ပြန်ရောက်လာလိုက်နှင့် ဆောက်တည်ရာမရ ဖြစ်နေလေသည်။

ယောကျ်ားတစ်ယောက် (ပြီးတော့ ကျွန်တော့်လို ဒုက္ခိတ တစ်ယောက်)ကို မငွေ့လို ထက်မြက်ပြည့်စုံတဲ့ မိန်းမ





တစ်ယောက်က တောင်းရမ်းလက်ထပ်ယူရသည်ဆိုသည်မှာ မငွေ့ကို အလွန်အားနာဖို့ ကောင်းပါသည်။

သို့သော် ကျွန်တော်နှင့် လက်ထပ်လိုက်လျှင် မငွေ့သိက္ခာများ ကျဆင်းသွားမည်။ မငွေ့ဘဝ ဆုံးသွားမည်ကို မလိုလားသည်မှာ မငွေ့ကို ကျွန်တော်က ကျွန်တော့်ဘဝထက်ပင် ပိုချစ်၍ ဖြစ်ပါသည်။

မငွေ့ ခွင့်တောင်းသံကို မာမီဘက်က မတုံ့ပြန်၊ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

မငွေက ကျွန်တော့်ကို 'မောင်' ဟု တစ်ချက်ခေါ်သည်ကိုလည်း ကျွန်တော်က မတုံ့ပြန်မိ ...။

"သမီးလေး ..."

မာမီ့ အလောတကြီး ခေါ်သံလေးကို ကြားရသည်။ သေချာသည်မှာ မငွေ အခန်းထဲမှ ထွက်ပြေးသွားတာ ဖြစ်လိမ့်မည်။

မငွေ အနားမှာ မရှိတော့ပြန်ဘူးဆိုသည့် အသိသည် လူကို အရုပ်ကြိုးပြတ် ဖြစ်သွားစေခဲ့သည်။ ရပ်နေသော နေရာတွင်ပင် ပြတ်လပ်နေသော အင်အားဖြင့် ထိုင်ချပစ်လိုက်မိသည်မှာ မည်မျှကြာသွားသည်မသိ။ မာမီက ကျွန်တော့် အနားတိုးလာကာ ကျွန်တော့်ကို ထူမ၍ ...

"လာ ... သား ... သွားရအောင်"

ကျွန်တော်လည်း မာမီ့နောက်ကို မာမီ ဖေးမသည့်အတိုင်း လိုက်ပါလာခဲ့သည်။

အပေါ်ထပ်မှ တရွေ့ရွေ့ ဆင်းလာရတဲ့ သားအမိနှစ်ယောက်ကို အမြင်မှာ...

"လက်ထပ်ကြပါ ဃရာ၊ မင်းတို့နှစ်ယောက်မှ လက်မထပ်သင့်ရင် ဘယ်သူတွေ လက်ထပ်ကြရမလဲကွာ၊ မငွေ့လိုမာနကြီးတဲ့ မိန်းကလေး တစ်ယောက်က ဒီလောက်အထိ သိက္ခာအကျခံပြီး ပြောနေတာတောင် မင်းက ဘာလို့ ခေါင်းမာငြင်းဆန်နေရတာလဲ..."

ဖိုးကျော်က ကျွန်တော့်အား ပြစ်တင်စကား ဆိုလေသည်။

မာမိသည် ကျွန်တော့်လက်ကို ကိုင်ထားရာမှ တစ်နေရာသို့ ထပ်ဆွဲခေါ်ပြန်သည်။

"သား...ရှေ့မှာ မငွေ့ရှိနေတယ်၊ သား မငွေ့ကို လက်ထပ်ခွင့် တောင်းလိုက်ပါ"

ပြင်းပြတဲ့ မငွေ့ရှိုက်သံလေး မာမိ့စကားအဆုံးမှာ တိခနဲ ငြိမ်သက်သွားပြီး ကျွန်တော်လည်း ရင်ခုန်သံ မြန်လာပါသည်။

"မာမီ..."

"ကဲပါ...မြန်မြန် သားရယ်"

မပြီးပြတ်သေးသော ရှိုက်သံကလေးကို အနားသတ်နေသော မငွေ့အနား ပိုတိုးကပ်လိုက်သည်။ မငွေ့မျက်နှာကလေး ရှိနေမည့် နေရာကို မှန်းဆ၍ စိုက်ကြည့်သလိုပုံကလေးနှင့် ပြုံးလိုက်ပြီး...





"မငွေလေး...မောင်...မောင် မငွေလေးကို သိပ်ချစ်တယ်ကွာ၊ တကယ်တမ်းတော့ မောင်က ပိုပြီးတော့ မငွေလေးရဲ့ ခင်ပွန်းတစ်ယောက် ဖြစ်ချင်ခဲ့တာပါကွာ၊ မငွေလေးကို အဆုံးရှုံး မခံနိုင်ပါဘူး၊ မငွေ ကိုယ်တို့ အမြန်ဆုံး ခုပဲ လက်ထပ်ကြရအောင်ကွာ..."

လူကြီးမင်းတို့ လက်ထပ်ခွင့် တောင်းဖူးပါသလား။ ကျွန်တော့်အတွက်တော့ ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးပါပဲ။ ရင်ခုန်ရလွန်းလို့ တစ်ကိုယ်လုံးတုန်ယင်နေခဲ့သည်။ ခေါင်းညိတ်မှာသေချာနေခဲ့တာတောင်မှ စိတ်ဆိုးကာ ငြင်းပစ်လိုက်မယ်ဆိုပြီး တွေးပူရင်မောရသေးပြန်သည်။

"အချစ်ရယ်...ဆိုးတယ်ကွာ၊ ကျွန်မ ရင်မောရအောင် လုပ်ရက်တယ်"

ကျွန်တော် ကြားသာရုံ နားရွက်နားကပ်ကာ ပြောပုံကလေးကို မြင်ခွင့်ရမယ်ဆို ခဏလေးပဲဖြစ်ဖြစ် မြင်ချင်ပါသေးသည်။

✦ ✦ ✦

## အခန်း(၃၁)

မောင်နှင့် ကျွန်မ လက်ထပ်တာသည် အဆန်းတကြယ် အကြီးအကျယ်ကြီး မဟုတ်သော်လည်း ကျွန်မကတော့ အတိုင်းထက်အလွန်ပင် ပျော်ရွှင်ပါသည်။

မောင့်အိမ်တွင် ရှေ့နေခေါ်၍ လက်မှတ်ထိုးလိုက်ကြရုံဖြင့် ကျွန်မတို့ လက်ထပ်ပွဲက ပြီးဆုံးသွားခဲ့သည်။

လက်ထပ်ပြီးလျှင်ပြီးချင်း ကျွန်မက မောင့်အိမ်သို့ အပြီးအပိုင် ပြောင်းနေခဲ့သည်။

ကျွန်မရဲ့ နေ့ရက်များသည် ဒီနေ့မှစ၍ ဖယောင်းကွက်အတွင်း စည်းချက်ညီညီ ရွေ့လျားသွားလေသည်။ အိပ်ရာကနိုးနိုးချင်း မောင့်ဝေယျာဝစ္စ၊ မာမီ့ ဝေယျာဝစ္စများကို အဆက်မပြတ် လုပ်ပေးသည်။

ပြီးလျှင် မောင်၊ မာမီနှင့် ကျွန်မတို့ စားဖို့ မနက်စာ၊ ပြီးလျှင် နေ့လယ်စာအတွက် ကျွန်မ တစ်ယောက်တည်း ဈေးပြေး၊





ပြန်ရောက်လာလျှင် ချက်ပြုတ်၊ နောက် မောင်နှင့် မာမီ စားဖို့ ပြင်ဆင်ပေးပြီးချိန်တွင် ကျွန်မ အတော်ပင် မောနေခဲ့ပြီ ...။

သို့သော်လည်း ဒီအရာများကိုပင် မွတ်သိပ်စွာ တောင့်တ၍ ကျေနပ်နေခဲ့သည်က ကျွန်မသာဖြစ်သည်။

အဝတ်လျှော်စက်ဖြင့် အဝတ်လျှော်ပြီး အဝတ်များ ခြောက်ပြန်လျှင် ကျွန်မကိုယ်တိုင် မီးပူတိုက်သည်။ မောင်က ပင်ပန်းမှာစိုးရိမ်သဖြင့် ...

"မတိုက်ပါနဲ့ မငွေရယ်၊ ဆိုင်ပဲပို့လိုက်ပါကွာ၊ မငွေလေး ပင်ပန်းပါတယ်"

"ကျွန်မကိုယ်တိုင် လျှော်ဖွတ်ပြီး မီးပူတိုက်ထားတဲ့ အဝတ်အစားကို မောင်ဝတ်ထားရင် မောင်က ပိုကျက်သရေရှိတယ်၊ ပိုပြီး ချစ်မြတ်နိုးစရာ ကောင်းတယ်"

မောင်က မက်မက်စက်စက်ကလေး ပြုံးလေသည်။

နေ့ခင်းနှင့် ညဆို မာမီ ဆေးသောက်ဖို့ စီစဉ်ရသည်။ တစ်ခါတစ်ရံ ဆေးသောက်ရတာ ငြီးငွေ့၍ ညည်းညူလျှင်လည်း ကျွန်မက စိတ်ရှည်ရှည် ချော့တိုက်ရသည်။

မောင် ကျွန်မ အလုပ်လုပ်တဲ့ရှေ့မှာ ထိုင်နေလျှင် ကျွန်မ မောင့်ကို အသေအချာကြည့်သောအခါ မောင့်ဆံပင်တို့ အလွန်ရှည်နေသဖြင့် ဆံပင်ညှပ်ဖို့ တိုက်တွန်းရသည်။

မောင်က အပြင်မထွက်ချင်ဘူးဟု အခါခါငြင်းသည်။

ဒါပေမယ့် ကျွန်မ အထပ်ထပ်ပြောနေလျှင်တော့ မောင် လိုက်လျောရှာပါသည်။

မောင်နဲ့ ကျွန်မ beauty salon သို့ရောက်လျှင် လူတွေက ထူးဆန်းသောလူတွေကို ကြည့်ပုံမျိုးနှင့် ငေးကြသည်။ တချို့လူတွေရဲ့ မျက်ဝန်းတွေထဲမှာတော့ ကရုဏာအရိပ်လေးများ မြင်ရသည်။

တချို့လည်း အရမ်းချောမောသူချင်း ဇနီးမောင်နှံ ဖြစ်နေကြတာကို ကြည့်ပြီး အားကျကြည့်ကလေးဖြင့် ကြည့်ကြသည်။

ထိုအကြည့်များအတွက် ကျွန်မ ဝမ်းသာလျက်ရှိသည်။ ဂုဏ်ယူမိသည်။ မောင်သည် ကျွန်မ ကြားသာရုံအသံလေးဖြင့် မေးလျှင် ကျွန်မက ...

"လူတွေက မောင်တို့ကို ဘယ်လိုအကြည့်တွေနဲ့ ကြည့်နေကြလဲဟင် ..."

"သိပ်ကို လိုက်ဖက်တဲ့ စုံတွဲဆိုပြီး အားကျနေကြတယ် မောင်ရဲ့"

ဟု မောင့် ပခုံးကိုမှီနွဲ့ကာ အဖြေပေးလျှင် မောင်က သိပ်မယုံချင် ...။ ဆံပင်ညှပ်ပြီးတော့ တိုသွားသော ဆံပင်ကလေးများကို စမ်းကာ ...

"မောင်က ဆံပင်အတိုနဲ့ လှမှာမဟုတ်ဘူး"

"ပိုလှလာတာ မောင်ရဲ့၊ ဟိုနားက ကောင်မလေးတစ်စု





ဆို ကျွန်မလက်ထဲကတောင် မောင့်ကို လုချင်နေသလားပဲ၊ အဲ့ဒါ မောင်က ခန့်ချောကြီးမို့ပေါ့ ..."

မောင် အဲ့ဒီအခါမှာ ဟက်ဟက်ပက်ပက်ကလေး ရယ်မော၍ ကျွန်မ ပခုံးလေးကို ဖက်လိုက်ကာ ...

"မောင် သိပ်စကားတတ်တဲ့ မိန်းကလေးကို မိန်းမတော်ထားတာပဲ"

ဟု ပြောလေ၏။

မောင့်ကို ကျွန်မကိုယ်တိုင် ခေါင်းလျှော်ပေးချင်သဖြင့် ဆိုင်မှာ ပေးမလျှော်ဘဲ ကိုယ်တိုင်လျှော်ပေးသည်။ ရေသုတ်ပေးပြီး dryer (ဒရိုင်ယာ) ဖြင့် အခြောက်ခံကာ သံလွင်ဆီလေး လိမ်းပေးသည်။

မောင်က တစ်ခါတလေ ကျွန်မလက်ကလေးတွေကို အမှတ်မထင် ဆွဲကိုင်ကာ နမ်းရှိုက်လေသည်။

မောင့် မာမီ ဘုရားရှိခိုးဖို့အတွက် ကျွန်မက ခရစ်ယာန်တစ်ယောက် ဖြစ်သော်လည်း ဘုရားပန်းလဲ၊ သောက်တော်ရေကပ်၊ ဆီမီးပူဇော်ခြင်းများကို ကူလုပ်ပေးသည်။

ညဥ့်နက် မောင်တို့ အိပ်ရာဝင်သွားကြမှ ကျွန်မ၏ တစ်နေ့တာ အလုပ်များ ပြီးလေသည်။ ထိုအခါကျမှ ဘုရားသခင်ကို ရှိခိုးပြီး အိပ်ရာဝင်ဖြစ်သည်။ အိပ်မက်ထဲတွင် ညစဉ်လိုလို USA မှာ ကျွန်မ တီးနေကျ အဖြူရောင် စန္ဒရားကြီးကို မြင်မက်လေ၏။

ကျွန်မ စန္ဒရားနဲ့ မတွေ့ထိရတာ ကြာလာတော့ ကျွန်မ စန္ဒရားကို လွမ်းလာသည်။

မောင် မရှိလျှင် မောင့်ကို လွမ်းသလို စန္ဒရားကြီးကို လွမ်းသည်။

မောင့် အမူအရာတွေကို ချစ်သလို သံစဉ်တွေကိုလည်း ချစ်ပါ၏။

မောင့် အနမ်းတွေက နူးညံ့ညွတ်ပျောင်းစေသလို သံစဉ်တွေကလည်း သိမ်မွေ့ပျော့ပျောင်းပါ၏။

✦ ✦ ✦



## အခန်း(၃၂)

နောက်တစ်နေ့ အိပ်ရာနိုးတော့ ...

"မငွေ ... မောင့်ကို တီဗွီ ဖွင့်ထားပေးပါလား"

မောင်က သတင်းနားထောင်ချင်တယ်ဟု ပြောလေသည်။ ကျွန်မက တီဗွီဖွင့်ပေးထားပြီး ကျွန်မရဲ့ တစ်နေ့တာ အလုပ်ကို စလုပ်နေချိန်တွင် မောင့်ထံမှ ...

"မငွေ ... ၊ မာမိ ... "

မောင့် ခေါ်သံကိုကြားတော့ ညှော်ခန်းဆီ ကျွန်မ ပြေးထွက်သွားမိသည်။ မောင့် မာမိလည်း အပေါ်မှ ဆင်းလာလေသည်။

"ဘာဖြစ်လို့လဲ သား "

"တီဗွီကို အသံနည်းနည်း ကျယ်လိုက်ပါ မာမီ"

မောင်က သတင်းကိုပဲ အာရုံထားရင်း ပြောတာမို့ ကျွန်မလည်း အသံမြှင့်ပေးရင်း အာရုံစိုက်ကာ သတင်းနားထောင်လိုက်သောအခါ စိန်တွေ အများအပြားကို ခိုးယူကာ ပျောက်ကွယ်

နေကြသော အမျိုးသမီးနှစ်ဦးအား လူလိမ်များက ထပ်မံလိမ်လည် ဖမ်းဆီးထားခြင်းကို မြန်မာ့ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း နှကြညာတဲ့ သတင်းဖြစ်သည်။

အမျိုးသမီး နှစ်ဦး၏ အမည်ကို ကြေညာစဉ်တွင် ကျွန်မနှင့် မာမီ အကြည့်ချင်းဆုံကာ ဆွံ့အသွားကြရပါသည်။

"မာမီ မိန်းမယုတ် နှစ်ယောက်ကို ရှာတွေ့ပြီတဲ့ဗျ ...၊ ဒါဆို အမှုမှန်ပေါ်ပြီ၊ စိန်တွေလည်း ပြန်ရမယ်ဆိုရင် ဒက်ဒီ ပြန်လွတ်လာတော့မှာ၊ ဝမ်းသာစရာပဲ"

မောင် အားတက်သရော လှိုက်လှိုက်လှဲလှဲ ပြောရှာသည်။

ကျွန်မက အမေ့ကို ချက်ချင်းဖုန်းဆက်တော့ အမေကလည်း နားထောင်လိုက်သည်။ ဘွားဘွားလည်း သိပြီးပြီဟု ပြောပြလေသည်။

ကျွန်မတို့အားလုံးသည် သူတို့ရှိသော ရဲစခန်းသို့ ချက်ချင်းရောက်သွားကြသည်။

စခန်းမှာ ရောက်နှင့် စစ်ဆေးခံနေရသော ဒေါ်ဘုန်းဦးခင်နှင့် နန်းဦးခင်တို့ကို တွေ့ရသည်။

စိန်ထည် အနည်းငယ် လျော့ယွင်းပြီး ကျန်တာတွေကို အမှုစစ်ပြီးသော နေ့မှာ မာမီ့ထံ ပြန်အပ်ကြသည်။

မာမီသည် စိန်ထည်များ ပြန်ရသည်နှင့် ပိုင်ရှင်များနှင့် ဆက်သွယ်၍ ပြန်ပေးသည်။ ရက်သတ္တပတ်အနည်းငယ်တွင် ပြစ်မှုမရှိကြောင်း ထင်ရှားသဖြင့် ဒက်ဒီ အချုပ်မှလွတ်လာသည်။





ဒက်ဒီက မောင့်အဖြစ်ကို အခုမှသိလိုက်ရသဖြင့် မောင့်အတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လေသည်။

ဒက်ဒီနှင့်ထပ်တူ ကျွန်မတို့ပါ ထပ်မံ၍ ကြေကွဲမျက်ရည်ကျရသေးသည်။

ဒါပေမယ့်လည်း ဗျာပါဒ မိုးတိမ်များ ကောင်းကင်ပေါ်မှ အပြီးသက်တိုင် ပျောက်ကွယ်သွားပြီဖြစ်သည်လေ ...။

ကျွန်မအတွက် လက်ဆောင်တစ်ခု ရောက်လာခဲ့သည်။ ထိုလက်ဆောင်ကြီးက ကျွန်မတီးခဲ့သော USA က အဖြူရောင် စန္ဒရားဝိုင်းဝိုင်းကြီး ဖြစ်သည်။

မောင်က ...

"ဘယ်သူပို့တာလဲ မငွေ ..."

"ကိုကျော်စည်းစိမ် ပို့တာ မောင်၊ ကျွန်မ USA မှာ တီးနေကျ စန္ဒရားကြီးလေ၊ မောင်နဲ့ ကျွန်မကို လက်ဖွဲ့လိုက်တာရှင် ..."

ကျွန်မ ခပ်ကြွားကြွားလေး ပြောလိုက်သည်။ ခြံထဲက ပန်းခြံထဲမှာ ထိုစန္ဒရားကြီးကို နေရာချထားသည်။

ဒက်ဒီ ပြန်ရောက်ခါစမို့ မာမီနှင့် ဒက်ဒီ လွတ်လပ်စွာ စကားပြောရအောင် ကျွန်မတို့ ခြံထဲဆင်း လမ်းလျှောက်ခဲ့ကြသည်။

ကောင်းကင်ကြီးကို မော့ကြည့်ကာ လှပသော မြင်ကွင်းကို တွေ့ရသည်။ မောင့်လက်ကိုတွဲပြီး လမ်းလျှောက်နေရင်းမှ ...

"မောင်ရေ ... ကောင်းကင်ပေါ်ဘက် မျက်နှာမော့ပြီး ကြည့်လိုက်စမ်းပါ"

မောင်က မဖြစ်နိုင်တာကိုများလို့ တစ်ခွန်းမှမပြောဘဲ ကျွန်မ စိတ်တိုင်းကျ ကောင်းကင်ကို မော့ကြည့်ပေးပါသည်။

မောင့် မေးရိုးပေါ်သို့ အနမ်းကလေးတစ်ချက် ကျွန်မ အပ်လိုက်ကာ ...

"ကောင်းကင်ကြီးက နက်ပြာရောင် ... ကြယ်ပွင့်တွေ အစုံအစေ့ လင်းလက်နေတယ် မောင်၊ ခုနစ်စင်ကြယ်လား ထင်တယ်၊ ညီညာပြီး လင်းလက်နေတယ်၊ လပြည့်ခါနီးလို့ ကောင်းကင်ကြီး ဝင်းတောက်နေတယ်၊ လရိပ်ထဲမှာ မောင့်ပါးပေါ်က သွေးကြောကလေးတွေကို တွေ့ရတယ်၊ မောင်ရယ် ... အဲ့ဒီ လကလေးကို မောင့်ပါးပြင် အမှတ်နဲ့ နမ်းချင်လိုက်တာကွယ်"

မောင်က ပီတိအရွှန်းဖြင့် ရယ်ပြုံးနေလေ၏။

မောင့် လက်ကလေးတွေကို ကိုင်ဆုပ်ကာ ကစားနေချိန်တွင် ကြယ်တစ်လုံး လှပ်ခနဲ ကြွေကျသွားတာ မြင်လိုက်ရသည်။

စိတ်ထဲက 'မောင် ကျွန်မကို သိပ်ချစ်ပါစေ' ဟု ဆုတောင်းလိုက်သည်။ မောင်ကတော့ ဘာမှမသိ ... ။

"မောင် ... ပြောကြည့်စမ်း၊ အခု မောင့်ရှေ့မှာ ကြယ်တစ်လုံး ကြွေကျမယ်ဆို မောင် ဘာဆုတောင်းမလဲ ..."

မောင့်ကို မေးတော့ မောင်ပြုံးကာ ...





"မငွေ ကလေး မြန်မြန်မွေးပေးပါစေလို့ ဆုတောင်းချင်တယ်"

"ဟာ ... မောင်ကလဲကွာ၊ ကတ်သီးကတ်သတ်နဲ့ ..."

"ဩော် ... ဒါ မောင်အလိုချင်ဆုံးဆုပဲ မငွေရဲ့၊ နောက်ထပ် ကြယ်တစ်ပွင့် ကြွေဦးမယ်ဆိုရင် မောင် မျက်စိပြန်မြင်ပါရစေလို့ ဆုတောင်းချင်တယ်၊ ဒါမှ ကလေးကို မောင် မြင်မြင်စမ်းစမ်း ထိန်းလို့၊ ချီလို့ရမှာပေါ့ ...၊ ပြီးတော့ မောင် သိပ်ချစ်တဲ့ မောင့်ဇနီး အလှမွှာလေးကိုလည်း မြင်ရမှာပေါ့ ..."

မောင်က တကာယ့်ကို လှိုက်လှဲစွာ ရေရွတ်ခြင်းမို့ ...

"ဟုတ်ပါပြီ ... မောင်ရယ်၊ မောင် သီချင်းတစ်ပုဒ်နားထောင်ချင်သလားဟင်"

မောင်က ခေါင်းညိတ်ပြလေသည်။

"ဒါဆို မောင် ဒီမှာလှဲအိပ်ရင်း နားထောင်၊ ကျွန်မ စန္ဒရားတီးပြီး ဆိုပြမယ်၊ ဟုတ်ပြီလား"

မောင်က မြက်ခင်းပြင်ပေါ် လှဲအိပ်လိုက်သည်။ ကျွန်မ မောင့်ဘေးက ထကာ စန္ဒရားဆီသို့ လျှောက်သွားလိုက်သည်။

စန္ဒရားရှေ့မှာ ထိုင်လိုက်ပြီး စတီးကာ The power of love သီချင်းကို ဆိုနေရင်းဖြင့် ဟိုးအဝေးဆီက လွင့်ပျံ့လာသော ညမွှေးပန်းနံ့ကို တစ်ချက် တစ်ချက် ရရှိသည်။

မောင် ငြိမ်သက်စွာ နားထောင်နေပုံကိုလည်း ချစ်မြတ်နိုးစွာ ကြည့်နေရသည်။

သီချင်းဆုံးသွားချိန်နှင့်အတူ ကောင်းကင်က ကြယ်နှစ်ပွင့် ထပ်မံ၍ တစ်ပြိုင်နက်တည်း ကြွေပြန်သည်။

ကျွန်မက နောက်ထပ်သော ဆုနှစ်ခုကို အလျင်အမြန် တောင်းလိုက်သည်။

"မောင် မျက်စိ ပြန်မြင်ပါစေ ..."

နောက်တစ်ခုက ...

"... ... ... ..."

မဒီခင်လေး



ပုညခင်
စင်တင်ထုတ်ဝေသည်

# မဒီခင်လေး

## မောင့်မျက်နှာနှာလှလှလေး

ယောက်ျားလေးတွေ ညာတမ်းကစားရင်း
ညာလို့အကောင်းဆုံးက မိန်းမတွေပဲ။

(မင်းညို)

တစ်ခုခုပြောနေတဲ့ အကြည့်တွေဆိုပေမယ့်
ဘယ်တော့မှ ကြားခွင့်မရသင့်တဲ့ စကားပဲဖြစ်ရမယ်။

(မှုန်းသက်ထျာမှီ)

ဆက်လက်ထွက်ရှိလာပါမည်။

# ပုညခင်

စင်တင်ထုတ်ဝေသည်

# မဒီခင်လေး

## ရထားစကြိုန်လေးရဲ့အဆုံး

ဆက်လက်ထွက်ရှိလာပါမည်။